# ဘုန်းကြွယ်

ချင်းဟန်၏ ချန်းကျန်ကျောက်ဟန်ရန်

**မိစ္ဆာလေမွှေ**

စာစဉ်-၁



# ဘုန်းကြွယ်

# မိစ္ဆာဂေဟမှ အန္တရာယ်ပါ

စာစဉ် ( ၁ )

စာမူခွင့်ပြုချက် - ၅၀၀၃၇၇၀၄၁၀
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၄၁၀၀၄၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ(၅၀၀)
တန်ဖိုး ၁၀၀/-ကျပ်။

ထုတ်ဝေသူ
ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)
အမှတ်(၁၁၁)၊ (၃၃)လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
9(H) နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး-ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

## အခန်း(၁)

တောင်ညိုဂေဟာ။

မြောက်ပိုင်းဒေသ ဟင်စမ်းတောင်၏ တောင်စွယ်တစ်ခု ပေါ်ဝယ် တည်ရှိသည်။

ထိပ်သီးသိုင်းသမားကြီး ယိပေါက်ကျင့် နေထိုင်ရာအိမ်ဂေဟာဖြစ်သောကြောင့် တောင်ညိုဂေဟာမှာ သိုင်းလောကတွင် ထင်ရှား နာမည်ကျော်ကြားသည်။

ယိပေါက်ကျင့်မှာ သိုင်းပညာအစွမ်း အရှိန်ထက်မြက် သည်။

သိုင်းလောက၏ ထိပ်တန်းအစွမ်းအထက်ဆုံး သိုင်းပညာ ရှင်များစာရင်းတွင် ထိပ်ဆုံးပိုင်းနေရာမှ ပါဝင်သည်။

ထို့ပြင် သိုင်းပညာသာမက စာပေပညာတွင်လည်း ထူးချွန်သည်။

ကျားနှစ်၊ (၄)လပိုင်း(၁၂) ရက်နေ့။

ဤနေ့မှာ ယိပေါက်ကျင့်၏ အသက်(၅၀) ပြည့် မွေးနေ့မင်္ဂလာနေ့ဖြစ်သည်။

ထိုနေ့တွင် ယိပေါက်ကျင့်က သူ၏မွေးနေ့မင်္ဂလာကို ခါတိုင်းနှစ်များနှင့်မတူ တမူထူးခြားစွာ ပြုလုပ်သည်။

မွေးနေ့မင်္ဂလာအထိမ်းအမှတ် ကျွေးမွေးဧည့်ခံပွဲနှင့်အတူ သိုင်းပညာအစွမ်းပြပွဲကိုပါ ပူးတွဲကျင်းပပြုလုပ်သည်။

ထိုသိုင်းပညာအစွမ်းပြ ယှဉ်ပြိုင်ပွဲသို့ သိုင်းလောက၏ ထင်ရှားသော သိုင်းမိသားစုအားလုံးလိုလိုပင် ဖိတ်ကြားသည်။

သိုင်းပညာပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့်သူများမှာမူ တက်သစ်စ သိုင်းလုလင်များသာ ဖြစ်သည်။

ဤသို့ သိုင်းပညာစွမ်းပြ ယှဉ်ပြိုင်ပွဲသို့ ဝင်ရောက်ရမည့် သိုင်းလုလင်များကို ယိပေါက်ကျင့်ကိုယ်တိုင်က စိတ်တိုင်းကျရွေးချယ်ထားသည်။

အရေအတွက် သိပ်မများ။

စုစုပေါင်း (၉) ယောက်သာ။

ဤသိုင်းပညာ အစွမ်းပြ ယှဉ်ပြိုင်ပွဲမှာ တကယ်စင်စစ် ယိပေါက်ကျင့်၏သားမက်လောင်း ရွေးပွဲသာဖြစ်သည်ဟု ဧည့်ပရိတ်သတ်များက တီးတိုးပြောနေကြသည်။



ယိပေါက်ကျင့်တွင် တစ်ဦးတည်းသော သမီးလေး ယိစုကြည်ရှိသည်။

ယိစုကြည်မှာ အသက်(၁၉) နှစ်ရှိပြီဖြစ်သည်။

ရုပ်ရည်ချောမောကာ ကိုယ်နေဟန်ထား ပြေပြစ်တောင့်တင်းသည်။

အသားအရည်က နှင်းပွင့်လိုဖြူသည်။

သိုင်းလောက၏ အလှဘုရင်ဟု ယိစုကြည်ကို တင်စားပြောဆိုကြသည်။

ယိစုကြည်ကို လက်ဆက်လိုသော သိုင်းလုလင်များလည်း အများပင်ရှိသည်။

သိုင်းပညာအစွမ်းပြ ယှဉ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသော သိုင်းလုလင်(၉) ယောက်မှာ အလွန်အားတက်ပျော်ရွှင်နေကြသည်။

* * *

ပထမဆုံး စတင်သိုင်းစွမ်းပြ ယှဉ်ပြိုင်သူမှာ ချိုရှန်း။

ချိုရှန်းမှာ အသက်(၂၂) နှစ်ခန့်ရှိသည်။

သိုင်းလောကတွင် ထင်ရှားသော ရွှေနဂါးရဲတိုက်၏ခေါင်းဆောင် ချိုယွဲ့ထိုင်၏ တစ်ဦးတည်းသောသား။

ချိုရှန်းသည် ရွှေနဂါးရဲတိုက်၏ နာမည်ကျော် ရွှေနဂါး(၈) ကွက်သိုင်းကို အစွမ်းပြကာ ကစားနေသည်။

လက်တွင် ကိုင်ထားသော ဓားရှည်ကို ဝီခေါ်အောင်ဝှေ့ယမ်းကာ ဓားရိပ်ဓားရောင်များ တလက်လက် တရိပ်ရိပ်ဖြစ်အောင် ခုတ်ထစ်ကစားပြနေသည်။

သိုင်းကွက်က သေသပ်ပိရိလှပသလို ဓားချက်တွေက အားပြည့်သည်။

သိုင်းကွက်လှုပ်ရှား ကစားယင်းမှ ရှေ့သို့လွှားခနဲ ခုန်တက်ကာ ဓားကို (၄) ချက် ဘယ်ညာဝိုက်ကာ ခုတ်ပိုင်းလိုက်သည်။

ဓားချက်ထိသော ဦးခေါင်း(၄) စိတ်ကွဲကာ လွင့်စဉ်သွားသည်။

"ကောင်းလိုက်တဲ့ ဓားချက်"

"ခုတ်လိုက်တာ သိပ်ပိုင်တာပဲ"

"ထိချက်ကလည်း သေသေသပ်သပ် ရှိတယ်"

ကြည့်နေသူ ပရိသတ်များက တစ်ယောက်တစ်ခွန်း၊ ချီးမွမ်းထောပနာပြုကြသည်။

လက်ခုပ်တီးကာ သြဘာပေးကြသည်။



ဓားချက်ထိကာ ဦးခေါင်းလေးစိတ်ကွဲသွားသည်မှာ လူသားတစ်ယောက်မဟုတ်ပါ။

လူ့အရပ်သဏ္ဌာန်ခန့်ရှိသော သစ်သားရုပ်ထုတစ်ခုသာဖြစ်သည်။

ချိုရှန်းသည် သြဘာပေးနေသူများကို ဦးညွှတ်အရိုအသေပေးပြီး၊ နောက်ပြန်ဆုတ်သွားသည်။

ဒုတိယ ယှဉ်ပြိုင်ရန် ထွက်လာသူက ဝမ်ကျက်။

အသက်(၂၃)နှစ်ခန့်။

သိုင်းလောကတွင် ထင်ရှားသော ဝမ်သိုင်းမိသားစုဝင်ဖြစ်သည်။

ဝမ်ကျက်၏အဘိုးမှာ ပြိုင်ဘက်ကင်းဓားဝိဇ္ဇာ ဝမ်ကုန်းတောက်။

တာ့ယွင်မြို့တွင် ရာဇဝတ်အုပ်အဖြစ် အမှုထမ်းနေသည်။

ဝမ်ကျက်က သူ၏မျိုးရိုးစဉ်ဓားသိုင်းပညာ ဖြစ်သော ဓားစကြာသိုင်းကို အစွမ်းပြကာ လှုပ်ရှားကစားသည်။

ပထမတွင် တစ်ယောက်တည်း ဓားရှည်ကို သိုင်းကွက်သိုင်းဟန် အမျိုးမျိုးဖြင့် လှုပ်ရှားကစားပြသည်။

ဝမ်ကျက်က ဓားရှည်ကို ဘယ်ညာတစ်လှည့်စီပြောင်းကိုင်ကာ သိုင်းကွက်သိုင်းဟန်များကို ပြသလိုက်သည်။

သူ၏ဓားပညာမှာ ကြည့်မြင်ရသူအပေါင်း ရင်သပ်ရှုမောဖွယ်ရာ ကောင်းလှပေသည်။

တတိယ ယှဉ်ပြိုင်သူမှာ ကောင်းလှ၍ဖြစ်သည်။

'ကောင်းဂေဟာ'မှ သားငယ်ဖြစ်သည်။

သူ၏အသက်မှာ (၂၃)နှစ်ခန့်ရှိသည်။

သူ၏ရုပ်ရည်မှာလည်း ချောမောပြေပြစ်ကာ ယောကျ်ားပီသသူလည်းဖြစ်သည်။

သူက 'လှံသိုင်းပညာ' ဖြင့် အစွမ်းပြကာ ယှဉ်ပြိုင်လိုက်လေသည်။

သူက လှံတို၊ လှံရှည်အမျိုးမျိုးဖြင့် သိုင်းကွက်ပြကာ ယှဉ်ပြိုင်လိုက်သည်ကို ကြည့်ရှုသူများက အထူးနှစ်သက်ကြလေသည်။

"သူတို့ ယှဉ်ပြိုင်သွားကြတာ တော်တော်ကောင်းတယ်မဟုတ်လားဗျ"

ယိပေါက်ကျင့်က သူ၏ဘေးနားဝယ် ထိုင်နေသူ ချန်ရှီအမည်ရှိ သိုင်းသမားကြီးကို ပြောလိုက်သည်။

"ဟုတ်ပါရဲ့ဗျာ၊ အစွမ်းအစ ထက်မြက်ကြပါပေမယ်၊ အခုအစွမ်းပြသွားတဲ့ သုံးယောက်ထဲမှာ ဘယ်တစ်ယောက်ကို ခင်ဗျားက သဘောကျသလဲ၊ ကျုပ်ကို တိုးတိုးပြောပြထားစမ်းပါ"

ချန်ရှီက ပြုံးကာရယ်ကာ ပြန်ပြောသည်။

"အတိအကျတော့ မဆုံးဖြတ်ရသေးပါဘူး၊ သုံးယောက်စလုံး မဆိုးကြပါဘူး"

"ခင်ဗျားရဲ့သမီး စုကြည်ဟာ ရုပ်ရည်ချောမောရုံသာမကဘူး၊ သိုင်းပညာလည်း ထူးချွန်တယ်၊ လိမ္မာရေးခြားလည်းရှိတယ်၊



သူနဲ့လက်ဆက်ရမယ့် သိုင်းလုလင်ဟာ တကယ်ကံကောင်းတဲ့လူ ဖြစ်မှာပါပဲ၊ ဒီပွဲဟာ ခင်ဗျားရဲ့သားမက်လောင်းရွေးပွဲဖြစ်တာကို ကျုပ်တို့ရိပ်မိပါတယ်ဗျာ"

"ခင်ဗျားတို့ ထင်တာ မလွဲပါဘူး"

ဤသို့ပြောဆိုနေခိုက် တောင်ညီဂေဟာ၏ အမှုထမ်းလူငယ်လေးတစ်ယောက် ရေးကြီးသုတ်ပြာအမူအရာနှင့် ရောက်လာသောကြောင့် စကားစပြတ်သွားကြသည်။

အမှုထမ်းလူရွယ်လေးက ယိပေါက်ကျင့်၏နား နားသို့ကပ်ကာ တစုံတရာကို တီးတိုးပြောလိုက်သည်။

ယိပေါက်ကျင့်၏မျက်နှာ ကွက်ကနဲပျက်သွားသည်။

"အရေးကြီးတဲ့ကိစ္စတစ်ခု ပေါ်လာလို့ ကျုပ်ကို ခဏလောက်ခွင့်ပြုကြပါ မိတ်ဆွေတို့"

ယိပေါက်ကျင့်က အနီးအနားရှိလူများကို တောင်းပန်စကားဆိုပြီး ထိုင်ရာမှထကာ တောင်ညီဂေဟာရှိရာသို့ လျှောက်သွားသည်။

* * *

ဂေဟာထဲသို့ ရောက်သောအခါ စာကြည့်ဆောင်ဘက်သို့ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လှမ်းလာခဲ့သည်။

စာကြည့်ဆောင်ထဲသို့ ယိပေါက်ကျင့်ရောက်လာခဲ့သည်။

အခန်းထဲရှိ ထိုင်ခုံတစ်ခုံဝယ် ယိပေါက်ကျင့်ဇနီးသည် ချွေးစု ထိုင်နေသည်။

ချွေးစုမှာ မျက်နှာမကောင်း မျက်ရည်များ တွေတွေကျ

ဆင်းနေလေသည်။

အိမ်စေမိန်းကလေးနှစ်ယောက်လည်း မျက်နှာမသာမယာနှင့်ချွေးစု၏ဘေးနားဝယ် ရပ်နေကြသည်။

"တကယ်ပဲ ထွက်ပြေးသွားကြပြီလား"

ယီပေါက်ကျင့်က ဇနီးသည်ကို မေးလိုက်သည်။

ချွေးစုက ခေါင်းညိတ်ပြသည်။

"တောက်...မိုက်လိုက်တဲ့သမီး၊ မိဘကို အရှက်ကွဲအောင်လုပ်တယ်"

ယီပေါက်ကျင့်သည် ဒေါသကြီး ကြိမ်းမောင်းအော်ဟစ်ယင်း အနီးရှိစားပွဲကို လက်ဝါးဖြင့် တအားရိုက်ချလိုက်သည်။

ပြင်းထန်လှသော လက်ဝါးရိုက်ချက်ကြောင့် စားပွဲမှာ ဝုန်းကနဲကျိုးသွားသည်။

* * *



တောင်ညိုဂေဟာတည်ရှိရာ တောင်ကြောတစ်နေရာရှိ တောင်ကုန်းလေးတစ်ခု။

တောင်ကုန်းလေးအောက်ခြေနားရှိ သစ်ပင်တစ်ပင်အောက်ဝယ် ယိစုကြည် ရပ်လျှက်ရှိနေသည်။

ယိစုကြည်သည် ငယ်ရွယ်နုပျိုပြီး ချောမောလှပသည်။

အပြာနုရောင်ဝတ်စုံမှာ ဖြူနုသောအသားရောင်နှင့် လိုက်ဖက်လှသည်။

ကိုယ်နှင့် ချပ်ချပ်ရပ်ရပ် ရှိနေသော ဝတ်စုံကြောင့် ယိစုကြည်၏မို့ဝန်းသောရင်အစုံ၊ သေးကျင်သောခါး၊ ကားစွင့်သောတင်ပါးနှင့် သွယ်တန်းဖြောင့်စင်းသော ပေါင်လုံးပေါင်တန်တို့အလှမှာ ပေါ်လွင်နေသည်။

စွဲမက်ဖွယ်ရာ အလှပိုင်ရှင်လေး တစ်ယောက်ပင်။

ယိစုကြည်နှင့်အတူ လုလင်ပျိုတစ်ယောက်ရှိနေသည်။

လုလင်ပျိုမှာ အသက်(၂၅) နှစ်ခန့်ရှိသည်။

မျက်ခုံးမွေးထူထူ၊ မျက်လုံးများ ကြည်လင်တောက်ပကာ၊ အရပ်မြင့်ပြီး ကိုယ်ခန္ဓာ ကြံ့ခိုင်တောင့်တင်းသည်။

အဖြူရောင်ဝတ်စုံကို ဝတ်ထားသည်။

"အစ်ကို လာမှလာပါ့မလားလို့ ကျွန်မဖြင့် ရင်ထိတ်ထိတ်နဲ့"

ယိစုကြည်က လုလင်ပျိုကိုပြောသည်။

ထိုလုလင်ပျိုမှာ အခြားသူမဟုတ်။

သိုင်းလောက၏ ထိပ်တန်းသိုင်းမိသားစု တစ်ခုဖြစ်သော ဓားမောက်ဂေဟာမှ ခေါင်းဆောင် ကျောက်ချုံး၏သားလတ် ကျောက်နန်စင်ဖြစ်သည်။

ယိစုကြည်နှင့် ကျောက်နန်စင်တို့ နှစ်ယောက် လူငယ်တို့ဘာဝ တစ်ဦးပေါ်တစ်ဦး မေတ္တာသက်ဝင် ချစ်ခင်နေကြသည်။

အချစ်နယ်ကျူးမိသဖြင့် ယခုအခါတွင် ယိစုကြည်မှာ မလွတ်မလပ်ပင် ဖြစ်နေလေပြီ။

"ညီမ ချိန်းထားတာကို လာရတာပေါ့၊ ညီမ စီစဉ်ထားတာကို စဉ်းစားပါဦးလား၊ တစ်ခါတည်း ဆုံးဖြတ်ပြီးပြီလား"

ကျောက်နန်စင်က ပြန်ပြောသည်။

"ဆုံးဖြတ်ပြီးပြီ အစ်ကို၊ ကျွန်မတို့အကြောင်း ဖေဖေ့ကို ထုတ်ဖော်ပြောလိုက်ယင် ဖေဖေက ဘယ်နည်းနဲ့မှ သဘောတူမှာ မဟုတ်ဘူး၊ အစ်ကိုနဲ့ကျွန်မ ဝေးကြရလိမ့်မယ်"

"ဒီနေ့ ညီမရဲ့ဖေဖေက သိုင်းလုလင်ကိုးယောက်ကို ဖိတ်ကြားပြီး သိုင်းပညာစွမ်းပြိုင်ပွဲလုပ်နေတယ်၊ အဲဒီကိုးယောက်ထဲက သူ့စိတ်တိုင်းကျတစ်ယောက်ကို သားမက်လောင်းရွေးလိမ့်မယ်၊ အဲဒီသိုင်းလုလင်ကိုးယောက်ကလဲ တကယ့်ထိပ်ထိပ်ကြဲ မျိုးကောင်းရိုးကောင်း သိုင်းပညာအစွမ်း ထက်မြက်ကြတဲ့လူတွေချည်းပဲ၊ ဒီလိုအချိန်မျိုးမှာ ညီမက..."

"အို..အဲဒီလို သိုင်းလုလင်တွေကို ကျွန်မ စိတ်မဝင်စားပါဘူး၊ ကျွန်မ အစ်ကို့ကိုပဲချစ်တယ်၊ အစ်ကိုနဲ့ပဲ အတူတူနေချင်တယ်"



"အစ်ကိုနဲ့အတူနေယင် ညီမဆင်းရဲမှာကိုကော တွေးမိရဲ့လား"

"ဘယ်လောက်ဆင်းရဲဆင်းရဲ ကျွန်မ မမှုပါဘူးအစ်ကိုရယ်"

"တကယ် ဆုံးဖြတ်ပြီးပြီနော်"

"အင်း..ဆုံးဖြတ်ပြီးပြီ"

"ဒါဖြင့် ဝေးရာကို အရောက်ပြေးကြစို့၊ ညီမအဖေမိသွားယင်တော့ မလွယ်ဘူး"

ထို့နောက် ကျောက်နန်စင်နှင့် ယိစုကြည်တို့နှစ်ယောက်သည် တစ်ယောက်လက်ကိုတစ်ယောက်တွဲကာ ထိုနေရာမှ ခပ်သွက်သွက်ထွက်လာခဲ့ကြလေတော့သည်။

* * *

ညနေပိုင်းအချိန်လောက်တွင် လိန်ဖုံးရွာအမည်ရှိ ရွာလေးသို့ ကျောက်နန်စင်နှင့် ယိစုကြည်တို့နှစ်ယောက် ရောက်ရှိလာခဲ့ကြသည်။

ရွာအစွန်ဘက်နားရှိ အိမ်ကလေးတစ်ခုတွင် ခွင့်တောင်းကာ တည်းခိုနေထိုင်ကြသည်။

သူတို့နှစ်ယောက်သည် ခိုးရာလိုက်ပြေးလာကြသည့် မောင်နှံစုံဟူ၍မပြော။

ခရီးထွက်လာသော မောင်နှမဖြစ်သည်ဟုသာ ဆိုကြသည်။

အိမ်ရှင်များက ကျောက်နန်စင်ကို သူတို့၏သားငယ်နှင့်အတူတစ်ခန်းအိပ်စေပြီး၊ ယိစုကြည်ကိုမူ သမီးဖြစ်သူနှင့်အတူ အိပ်စေသည်။

ထိုနေ့ညတွင် ယိစုကြည်မှာ ကောင်းစွာအိပ်မပျော်။



မိမိ၏လုပ်ဆောင်မှု မှားယွင်းလေပြီလားဟု တွေးတောနေမိသည်။

သို့သော် ယိစုကြည်အဖို့ ဤသို့လုပ်ဆောင်ရန်မှလွဲ၍ အခြား မည်သည့်လမ်းမျှမရှိ။

ယိစုကြည်အတွက် တွေးရခက်နေသော အကြောင်းကိစ္စတစ်ခုရှိနေသည်။

ကျောက်နန်စင်၏ဖခင် ဓားမောက်ဂေဟာခေါင်းဆောင်ကျောက်ချုံးမှာလည်း ထင်ရှားကျော်ကြားသော သိုင်းသမားကြီးတစ်ယောက်ဖြစ်သည်။

ပစ္စည်းဥစ္စာလည်း အတော်အသင့် ပြည့်စုံကြွယ်ဝသည်။

ယိစုကြည်၏ဖခင် ယိပေါက်ကျင့်နှင့်လည်း သိကျွမ်းသည်။

သို့သော် ယိပေါက်ကျင့်က သမီးဖြစ်သူကို ကျောက်နန်စင်နှင့်ရောရောနှောနှော မနေရန် တားမြစ်ပိတ်ပင်ထားခဲ့သည်။

အဘယ်ကြောင့် ဤသို့တားမြစ်ရသည်ကိုမူ ယိစုကြည်မတွေးတတ်။

ယိစုကြည်ကတော့ ကျောက်နန်စင်ကို ချစ်သည်။

ချစ်လွန်းလှသောကြောင့်လည်း တစ်ကိုယ်လုံးပုံကာ ယုံခဲ့မိသည်။

ယခုလို ကျောက်နန်စင်နှင့်အတူ လိုက်လာခဲ့သည့်အ တွက်ခင်ကြီး အလွန်စိတ်ထိခိုက်ကာ ဒေါသဖြစ်မည်ကို ယိစုကြည် သိသည်။

မိမိကို သမီးအဖြစ်မှ စွန့်လွှတ်ပစ်သည်အထိ လုပ်ဆော နိုင်ကြောင်းလည်း နားလည်သည်။

ဤလိုစဉ်းစားမိပြန်တော့ ယိစုကြည် အလွန်ဝမ်းနည်းအ ငယ်မိသည်။

မျက်ရည်များပင် ကျမိသည်။

ယခုလို အခြေအနေဝယ် ယိစုကြည်အဖို့ ကျောက်နန် သာလျှင် အားကိုးစရာရှိတော့သည်။

ကျောက်နန်စင်ကသာ မိမိကို ပစ်ခွာသွားလျှင်ဟု စဉ်း မိသည်တွင် ယိစုကြည်မှာ အလွန်ပင် ထိတ်လန့်သွားမိသည်။

တုန်လှုပ်သွားမိသည်။

ထို့ကြောင့် အိပ်ရာမှ အသာထကာ ကျောက်နန်စင်တ ခိုနေထိုင်လျက်ရှိသော အခန်းဘက်သို့ လျှောက်လာခဲ့သည်။

"အစ်ကို..အစ်ကို"

ကျောက်နန်စင် အိပ်နေသောအခန်းရှေ့သို့ ရောက်သော ခါ ယိစုကြည်က အသံခပ်အုပ်အုပ်နှင့် တီးတိုးခေါ်လိုက်သည်။

တံခါးပွင့်သွားပြီး ကျောက်နန်စင် ထွက်လာသည်။

"ဘာကိစ္စရှိလို့လဲ ညီမ"

ကျောက်နန်စင်က မေးသည်။

"အစ်ကို မအိပ်သေးဘူးလား"

ယိစုကြည်က ရှက်ပြုံးကလေးပြုံးပြီး ပြန်မေးသည်။

"ဟိုစဉ်းစား သည်စဉ်းစားနဲ့ အိပ်လို့မရသေးဘူး"



"ကျွန်မလည်း အစ်ကို့လိုပဲ"

"အိပ်ပျော်အောင် ကြိုးစားအိပ်လိုက်ပါ ညီမ၊ မနက်ဖြန် ခရီးဆက်ကြရဦးမှာ မဟုတ်လား"

"အစ်ကို ကျွန်မကို ပစ်ပြေးမသွားပါနဲ့နော်၊ အစ်ကိုသာ ပစ်ပြေးသွားယင် ဘယ်လိုလုပ်မလဲလို့ စဉ်းစားမိပြီး ကျွန်မ သေမ တတ်ကြောက်သွားခဲ့ရတယ် အစ်ကိုရယ်"

ယိစုကြည်က ဤသို့ပြောယင်း ကျောက်နန်စင်၏ရင်ခွင်ထဲ သို့အသာတိုးဝင်လိုက်သည်။

"ညီမကလည်း မဟုတ်တာတွေ ဘာကြောင့် လျှောက်တွေး နေရတာလဲ၊ အစ်ကိုက ညီမကို ဘယ်တော့မှပစ်မပြေးပါဘူးကွယ်၊ စိတ်ချပါ"

"တကယ်နော် အစ်ကို"

"တကယ်ပါ။ ကဲ ညီမအိပ်တော့၊ အစ်ကိုတို့ ဒီလိုနေတာကို အိမ်ရှင်တွေ တွေ့သွားယင် မကောင်းဘူး"

ယိစုကြည် ဘာမျှမပြောတော့။

ကျောက်နန်စင်၏ရင်ခွင်မှ အသာခွာကာ၊ သူတည်းခိုအိပ် စက်နေသော အိပ်ခန်းရှိရာသို့ ပြန်လျှောက်သွားသည်။

ကျောက်နန်စင်ကို ရင်ထဲရှိသည်များ ပြောပြလိုက်ရပြီးပြီမို့ ယိစုကြည်မှာ အတော်ပင် စိတ်လက်ပေါ့ပါးနေသည်။

ထို့ကြောင့်လည်း တွေရာလေးပါးစိတ်မကူးတော့ဘဲ ကောင်းစွာ အိပ်ပျော်သွားခဲ့သည်။

သူတို့ တည်းခိုနေထိုင်သောအိမ်မှာ လယ်သမားအိမ်ဖြစ်သည်။

လယ်ယာလုပ်ငန်းခွင်ဝင်ရမည်မို့ အိမ်သူအိမ်သားများ မနက်စောစောပင် အိပ်ရာမှထကာ၊ လှုပ်ရှားပြင်ဆင်နေကြသည်။

ယိစုကြည်မှာလည်း ထိုအသံများကြောင့် အိပ်ရာမှနိုးလာပြီဖြစ်သည်။

အိပ်ရေးမဝ၍ ခေါင်းထဲတွင် မကြည်သောကြောင့် မထသေးဘဲ အိပ်ရာထဲတွင်ပင် အသာလဲလျောင်းနေသည်။

ထိုအခိုက် သူနှင့်တစ်ခန်းတည်းအိပ်ခဲ့သည့် အိမ်ရှင်၏သမီးဖြစ်သူ မိန်းမပျိုလေး အခန်းထဲဝင်ရောက်လာပြီး ယိစုကြည်ကို မေးသည်။

"မမရဲ့အစ်ကို မနက်စာ လာစားအုံးမလားလို့ မေမေက မေးခိုင်းလိုက်တယ်"

ယိစုကြည်သည် မိန်းမပျိုလေးပြောသော စကားကို သေသေချာချာမကြား။

မိမိနှင့် ကျောက်နန်စင်တို့ကို မနက်စာစားရန် လာခေါ်သည်ဟုသာ ထင်မှတ်မိကာ အိပ်ရာမှထလိုက်ပြီး ပြန်ပြောလိုက်သည်။

"ကျေးဇူးပါပဲ ညီမရယ်၊ အစ်ကို့ကို အခုပဲသွားခေါ်လိုက်အုံးမယ်၊ သူ အိပ်ရာက နိုးနေလောက်ပါပြီ"

"မမရဲ့အစ်ကို မိုးမလင်းခင်ကတည်းက အိပ်ရာကထပြီး



အပြင်ကိုထွက်သွားတယ်လို့ မောင်လေးကပြောတယ်၊ ဘယ်ကိုသွားသလဲဆိုတာကိုတော့ ပြောမသွားဘူး၊ အဲဒါကြောင့် မေမေက အမေးခိုင်းလိုက်တာ"

ဤစကားကို ကြားရသောအခါ ယိစုကြည် အလွန်ထိတ်လန့်တုန်လှုပ်သွားသည်။

မျက်နှာတစ်ခုလုံးလည်း သွေးဆုတ်ကာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

ကျောက်နန်စင် ဘယ်ကိုထွက်သွားသနည်း။

မိမိကို ပစ်ခွာထွက်ပြေးသွားခြင်း ဖြစ်လေသလော။

ယိစုကြည် အလန့်တကြားပင် တွေးလိုက်မိသည်။

## အခန်း(၂)

ကျားနှစ်၊ (၅)လပိုင်း(၂)ရက်နေ့။

ဟင်စမ်းတောင်၏ အနောက်ဘက်တောင်ခြေရှိ၊ ရှန့်ခုံရွာ အနီးမှ သစ်တောထဲဝယ် လူသေအလောင်းတစ်ခုရွာသားအချို့ သစ်ခုတ်သွားယင်း တွေ့ခဲ့ကြရသည်။

ထိုသတင်းကြောင့် ရှန့်ခုံတစ်ရွာလုံးပင် အုံးအုံးကျက်ကျက် ဖြစ်သွားရသည်။

ရက်ရက်စက်စက် သတ်ဖြတ်ထားခြင်းခံရသည့် လူသေအ လောင်းကို မြင်ရသည့်လူအပေါင်းမှာ အံ့သြထိတ်လန့်ကာ စိတ်မ ကောင်းဖြစ်ကြရသည်။



ထိုလူသေအလောင်းမှာ မပုပ်သိုးသေးပေ။

သွေးစသွေးနများလည်း မခြောက်သေးပေ။

အသတ်ခံရသည်မှာ သိပ်ကြာသေးဟန်မတူ။

ရှန့်ခုံရွာထိပ်ရှိ ရှန့်ခုံဘုံကျောင်းမှာ ထင်ရှားသောဘုံ ကျောင်းတစ်ခုဖြစ်သည်။

သိုင်းလောကမှ သိုင်းသမားများနှင့်လည်း ရင်းနှီးဆက် ဆွယ်မှုရှိသည်။

ရှန့်ခုံဘုံကျောင်းမှ တာဝန်ခံက ထိုလူသေအလောင်းကို သွားရောက်ကြည့်ရာတွင် နာမည်ကျော်ဓားမောက်ဂေဟာမှခေါင်း ဆောင်ကျောက်ချိုး၏သား ကျောက်နန်စစ်၏အလောင်းဖြစ်ကြောင်း တ်မိသိရှိသွားသည်။

ထို့ကြောင့် ဘုံကျောင်းတာဝန်ခံက အလောင်းကို မည်သို့ မထိရန်ပြောဆိုပြီး ဓားမောက်ဂေဟာခေါင်းဆောင် ကျောက်ချိုး ံသို့ လူလွှတ် အကြောင်းကြားခိုင်းသည်။

ကျောက်ချိုး၏ဓားမောက်ဂေဟာမှာ ဟင်စမ်းတောင်နှင့် လှမ်းမကမ်းတွင်ရှိသည်။

ဓားမောက်ဂေဟာ၏အမည်သတင်းမှာလည်း ယိပေါက် ကျင့်၏တောင်ညို့ဂေဟာ၏ ကျော်ကြားမှုနှင့် သိပ်မကွာပေ။

မိသားစုအင်အားအရမူ ဓားမောက်ဂေဟာက တောင်ညို့ ဂေဟာထက် ပိုမိုများပြားတောင့်တင်းသည်။

ယိပေါက်ကျင့်တွင် သမီးတစ်ယောက်တည်းသာ ရှိသော်

လည်း ကျောက်ချုံးတွင် သားငါးယောက်နှင့် သမီးသုံးယောက်ရှိ
သည်။

တပည့်တပန်းများလည်းလက်ခံကာ သိုင်းပညာသင်ကြား
ပေးနေသေးသည်။

ဓားမောက်၏အင်အားမှာ သိုင်းလောကတွင် အတော့်
တင်းဆုံးဟုပင် ပြောစမှတ်ပြုကြသည်။

သို့ရာတွင် ကျောက်ချုံးကို ယိပေါက်ကျင့်လောက် သိုင်း
လောကတွင် လေးစားရိုသေမှုမရှိပေ။

ကျောက်ချုံးသည် ဒေါသကြီးသည်။

ဆက်ဆံပြောဆိုရာဝယ် မောက်မောက်မာမာ ရှိသည်။

ထို့ ကြောင့် သိုင်းလောကတွင် လေးစားရိုသေသူနည်းပါး
သည်။

ညနေစောင်းအချိန်လောက်တွင် ကျောက်ချုံးသည် သူ၏
သား လေးဦးနှင့် တပည့်များခြံရံကာ ရှန့်ခုံဘုံကျောင်းသို့ ရောက်
လာသည်။

ထိုမှတဆင့် ကျောက်နန်စင်၏အလောင်းကို သွားရောက်
ကြည့်ရှုစစ်သည်။

သားဖြစ်သူ၏ အလောင်းကိုတွေ့ရသောအခါ ကျောက်ချုံး
မှာ အတော်ပင် မျက်နှာပျက်သွားသည်။

"တောက်..ဒီကောင့်ကို ယိစုကြည်နဲ့ မပတ်သက်ပါနဲ့လို့
အတန်တန်သတိပေးရက်နဲ့ ဖွတ်လုပ်တယ်၊ အဖေ့စကားကို နားမ



ထောင်ဘူး၊ အခုတော့ သူများရဲ့လက်ချက်နဲ့ အသေဆိုးသေရပြီ၊
တန်စင် တောင်ညိုဂေဟာကိုသွားပြီး ယိပေါက်ကျင့်ကိုခေါ်စမ်း၊
နန်စင် ဘယ်လိုအဖြစ်ကြုံရတယ်ဆိုတာ သူ့ကိုပြရမယ်"

ကျောက်ချုံးသည် ဒေါသတကြီး ရေရွတ်ပြီးနောက် သားအ
ကြီးဆုံးဖြစ်သူ ကျောက်တန်စင်ကို လှမ်းပြောသည်။

"ဟုတ်ကဲ့ ဖေဖေ"

ကျောက်တန်စင်က ဤသို့ပြောပြီး အဖော်သိုင်းသမားနှစ်
ယောက်နှင့်အတူ ခပ်သုတ်သုတ်ထွက်သွားသည်။

ကျောက်ချုံးတို့လူစုလည်း ထိုနေရာအနီးတွင်ပင်ထိုင်၍
စောင့်နေကြသည်။

အချိန်အတန်ကြာပြီးနောက် ကျောက်တန်စင်တို့လူစု ထို
နေရာသို့ ရောက်လာကြသည်

"ယိပေါက်ကျင့်ကိုယ်တိုင် လိုက်လာပါတယ် ဖေဖေ"

ကျောက်တန်စင်က ဖခင်ကို သတင်းပို့သည်။

"အေး..ကောင်းတယ်၊ ဒီကိစ္စ သူဘယ်လိုဖြေရှင်းချက်ပေး
မယ်ဆိုတာ နားထောင်ရမယ်"

ကျောက်ချုံးက ဤသို့ပြောပြီး ထိုင်ရာမှထလိုက်ကြသည်။

သူတို့က ရပ်လိုက်ကြပြီးနောက် ခဏအကြာဝယ် ယိပေါက်
ကျင့်ရောက်ရှိလာသည်။

ယိပေါက်ကျင့်တွင် အဖော်မပါ။

တစ်ယောက်တည်းလာ ခြင်းဖြစ်ပြီး မည်သည့်လက်နက်မျှ

တော့ဘူးဆိုပြီး ဒီနေရာကို ဘာကြောင့်လိုက်လာရတာလဲ”

“ကျောက်နန်စင် အသတ်ခံရတဲ့သတင်းကို ကြားရတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်အပေါ် အထင်လွဲလာနိုင်တယ်ဆိုတာ တွေးမိလို့ ခင်ဗျားကို လာရှင်းပြတာပါ”

“အခု ကျုပ်သားသေရတဲ့ကိစ္စမှာ ယိစုကြည်ဟာ အများကြီးပတ်သက်နေနိုင်တယ်၊ သူ့ရဲ့လက်ချက်တောင် ဖြစ်ချင်ဖြစ်နိုင်တယ်”

“ခင်ဗျားရဲ့ယူဆချက်နဲ့ပတ်သက်ပြီး ကျုပ်ဘာမှမပြောလိုပါဘူး၊ စုကြည်ဟာ အခုကျုပ်သမီးမှ မဟုတ်တော့တာပဲ၊ ခင်ဗျား ကြိုက်သလို စစ်ဆေးကြည့်နိုင်တယ်၊ တကယ်လို့ စုကြည်မှာ အပြစ်ရှိကြောင်း တွေ့ရယင်လည်း ခင်ဗျားစိတ်ကြိုက် ကြိုက်သလို လုပ်နိုင်တယ်၊ ကျုပ်နဲ့ဘာမှမဆိုင်တော့ဘူး”

“ကောင်းပြီ ကျုပ်ကလည်း ဒီစကားမျိုး ကြားချင်နေတာ”

“ကဲ..ကျုပ်ကို ခွင့်ပြုပါဦး”

ယိပေါက်ကျင့်သည် ကျောက်ချုံးကို နှုတ်ဆက်စကားဆိုပြီး လှည့်ထွက်သွားသည်။

ယိပေါက်ကျင့် လှည့်သွားပြီးသည်နှင့် ကျောက်ချုံးက သားကြီးကျောက်တန်စင်ကို လှမ်းအမိန့်ပေးသည်။

“တန်စင် အခုချက်ချင်း ဓားမောက်ဂေဟာကိုပြန်၊ ဂေဟာသိုင်းသမားတွေကို ယိစုကြည်ကို လိုက်ရှာဖွေဖို့ ဖေဖေက အမိန့်ပေးလိုက်တယ်လို့ပြော၊ ဖေဖေကတော့ နန်စင်ရဲ့အသုဘအတွက် ဒီမှာ



နေခဲ့ဦးမယ်”

“တကယ်လို့ ယိစုကြည်ကို ရှာလို့တွေ့ယင် ဘယ်လိုလုပ်ရမလဲ”

ကျောက်တန်စင်က ပြန်မေးသည်။

“ဓားမောက်ဂေဟာကို ခေါ်လာခဲ့ပေတော့၊ တကယ်လို့ အသာတကြည်နဲ့ခေါ်လို့မရယင် အတင်းအဓမ္မသာ ဖမ်းခေါ်လာခဲ့”

* * *

ကျားနှစ်၊ (၅)လပိုင်း (၄)ရက်နေ့။

ယန်ကောင်းမြို့ပြင်ဘက်တစ်နေရာ။

အချိန်က ညနေစောင်း။

ယိစုကြည်သည် မြို့ရိုးနှင့် မလှမ်းမကမ်းရှိ သစ်ပင်တစ်ပ အောက်ဝယ်၊ သူတစ်ယောက်တည်းထိုင်ကာ ငေးငိုင်စဉ်းစား၍ သည်။

မျက်နှာကလည်း မသာမယာနှင့်၊ အလွန်စိတ်ထိခိုက်ကြေ ကွဲနေသည့်အသွင်။

စိတ်ထိခိုက်ကြေကွဲသည့်အသွင် ရှိနေသော်လည်းယိစုကြည် ၏အလှအပကတော့ မပျက်ယွင်းသေး။

တောက်ပနေဆဲ ရွှန်းသစ်နေဆဲ။

ထိုင်နေသော ယိစုကြည် ရှေ့မှောက်သို့ လူရွယ်တစ် ယောက် ရောက်ရှိလာသည်။

ထိုလူရွယ်မှာ အခြားသူမဟုတ်။

ယိပေါက်ကျင့်၏ အသက် (၅၀) ပြည့်မွေးနေ့အထိမ်းအ မှတ်သိုင်းပညာယှဉ်ပြိုင်ပွဲတွင် ရွှေနဂါး(၈) ကွက်သိုင်းဖြင့် သိုင်း ပညာစွမ်းပြ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ ချိုရှန်းပင်ဖြစ်သည်။

ချိုရှန်းသည် ယိစုကြည်ကို ထိုနေ့က အမှတ်မထင် တွေ့မြင် ခဲ့ပြီး အတော်ပင် သဘောကျနှစ်သက်ခဲ့မိသည်။

ယိစုကြည်ကို မရခဲ့သည့်အတွက်လည်း အတော်ပင် စိတ်ထိ ခိုက်ခဲ့ရသည်။



စိတ်ပြေလက်ပျောက် တစ်ယောက်တည်း ခရီးလှည့်လည် သွားနေရာမှ ယန်ကောင်းမြို့သို့ ရောက်လာရာတွင် မြို့ပြင်ဘက်၌ မထင်မှတ်ဘဲ ယိစုကြည်ကိုတွေ့လိုက်ရသောအခါ ချိုရှန်း အံ့သြသွား ရသည်။

တွေ့ရခါစတွင် ယိစုကြည် ဟုတ်မှဟုတ်ပါလေစဟုပင် စိတ် ထဲဝယ် သံသယပွားမိသည်။

သေသေချာချာ ကြည့်ပြီး ယိစုကြည်မှန်း သေချာသောအ ခါတွင်မှ ချိုရှန်းက နှုတ်ဆက်စကားဆိုလိုက်သည်။

"ယိစုကြည် ဘာကြောင့် ဒီနေရာမှာ တစ်ယောက်ထဲလာ ထိုင်နေရတာလဲ"

ချိုရှန်း၏စကားကို ကြားရသောအခါ ယိစုကြည်က အေး စက်သော မျက်လုံးများဖြင့် ချိုရှန်းကို ကြည့်သည်။

"သွားစမ်းပါ၊ ကျွန်မကို လာမနှောင့်ယှက်ပါနဲ့၊ ကျွန်မဘာ သာ အေးအေးနေပါရစေ"

ယိစုကြည်က အေးစက်သောအသံဖြင့် ပြောသည်။

"မင်းမှာ အကူအညီလိုနေယင် ကိုယ်အတတ်နိုင်ဆုံး ကူညီ ပေးမယ်လေ၊ ပြောသာပြောပါ အားမနာပါနဲ့"

"ရှင်က ကျွန်မကို တကယ်ကူညီမှာလား"

ချိုရှန်းက ခေါင်းညိတ်ပြသည်။

"တကယ် ကူညီမှာနော်"

ချိုရှန်းက ထပ်၍ ခေါင်းညိတ်ပြပြန်သည်။

“ကောင်းပြီ၊ ရှင့်ရဲ့ စေတနာနဲ့ ကူညီမယ်ဆိုတာကို ကျွန်မ လက်ခံပါတယ်”

ယိစုကြည်က ဤသို့ပြောပြီး ထိုင်နေရာမှထသည်။

“ကိုယ် ဘာကူညီပေးရမှာလဲ”

ချိုရှန်းက မေးသည်။

“ကျွန်မတို့ အတူတူ လမ်းလျှောက်ကြရအောင်လား၊ ပြီးတော့မှ ပြောတာပေါ့”

ယိစုကြည်က ပြန်ပြောသည်။

“မင်းနဲ့ကိုယ်နဲ့ အတူလမ်းလျှောက်တာကတော့ ဟုတ်ပါပြီ၊ ကျောက်နန်စင် သိသွားလို့ စိတ်ဆိုးနေယင် ခက်မယ်”

“ဒီလူ့ နာမည်ကို ကျွန်မရှေ့မှာ မပြောနဲ့၊ မကြားချင်ဘူး”

ယိစုကြည်က ခက်ထန်သောလေသံဖြင့် ပြောသည်။

“ဟင်...ဘာဖြစ်လို့”

“ဆက်မမေးနဲ့ တော်ပြီ”

ချိုရှန်းစိတ်ထဲဝယ် ယိစုကြည်နှင့် ကျောက်နန်စင်တို့ နှစ်ယောက် စကားများကာ အဆင်မပြေဘဲ ရှိနေမည်ဟု တွေးမိသည်။

မိမိအတွက် အခွင့်အလမ်း ပေါ်လာနိုင်သည်မို့လည်း ကြိတ်၍ဝမ်းသာနေမိသည်။

“ကောင်းပြီ မပြောတော့ဘူး”

နှစ်ယောက်သား ဘေးချင်းယှဉ်ကာ လမ်းလျှောက်လာကြသည်။



စကားမဆိုကြသေး။ နှုတ်ဆိတ်နေကြသည်။

“ဟိုနေ့က ရှင် ဓားသိုင်းပညာစွမ်းပြနေတာကို ကျွန်မ ဂေဟာအပေါ်ကနေ လှမ်းမြင်လိုက်မိတယ်၊ ရှင့်ရဲ့ ဓားရေး ဓားကွက် ကမဆိုးပါဘူး၊ အတော့်ကိုကောင်းတယ်”

အတန်ကြာ တိတ်ဆိတ်နေပြီးနောက်၊ ယိစုကြည်က ပြောသည်။

“ဒီလောက်လည်း မဟုတ်သေးပါဘူး၊ မဖြစ်စလောက်လေး ပါ”

ချိုရှန်းက ပြုံး၍ပြောသည်။

“အဲဒီနေ့က သိုင်းပညာစွမ်းပြပွဲ ကျင်းပတာဟာ ဖေဖေက ားမက်လောင်း ရွေးချင်လို့ရှင့်”

“ဒါပေမယ့် ပြိုင်ပွဲကို အဆုံးတိုင်အောင် မကျင်းပနိုင်ခဲ့ဘူး၊ ယ်တို့တတွေလည်း အရှုံးပဲရခဲ့ကြရတယ်လေ”

“ရှင် အတော်စိတ်ထိခိုက်ခဲ့ရသလား”

“ဆိုပါတော့”

“ကျွန်မ ထွက်သွားတဲ့အတွက် ဖေဖေက အတော်ဒေါသ မှာပေါ့နော်”

“ဟုတ်တယ် အတော်ကို ဒေါသထွက်တယ်၊ သိုင်းပညာပြိုင် ကို ဆက်မကျင်းပတော့ဘဲ၊ ရပ်ဆိုင်းဖျက်သိမ်းပစ်လိုက်တယ်၊ းကို သမီးအဖြစ်က အမွေပြတ်စွန့်လွှတ်လိုက်တယ်လို့ လူသိရှင် ားကြေငြာလိုက်တယ်”

"အင်း..ဒီလိုဖြစ်လာလိမ့်မယ်ဆိုတာ ကျွန်မ ကြိုတွေးမိသား

ပဲ"

"မင်းအဖေဆီကို ပြန်သွားပြီး မှားမိတာကို ဝန်ချဖို့ကောင်း

တယ်"

"မဖြစ်ပါဘူး၊ ပြန်လို့ ဘယ်နည်းနဲ့မှ မဖြစ်ပါဘူး"

"ဟိုလူအကြောင်းကို မမေးပါနဲ့လို့ ပြောထားပေမယ့် တစ်

တော့ မေးပါရစေ"

"မမေးပါနဲ့"

"သူ.."

"ဘာမှ မပြောပါနဲ့လို့ဆို"

ယိစုကြည်က လှမ်းလျှောက်နေသော ခြေလှမ်းကို တုံ့

ပြီး လေသံမာမာနှင့်ပြောသည်။

"ကောင်းပါပြီ၊ အဲဒီအကြောင်း ဘာမှမပြောချင်တော့

ဘူး"

"ကျွန်မတို့ စန်းပိုင်မြို့ဘက်ကို လမ်းလျှောက်သွားကြ

အောင်လား"

ချိုရှန်း မျက်လုံးပြူးသွားရသည်။

"ဒီကနေ စန်းပိုင်မြို့ကို ဘယ်လောက် ခရီးဝေးတယ်

တာ မင်းသိရဲ့လား"

ချိုရှန်းက မေးသည်။

"သိသားပဲ၊ မိုင်တစ်ရာလောက် ဝေးတယ်"



"မိုင်တစ်ရာလောက်ဝေးတဲ့ ခရီးကို လမ်းလျှောက်သွား

ဘယ်ဆိုတာ တစ်ခါမှ မကြားဖူးသေးလို့ပါ"

"ကျွန်မကတော့ ဒီလိုပဲ ခြေလျင်လျှောက်သွားချင်တယ်၊

ချင်မလိုက်ချင်ယင် နေခဲ့နိုင်တယ်"

"အင်း..မင်းကသာ ဖိတ်ခေါ်မယ်ဆိုယင် ကိုယ်က မိုင်တစ်

ရာမပြောနဲ့ မိုင်တစ်ထောင် တစ်သောင်း ခြေလျင်လျှောက် သွားရဲ

ပါတယ်"

"ဒါဖြင့် သွားကြစို့"

ထို့နောက် နှစ်ယောက်သား စန်းပိုင်မြို့တည်ရှိရာ အ

နောက်ဘက်သို့ ဈေးရှုကာ လျှောက်လှမ်းလာခဲ့ကြသည်။

* * *

ညသန်းခေါင်အချိန်။

ချိုရှန်းနှင့် ယိစုကြည်တို့ မြို့ရိုးပျက်ကြီးတစ်ခုနားသို့ရောက်
လာကြသည်။

"ကျွန်မတို့ ခဏနားကြရအောင်လား"

ယိစုကြည်က ဤသို့ပြောပြီး မြို့ရိုးပျက်အနားရှိ မြက်ခင်
လေးပေါ်ဝယ် အသာထိုင်ချလိုက်သည်။

ချိုရှန်းလည်း ယိစုကြည်၏ဘေးနားဝယ် အသာဝင်ထိုင်
လိုက်သည်။

လထွက်နေပြီမို့ လင်းလင်းချင်းချင်း ရှိနေသည်။

ညဥ့်ယံလေပြည်ကလည်း တသုန်သုန် တိုက်ခတ်လျှက်။

လေတိုက်သဖြင့် ချမ်းလာဟန်ဖြင့် ယိစုကြည်က လက်နှစ်
ဘက်ကို အသာရင်ဝယ် ပိုက်ထားသည်။

ဤတွင် ချိုရှန်းက သူ၏အပြင်ဝတ်အင်္ကျီရှည်ကြီးကိုချွတ်
ကာ ယိစုကြည်ကို အသာလွှမ်းခြုံပေးသည်ကို ပြုံး၍ခံနေသည်။

"ရှင်ကော မချမ်းဘူးလား"

ယိစုကြည်က မေးသည်။

"မချမ်းပါဘူး"

"ဘာကြောင့် မချမ်းတာလဲ"

"အဲဒါကိုတော့ ကိုယ်လည်းမပြောတတ်ဘူး၊ မချမ်းဘူးဆို
ယင် ပြီးတာပဲ မဟုတ်လား"

"ကျွန်မအနားကို တိုးထိုင်လေ"



ယိစုကြည်က ဤသို့ပြောသော်လည်း ချိုရှန်းမှာ ယိစုကြည်
၏အနားသို့ တိုးထိုင်ရန် စိတ်မရဲဘဲရှိနေသည်။

"မင်း ချမ်းနေသေးလို့လား"

"ဟုတ်တယ်"

ချိုရှန်းသည် ရဲဆေးတင်ပြီး ယိစုကြည်အနားသို့ အသာတိုး
၍ထိုင်လိုက်သည်။

နူးညံ့အိစက်သော အသားစိုင်များနှင့် နွေးနွေးထွေးထွေး
ရှိသောကြောင့် ချိုရှန်းမှာ စိတ်ထဲဝယ် ဖိန်းကနဲဖြစ်ကာ ကြက်သီး
ထသွားရသည်။

"ချိုရှန်း"

"ဟင်"

"ရှင် ကျွန်မကို သဘောကျသလား"

ချိုရှန်း၏ရင်ထဲ ဒိန်းကနဲ ဖြစ်သွားရပြန်သည်။

ယိစုကြည် ဤမျှ ပွင့်ပွင့်လင်းလင်းနှင့် ရဲရဲတင်းတင်း ပြော
မည်ဟု ချိုရှန်း မထင်ခဲ့ပေ။

ထို့ကြောင့် ရုတ်တရက် ဘာပြန်ပြောရမည်ပင် မသိ။

"မေးတာ ဖြေစမ်းပါဦးရှင့်၊ ဘာငိုင်နေတာလဲ"

ယိစုကြည်က ချိုရှန်း၏လက်မောင်းကို ဆုပ်ကိုင်လှုပ်ယမ်း
း မေးပြန်သည်။

"မင်းကို ကိုယ်သဘောကျနေတာ ကြာပါပြီ၊ ဒါပေမယ့်
ဟာ..."

ချိုရှန်းက ပြောသည်။

"ရှင် ကျွန်မကို သဘောကျတယ်ဆိုယင် ပြီးပါပြီ၊ ဘာမှ ဆက်ပြောစရာ မလိုတော့ဘူး"

ချိုရှန်းမှာ ကျောက်နန်စင် အကြောင်းကိုမေးရန်စဉ်းစားမိ သေးသည်။

သို့သော် ဤအကြောင်းကို ထုတ်မေးမြန်းလျှင် ယိစုကြည် စိတ်ဆိုးဒေါသထွက်နေမည်စိုးသောကြောင့် မမေးတော့ဘဲ နေလိုက် သည်။

"မင်း သဘောတူလက်ခံမယ်ဆိုယင် မင်းရဲ့မိဘတွေကို သွားနားဖောက် ပြောဆိုပြီး လက်ထပ်ခွင့်တောင်းမယ်"

"ဒီလောက်လည်း လောနေစရာမလိုပါဘူး၊ ကျွန်မ တစ်ခု တော့မေးချင်သေးတယ်"

"ဘာမေးမှာလဲ"

"ကျွန်မရဲ့ အခြေအနေဟာ ဘယ်လိုပဲဖြစ်နေနေ၊ ရှင် ကျွန်မ ကိုပစ်မသွားရဘူးနော်"

ယိပေါက်ကျင့်၏ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခံထား ရခြင်းကြောင့် ဤစကားမျိုး ယိစုကြည် ပြောသည်ဟု ထင်မိသော ကြောင့် ချိုရှန်းက အလွယ်တကူ ခေါင်းညိတ်ကာ ကတိပေးလိုက် သည်။

"စိတ်ချပါ၊ ဘာပဲဖြစ်ဖြစ် ကိုယ်က ချစ်နေမှာပါပဲ"

"ဒီလို ကြားရတာ ဝမ်းသာလိုက်တာရှင်"



ယိစုကြည်က ဤသို့ပြောပြီး ချိုရှန်းကို သိုင်းဖက်လိုက် သည်။

ထို့နောက် နှစ်ယောက်သား မြက်ခင်းပေါ်သို့ ပက်လက် ပါကျသွားကြသည်။

ဤသို့ဖြင့်...

ထိုနေရာဝယ် မှန်တိုင်းလေးတစ်ခု ထန်သွားသည်။

တိုးတိုးညင်းညင်း အသံလေးများလည်း ပေါ်လာသည်။

* * *

မုန့်တိုင်းလေး စဲသွားပြီ။

ယိစုကြည်နှင့် ချို့ရှန်းတို့နှစ်ယောက်လည်း အိပ်နေရာမှထ
ကာ ဖရိုဖရဲဖြစ်နေကြသော အဝတ်အစားများကို သေသေသပ်သပ်
ဖြစ်အောင် ပြုပြင်လိုက်ကြသည်။

"မင်းကို ကိုယ်တစ်ခု မေးချင်တယ်"

"ဟိုလူ့အကြောင်း မဟုတ်ယင် မေးနိုင်ပါတယ်"

"ဒီမေးခွန်းကို မေးမိလို့ မင်းစိတ်ဆိုးဒေါပွမှာကိုလည်း စိုး
မိတယ်"

"စိတ်မဆိုးပါဘူး မေးပါ"

"ဟို..အင်း..မင်းဟာ အပျိုဟုတ်သေးရဲ့လား"

ချို့ရှန်းက အရဲစွန့်ကာ မေးလိုက်သည်။

ဤသို့မေးလိုက်သည့်အတွက် ယိစုကြည် စိတ်ဆိုးသွားမည်
ဟုလည်း စိတ်ထဲဝယ် စိုးရိမ်မိသေးသည်။

"ကျွန်မဟာ အပျိုမဟုတ်တဲ့အပြင် ကိုယ်ဝန်တောင် ရှိနေ
ပါပြီ"

ချို့ရှန်းမှာ မျက်လုံးပြူးကာ ပါးစပ်အဟောင်းသား ဖြစ်သွား
သည်။ ထိုင်ရာမှလည်း အလန့်တကြား ထရပ်လိုက်သည်။

"မင်း နောက်နေတာတော့ မဟုတ်ပါဘူးနော်"

ချို့ရှန်းက တအံ့တသြမေးသည်။

"နောက်တာမဟုတ်ပါဘူး၊ အမှန်အတိုင်းပြောတာပါ၊ ကျွန်
မကိုယ်ဝန်က နှစ်လတောင်ရှိနေပါပြီ"



"ဟာ..ဒုက္ခပါပဲ"

ချို့ရှန်း အကြီးအကျယ် စိတ်ညစ်သွားကာ ပါးစပ်မှ ရေရွတ်
လိုက်သည်။

"ဘာ အခုမှ ဒုက္ခလို့ ညည်းနေရတာလဲ၊ ရှင့်ကို အစော
ကြီးကတည်းက ကျွန်မ ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် စွန့်ခွာမသွား
ပါနဲ့လို့ပြောတော့ ရှင်က စိတ်ချပါဆို"

ချို့ရှန်း ဘာမျှမပြောတော့။

ထိုနေရာမှ ထွက်သွားရန် ဟန်ပြင်သည်။

"ချို့ရှန်းရယ် ကျွန်မကို ပစ်ပစ်ခါခါ လုပ်မသွားပါနဲ့ရှင်၊ ကျွန်မ
ကိုသနားပါ၊ ရှင်ကသာ လက်မထပ်ဘူးဆိုယင် ကျွန်မဘဝ ဒုက္ခပင်
လယ်ဝေရပါတော့မယ်"

ယိစုကြည်က ချို့ရှန်း၏ ခြေထောက်ကိုဖက်ကာ တောင်း
ပန်အသနားခံသည်။

"ကျုပ်ကို မတားပါနဲ့ ယိစုကြည်၊ လက်လွှတ်လိုက်စမ်းပါ"

ချို့ရှန်းက အေးစက်မာကျောသောအသံဖြင့် ပြောသည်။

ဤသို့လေသံမျိုးဖြင့်ပြောသော ဤသို့စကားမျိုးကို ကြား
ရသောအခါ ယိစုကြည်၏စိတ်ထဲဝယ် အထူးပင်နာကျင်သွားရသည်။

"ရှင် တကယ်ပဲ သွားတော့မလို့လား"

ယိစုကြည်က ချို့ရှန်း၏ခြေထောက်ကို ဖက်ထားရာမှလွှတ်
ပေးပြီး မေးသည်။

"ဟုတ်တယ်"

ချိုရှန်း၏စကားအဆုံးဝယ် ဓားရောင်တစ်ချက် လက်သွား
သည်။

ဓားချက်က ချိုရှန်း၏ရင်ဘတ်သို့တည့်တည့်ကို ဝင်လာသည်။

ချိုရှန်း မရှောင်နိုင်။

ရင်ဘတ်တွင် ဓားချက်ထိကာ ပွင့်လျက်သား လဲကျသွား
သည်။

ထို့နောက်။

* * *



ယိစုကြည်၏လက်ချက်ဖြင့် ချိုရှန်းသေဆုံးသွားသည်ဟူသော သတင်းမှာ သိုင်းလောကတစ်ခုလုံးဝယ် တောမီးပမာ ပျံ့နှံ့သွားခဲ့သည်။

ဤသတင်းကို ကြားရသူတိုင်း တုန်လှုပ်ချောက်ချားသွားကြရသည်။

ချိုရှန်း၏ဖခင်ဖြစ်သူ ရွှေနဂါးရဲတိုက်ခေါင်းဆောင် ချိုယွဲ့ထိုင်က ဤကိစ္စအတွက် ဖြေရှင်းရန် ယိပေါက်ကျင့်ထံသို့ စာပို့အကြောင်းကြားသည်။

ယိပေါက်ကျင့်မှာ ယိစုကြည်ကို သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဟု လူသိရှင်ကြား ကြေငြာထားသော်လည်း မိမိကမွေးထားသော သမီးအရင်းဖြစ်နေသည့်အပြင် ချိုယွဲ့ထိုင်မှာလည်း နှစ်ပေါင်းများစွာ ခင်မင်ရင်းနှီးခဲ့သည့် မိတ်ဆွေတစ်ယောက်လည်း ဖြစ်နေပြန်ရာ ခေါင်းရှောင်ငြင်းပယ်၍ မဖြစ်တော့ပေ။

ထို့ကြောင့် ချိုယွဲ့ထိုင်ကို (၅)လပိုင်း (၂၄)ရက်နေ့တွင် လိုက်လံတွေ့ဆုံမည်ဟု အကြောင်းပြန်ကြားခဲ့သည်။

ချိုယွဲ့ထိုင်က သူနှင့်အတူ ဓားမောက်ဂေဟာ၏ခေါင်းဆောင် ကျောက်ချိုးလည်း ပါလာမည်ဖြစ်ကြောင်း စာပြန်ပေးပို့ခဲ့သည်။

(၅)လပိုင်း(၂၄) ရက်နေ့။

ယိပေါက်ကျင့်သည် စာကြည့်ခန်းထဲဝယ် တစ်ယောက်တည်း ထိုင်၍နေသည်။

ယိပေါက်ကျင့်မှာ အသက်(၅၀) ကျော်ပြီဖြစ်သော်လည်း

စိတ်သဘောထား ကောင်းမွန်ကာ ပျော်ပျော်နေတတ်ပြီး အဆင့်မြင့် သိုင်းပညာကိုလည်း အချိန်မှန် လေ့ကျင့်ခဲ့သဖြင့် အတော်ပင် အရွယ်တင်သည်။

သာမန်အချိန်များတွင်ဆိုလျှင် အသက်(၄၀) အရွယ်လောက်ဟုပင် ထင်ရသည်။

ယခုတော့ ယိပေါက်ကျင့်၏မျက်နှာမှ အပြုံးရိပ်လည်း ပျောက်ကွယ်နေပြီ။

လူမှာလည်း အသက်(၂၀) ကျော် ပိုမို အိုမင်းသွားသလို ဖြစ်နေသည်။ ယိပေါက်ကျင့်တွင် သမီးတစ်ဦးတည်းသာ ရှိသည်။

သမီးကို မျိုထားမတတ်ချစ်ကာ အရိပ်တကြည့်ကြည့်နေခဲ့သည်။

သမီးအတွက် အသင့်လျော်ဆုံးသော သားမက်လောင်းကို ကိုယ်တိုင်ရွေးချယ်ပေးကာ ဘဝရှေ့ရေးအတွက် ကောင်းမွန်သော လမ်းကို ဖန်တီးပေးမည်ဟု ယိပေါက်ကျင့် စိတ်ကူးထားခဲ့သည်။

သို့သော် ယိစုကြည်က ကျောက်နန်စင်နှင့် ခိုးရာလိုက်ပြေးခြင်းဖြင့် ဖခင်ဖြစ်သူ၏ စေတနာကို ဖျက်ဆီးပစ်ခဲ့သည်။

ထို့နောက် ကျောက်နန်စင် အသတ်ခံခဲ့ရသည်။

ကျောက်နန်စင်ကို သတ်ဖြတ်သွားသူကို စုံစမ်းဖော်ထုတ်၍ မရသေးသော်လည်း ယိစုကြည်၏လက်ချက်မဟုတ်ဟူ၍လည်း အပြတ်မပြောနိုင်သော အခြေအနေတွင် ရှိနေသည်။

ထို့နောက် မကြာခင်မှာပင် ချိုရှန်း အသတ်ခံရပြန်သည်။



ချိုရှန်း အသတ်ခံရသည်မှာ ယိစုကြည်၏ လက်ချက်ဖြစ်ကြောင်း သက်သေအထောက်အထား ခိုင်ခိုင်လုံလုံရှိသည်ဟု ချိုယွဲ့ထိုင်က ပြောဆိုလာသည်။

ချိုရှန်း အသတ်ခံရမှုမှာ ယိပေါက်ကျင့်အတွက် အတော်ပင်မျက်နှာပျက်စရာဖြစ်သည်။

ယိပေါက်ကျင့်က တပည့်များကို နိုင်ငံအနှံ့အပြား စေလွှတ်ကာ ယိစုကြည်ကို လိုက်လံစုံစမ်း ရှာဖွေစေခဲ့သည်။

သို့သော် မည်သို့မျှ အကြောင်းမထူး။

ယိစုကြည်မှာ စုတ်စမြုပ်စ ပျောက်နေသည်။

အမျိုးမျိုးစဉ်းစားတွေးတောနေသော ယိပေါက်ကျင့်သည် တံခါးဖွင့်သံ ကြားလိုက်ရသောအခါ စိတ်ကူးများကိုရပ်ကာ တံခါးဝသို့လှမ်းကြည့်လိုက်သည်။

စာကြည့်ခန်းထဲသို့ ဂေဟာအမှုထမ်း လူရွယ်တစ်ယောက်ဝင်လာသည်ကို လှမ်းကြည့်လိုက်သည်။

“ရွှေနဂါးရဲတိုက် ခေါင်းဆောင်ကြီး ချိုယွဲ့ထိုင်နဲ့ မားမောက်ဂေဟာခေါင်းဆောင်ကြီး ကျောက်ချုံးတို့နှစ်ယောက် ရောက်ရှိလာကြပါပြီ”

ဂေဟာအမှုထမ်းလူရွယ်ကလေးက ဦးညွတ်အရိုအသေပေး၍ ပြောသည်။

“ကောင်းပြီ၊ သူတို့နှစ်ယောက်ကို ဒီအခန်းထဲ လွှတ်လိုက်”

ယိပေါက်ကျင့်က ပြန်ပြောလိုက်သည်။

ဂေဟာအမှုထမ်း လူရွယ်လေး ဦးညွှတ်အရိုအသေပေး
ပြန်ထွက်သွားသည်။

ခဏအကြာဝယ် ချိုယွဲ့ထိုင်နှင့် ကျောက်ချုံးတို့နှစ်ယော
စာကြည့်ခန်းထဲသို့ ဝင်ရောက်လာကြသည်။

နှစ်ယောက်စလုံး မျက်နှာထား ခပ်တည်တည်နှင့်။

"ကြွပါဗျာ ထိုင်ကြပါ"

ယိပေါက်ကျင့်က ထိုင်နေရာမှထကာ ဦးညွှတ်အရိုအ
ပေးပြီး ခရီးဦးကြိုဆိုသည်။

ကျောက်ချုံးနှင့် ချိုယွဲ့ထိုင်တို့လည်း ထိုင်ခုံများတွင် နေ
ယူထိုင်လိုက်ကြသည်။

တောင်ညိုဂေဟာ အမှုထမ်းများက လက်ဘက်ရည်ကြ
နှင့်မုန့်များ တည်ခင်းပေးလိုက်ကြသည်။

"ကျုပ်နဲ့အတူ ခေါ်လာတဲ့ သိုးကျောင်းသားလေးကိုပါ
အခန်းထဲခေါ်ယူခွင့် ပြုစေချင်တယ်"

လက်ဘက်ရည်ကြမ်းများ သောက်ပြီးနောက် ချိုယွဲ့ထိုင်
ပြောသည်။

"သိုးကျောင်းသားလေးကို ဘာကြောင့် ခေါ်လာရတာ

ယိပေါက်ကျင့်က ပြန်မေးသည်။

"ကျုပ်သားကို ယိစုကြည်က သတ်သွားတာကို မြင်လို
တဲ့မျက်မြင်သက်သေပါ"

ယိပေါက်ကျင့်က ခေါင်းညိတ်ပြပြီး ဂေဟာအမှုထမ်း



ယောက်အား သိုးကျောင်းသားလေးကို အခန်းထဲခေါ်ခဲ့ရန် အမိန့်
ပေးလိုက်သည်။

မကြာမီမှာပင် အသက်(၁၂) နှစ်ခန့်ကျေးတောသားအ
သွင်ဝတ်ဆင်ထားသော ကောင်လေးတစ်ယောက်ကို စာကြည့်ခန်းထဲ
သို့ ခေါ်သွင်းလာသည်။

ထို့နောက် ဂေဟာအမှုထမ်းများ စာကြည့်ခန်းထဲမှ ထွက်
သွားကြသည်။ စာကြည့်ခန်းထဲဝယ် ယိပေါက်ကျင့်၊ ချိုယွဲ့ထိုင်နှင့်
ကျောက်ချုံးတို့သာ ကျန်နေခဲ့ကြသည်။

ယိပေါက်ကျင့်က သိုးကျောင်းသားလေးကို ထိုင်ခုံတစ်ခုတွင်
အထိုင်ခိုင်းသည်။ ထို့နောက် စတင်မေးမြန်းသည်။

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

"ရှောင်ဝမ်လို့ ခေါ်ပါတယ်"

"ဘယ်မှာနေသလဲ"

"ယန်ကောင်းမြို့နဲ့ ဆယ်မိုင်လောက်ဝေးတဲ့ ချန်းလိုရွာမှာ
နေပါတယ်"

"ချိုရှန်းကို ယိစုကြည်က သတ်လိုက်တာကို မင်းကိုယ်တိုင်
မြင်ခဲ့ရတာလား"

"ဟုတ်ပါတယ်"

"မင်းတွေ့ရတဲ့လူတွေဟာ ချိုရှန်းနဲ့ ယိစုကြည်တို့နှစ်
ယောက်ဖြစ်ကြောင်း မင်းဘယ်လိုလုပ်သိတာလဲ"

"ချိုရှန်းကိုယ်တိုင် မသေခင်က ထုတ်ပြောသွားတာပါ"

"ဘယ်လိုပြောသွားတာလဲ"

"ဓားနဲ့အထိုးခံရတော့ သူဟာလဲကျသွားတယ်၊ ကျွန်တော်လည်း ကြောက်ပြီး ကြည့်တောင်မကြည့်ရဲတော့ဘူး၊ ကျွန်တော်ခေါင်းမော်ပြီး ပြန်ကြည့်လိုက်တော့ ဟိုမိန်းကလေးမရှိတော့ဘူး၊ ယောကျ်ားလေးကတော့ သွေးအိုင်ထဲမှာ လဲနေတယ်။ ကျွန်တော်လည်း သတ္တိကိုတင်ပြီး သူ့နားတိုးကပ်သွားတယ်၊ သူမသေသေးဘူး၊ အသက်ငွေ့သွေ့လေးရှိသေးတယ်၊ သူဟာ ရွှေနဂါးရဲတိုက်ခေါင်းဆောင် ချိုယွဲ့ထိုင်ရဲ့သား ချိုရှန်းဖြစ်တယ်၊ သူ့ကိုသတ်သွားတာဟာ ယိပေါက်ကျင့်ရဲ့သမီး ယိစုကြည်လို့ပြောပြီး အသက်ပျောက်သွားပါတယ်"

"အဲဒီလိုဖြစ်တာဟာ ဘယ်အချိန်လောက်လဲ"

"ညအတော် နက်နေပြီ"

"ညကြီးမင်းကြီးမှာ မင်းက သိုးကျောင်းထွက်နေသေးလို့လား"

"သိုးကျောင်းမထွက်ပါဘူး၊ အမေက ဆူလို့ စိတ်ဆိုးပြီး မြို့ရိုးပျက်ဘက်ကို ထွက်လာယင်း သူတို့ကို တွေ့လိုက်ရတာပါ"

"မင်းတွေ့လိုက်တဲ့အခါတုန်းက သူတို့ ဘာလုပ်နေကြသလဲ"

"သူတို့..အင်း..သူတို့"

သိုးကျောင်းသားလေးမှာ အဖြေခက်ဟန်ဖြင့် နှုတ်တွန့်နေသည်။



"ရဲရဲသာ ပြောစမ်းပါ၊ သူတို့ဘာလုပ်နေကြသလဲ"

ယိပေါက်ကျင့်က အားပေးစကား ပြောလိုက်သည်။

"ဘာမှ..ဟို..မလုပ်ကြပါဘူး၊ အင်း..စကားပဲ ပြောနေကြပါတယ်"

"သူတို့နှစ်ယောက် တစ်ယောက်တစ်ခွန်း စကားများရန်ဖြစ်ကြသေးလား"

"ဟင့်အင်း စကားမများပါဘူး၊ ရန်လည်းမဖြစ်ပါဘူး"

"ဒီလိုဆိုယင် အေးအေးဆေးဆေး စကားပြောနေကြယင်း ယိစုကြည်က ချိုရှန်းကို ဓားနဲ့ထိုးတယ်ပေါ့"

"ဟုတ်..ဟုတ်ပါတယ် ဒီအတိုင်းပါပဲ"

"ဒီအတိုင်း နေယင်းထိုင်ယင်းက လူတစ်ယောက်ကို အသေသတ်လိုက်တယ်ဆိုတာက စဉ်းစားစရာပဲ၊ ကျုပ်သမီးက ချိုရှန်းကို ဘာအကြောင်းကြောင့် သတ်လိုက်တယ်ဆိုတာကို ခင်ဗျားတို့သိကြသလား"

ယိပေါက်ကျင့်က သိုးကျောင်းသားလေးကို စစ်မေးနေရာမှ ချိုယွဲ့ထိုင်နှင့် ကျောက်ချုံးတို့ကို လှမ်းကြည့်ပြီးပြောသည်။

"အဲဒါကိုတော့ ကျုပ်မသိဘူး၊ ယိစုကြည်က ကျုပ်သားချိုရှန်းကို သတ်ဖြတ်သွားတာကိုပဲသိတယ်"

ချိုယွဲ့ထိုင်က ပြန်ပြောသည်။

"ခင်ဗျား ဒီနေ့ကျုပ်ဆီကို ရောက်လာတာဟာ ကျုပ်သမီးကို အဓိဖမ်းချင်လို့လား၊ ဒါမှမဟုတ် ကျုပ်သမီးက ခင်ဗျားသားကို

ဘာကြောင့် သတ်ပစ်ရတယ်ဆိုတာကို သိချင်လို့လား”

“နှစ်ခုစလုံးပဲ”

“အင်း...ဒီနှစ်ခုစလုံးကို လုပ်ဆောင်ပေးဖို့က မလွယ်လ ဘူး”

“ဘာလဲ ခင်ဗျားက ဒီကိစ္စတွေကို တာဝန်မယူချင်တဲ့ သ ဘောလား”

“ကျုပ်ဟာ ယိစုကြည်ကို သမီးအဖြစ်က အမွေပြတ်စွန့် လွှတ်ထားတယ်ဆိုတာ ခင်ဗျားလည်း အသိပဲ၊ ဒါပေမယ့် ယိစုကြည် နဲ့ပတ်သက်ပြီး ဒီလောက်ကြီးမားတဲ့ ပြဿနာတွေ ဖြစ်လာမယ် ဆိုတာကိုတော့ ကျုပ်လုံးဝမထင်မှတ်ခဲ့ဘူး၊ အခုလို ဖြစ်လာပြီးမှ တော့ ကျုပ်က မဆိုင်ဘူးလို့ ဘေးဖယ်ရှောင်နေလို့လည်းမသင့် တော်ဘူး၊ ဒါကြောင့် ကျုပ်သမီးကို ရှာဖွေဖော်ထုတ်ပေးဖို့ ကျုပ်တာ ဝန်ယူပါတယ်၊ ဒါပေမယ့် ယိစုကြည်က ဘာကြောင့် ချိုရှန်းကို သတ် ရတယ်ဆိုတဲ့အကြောင်းကို ဖော်ထုတ်ဖို့ကတော့ ကျုပ်ကိုယ်တိုင် လည်း မတတ်နိုင်ဘူး”

ယိပေါက်ကျင့်က မိမိ၏ရပ်တည်ချက်ကို ပြောပြသည်။

“ခင်ဗျားက အချိုသတ်နေတာလား”

ကျောက်ချုံးက လေသံမာမာဖြင့် ကြားဝင်ပြောသည်။

ယိပေါက်ကျင့်သည် ကျောက်ချုံးနှင့် စကားသိပ်မပြောလို

ထို့ကြောင့် ကျောက်ချုံးကို ဘာမျှပြန်မပြောဘဲ ချိုယွဲ့ထိုင် ကိုသာ လှမ်းပြောသည်။



“ကျုပ်ရဲ့သဘောထားကို ခင်ဗျားနားလည်ပြီလို့ ထင်ပါတယ်”

ချိုယွဲ့ထိုင်မှာ တစ်ဦးတည်းသောသား သေဆုံးခဲ့ရသည့်အတွက် စိတ်ထိခိုက်ကာ ဒေါသဖြစ်နေသည်။

သို့သော် သူသည် စိတ်ထားကောင်းမွန်ကာ သူ့ဘက်ကိုယ့်ဘက် ချင့်ချိန်စဉ်းစားတတ်သူဖြစ်ရာ ယိပေါက်ကျင့် ပြောပြသည်များကို နားလည်လက်ခံသည်။

“နားလည်ပါတယ်၊ ခင်ဗျားရဲ့သမီး ယိစုကြည်ကိုသာ နှစ်လအတွင်း ကျုပ်လက်ကိုအပ်ပါ”

ချိုယွဲ့ထိုင်က ပြောသည်။

“ကောင်းပြီ အဲဒီအချိန်အတွင်း ယိစုကြည်ကိုတွေ့အောင် ရှာပေးပါ့မယ်၊ တကယ်လို့ ရှာမတွေ့ယင် ကျုပ်ရဲ့အသက်ကို ပေးဆပ်ဖို့အသင့်ပါပဲ”

“ဒါဆို ကျုပ်ကျေနပ်ပါပြီ”

ချိုယွဲ့ထိုင်ကပြောပြီး ထိုင်ရာမှထသည်။

“ချိုယွဲ့ထိုင် တောင်ညိုဂေဟာထဲမှာ ရှာမကြည့်တော့ဘူးလား”

ကျောက်ချုံးက ပြောသည်။

“မလိုတော့ပါဘူး၊ ကဲဟေ့ ရှောင်ဝမ် သွားကြမယ်”

ချိုယွဲ့ထိုင်သည် သိုးကျောင်းသားလေး ရှောင်ဝမ်ကို လှမ်းခေါ်ပြီး ထွက်သွားသည်။

ချို့ယွဲ့ထိုင်မှာ ကျောက်ချိုး၏စိတ်နေစိတ်ထားနှင့် ပြောဆို ဆက်ဆံပုံကို မကြိုက်ပေ။

ယခုလည်း သူကိုနှစ်ယောက်မှာ သားများ အသတ်ခံရပုံ ချင်း တူညီသောကြောင့်သာ ယိပေါက်ကျင့်ထံ အတူလာကြခြင်းဖြစ် သည်။

ချို့ယွဲ့ထိုင် ထွက်သွားပြီမို့ ကျောက်ချိုးမှာလည်း တစ် ယောက်တည်းကျန်နေရန် မဖြစ်တော့ပေ။

"ကောင်းပြီ၊ နှစ်လအချိန်ပေးမယ်၊ လာမယ့် ခုနစ်လပိုင်း သုံးဆယ်ရက်နေ့အတွင်း ယိစုကြည်ကို တွေ့အောင်ရှာပေးပါ"

ကျောက်ချိုးက ဤသို့ပြောပြီးနောက် ထိုင်ရာမှထကာ အပြင်သို့ လျှောက်လှမ်းထွက်သွားသည်။

* * *

အခန်း(၃)

ကျားနှစ်၊ (၅)လပိုင်း (၂၉) ရက်နေ့။

ည(၁၀) နာရီခန့်အချိန်။

တဲ့ယွင်မြို့၏ ရာဇဝတ်အုပ် ဝမ်ကျက်သည် အိပ်ခန်းထဲ ယ် စာထိုင်ဖတ်နေသည်။

"ဗိုး"

ရုတ်တရက် လေကိုခွင်း၍ တစုံတရာဝင်လာသံကို ဝမ်ကျက် ကြားရသည်။

ဝမ်ကျက်မှာ အဆင့်မြင့် သိုင်းသမားတစ်ယောက်ပီပီ ျင်မြန်လှသည်။

လေခွင်းသံ ကြားလိုက်ရသည်နှင့် ကြမ်းပြင်ပေါ်သို့ လှိမ့်ချ ်လိုက်သည်။

ထွန်းထားသော မီးအိမ်ကိုလည်း မှုတ်ငြိမ်းပစ်လိုက်သည်။

တစ်ခန်းလုံး မှောင်ကျသွားသည်။

ဝမ်ကျက်သည် မှောင်ထဲဝယ် ငြိမ်၍နေပြီး အာရုံကို စုစည်းကာအခြေအနေကို အကဲခတ်ကာ စောင့်ကြည့်နေသည်။

စိတ်ကို သောတအာရုံကြောများတဝိုက်ဝယ် စုစည်းကာ အစွမ်းကုန် နားစွင့်ထောင်သည်။

ဘာသံမျှ မကြားရ။

စိတ်ကို စက္ခုအာရုံကြောများတဝိုက်ဝယ် စုစည်းကာ ပတ်ဝန်းကျင်ကို သေသေချာချာ အကဲခတ်ကြည့်သည်။

ဘာမျှမမြင်ရ။

ထမင်းအိုး တစ်လုံးချက်ခန့်ကြာသည်အထိ အကဲခတ်ကြည့်သော်လည်း မည်သည့်ထူးခြားချက်ကိုမျှ မတွေ့ရသောကြောင့် ဝမ်ကျက်သည် ကြမ်းပြင်တွင် ဝပ်နေရာမှထကာ ငြိမ်းထားသော မီးခွက်ကို ပြန်ထွန်းလိုက်သည်။

အခန်းနံရံဝယ် ဓားမြှောင်တစ်လက် စိုက်နေသည်ကို တွေ့ရသည်။

ဓားမြှောင်၏လက်ကိုင်တွင် စာရွက်လိပ်ကလေးတစ်ခု ချိတ်လျက်ရှိနေသည်။

ဝမ်ကျက်က ဓားမြှောင်ကို အသာဆွဲနုတ်ကာ ရှုရှိုက်ကြည့်လိုက်သည်။

အမွှေးနံ့ ခပ်သင်းသင်းကို ရှုမိသည်။



ဤဓားမြှောင်မှာ မိန်းမပျိုတစ်ယောက်ယောက်၏ ရင်ခတ်ကြားဝယ် ထိုးညှပ်သိမ်းထားလေ့ရှိသော ဓားမြှောင်ဖြစ်နိုင်ကြောင်း ဝမ်ကျက်ကောက်ချက်ချမိသည်။

ဝမ်ကျက်က စာရွက်လိပ်ကိုဖြေကာ ဖတ်ကြည့်သည်။

"မြို့ပြင်က အုဇွမ်းဂေဟာကို လာခဲ့ပါ"

စာရွက်ပေါ်ဝယ် စာကြောင်းတိုတို တစ်ကြောင်းတည်း ရေးသားထားသည်။

လက်မှတ်ပင် ရေးထိုးမလာ။

စာလုံးများမှာ ခပ်သေးသေးဖြစ်သည်။

မိန်းမလက်ရေးဖြစ်ဖို့ များသည်။

စာလုံးများမှာ လှပသော်လည်း အချို့နေရာများဝယ် အဆွဲအပိတ်မသပ်ရပ်ဘဲ ရှိနေသည်။

စာရေးရာတွင် စိတ်လှုပ်ရှားကာ လက်တုန်နေသောကြောင့် ယခုလို မသေမသပ်ရှိခြင်းပင် ဖြစ်ပေမည်။

ဝမ်ကျက်သည် ဓားမြှောင်နှင့်စာရွက်ကို ဗီရိုထဲရှိ အံဆွဲတစ်ခုထဲဝယ် သေသေချာချာ သိမ်းလိုက်သည်။

ထို့နောက် အပေါ်ဝတ်အင်္ကျီရှည်ကို ဝတ်ဆင်ကာ အပြင်သို့ထွက်လာခဲ့သည်။

အုစွမ်းဂေဟာ။

တာ့ယွင်မြို့အပြင်ဘက်၊ တောင်ကုန်းတစ်ခုပေါ်ဝယ် တည်ရှိသည်။

ကြီးမားခန့်ထည်သည်။

သို့သော် လွန်ခဲ့သည့် ၃နှစ်ခန့်က အုစွမ်းဂေဟာ၏ ပိုင်ရှင်မိသားစု အသတ်ခံခဲ့ရပြီးနောက်၊ သရဲချောက်သည်ဟု သတင်းကြီးကာ မည်သူမှ အုစွမ်းဂေဟာဝယ် မနေရဲကြတော့။

အုစွမ်းဂေဟာအနီးသို့ပင် မလာရဲကြ။

ဤသို့ဖြင့် အုစွမ်းဂေဟာမှာ လူသူကင်းဝေးရာ တစပြင်နေရာတစ်ခုလို ဖြစ်လာခဲ့သည်။

ဝမ်ကျက်မှာမူ မကောင်းဆိုးဝါးများကို ယုံသူမဟုတ်။

ထို့ကြောင့်လည်း အုစွမ်းဂေဟာသို့ ရဲဝံ့စွာလာခဲ့သည်။

"ကျွန်တော် ဝမ်ကျက် ရောက်လာပါပြီ၊ ကျေးဇူးပြုပြီးထွက်တွေ့ပါ"

ဝမ်ကျက်သည် အုစွမ်းဂေဟာ အဝင်တံခါးဝနားဝယ် ရပ်ပြီး အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်သည်။

"ကျေးဇူးပြုပြီး အထဲကိုဝင်လာခဲ့ပါ"

အုစွမ်းဂေဟာအတွင်းဘက် အမှောင်ထုထဲမှ စကားသံပေါ်လာသည်။

အသံမှာ ကြည်လင်သည်။

အသံရှင်သည် ငယ်ရွယ်သော မိန်းမပျိုတစ်ယောက် ဖြစ်



ည်ဟု ဝမ်ကျက် အကဲခတ်မိသည်။

ဝမ်ကျက်သည် အဝင်ဝနားရှိ ကျောက်ခဲလေးငါးလုံးကို ကောက်ယူကာ ဂေဟာထဲသို့ ပစ်ပေါက်သွင်းလိုက်သည်။

ခဲလုံးများ အခန်းနံရံကို ထိသံသာကြားရသည်။

အခြား ဘာအသံမျှ မကြားရ။

"ဘာမှသံသယမဖြစ်ပါနဲ့ရှင်၊ ရှင့်ကို မကောင်းကြံချင်တဲ့ ...နမရှိပါဘူး၊ အကူအညီတောင်းချင်လို့ပါ၊ အထဲကို ရဲရဲသာ ...်လာခဲ့ပါ"

မိန်းမပျို၏အသံ ပေါ်လာပြန်သည်။

ဝမ်ကျက်သည် ဓားရှည်ကိုဆွဲထုတ်ကာ အသင့်ကိုင်ပြီး အ...င်းခန်းသို့ လှစ်ကနဲ ပြေးဝင်လိုက်သည်။

ကိုယ်ဖော့ပညာသုံးကာ ပြေးဝင်သွားခြင်းဖြစ်သောကြောင့် ...ျင်မြန်လှသည်။

မျက်စိတမှိတ် အတွင်းမှာပင် အုစွမ်းဂေဟာ၏ ဧည့်ခန်း...သို့ ရောက်လာခဲ့သည်။

အထဲသို့ ရောက်သည်နှင့် ဝမ်ကျက်က ဓားရှည်ကိုလျင်မြန်...ဝှေ့ရမ်းကာ ရှေ့နောက်ဝဲယာတို့ကို ဓားချက်၃ချက်စီ ခုတ်ထည့်...ိုက်သည်။

သူ၏မျိုးစဉ်သိုင်းပညာရပ်ဖြစ်သော ဓားစကြာသိုင်းမှ ဒုတိ...သိုင်းကွက်ဖြစ်သည့် စကြာပန်းကြဲဓားကွက်ပင် ဖြစ်သည်။

အရပ်မျက်နှာပေါင်းစုံမှ တိုးဝင်တိုက်ခိုက်လာနိုင်သော ရန်

သူကို ခုခံတားဆီးရာတွင် အလွန်အစွမ်းထက်မြက်သော သိုင်းကွက်တစ်ခုပင်။

သို့သော် ဝမ်ကျက်ကို မည်သူကမျှ ဝင်ရောက်တိုက်ခိုက်လာခြင်းမရှိ။

ထို့ကြောင့် ဝမ်ကျက်က စကြာပန်းကြိုးကွက်ကို ပြန်သိမ်းပြီး ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။

အလင်းရောင် ပိုးတဝါးရှိသောကြောင့် အနီးဝန်းကျင်ကို ပိုးတိုးဝါးတား မြင်နိုင်သည်။

"ခင်ဗျား ဘယ်မှာလဲ"

ဝမ်ကျက်က အသံပြုလိုက်သည်။

"ကျွန်မ ဒီမှာပါ"

မိန်းမပျို၏အသံ ပေါ်လာသည်။

အသံမှာ အပေါ်ဘက်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။

"ခေါင်မိုးပေါ်မှာလား"

"မဟုတ်ပါဘူး၊ မျက်နှာကျက်ပေါ်မှာပါ"

"ကောင်းပြီ ကျွန်တော့်ကို အကူအညီတောင်းချင်တယ်ဆိုယင် အောက်ကိုဆင်းလာပြီး တွေ့တွေ့ဆိုင်ဆိုင် တွေ့ပါ"

"ဟာ မဖြစ်ဘူး၊ ကျွန်မ ရှင်နဲ့မျက်နှာချင်းဆိုင် အတွေ့ခံလို့ မဖြစ်ဘူး"

"ဒီလိုဆိုယင် ဝမ်းနည်းပါတယ်၊ ကျွန်တော် ပြန်တော့မယ်"

ဝမ်ကျက်က ပြန်ပြောကာ ချာကနဲလှည့်၍ လာလမ်းအ



း ပြန်လျှောက်ထွက်မည် ပြင်လိုက်သည်။

"မပြန်ပါနဲ့ရှင်၊ ကျွန်မ တကယ့်ကို အကူအညီလိုအပ်နေလို့

မိန်းမပျိုက ဆက်ပြောပြန်သည်။ အသံမှာ ငိုသံပါနေသည်။

ဤသို့ ငိုသံပါပါနှင့် ပြောလိုက်မှုက ဝမ်ကျက်၏ခြေလှမ်း တုံ့သွားစေခဲ့သည်။

"ခင်ဗျားမှာ တကယ် အကူအညီလိုအပ်နေတယ်ဆိုယင် ကြောင့် ကျွန်တော့်ကို ဆင်းတွေ့ပြီး မပြောနိုင်တာလဲ"

"ကျွန်မ...ကျွန်မ..ဘယ်သူ့ကိုမှ မျက်နှာမပြဝံ့ဘူး၊ အထူးဖြင့် ရှင့်ကိုပိုပြီးတော့ မျက်နှာချင်းမဆိုင်ဝံ့ဘူး"

"ဘာကြောင့်လဲ"

"ကျွန်မဟာ ယိစုကြည်ပါ"

ဤစကားကို ကြားရသည်တွင် ဝမ်ကျက်မှာ အတော်ပင် က်လှုပ်ရှားသွားရသည်။

မျက်နှာကျက်ပေါ်မှ မိန်းမပျိုမှာ ယိစုကြည်ဆိုပါလား။

ယိစုကြည်မှာ မိမိနှင့်မြင်ဖူးတွေ့ဖူးသူ ဖြစ်သည်။

အဘယ်ကြောင့် မိမိကို ယခု မျက်နှာချင်းမဆိုင်ဝံ့ဘဲဖြစ်ရသနည်း။

ယိစုကြည်ဝယ် မည်သည့်အခက်အခဲတွေ ရင်ဆိုင်နေရသည်း။

"ကျောက်နန်စင်နဲ့ ချိုရှန်းတို့ကို သတ်လိုက်မိတဲ့ကိစ္စအတွက်

အကူအညီတောင်းချင်လို့လား၊ ဒီအတွက်တော့ ကျွန်တော် မကူနိုင်ဘူး”

“ကျွန်မကိုမတရားစွပ်စွဲကြတာပါ၊ ကျောက်နန်စင်ကို ကျွန်မ မသတ်ပါဘူး”

“ဒါဖြင့် ချိုရှန်းကိုကော”

“သူ့ကိုတော့ ကျွန်မ သတ်လိုက်မိပါတယ်”

“ခင်ဗျားက ကျွန်တော့်ကို အတွေ့မခံဘဲ နေတာဆိုတော့ ခင်ဗျားဟာ ယိစုကြည်အစစ် ဟုတ်မဟုတ် ကျွန်တော် ဘယ်လိုလုပ်သိနိုင်မှာလဲ၊ တစ်ယောက်ယောက်က ယိစုကြည်နာမည်ကို သုံးပြီး ပြောနေတာကော မဖြစ်နိုင်ဘူးလား”

“ကျွန်မ ပြောတာကို နားထောင်ပြီးယင် ကျွန်မဟာ ယိစုကြည်အစစ် ဟုတ်မဟုတ်ကို ရှင် သံသယဝင်တော့မှာ မဟုတ်ဘူး”

“ကောင်းပြီ ခင်ဗျားပြောစရာရှိတာကို ပြောပါ၊ ကျွန်တော် နားထောင်ကြည့်ပါ့မယ်”

“ကျွန်မဟာ ချိုရှန်းကို သတ်လိုက်မိပြီးတဲ့နောက် ကျွန်မကိုယ်ကျွန်မ သတ်သေလိုက်ဖို့တောင် စိတ်ကူးမိပါသေးတယ်၊ ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်ရက်လောက်က ကျောက်နန်စင် အသတ်ခံရတဲ့ သတင်းကိုကြားရတော့ ကျွန်မ စိတ်ကူးတမျိုးပြောင်းသွားတယ်၊ ကျောက်နန်စင် အသတ်ခံရတာနဲ့ ပတ်သက်ပြီး ကျွန်မအပေါ် မတရားပြောဆိုစွပ်စွဲထားချက်တွေကို ပပျောက်အောင် ကျွန်မလုပ်ချင်တယ်၊ ဒါကြောင့် ရှင့်ဆီကို အကူအညီတောင်းတာပါ”



“ဟုတ်ပြီ ဒါဖြင့် ခင်ဗျားနဲ့ကျောက်နန်စင် ခိုးရာလိုက်ပြေးကကစပြီး အဖြစ်အပျက်တွေကို အမှန်အတိုင်း တစ်ခုမှ မချွင်းမန်ဘဲ ထုတ်ပြောစမ်းပါ”

“ကျွန်မနဲ့ ကျောက်နန်စင်ဟာ ငယ်ငယ်ကလေးကတည်းက တစ်ယောက်အပေါ်တစ်ယောက် မေတ္တာရှိခဲ့ကြတာပါ၊ ဖေဖေကတော့ ဘာကြောင့်မှန်းမသိဘူး၊ ကျောက်ချုံးရဲ့သားနဲ့ သဘောမတူနိုင်ဘူးလို့ပြောပြီး ကျွန်မကို ကျောက်နန်စင်နဲ့ မဆက်သွယ်ဖို့ တားမြစ်ပိတ်ပင်တယ်၊ ဒါကြောင့် ကျွန်မလည်း ကျောက်နန်စင်နဲ့ခိုးရာလိုက်ပြေးခဲ့ကြတယ်”

ဤသို့ အစချီပြီး ယိစုကြည်က လိန်ဖုံးရွာတွင် ဝင်ရောက်ပုန်းခိုနေထိုင်ရာ၌ ဖြစ်ပျက်ပုံများကို ပြောပြလိုက်သည်။

“နေဦး ကျွန်တော် တစ်ခုမေးချင်တယ်”

ယိစုကြည် ရှင်းပြနေသည်များကို နားထောင်ယင်း ဝမ်ကျက်က ကြားဖြတ်ကာမေးသည်။

“ဟုတ်ကဲ့ မေးပါ”

“အင်း…ကျွန်တော်မေးမယ့်စကားက နည်းနည်းတော့ ရိုင်းတယ်၊ ဒါပေမယ့် ဖြစ်ပျက်ပုံကို ပေါ်လွင်အောင်သိဖို့ လိုတာကြောင့် မေးရတာပါ၊ ခင်ဗျားနဲ့ ကျောက်နန်စင်ဟာ ဟို..”

“ရှင် ဘာမေးမလဲဆိုတာ ကျွန်မသိပါတယ်၊ ကျွန်မနဲ့ ကျောက်နန်စင်ဟာ စောစောကတည်းကပဲ အချစ်နယ်ကျွံခဲ့မိကြပါတယ်၊ အခု ကျွန်မမှာ ကိုယ်ဝန်ရှိနေပါပြီ”

"သြော်...ဒါကြောင့် ခင်ဗျားက ကျောက်နန်စင်နဲ့ ခိုးရာလို
ပြေးတာကိုး"

"ဟုတ်ပါတယ်၊ ကျောက်နန်စင် အသတ်ခံရတဲ့အကြော
မသိသေးတဲ့အတွက် ကျွန်မက သူဟာ ကျွန်မကိုစွန့်ပစ်ထွက်
သွားတယ်လို့ ထင်မိတယ်၊ ဒါကြောင့် စိတ်ညစ်ပြီး ထင်ရာလျှော
သွားနေလိုက်တာ ယန်ကောင်းမြို့ကိုရောက်တော့ ချိုရှန်းနဲ့ဆုံမိ
တယ်၊ အဲဒီနောက်.."

ယိစုကြည်သည် စကားမဆက်နိုင်ဘဲ ရှိုက်ငိုနေသည်။

"ဘလဲ ချိုရှန်းက ခင်ဗျားကို မတော်မတရားကြံလို့လာ

ငိုသံကိုကြားရသည့်တွင် ဝမ်ကျက်က အတွေးပေါက်
မေးလိုက်သည်။

"အဲဒီလိုမဟုတ်ပါဘူး၊ အင်း ရှက်ရှက်နဲ့ပဲ အမှန်အတို
ဝန်ခံရယင် ကျွန်မက ရေလာမြောင်းပေးလုပ်ပြီး အခွင့်အရေး
တာကြောင့် ချိုရှန်းနဲ့ကျွန်မ မှားခဲ့ကြပြန်တယ်"

"ဟင် ခင်ဗျားက ဘာကြောင့် အဲဒီလိုလုပ်ရတာလဲ"

"အဲဒီအချိန်တုန်းက ကျွန်မဟာ ကျောက်နန်စင်ကို အဖြ
အကျယ်စိတ်နာနေခဲ့တယ်၊ ပြီးတော့ ကျွန်မမှာ ကိုယ်ဝန်ကလည်
ရှိနေတော့ ဒီကိစ္စ လူသိရှင်ကြားဖြစ်ပြီး အရှက်ကွဲမှာကိုလည်
ကြောက်တယ်၊ ဒါကြောင့် ချိုရှန်းကို အားကိုးချင်လို့ အဲဒီလို
စည်လုပ်ဆောင်လိုက်မိတာပါ"

"အဲဒါတော့ ခင်ဗျား မှားတယ်၊ ဒီလိုမလုပ်သင့်ဘူး"



"ဟုတ်ကဲ့ အခုတော့ ကျွန်မ မှားမှန်းသိပါပြီ၊ ကျွန်မရဲ့ရေ
လာမြောင်းပေးလုပ်မှုကြောင့် ကျွန်မနဲ့ချိုရှန်းတို့ မှားမိခဲ့ကြပြီးတဲ့
နောက်"

ယိစုကြည်က ဆက်ပြီး ချိုရှန်းကို အသေသတ်မိပုံကို ပြော
ပြသည်။

"သြော်..အဖြစ်က ဒီလိုကိုး"

ယိစုကြည် ပြောပြသည်များကို နားထောင်ပြီးနောက် ဝမ်
ကျက်က ရေရွတ်လိုက်သည်။

"ချိုရှန်းကို အသေသတ်မိလိုက်တဲ့ကိစ္စအတွက် ကျွန်မကိုယ်
ကျွန်မ ချိုယွဲ့ထိုင်ဆီမှာ သွားအပ်ပြီး ထိုက်သင့်တဲ့ အပြစ်ကိုခံယူ
ပါမယ်၊ အခု ဖေဖေက ကျွန်မကို နှစ်လအတွင်းမိအောင် ဖမ်းမပေး
နိုင်ယင် သူ့အသက်ကို အဆုံးစီရင်ခံမယ်လို့ဆိုပြီး ချိုယွဲ့ထိုင်ကို
ကတိပေးလိုက်တယ်လို့ ကျွန်မသတင်းကြားရတယ်၊ အဲဒါ ဟုတ်
တယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော်လည်း အဲဒီအတိုင်းပဲ သတင်း
ကြားရပါတယ်"

"ကျွန်မ သေသေချာချာ စဉ်းစားပြီးပါပြီ၊ လောကကြီးမှာ
လည်း ကျွန်မဆက်ပြီး မနေချင်တော့ပါဘူး၊ ဒါပေမယ့် ကျွန်မနဲ့
ကျောက်နန်စင်ရဲ့ရင်သွေးကိုတော့ မွေးဖွားထားခဲ့ချင်တယ်၊ အဲဒါဟာ
ရှင့်ဆီက အကူအညီတောင်းချင်တဲ့ ပထမအချက်ပဲ"

"ကျွန်တော် ဘယ်လိုကူညီပေးရမှာလဲ ပြောပါ"

"ရွှေနဂါးရဲတိုက် ခေါင်းဆောင် ချိုပွဲ့ထိုင်ကို သွားတွေ့ပ
နောက်ခုနစ်လကြာလို့ ကျွန်မ ကလေးမွေးဖွားပြီးယင် ကျွန်မကိုယ
တိုင် သူ့ဆီကိုလာပြီး အပြစ်ခံယူပါ့မယ်လို့ ပြောပါ၊ ကျွန်မအဖေဂ
ဒုက္ခမပေးဖို့ မေတ္တာရပ်ခံပေးပါ"

"ကောင်းပါပြီ ကျွန်တော် ဆောင်ရွက်ပေးပါ့မယ်"

"ချိုရှန်းကို ကျွန်မက ရေလာမြောင်းပေးလုပ်ပြီး အခွင့်အ
ရေးပေးလို့ ကျွန်မတို့နှစ်ယောက် မှားယွင်းမိကြတဲ့အကြောင်းက
တော့ ဘယ်သူ့ကိုမှ ထုတ်မပြောပါနဲ့ လျှို့ဝှက်ထားပေးပါ၊ ကျန်တ
အကြောင်းတွေကိုတော့ ရှင်ပြောသင့်တယ်ထင်ယင် ပြောနိုင်ပ
တယ်"

"ဟုတ်ကဲ့"

"နောက်တစ်ခု အကူအညီတောင်းချင်တာကတော
ကျောက်နန်စင်ကို ရက်ရက်စက်စက် သတ်ဖြတ်သွားခဲ့တဲ့လက်
သည်လူသတ်သမားကို ဖော်ထုတ်ပြီး ထိုက်သင့်တဲ့အပြစ်ဒဏ်
ရအောင် လုပ်ဆောင်ပေးဖို့ပါပဲ၊ ဒီကိစ္စဟာ အတော်ကိုရှုပ်ထွေးလိမ့်
မယ်၊ ဒါကြောင့်လည်း ရာဇဝတ်အုပ်တစ်ယောက်ဖြစ်နေတဲ့ ရှင့်ကို
အကူအညီတောင်းရတာပါ"

"ကောင်းပါပြီ၊ လုပ်ဆောင်ပေးပါ့မယ်၊ ဒါနဲ့ ကျောက်နန်စင်
ဟာ ဘယ်သူနဲ့ရန်ငြိုးရန်စ ရှိခဲ့ဖူးသလဲ"

"ဘယ်သူနဲ့မှ ရန်ငြိုးရန်စမရှိခဲ့ဖူးပါဘူး၊ အင်မတန်ရိုးသားပ
တယ်၊ ဒါပေမယ့် သူ့အဖေ ကျောက်ချုံးကိုတော့ လူအတော်များများ



ကကြည့်မရကြဘူး၊ အဲဒီလိုကြည့်မရတဲ့လူတွေအထဲမှာ ကျွန်မ အဖေ
ကိုယ်တိုင်လည်းပါတယ်၊ ဘာကြောင့် ဒီလိုကြည့်မရတာလဲဆိုတာ
ကိုတော့ ကျွန်မလည်း မသိဘူး"

"ကျောက်နန်စင် သေဆုံးရတဲ့အမှုဟာ အချိန်အတော်ယူပြီး
စုံစမ်းဖော်ထုတ်ဖို့လိုလိမ့်မယ်၊ ဒီလိုစုံစမ်းနေတဲ့အချိန်အတွင်း ခင်ဗျား
ကိုအဆက်အသွယ်လုပ်ချင်ယင် ဘယ်လိုလုပ်ရမှာလဲ"

"ဂူထိုက်တောင်ကို ရှင်ရောက်ဖူးသလား"

"ရောက်ဖူးပါတယ်"

"ဂူထိုက်တောင်ရဲ့အရှေ့ဘက် တောင်ကြောပေါ်က ရွှေသ
မင်ဘုံကျောင်းကိုကော သိသလား"

"သိတယ်"

"တကယ်လို့ ကျွန်မကို မတွေ့မဖြစ်တဲ့ အရေးကိစ္စရှိလာ
ယင် အဲဒီရွှေသမင်ဘုံကျောင်းရဲ့အရှေ့က သစ်တောအုပ်ထဲမှာ အလံ
ဖြူ တစ်ခုလာစိုက်ပါ၊ နောက်တော့ ထိုက်စွမ်မြို့က မိုးမခသစ်တော
စပ်နားက ဘုရားကျောင်းပျက်မှာ သွားစောင့်ပါ ကျွန်မလာတွေ့ပါ့
မယ်၊ ဒီသတင်းကိုလည်း လျှို့ဝှက်ထားပါနော်၊ ကလေးမမွေးဖွားခင်
ကျွန်မ ဘယ်သူ့ကိုမှ မတွေ့ချင်ဘူး"

"ကောင်းပါပြီ၊ ကျွန်တော့ကို အမှုတိုင်ကြား အကူအညီ
တောင်းတဲ့စာ ရေးပေးပါအုံး"

"စာထဲမှာ ဘယ်လိုထည့်ရေးရမှာလဲ"

"ကျွန်မက ရာဇဝတ်အုပ် ဝမ်ကျက်ကို ကျောက်နန်စင်သေ

ဆုံးခဲ့ရသည့်အမှုအတွက် စုံစမ်းဖော်ထုတ်ရန် တိုင်ကြားပါသည် ရေးပြီးလက်မှတ်ထိုးလိုက်ယင် ဖြစ်ပါတယ်"

"ခဏစောင့်နေပါ။ အခုပဲ ကျွန်မစာရေးပြီး ပစီချပေးလို ပါ့မယ်"

မကြာမီမှာပင် မျက်နှာကျက်ပေါ်မှ ပဝါဖြူတစ်ခုကျ သည်။

ဝမ်ကျက်က ထိုပဝါကို အသာဖမ်းယူလိုက်သည်။

ပဝါပေါ်ဝယ် စာကြောင်းများ ရေးသားပါရှိသည်။

ဝမ်ကျက်က ထိုစာကို သိမ်းယူထားလိုက်သည်။

"ကျွန်မရဲ့ကိစ္စတွေကို ဘယ်တော့လောက် စလုပ်ဆေ ပေးမှာလဲ"

ဝမ်ကျက် စာရေးထားသော ပဝါဖြူကို သိမ်းဆည်း နောက်...

"ဒီအမှုအတွက် အာရုံစိုက်ပြီး လွတ်လွတ်လပ်လပ် စုံ နိုင်အောင်လို့ တစ်နှစ်လောက် ခွင့်ရက်ရှည်ယူလိုက်မယ်၊ မ ကျယင် မြို့ဝန်ကြီးဆီကို ခွင့်စာတင်မယ် ခွင့်ရတာနဲ့ ရွှေနဂါးရဲ့ ကို အရင်သုံးသွားပြီး ချူယွဲ့ထိုင်နဲ့တွေ့မယ်"

* * *



ရွှေနဂါးရဲတိုက်၏ခေါင်းဆောင် ရွှေနဂါးယွဲ့ထိုင်သည် စာကြည့်ခန်းထဲဝယ် တစ်ယောက်တည်း ထိုင်ကာ အရက်သောက်နေသည်။

တောင်ညိုဂေဟာသို့ သွားရောက်ကာ ချူရှန်းသေဆုံးခဲ့ရသည့်ကိစ္စနှင့်ပတ်သက်ပြီး ယီပေါက်ကျင့်နှင့် စကားပြောဆို ဆွေးနွေးခဲ့ပြီးသည့်နောက်တွင် ချူယွဲ့ထိုင်သည် ယခုလိုပင် စာကြည့်ခန်းထဲဝယ် တစ်ယောက်တည်း အရက်သောက်ကာနေလေ့ရှိသည်။

ချူရှန်းမှာ ချူယွဲ့ထိုင်၏ တစ်ဦးတည်းသောသားဖြစ်သည့်အပြင်၊ ရွှေနဂါးရဲတိုက်၏ ခေါင်းဆောင်အဖြစ် အမွေဆက်ခံရမည့် မျိုးဆက်တစ်ရပ်လည်းဖြစ်သည်။

ချူရှန်းသေဆုံးသွားရသည်မှာ ရွှေနဂါးရဲတိုက်၏ မျိုးဆက်ပြတ်သွားသလိုမို့ ချူယွဲ့ထိုင် အလွန်စိတ်ထိခိုက်နေမိသည်။

တစ်ယောက်တည်း အရက်သောက်ယင်း ထွေရာလေးပါး စဉ်းစားနေရာမှ ရုတ်တရက် တံခါးခေါက်သံ ပေါ်လာသောကြောင့် ချူယွဲ့ထိုင် စိတ်ကူးပျက်သွားသည်။

"ဘယ်သူလဲ"

ချူယွဲ့ထိုင်က လှမ်းမေးသည်။

"ကျွန်တော် အိုးယန်ယိပါ အစ်ကိုကြီး၊ ဓားဝိဇ္ဇာဝမ်ကုံးတောက်ရဲ့မြေး ရာဇဝတ်အုပ်ဝမ်ကျက် အစ်ကိုကြီးကိုတွေ့ဖို့ ရောက်နေပါတယ်"

အပြင်ဘက်မှပြန်ဖြေသံပေါ်လာသည်။

အိုးယန်ယိမှာ ချိုယွဲ့ထိုင်၏ သွေးသောက်ညီတော်ဖြ
သည်။

ရွှေနဂါးရဲတိုက်၏ ဒုတိယခေါင်းဆောင်လည်းဖြစ်သည်။

"မင်းကပဲ သူ့ကိုဧည့်ဝတ်ပြုလိုက်ပါ"

မည်သူနှင့်မျှ မတွေ့လိုသော ချိုယွဲ့ထိုင်က ပြန်ပြောသည်

"ဝမ်ကျက်က ယိစုကြည်နဲ့ပတ်သက်တဲ့ သတင်းတစ်ခု ယ
ဆောင်လာပါတယ်"

"ဟေ..ဟုတ်လား၊ ဒီလိုဆိုယင်လည်း ငါ့ဆီကို ခေါ်လာခဲ့ပါ

"ကောင်းပါပြီ"

ခဏအကြာဝယ် စာကြည့်တံခါးပွင့်သွားပြီး အိုးယန်ယိန
ဝမ်ကျက်တို့ ဝင်ရောက်လာကြသည်။

"ဆရာကြီး အနားယူနေတာကို လာအနှောင့်အယှက် ပေ
သလိုဖြစ်နေတဲ့အတွက် တောင်းပန်ပါတယ်"

အခန်းထဲသို့ ရောက်သောအခါ ဝမ်ကျက်က အရိုအသေ
ပေးပြီး တောင်းပန်စကားဆိုသည်။

"ကိစ္စမရှိပါဘူး၊ ထိုင်ပါ"

ချိုယွဲ့ထိုင်ကပြောကာ နေရာထိုင်ခင်းပေးသည်။

"ကဲ..ယိစုကြည်နဲ့ပတ်သက်ပြီး ဘာသတင်းများ ပေးချင်သ
လဲ၊ ပြောစမ်းပါအုံး"

ဝမ်ကျက်နေရာယူ ထိုင်မိပြီးသောအခါ ချိုယွဲ့ထိုင်က
လိုရင်းကို ချက်ချင်းမေးလိုက်သည်။



"ဟုတ်ကဲ့၊ ယိစုကြည်နဲ့ ကျွန်တော် တွေ့ခဲ့ပါတယ်"

"ဟုတ်လား၊ ဒီမိန်းမ အခု ဘယ်မှာရှိလဲ"

ချိုယွဲ့ထိုင်က ဒေါမာန်အပြည့်ဖြင့် ပြောသည်။

"ဆရာကြီး စိတ်အေးအေးထားပါ၊ အကြောင်းစုံ ကျွန်တော်
ပြောပြပါ့မယ်"

"ကောင်းပြီ ပြောပါ"

ဤတွင် ဝမ်ကျက်က ယိစုကြည်နှင့်မိမိ ဆုံတွေ့ခဲ့ရပုံများကို
ပြောပြလိုက်သည်။

ယိစုကြည်က လျှို့ဝှက်ထားရန် ပြောသော အကြောင်းခြင်း
ရာများကိုမူ ထုတ်ဖော်မပြောဘဲ ထိမ်ချန်ထားလိုက်သည်။

ချိုယွဲ့ထိုင်သည် ဝမ်ကျက်ပြောသည်များကို ငြိမ်သက်စွာ
းထောင်နေသည်။

"ချိုရှန်းကို ဘာကြောင့် သတ်ခဲ့ရတယ်ဆိုတာကိုကော ပြော
သေးလား"

ဝမ်ကျက် စကားဆုံးသွားသည့်အခါတွင် ချိုယွဲ့ထိုင်ကမေး
သည်။

"အဲဒီအကြောင်းကိုတော့ မပြောပါဘူး"

မင်းကကော မမေးဘူးလား"

"မေးတော့မေးလိုက်ပါတယ်၊ ဒါပေမယ့် သူက မပြောဘူး၊
ရာကြီးကို ယိစုကြည်လာတွေ့တဲ့အခါမှာ သူ့ကို ကိုယ်တိုင်မေး
ကြည့်ပါ"

"အခု ယိစုကြည် ဘယ်မှာရှိလဲ"

"မသိပါဘူး"

"သူက မပြောတာလား၊ ဒါမှမဟုတ် မင်းကမပြောချင်တာလား"

"သူက မပြောပြတာပါ"

"ကျုပ်ကို ဒီသတင်းပြောဖို့လေးအတွက်နဲ့ မင်းလိုရာဇဝတ်အုပ်တစ်ယောက်ကို သူက အကူအညီတောင်းရသလား"

"ဒီသတင်း ဆရာကြီးဆီကို လာပေးဖို့အပြင် ကျောက်နန်စင်သေဆုံးခဲ့တာနဲ့ ပတ်သက်ပြီး အမှုမှန်ပေါ်အောင် စုံစမ်းခိုင်းပါတယ်"

"ဒါဆိုယင် ကျောက်နန်စင်ကို သူမသတ်ဘူးပေါ့"

"ဟုတ်ပါတယ်၊ ချိုရှန်းကို သူသတ်ကြောင်း ဝန်ခံပေမယ့် ကျောက်နန်စင်ကိုတော့ သူ မသတ်ဘူးလို့ပြောပါတယ်"

ဤသို့ အစချီပြီးနောက် ဝမ်ကျက်က ယိစုကြည်နှင့် ကျောက်နန်စင်တို့ ခိုးရာလိုက်ကြပြီးနောက် ဖြစ်ပျက်ပုံအကြောင်းများကို ပြောပြလိုက်သည်။

"သူပြောတာတွေကို မင်းက ယုံလို့လား"

"ယုံပါတယ်"

"ဘာကြောင့် ယုံလိုက်ရတာလဲ"

"သူဟာ ချိုရှန်းကိုသတ်တာတောင် ဝန်ခံသေးတာပဲ၊ ကျောက်နန်စင်ကို သူသတ်ခဲ့တာမှန်ယင် သူကိုယ်တိုင် ဝန်ခံမှာပေါ့၊



ျှန်တော့်ကို ဒီကိစ္စအကြောင်း စုံစမ်းဖို့ ဘယ်အကူအညီတောင်းမှာ
"

"ဒါဖြင့် ကျောက်နန်စင်ကို ဘယ်သူကသတ်တယ်လို့ မင်းက
ဆသလဲ"

"ဘယ်သူသတ်သလဲဆိုတာတော့ အတိအကျ မပြောနိုင်
ူ။ ဒါပေမယ့် ဒီကိစ္စဟာ ယိစုကြည်ရဲ့အဖေ ယိပေါက်ကျင့်ကို
ဳကွာချချစ်တဲ့ လူတစ်ယောက်ယောက်က စီစဉ်လုပ်ဆောင်လိုက်
ကလို့ထင်တယ်၊ ပြီးတော့ ကျောက်ချုံးနဲ့ယိပေါက်ကျင့်တို့ကို
ာနည်းနည်းနဲ့ ရန်တိုက်ပေးချင်လို့လည်းဖြစ်နိုင်တာပဲ"

ချိုယွဲ့ထိုင်က ဘာမျှပြန်မပြော။ ငြိမ်၍နေသည်။

ဝမ်ကျက်ကသာ ဆက်၍မေးခွန်းထုတ်သည်။

"ဆရာကြီးကို တစ်ခုမေးပါရစေ၊ ဓားမောက်ဂေဟာရဲ့
ေါင်းဆောင် ကျောက်ချုံးဟာ အဆင့်မြင့်သိုင်းသမားကြီး တစ်
ယောက်ပါ။ ပြီးတော့ ဓားမောက်ဂေဟာရဲ့အင်အားကလည်း တောင့်
တင်းကြီးမားပါတယ်၊ ဒါပေမယ့် သိုင်းလောကမှာ လူအတော်များ
များက သူ့ကို မလေးစားကြဘူး၊ ကြည့်မရတဲ့လူတွေတောင် ရှိတယ်။
လို့ကျွန်တော်ကြားရတယ်၊ ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာ
ဆရာကြီးသိပါသလား"

"အဲဒါကိုတော့ ကျုပ်လည်း မပြောတတ်ဘူး၊ ကျောက်ချုံး
ရဲ့စိတ်ဟာတစ်မျိုးပဲ၊ သာမန်လူတွေနဲ့ မတူဘူး၊ တခါတလေမှာ လူ
တွေသည်းမခံနိုင်လောက်အောင်ကို ဖြစ်ရတယ်"

"ယိစုကြည်ရဲ့ တောင်းဆိုချက်တဲ့ ပတ်သက်ပြီးတော့ကော
ဆရာကြီးရဲ့သဘောထားက ဘယ်လိုရှိပါသလဲ"

"သူ့အဖေ ယိပေါက်ကျင့် ဒုက္ခရောက်တာ မတွေ့ချင်ယ
သူကိုယ်တိုင်ကပါ ကျုပ်ဆီလာပြီး ပြောဆိုဖြေရှင်းပါလို့ ပြောလိုက်
ပါ၊ တကယ်လို့ ကျုပ်သား ချိုရှန်းရဲ့အမှားကြောင့် ဒီလိုဖြစ်ရတာ
ဆိုယင် ကျုပ်သူ့ကို အပြစ်မယူပါဘူးလို့လည်း ပြောလိုက်ပါ"

"ယိစုကြည် ဘယ်မှာရှိနေတယ်ဆိုတာကို ကျွန်တော်
မသိလို့ ဆရာကြီးရဲ့စကားကို သူ့ဆီသတင်းမပို့နိုင်ပါဘူး၊ ဒါပေမယ့်
သူက ကျွန်တော့်ကို တနည်းနည်းနဲ့ လာဆက်သွယ်ယင်တော့ ဆရာ
ကြီးပြောတာကို တဆင့်ပြန်ပြောကြားလိုက်ပါ့မယ်"

ထို့နောက် ဝမ်ကျက်သည် ချိုယွဲ့ထိုင်တို့အား နှုတ်ဆက်
စကားဆိုပြီး ရွှေနဂါးရဲတိုက်မှ ထွက်လာခဲ့သည်။

* * *

ကျေ
များ



ဝမ်ကျက်သည် ရွှေနဂါးရဲတိုက်မှ ထွက်လာပြီးနောက် ဓား
မောက်ဂေဟာဘက်သို့ ခရီးဆက်ခဲ့သည်။

ဓားမောက်ဂေဟာမှာ ရွှေနဂါးရဲတိုက်နှင့် မိုင်(၅၀) ကျော်
ဝေးပြီး မြင်းဖြင့်သွားလျှင် တစ်ရက်ခရီးခန့်ရှိသည်။

ဝမ်ကျက်သည် မြင်းစီးကာ ခပ်ဖြည်းဖြည်းပင် ခရီးနှင်လာ
သည်။

ဤသို့လာခဲ့ရာတွင် မိမိ၏နောက်မှ တစ်စုံတစ်ယောက်
နောက်ယောင်ခံလိုက်လာနေသလို ခံစားရသည်။

ဤသို့ နောက်ယောင်ခံလိုက်နေကြသူများမှာ ရွှေနဂါးရဲ
တိုက်မှလူဖြစ်နိုင်ပြီး မိမိမှတဆင့် ယိစုကြည်ရှိမည့် နေရာကို
ထောက်လှမ်းလိုသော ရည်ရွယ်ချက်ရှိနိုင်သည်ဟုလည်း ဝမ်ကျက်
တွက်ချက်ချမိသည်။

ခပ်ဖြည်းဖြည်း ခရီးနှင်လာခဲ့ရာ ညနေပိုင်းတွင် ခိုချိန်းမြို့သို့
ရောက်ရှိလာခဲ့သည်။

မြင်းကို စားသောက်ဆိုင်တစ်ဆိုင်ရှေ့ဝယ် ရပ်လိုက်သည်။

ထို့နောက် မြင်းပေါ်မှဆင်းကာ မြင်းကို ချည်တိုင်တွင်ချည်
း စားသောက်ဆိုင်ထဲသို့ ဝင်ရောက်လာခဲ့သည်။

အစားအစာများ မှာယူကာ စားသောက်နေစဉ်၊ ရုတ်တရက်
ခေါင်းထဲဝယ် အမွေးနံ့တစ်ခု ရှူမိသောကြောင့် ခေါင်းမော့ကြည့်
က်ရာ သူ့စားပွဲနားဝယ် မိန်းမပျိုလေးတစ်ယောက် ရပ်နေသည်
တွေ့လိုက်ရသည်။

အသက်(၁၉) နှစ်ခန့်ရှိသည်။

ရုပ်ရည် အတော်ပင်ချောသည်။

ကိုယ်လုံးကိုယ်ထည်လည်း ကျစ်ကျစ်လစ်လစ်နှင့် တောင့်တင်းသည်။

အနက်ရောင်ကိုယ်ကြပ်ဝတ်စုံကို ဝတ်ထားပြီး နောက်ကျောတွင် ဓားရှည်တစ်လက်လွယ်ထားသည်။

အသားအရည်မှာ အတော်ပင်ဖြူသည်။

နုလည်း နုးညံ့သည်။

ဤမိန်းမပျိုလေးကို တစ်ကြိမ်တစ်ခါမျှ မမြင်ဖူး မတွေ့ဖူးသောကြောင့် ဝမ်ကျက်မှာ အကြောင်သားကြည့်နေမိသည်။

"ကျွန်မ ဒီခုံမှာ ထိုင်လို့ရမလားရှင့်"

မိန်းမပျိုလေးက မပွင့်တပွင့်ပြုံးပြီး မေးသည်။

ဝမ်ကျက်က ဆိုင်ထဲဝယ် မျက်စိတစ်ချက်ဝေ့ကာ ကစားလိုက်သည်။ အခြားနေရာတွင် စားပွဲလွတ်(၂) ခုရှိနေသည်ကို တွေ့ရသည်။

"စားပွဲလွတ်တွေ ရှိနေပါသေးတယ်"

ဝမ်ကျက်က ပြုံး၍ပြန်ပြောသည်။

"ကျွန်မသိပါတယ်၊ ကျွန်မက ရှင်နဲ့စကားပြောချင်လို့ဒီမှာထိုင်ခွင့်တောင်းတာပါ"

"ကောင်းပါပြီ ထိုင်နိုင်ပါတယ်"

"ကျေးဇူးပါပဲရှင်"



မိန်းမပျိုက ဤသို့ပြောပြီး ဝမ်ကျက်၏စားပွဲမှာ ထိုင်ခုံ...တ်တစ်ခုတွင် ဝင်ထိုင်သည်။

ဝမ်ကျက်က မိန်းမပျိုအတွက် ဟင်းလျာများ ထပ်မံမှာယူ...းလိုက်သည်။

"ခင်ဗျားရဲ့နာမည်ကို ပြောပါဦး"

ဝမ်ကျက်က မေးသည်။

"ကျွန်မနာမည် ငွေပန်းဖြူလို့ ခေါ်ပါတယ်"

"ငွေပန်းဖြူဆိုပြီး ဘာကြောင့် အနက်ရောင်ဝတ်စုံဝတ်...းရတာလဲ"

"ဒါက ကျွန်မရဲ့ညဘက်ဝတ်စုံပါ၊ ကျွန်မက ဝတ်စုံဖြူကိုပဲ...်လေ့ရှိပါတယ်၊ ဒီညဘက်ဝတ်စုံကို အခုထက်ထိ မလဲရသေးလို့"

"ခင်ဗျား ကျွန်တော့်ကို သိသလား"

"ဟင့်အင်း မသိပါဘူး"

"မသိဘဲနဲ့ ဘာကြောင့် ကျွန်တော့်ကို လာစကားပြောရတာ..."

"ရှင့်နာမည်တို့ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာတို့ကို ...ပေမယ့် ရှင်ဟာ အဆင့်မြင့်သိုင်းသမားတစ်ယောက် ဖြစ်မှန်း...ာ အကဲခတ်မိပါတယ်၊ ဒါကြောင့်ပါ"

"ဘာကြောင့် ကျွန်တော့်ကို အဆင့်မြင့်သိုင်းသမားတစ်...က်လို့ ပြောတာလဲ"

"ရှင်က ဓားကောင်းတစ်လက်ကိုင်ထားတယ်၊ လှုပ်ရှား
ပေါ့ပါးသွက်လက်တယ်၊ ပြီးတော့ ရှင့်ရဲ့မျက်နှာဟာရိုးဖြောင့်ကြောင်
ပေါ်လွင်နေတယ်၊ ဒါကြောင့် အဆင့်မြင့်သိုင်းသမားကောင်း တစ်
ယောက်ဖြစ်ရမယ်လို့ ကျွန်မ တွက်မိတာပေါ့"

ဝမ်ကျက်က ဘာမျှမပြော ပြုံး၍သာနေလိုက်သည်။

"ရှင့်နာမည် ဘယ်လိုခေါ်သလဲ"

ငွေပန်းဖြူက မေးသည်။

"ဝမ်ကျက်"

"ဓားဝိဇ္ဇာဝမ်ကုန်းတောက်ရဲ့မြေး ရာဇဝတ်အုပ် ဝမ်ကျက်
လားဟင်"

ငွေပန်းဖြူက မျက်နှာလေးဝင်းထိန်သွားအောင် အားရဝမ်း
သာဖြစ်လျက် မေးသည်။

"ဟုတ်ပါတယ်"

"သိပ်ကောင်းတာပဲ၊ ရှင့်ကို လူကိုယ်တိုင် မမြင်ဖူးပေမယ့်
ရှင့်အကြောင်း သတင်းတွေကိုတော့ ကျွန်မ ကြားဖူးပါတယ်၊ ကျွန်မ
ရဲ့ အခက်အခဲကို ရှင်ကောင်းကောင်း ကူညီပေးနိုင်မှာ အမှန်ပဲ"

"ခင်ဗျားက ဘာအတွက် အကူအညီလိုနေတာလဲ"

"ကျွန်မမှာ ငွေပန်းနက်ဆိုတဲ့ မွေးစားအစ်မ တစ်ယောက်
ရှိတယ်၊ မမဟာ အခု လိပ်ပြာကန်သခင်ရဲ့ လက်ထဲမှာ ရောက်ပြီး
အသက်အန္တရာယ်နဲ့ ရင်ဆိုင်နေရတယ်၊ အဲဒါ ကူညီပြီးကယ်တင်ပေး
ဖို့ပါ"



လိပ်ပြာကန်သခင်ဟူသော စကားကို ကြားလိုက်ရသည်နှင့်
မ်ကျက်၏ရင်ထဲဝယ် ထိတ်ကနဲဖြစ်သွားသည်။

လိပ်ပြာကန်သခင်ကို အလွန်ထူးဆန်းလျှို့ဝှက်လှသော အ
ဆင့်မြင့်သိုင်းပညာရှင်ကြီးတစ်ယောက်အဖြစ် ဝမ်ကျက် ကြားသိ
ထားရသည်။

"လိပ်ပြာကန်သခင်ဟာ သိုင်းပညာ သိပ်အဆင့်မြင့်တယ်၊
အထူးသဖြင့် ကိုယ်ဖော့ပညာမှာ သူ့ကိုမမီဘူး၊ ရေပေါ်မှာကောင်
ပ်တိုက်ပြေးလွှား သွားနိုင်တယ်လို့ ပြောကြတယ်၊ သူ့ဇနီးသည်
ဂါးမင်းသမီး သေဆုံးသွားပြီးတဲ့နောက်တော့ လိပ်ပြာကန်သခင်
ဟာ စိတ်မမှုမမှန်တော့ဘူး၊ လသာတဲ့ညတွေမှာ ဒီလိပ်ပြာကန်တ
ိုက်လှည့်လည်ကျက်စားပြီး လူတွေကို လိုက်ခံဖမ်းဆီး သတ်ဖြတ်
နေ တယ်ဆိုတဲ့အကြောင်းကို ကျွန်တော့်အဘိုးပြောပြလို့ ကျွန်တော်
ကြားဖူးထားပါတယ်၊ ဒါပေမယ့် အဘိုးကိုယ်တိုင်က ဒီအကြောင်းတွေ
ဟာ သိုင်းလောကရဲ့ ဒဏ္ဍာရီပုံပြင်တွေထဲက တစ်ခုဖြစ်နိုင်တယ်လို့
လည်းပြောခဲ့တယ်၊ လိပ်ပြာကန်သခင်အကြောင်း ပြောကြဆိုကြတာ
တွေကို မကြာခဏ ကြားနေရပေမယ့် ဒီနေ့အထိ လိပ်ပြာကန်
သခင်ကို ကိုယ်တိုင်မြင်ခဲ့ရတဲ့လူတော့ မရှိသေးဘူး"

"ဟာ မဟုတ်သေးပါဘူး၊ မနေ့ညတုန်းက လိပ်ပြာကန်
သခင်ကို ကျွန်မကိုယ်တိုင် မျက်စိနဲ့မြင်လိုက်ရပါတယ်"

"ကောင်းပြီ ဒါဖြင့် လိပ်ပြာကန်သခင်ရဲ့ ပုံပန်းသဏ္ဍာန်ကို
ပြောစမ်းပါဦး"

"အသက်လေးဆယ်လောက်ရှိမယ်၊ အဖြူရောင်ဝတ်စုံ ရှည်ကို ဝတ်ထားတယ်"

"ကျွန်တော် ကြားမိတဲ့ သတင်းစကားတွေအရဆိုယင် လိ ပြာကန်သခင်ဟာ တကယ်ရှိမယ်ဆိုယင် အသက်ကိုးဆယ်ကျေ လောက်ကို ရှိရမယ်"

"မနေ့ညက ကျွန်မတွေ့လိုက်ရတဲ့လူဟာ ရေပေါ်ရှပ်တိုက် ပြီးပြေးသွားတယ်၊ လိပ်ပြာကန်သခင်ကလွဲလို့ ဒီလိုကိုယ်ဖော့ပည မျိုး ဘယ်သူတတ်ကျွမ်းနိုင်မှာလဲ"

"ဖြစ်ပျက်ပုံကို သေသေချာချာ ပြောပြပါ"

"ဒီလိုပါ၊ တစ်နေ့ညတုန်းက ကျွန်မနဲ့ငွေပန်းနက်တို့ ယောက် လကလည်းသာတာကြောင့် လိပ်ပြာကန်ရေပြင်ပေါ်မှ အပျော်လှေ လှော်ကြတယ်၊ ကန်ထဲလှော်ကြတော့ လှေစီးယင်း ကျွ မကအိပ်ငိုက်လာတာကြောင့် လှေဝမ်းထဲကိုဝင်ပြီး ခဏမှိန်းလို တယ်၊ မမကတော့ လှေဦးမှာကျန်နေခဲ့တယ်၊ ခဏလောက်ကြ တော့ မမရဲ့ ကြောက်လန့်တကြား အော်လိုက်သံကိုကြားရလို့ ကျွန် လှေဝမ်းထဲက ပြေးထွက်လာတယ်၊ ကျွန်မလည်း လှေဝမ်းအပြင် ရောက်ရော မမရဲ့အော်သံလည်း ပျောက်သွားတယ်၊ ပြီးတော့ လှေ ဦးကို လှမ်းကြည့်လိုက်တော့ မမကိုမတွေ့ရတော့ဘူး"

"ရေထဲကိုများ ကျသွားတာလား"

"မဟုတ်နိုင်ဘူး၊ အဲဒီအချိန်တုန်းက လှေဟာ ငြိမ်နေတယ် လှေဘေးက ရေပြင်မှာလဲ ဘာဂယက်မှမထဘူး၊ လှေသမားကို မေ



ကြည့်တော့ မမကို လိပ်ပြာကန်သခင်က ဖမ်းသွားတာလို့ပြောတယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကစပြီး ဒီရေကန်ပေါ်မှာ မိန်းမချောလေး တွေကို လိပ်ပြာကန်သခင်က မကြာခဏဖမ်းဆီးခေါ်ယူသွားတတ် တယ်လို့လည်း လှေသမားကပြောတယ်"

"နောက်တော့ကော"

"ကျွန်မလည်း အဲဒီနေရာ အနီးတဝိုက်မှာပဲ လှေကိုကွေ့ ပတ်လှော်ခိုင်းပြီး မမကိုလိုက်ရှာပါတယ်၊ မိုးသာလင်းရော ဘာကိုမှ မတွေ့ရဘူး၊ ဒါကြောင့် လက်လျှော့ပြီး ပြန်လာခဲ့ရတယ်၊ ညကတော့ အဲဒီလိပ်ပြာကန်ကို တစ်ခါထပ်သွားပြီး အကဲခတ်စုံစမ်းကြည့်တယ် အဲဒီမှာပဲ စောစောကပြောသလို အဖြူရောင်ဝတ်စုံရှည်ဝတ် လူတစ် ယောက် ရေပြင်ပေါ်မှာ ပြေးလွှားသွားတာကို ရိပ်ကနဲမြင်လိုက်ရ တယ်၊ ပြေးပုံက သိပ်မြန်တာမို့ တခဏအတွင်းမှာပဲ မြင်ကွင်းက ပျောက်သွားတယ်"

"တကယ်ပဲ ရေပြင်မှာ လျှောတိုက်ပြေးသွားနိုင်လောက် အောင် ကိုယ်ဖော့ပညာကောင်းတဲ့လူ ရှိနိုင်ပါ့မလား၊ ကျွန်တော် တော့ ယုံရခက်ခက်ပဲ"

"ကျွန်မလည်း ကိုယ်မြင်ခဲ့ရတာမို့ပါ၊ မဟုတ်ယင် မယုံနိုင်ပါ ဘူး"

"ခင်ဗျားတို့က ဘယ်အရပ်ကလဲ"

"စန်းပိုင်မြို့ကပါ"

"ဆရာကကော ဘယ်သူလဲ"

"ကျွန်မရဲ့ဆရာက ကုန်းစွန်းဂူ၊ ငွေပန်းနက်ရဲ့ဆရာကတော့ လက်ကိုးချောင်းအဘွားအိုယွဲ့လျှံ"

"ခင်ဗျားနဲ့ ငွေပန်းနက်နဲ့က တဆရာတည်းတပည့်တွေ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ ကျွန်မတို့နှစ်ယောက် မမျှော်လင့်ဘဲဆုံတွေ့ကြပြီး နာမည်ချင်းဆင်နေတဲ့အပြင် တစ်ယောက်အပေါ်တစ်ယောက် ခင်မင်မိကြတာနဲ့ မွေးစားညီအစ်မ ဖွဲ့လိုက်ကြတာပါ၊ ကျွန်မတို့ မွေးစားညီအစ်မနှစ်ယောက် အပျော်ခရီးထွက်လာခဲ့ကြတာ ဒီခိုချိန်းမြို့ကိုရောက်မှ လိပ်ပြာကန်သခင်ကြောင့် ဒုက္ခတွေ့ရတာပါ၊ ကျေးဇူးပြု၍ ကူညီပါဦးရှင်"

"ကဲ... ဆမင်းကြွေဟင်းတွေ စားပါအုံး၊ စားသောက်ပြီးမှ လိပ်ပြာကန်ဘက်ကိုသွားပြီး စုံစမ်းကြည့်ကြတာပေါ့"

ဝမ်ကျုက်က ငွေပန်းဖြူကို အကူအညီပေးရန် ဆုံးဖြတ်ပြီး ပြောလိုက်သည်။

အကယ်၍ ငွေပန်းဖြူပြောသည်များမှာ အမှန်အတိုင်းဖြစ်ပါက ဒုက္ခရောက်နေသော မိန်းကလေးတစ်ယောက်ကို ကူညီကယ်တင်ပေးနိုင်မည်ဖြစ်သည်။

အကယ်၍ ငွေပန်းဖြူက လုပ်ဇာတ်ခင်းကာ မိမိကို လိပ်ပြာကန်သို့ လှည့်ဖြားခေါ်ဆောင်သည်ဆိုလျှင်လည်း ဤသို့ခေါ်ဆောင်မှုမှာ ယခု မိမိစုံစမ်းနေသည့် ကျောက်နန်စင်သေဆုံးရမှုနှင့် ဆက်စပ်ပတ်သက်မှုရှိနိုင်ကြောင်း ဝမ်ကျက်တွေးမိသည်။



ဤသို့သာဆိုလျှင် သူ့အဖို့ အမှုကိစ္စကို စုံစမ်းရန်အတွက် လမ်းစရနိုင်ပေမည်။

ထို့ကြောင့် ငွေပန်းဖြူကို ကူညီပေးခြင်းဖြင့် ဝမ်ကျက်အဖို့ အရှုံးမရှိနိုင်ပေ။

စားသောက်ပြီးနောက် ကျသင့်ငွေများကို ရှင်းပေးပြီး နှစ်ယောက်သား စားသောက်ဆိုင်မှ ထွက်ခဲ့ကြသည်။

ငွေပန်းဖြူတွင်လည်း မြင်းပါသည်။

ဝမ်ကျက်နှင့် ငွေပန်းဖြူတို့သည် မြင်းကိုယ်စီစီးပြီး လိပ်ပြာကန်ရှိရာသို့ ထွက်လာခဲ့သည်။

## အခန်း(၄)

လိပ်ပြာကန်သို့ ဝမ်ကျက်နှင့် ငွေပန်းဖြူတို့ ရောက်ရှိသွာ
ကြသည်။

လိပ်ပြာကန်မှာ ခိုချိန်းမြို့နှင့် (၁၅) မိုင်ခန့်ကွာဝေးသည်
အလွန်ကျယ်ပြန့်သော ရေကန်ကြီးတစ်ခုဖြစ်သည်။

ညဥ့်ယံလေပြည်၏ တိုက်ခတ်မှုကြောင့် ကန်ရေပြင်မှ
လှိုင်းအိလေးများထ၍နေသည်။

ငွေပန်းဖြူက ကန်ရေပြင်နှင့် ပေ(၂၀၀)ခန့် ဝေးသည့်နေရ
ရှိ သစ်ပင်အုပ်လေးနားဝယ် မြင်းကိုဇက်သတ်ကာ ရပ်လိုက်သည်

ဝမ်ကျက်လည်း သူ၏မြင်းကို ရပ်လိုက်သည်။

နှစ်ယောက်သား မြင်းများပေါ်မှ ဆင်းလိုက်ကြသည်။



"မြင်းတွေကို ဒီမှာပဲ ထားခဲ့မယ်၊ ကျွန်မတို့.."

ငွေပန်းဖြူ စကားကို ဆုံးအောင်မပြောနိုင်။

သစ်တောအုပ်အတွင်းမှ မည်းမည်းသဏ္ဍာန်များ ထွက်လာသောကြောင့် ငွေပန်းဖြူ၏စကားမှာ တဝက်တပျက်နှင့် ရပ်တန့်သွားရသည်။

ထွက်လာသူများမှာ စုစုပေါင်း ခုနစ်ယောက်ရှိသည်။

အသက်(၃၅)နှစ်မှ (၄၀) ဝန်းကျင်အရွယ်များဖြစ်ကြသည်။

ခုနစ်ယောက်စလုံး အရပ်မြင့်မားသည်။

အရောင်အသွေး အမျိုးမျိုးသော၀တ်စုံများကို ဝတ်ထားကြသည်။

သို့သော် အင်္ကျီရင်ဘတ်များတွင် ရွှေရောင်နဂါးရုပ်များအားလုံး ရေးထိုးထားကြသည်။

လွယ်ထားသော ဓားလွယ်များမှာလည်း ဆင်တူဖြစ်ကြ၏။

"ခင်ဗျားတို့က ရွှေနဂါးခုနစ်ဖော်လား"

ဝမ်ကျက်က မေးလိုက်သည်။

ရွှေနဂါးခုနစ်ဖော်မှာ ရွှေနဂါးရဲတိုက်၏ ထိပ်တန်းသိုင်းအကျော်အမော်များ ဖြစ်ကြသည်။

ရွှေနဂါးချုပ်ယွဲ့ထိုင်၏ အားအကိုးဆုံးလူများလည်း ဖြစ်သည်။ ဝမ်ကျက်သည် ရွှေနဂါးခုနစ်ဖော်ကို ယခင်က မမြင်ဖူးခဲ့ပေ။

သို့သော် ထိုသူများ၏ ဝတ်စားဆင်ယင်မှုကိုကြည့်ကာ အကဲခတ်မိသောကြောင့် မေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ်၊ ကျုပ်တို့က ရွှေနဂါးခုနစ်ဖော်ပဲ၊ ကျုပ်က ခေါင်းဆောင် ဝန်ကျင့်ဦး၊ သူတို့ကတော့ ရှင်းမုံ၊ မိန်ပိန် ကိုးကျူး ဝေရှိ၊ ရှိဖေ့လုံနဲ့ မုယုံယီတို့ပါပဲ"

ရွှေနဂါးခုနစ်ဖော်၏ခေါင်းဆောင် ဝန်ကျင့်ဦးက အမည်များကို ထုတ်ဖော်ပြောကာ မိတ်ဆက်ပေးသည်။

"ခင်ဗျားတို့က ဘာအကြောင်းကိစ္စနဲ့ ဒီကိုရောက်လာကြတာလဲ"

ဝမ်ကျက်က မေးလိုက်သည်။ ဤရွှေနဂါးခုနစ်ဖော်သည် မိမိနောက်သို့ နောက်ယောင်ခံကာ လိုက်နေကြခြင်းဖြစ်ကြောင်းကိုတော့ ဝမ်ကျက်ရိပ်မိနေပေပြီ။

"ခင်ဗျားနဲ့ ယီစုကြည်တို့ကို ရွှေနဂါးရဲတိုက်ကို ဖိတ်ခေါ်သွားချင်လို့ပါပဲ"

ဝန်ကျင့်ဦးက ပြန်အဖြေပေးသည်။

ဤစကားကြောင့် ဝမ်ကျက် အူကြောင်ကြောင် ဖြစ်သွားသည်။

"နေပါဦး၊ ယီစုကြည်က ဘယ်မှာမို့လဲ"

ဝမ်ကျက်က တအံ့တဩ ပြန်မေးမိသည်။

"ခင်ဗျားက မသိချင်ယောင်ဆောင်ပြီး ဟန်လုပ်မနေပါနဲ့၊ ခင်ဗျားဘေးမှာရှိနေတာ ယီစုကြည်မဟုတ်လို့ ဘယ်သူလဲ"

ဤအခါတွင်မှ ငွေပန်းဖြူကို ရွှေနဂါးခုနစ်ဖော်တို့က ယီစုကြည်ဟု ထင်မှတ်နေကြကြောင်း ဝမ်ကျက် နားလည်တော့သည်။



"ခင်ဗျားတို့က သူ့ကို ယီစုကြည်လို့ ထင်နေကြတာကိုး"

"ဟုတ်တယ်၊ ကျုပ်တို့ဟာ ယီစုကြည်ကို တခါမှ မမြင်ဖူးကြပေမယ့် ၊ ဒီမိန်းကလေးဟာ ယီစုကြည်ဖြစ်မယ်ဆိုတာကိုတော့ တွေးမိပါတယ်"

"ခင်ဗျားတို့ မှားနေပြီ၊ အဲဒါ ယီစုကြည်မဟုတ်ဘူး၊ ငွေပန်းဖြူလို့ခေါ်တဲ့ အခြားမိန်းကလေးတစ်ယောက်ပါ"

"ဟုတ်တယ်မဟုတ်ဘူးဆိုတာ ကျုပ်တို့ရဲ့ဆရာကြီး ချိုယွဲ့ထိုင်က တစ်ခါကြည့်လိုက်တာနဲ့ ပြောနိုင်မယ်၊ ဒီတော့ ခင်ဗျားတို့နှစ်ယောက် ရွှေနဂါးရဲတိုက်ကို အသာတကြည် လိုက်လာခဲ့ကြပါ၊ ဒီနေရာဟာ ရွှေနဂါးရဲတိုက်နဲ့လည်း သိပ်မဝေးလှပါဘူး"

"အခုတော့ ခင်ဗျားတို့နဲ့အတူ လိုက်မလာနိုင်ဘူး၊ ပြီးတော့ ဒီမိန်းကလေးဟာလည်း ယီစုကြည်မဟုတ်ဘူး"

"ယီစုကြည် ဟုတ်တယ်မဟုတ်ဘူးဆိုတာ သိနိုင်အောင် ကျုပ်တို့ရဲ့ဆရာကြီးဆီကို လိုက်လာခဲ့ပါ၊ ဆရာကြီးက ယီစုကြည်ကို ကောင်းကောင်းသိပါတယ်၊ ဒီမိန်းကလေးဟာ ယီစုကြည်မဟုတ်ဘူးဆိုယင် ကျုပ်တို့က ခင်ဗျားတို့ကို အနူးအညွတ် တောင်းပန်ပါ့မယ်"

"အင်း..ခက်တော့နေပြီ၊ ကျွန်တော်က အခု မိန်းကလေးတစ်ယောက်ရဲ့အသက်ကို ကယ်တင်ရဦးမယ်၊ ဒါကြောင့် အခြားကိစ္စတွေကို မစဉ်းစားနိုင်ဘူး"

"ဘယ်က မိန်းကလေးတစ်ယောက်ကို ကယ်တင်ရဦးမှာလဲ"

ငွေပန်းနက်ကို လိပ်ပြာကန်သခင်က ဖမ်းဆီးခေါ်ဆောင်သွားသည်ဆိုခြင်းကို ဝမ်ကျက်အနေဖြင့် ထုတ်ဖော်မပြောချင်။

လိပ်ပြာကန်သခင်နှင့် ပတ်သက်၍ သိုင်းလောကတွင် ပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလို ပြောဆိုနေကြမှုများသာရှိသည်။

ကိုယ်တိုင် မြင်တွေ့ဖူးသူမရှိသေးပေ။

ဝမ်ကျက်ကိုယ်တိုင်လည်း လိပ်ပြာကန်သခင် တကယ်ရှိမရှိ တိတိကျကျ မပြောနိုင်။ မယုံတဝက်ယုံတဝက်သာ ရှိနေခဲ့သည်။

ထို့ပြင် ဝမ်ကျက်မှာ ရာဇဝတ်အုပ် တစ်ယောက်ဖြစ်သည်။

ကိုယ်တိုင် တိတိကျကျ မမြင်မတွေ့ရဘဲနှင့် သူများပြော စကားကို တဆင့်ပြန်ပြောမှုမျိုးကို လုပ်၍မဖြစ်။

ထို့ကြောင့် ဝမ်ကျက်က မယုတ်မလွန်သာ စကားဆိုလိုက်သည်။

“ဟောဒီငွေပန်းဖြူရဲ့ မွေးစားအစ်မ ငွေပန်းနက်ဟာ လွန်ခဲ့တဲ့နှစ်ရက်လောက်က လိပ်ပြာကန်ပေါ်မှာ အပျော်လှေစီးယင်း ပျောက်ဆုံးသွားခဲ့တယ်၊ ငွေပန်းဖြူက သူ့အစ်မပျောက်ဆုံးသွားတာဟာ ရန်သူတစ်ယောက်ယောက်ရဲ့ ဖမ်းဆီးခြင်းခံရတယ်လို့ ထင်နေတယ်၊ ဒါကြောင့် ကျွန်တော့်ကို အကူအညီလာတောင်းတယ်၊ ကျွန်တော်ကလည်း အကူအညီပေးဖို့ ကတိပေးပြီးပြီ”

“လိပ်ပြာကန်မှာ လူဆိုးလူမိုက် ဒုစရိုက်သမားတွေ ရှိနေတယ်ဆိုတဲ့သတင်းကို မကြားမိပါဘူး၊ ငွေပန်းနက်ဟာ ခြေချော်လက်ချော်ဖြစ်ပြီး ရေထဲကျသွားလို့ ရေနစ်တာပဲဖြစ်ပါလိမ့်မယ်၊ ဒီ



လိပ်ပြာကန်ကြီးက မိုင်ရှစ်ရာလောက်ကျယ်တယ်၊ လွယ်လွယ်နဲ့ ရှာတွေ့ဘယ်ရနိုင်မှာလဲ၊ ဒီတော့ ဒီကိစ္စကို အသာထားပြီး တို့နဲ့သာလိုက်ခဲ့စမ်းပါ”

ဝန်ကျင့်ဦးနှင့် ဝမ်ကျက်တို့နှစ်ယောက် အချီအချ ပြောနေကြသည်များကို နားထောင်နေသော ငွေပန်းဖြူမှာ ဤစကားများကို ကြားရသောအခါ စိတ်မထိန်းနိုင်တော့ဘဲ ထောင်းကနဲ ဒေါသထွက်လာသည်။

“တော်တိတ် ရှင်က ဘာမို့လို့ ဒီလိုစကားတွေ လျှောက်ပြောနေတာလဲ၊ ကျွန်မရဲ့မမကို အချိန်မီ ကယ်နိုင်ဖို့ အရေးကြီးတယ်ရှင့် သိရဲ့လား”

ငွေပန်းဖြူက လေသံမာမာဖြင့် ကြားဝင်ကာ ပြောလိုက်သည်။

ဝန်ကျင့်ဦးမှာ ရွှေနဂါးရဲတိုက်ခေါင်းဆောင် ရွှေနဂါးချုပ်ယွဲ့ထိုင်၏ တပည့်အကြီးဆုံးဖြစ်သည်။

သိုင်းလောကတွင် သူ့ကို ယခုလို မာမာထန်ထန်နှင့် ဟိန်းဟောက်ပြောဆိုသူမရှိခဲ့ပေ။

ယခု ငယ်ရွယ်ပို့မျှစ်သော မိန်းကလေးတစ်ယောက်၏ဟိန်းဟောက်မှုကို ခံရသည်တွင် ဒေါသထောင်းကနဲ ဖြစ်လာသည်။

“ယိစုကြည် မင်းကများ ကျုပ်ကို ဟိန်းလားဟောက်လားနဲ့ မင်းနဲ့ကျောက်နန်စင် ဖြစ်ချင်တိုင်းဖြစ်ပြီး မင်းမှာကိုယ်ဝန်ရှိနေတာ ကျုပ်တို့နဲ့ဘာမှမဆိုင်ဘူး၊ ဘာကြောင့် ကျုပ်တို့ဆရာကြီးရဲ့သား

ကို ခင်ဗျားကသတ်ရတာလဲ”

ဝန်ကျင့်ဦးက ဒေါသတကြီးပြောသည်။

ငွေပန်းဖြူ ဒေါသကို ထိန်းမရတော့။

ဓားရှည်ကိုဆွဲထုတ်ကာ ဝန်ကျင့်ဦးကို အတင်းဝင်ရောက်တိုက်ခိုက်လေတော့သည်။

သူ၏လှုပ်ရှားမှုမှာ အလွန်မြန်ဆန်သည်။ ဝမ်ကျက်မှာ ဟန့်တားရန်ပင် အချိန်မရလိုက်။ ငွေပန်းဖြူ၏ ထိုးထည့်လိုက်သော ဓားဖျားက ဝန်ကျင့်ဦး၏ရင်ဝနားသို့ ရောက်သွားပေပြီ။

ဝန်ကျင့်ဦးက အေးစက်စက် ရယ်မောပြီး မိမိ၏ရင်ဝသို့ တန်းဝင်လာသော ဓားရှည်ကို မိမိ၏ဓားရှည်ဖြင့် အသာဖယ်ထုတ်လိုက်သည်။

ထို့နောက် ဓားချက်သုံးချက် ဆက်တိုက်ပင် ခုတ်ထစ်လိုက်သည်။

ဓားကွက်သုံးကွက် တိုက်ခိုက်ဟန်မှာ တစ်ခုနှင့်တစ်ခုမတူ။

ပထမအကွက်က ထိုးကွက်။

ဒုတိယအကွက်က ခုတ်ကွက်။

တတိယအကွက်က ပိုင်းကွက်။

သုံးကွက်စလုံး အားမာန်ပြည့်သည်။ ခုတ်ချက်မြန်သည်။

ဝမ်ကျက်မှာ ငွေပန်းဖြူအတွက် စိုးရိမ်စိတ်ပင် ဝင်မိသည်။

“ထန်း...ထန်း...ထန်း”

ဓားချင်းထိသံ သုံးချက်ဆက်တိုက်ပေါ်လာသည်။



ငွေပန်းဖြူက ဝန်ကျင့်ဦး၏ တိုက်ကွက်သုံးကွက်စလုံးကို ခံချေဖျက်ပစ်လိုက်နိုင်သည်။

ခုခံချေဖျက်ပစ်ရုံသာမက ငွေပန်းဖြူ၏ဓားချက်များက န်ကျင့်ဦးကိုပင် လွှမ်းမိုးခြိမ်းခြောက်နေလေပြီ။

ဝမ်ကျက်သည် ငွေပန်းဖြူ၏ဆရာဖြစ်သူ ကုန်စွန်းဂူ၏အ ည်ကို မကြားဖူးချေ။

ငွေပန်းဖြူကိုလည်း သာမန်သိုင်းသမားတစ်ယောက်ဟု ာ ထင်နေခဲ့မိသည်။

ယခု ပထမတန်း သိုင်းသမားတစ်ယောက်ဖြစ်သော ဝန် ျင့်ဦးကို အကြိတ်အနယ်ရင်ဆိုင်နိုင်သည်ကို တွေ့ရသောအခါ ွင်မှ အတော်ပင်အံ့ဩသွားရသည်။

ဝန်ကျင့်ဦးကိုယှဉ်နိုင်သော ငွေပန်းဖြူမှာ သာမန်သိုင်းသ ားမဟုတ်နိုင်တော့။

ငွေပန်းဖြူ၏ဆရာဖြစ်သူ ကုန်းစွန်းဂူမှာလည်း အလွန်ပင် စွမ်းထက်မြက်ရမည်။

ဤမျှအဆင့်မြင့်ကာ အစွမ်းထက်မြက်သည့် ကုန်းစွန်းဂူ၏ မည်ကို မိမိအဘယ်ကြောင့် မကြားဖူးပါသနည်းဟုလည်း ဝမ် ျက် တွေးနေမိသည်။

ဤအတွေးများသည် ဝမ်ကျက်၏ စိတ်အာရုံဝယ် တခဏ တွင်း ဖြစ်ပေါ်လာသော အတွေးများဖြစ်သည်။

ဝမ်ကျက် ထိုသို့တွေးတောနေမိချိန်မှာပင် ငွေပန်းဖြူနှင့်

ဝန်ကျင့်ဦးတို့မှာ သိုင်းကွက်(၁၀) ကွက်ကျော် ရင်ဆိုင်တိုက်ခိုက်ကြပြီး ဖြစ်သွားသည်။

ဝန်ကျင့်ဦးက ရွှေနဂါး(၈) ကွက်သိုင်းကို ထုတ်သုံးသည်။

သို့သော် ငွေပန်းဖြူကို မလှန်နိုင်။ ငွေပန်းဖြူက အထက်စီးရနေဆဲ။ ဝန်ကျင့်ဦးမှာ ဒေါသလည်းထွက်၊ ထိတ်လည်းထိတ်လန့်လာသည်။

ဤသို့ဖြစ်သည့်အတွက် ဝန်ကျင့်ဦး၏စိတ်မှာ မတည်ငြိမ်တော့၊ အာရုံပျက်ပြားလာသည်။

သိုင်းသမားတစ်ယောက်အတွက် စိတ်အာရုံ တည်ငြိမ်ရန်မှာအလွန်အရေးကြီးသည်။

စိတ်အာရုံ ပျက်ပြားလျှင် သိုင်းကွက်မှားနိုင်သည်။

စိတ်မတည်ငြိမ်သော ဝန်ကျင့်ဦးမှာ သိုင်းကွက်ဟာမှုများဖြစ်လာသည်။

ငွေပန်းဖြူက ဤအခွင့်အရေးကို အသုံးချကာ အပြင်းအထန် တိုက်စစ်ဆင်သည်။

ဝန်ကျင့်ဦး အလူးအလဲပင် ခံနေရသည်။

ဘေးမှကြည့်နေသော ဝန်ကျင့်ဦး၏အဖော်များမှာ သူတို့ခေါင်းဆောင်အတွက် စိုးရိမ်လာသည်။

စိတ်မြန်လက်မြန် လုပ်တတ်သူ ဝေရီသည် ဓားကိုဆွဲကာ တိုက်ပွဲတွင်းသို့ ခုန်ဝင်လာသည်။

ခုန်အဝင်တွင် ဓားချက်ကို ထုတ်လိုက်ပြီးဖြစ်သည်။



ဓားသွားက ငွေပန်းဖြူ၏ညာဘက်နံကြားသို့ တန်းဝင်လာည်။

ငွေပန်းဖြူမှာ ဝန်ကျင့်ဦးနှင့် အကြိတ်အနယ် တိုက်ခိုက်နေသည်မို့ ဝေရီ၏ ဓားချက်ကို ခုခံရန်အချိန်မရ။

ဓားသွားက ငွေပန်းဖြူ၏ညာဘက်နံကြားထဲသို့ နစ်ဝင်ွားတော့မည်ကဲ့သို့ ဖြစ်နေသည်။

ထိုအချိန်မှာပင်။

“ထန်း”

ဓားချင်းထိသံတစ်ခု ပေါ်လာသည်။

ဓားရှည်တစ်လက်က ကြားဝင်လာကာ ဝေရီ၏ဓားချက်ကိုခံပက်ထုတ်ပစ်လိုက်ခြင်းဖြစ်သည်။

ကြားဝင်လာသည့်ဓားရှည်မှာ ဝမ်ကျက်၏ဓားရှည်ပင်။

“ရွှေနဂါးခုနစ်ဖော်က နာမည်ကြီးသိုင်းသမားတွေ လုပ်နေပြီး မိန်းကလေးတစ်ယောက်ကိုတောင် နှစ်ယောက်ပေါင်းပြီး တိုက်ချင်နေကြတာကိုး”

ဝမ်ကျက်က ဝေရီ၏ဓားချက်ကို ပက်ထုတ်ပစ်ပြီးနောက်ရယ်မောကာ ခပ်လှောင်လှောင် ပြောလိုက်သည်။

ဝေရီနှင့် အဖော်များ မျက်နှာကွက်ကနဲ ပျက်သွားကြသည်။

“တောက်..သေချင်လို့ ဝင်ရှုပ်တာလား”

ရှက်လည်းရှက် ဒေါသလည်းထွက် ဖြစ်နေသော ဝေရီ

အော်ဟာစ်ကြိမ်းဝါးပြီး ဝမ်ကျက်ကို ဓားနှင့် ဆတ်ကနဲလှမ်းထိုးသည်။

အလွန်ရက်စက်သော ဓားကွက်။

တစ်ချက်တည်းနှင့် အသေကွက်ကို တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။ ဓားဦးက ဝမ်ကျက်၏နှလုံးသားဆီသို့ တည့်တည့်သို့ အရှိန်ပြင်းစွာ တန်းဝင်လာသည်။

ထိုအချိန်ကာလက သိုင်းလောကတွင် အင်အားအတောင့်တင်းဆုံးမှာရဲတိုက်တစ်ခု ဂေဟာနှစ်ဂေဟာနှင့် မိသားစုသုံးစုဟု ပြောစမှတ်ပြုကာ ထင်ရှားနေသည်။

ရဲတိုက်တစ်တိုက်ဆိုသည်မှာ ရွှေနဂါးရဲတိုက်။

ဂေဟာနှစ်ခုကတော့ တောင်ညိုဂေဟာနှင့် ဓားမောက်ဂေဟာ။

မိသားစုသုံးစုဆိုရာတွင်မူ ဓားဝိဇ္ဇာဝမ်ကုန်းတောက်၏ 'ဝမ်' သိုင်းမိသားစု၊ သံလက်ဝါးကူရှိုး၏ 'ကူ' သိုင်းမိသားစု၊ ပန်းမယ်တော် ဗှားစုတုန်၏ 'ဗှား' သိုင်းမိသားစုတို့ ဖြစ်ကြသည်။

ဤအစု ခြောက်စုတို့မှာ အဆင့်မြင့်သိုင်းပညာရပ်များကြောင့် သိုင်းလောကတွင် ထင်ရှားခဲ့ကြသည်။

သို့သော် ထိုအစုခြောက်စုအတွင်း၌ တစ်စုနှင့်တစ်စု ပြဿနာဖြစ်ကာ ရင်ဆိုင်တိုက်ခိုက်ရသည်အထိကား တစ်ကြိမ်မျှ မဖြစ်ခဲ့ဖူးသေးပေ။

ယနေ့တွင်မူ ဝေရှိ၏ကြမ်းတမ်းရက်စက်သော ဓားချက်က ရွှေနဂါးရဲတိုက်နှင့် 'ဝမ်' သိုင်းမိသားစုတို့အကြား ပြဿနာကို



မီးစတင်မွှေးလိုက်သလို ဖြစ်နေသည်။

ဝေရှိက သာမန်ရိုးရိုး တိုက်ကွက်ထုတ်ကာ တိုက်ခိုက်ခြင်းပြုလျှင် ဝမ်ကျက်အနေဖြင့် သည်းခံခွင့်လွှတ်မည်သာ ဖြစ်သည်။

ယခု ဝေရှိက ကြမ်းတမ်းရက်စက်လှသော သတ်ကွက်ဖြင့် တိုက်ခိုက်လာသည့်အတွက် ဝမ်ကျက်မှာလည်း သည်းမခံနိုင်တော့ဘဲ ဒေါသထွက်သွားရသည်။

ဝမ်ကျက်က 'ဝမ်' မိသားစု၏ နာမည်ကျော်ဓားစကြာသိုင်းမှအဆင့်မြင့်ဆုံးဖြစ်သော 'စကြာလည်သိုင်းကွက်' ကိုထုတ်သုံးလိုက်သည်။

စကြာလည်သိုင်းကွက်သည် ဓားချက်သွက်လက်မြန်ဆန်မှုကို အဓိကအားအဖြစ် အခြေခံအသုံးပြုသည့် သိုင်းကွက်ဖြစ်သည်။

ဓားဝိဇ္ဇာဝမ်ကုန်းတောက်သည် စကြာလည်သိုင်းကွက်ကို သုံးလျှင် မျက်စိတမှိတ် လျှပ်တပြက်မျှသော အချိန်လေးအတွင်း ဓားချက်(၇) ချက်ဆက်တိုက်ဆင့်ကာ ဗေ့ယမ်းခုတ်ပိုင်းတိုက်ခိုက်နိုင်သည်။

ဝမ်ကျက်တော့ အဘိုးဖြစ်သူကို မမီ။ မျက်စိတမှိတ်မျှသော အချိန်လေးအတွင်း ဓားချက်(၅) ချက်သာ တိုက်ခိုက်နိုင်သေးသည်။

ဝမ်ကျက်၏ မြန်ဆန်သွက်လက်စွာ ခုတ်လိုက်သောဓားချက်သည် ဝေရှိ၏ညာလက်ကောက်ဝတ်ကို ထိမိသည်။

ဓားသွားဖြင့် မခုတ်ဘဲ ဓားနှောင်ဖြင့်သာ ခုတ်ချသည့်အတွက် ဝေရှိ လက်ပြတ်မသွားခြင်းဖြစ်သည်။

သို့သော် ဓားနှောင့်ဖြင့် ပြင်းထန်စွာ ခုတ်မိသည့်အ
ကြောင့် ဝေရီ၏ညာလက်ကောက်ဝတ်ရိုး ကျိုးသွားသည်။ ညာလ
ရှိဓားမှာလည်း ဦးတည်ရာသို့ မရောက်တော့ဘဲ အောက်သို့လွတ်
သွားသည်။

ဝေရီမှာ မျက်စိမျက်နှာပျက်ကာ နောက်သို့ ကမန်းကတ
ဆုတ်သွားသည်။

ရှင်းမုက ဝေရီကို တွဲခေါ်ကာ ကျိုးသွားသောလက်ကော
ဝတ်ရိုးကို ကမန်းကတန်း ပြန်ဆက်ကာ ဆေးလိမ်းပြီး ကျပ်စည်း
သည်။

မိန်ပိန်၊ ကိုးကျုံးရီနှင့် ဖေ့လုံတို့ (၃) ယောက် ဓားရှည်ကို
စီဆွဲထုတ်ကာ ဝမ်ကျက်ရှိရာသို့ လျှောက်လှမ်းဝင်လာကြသည်။

"ခင်ဗျားက လက်စွမ်းပြလိုက်တာပေါ့ ဟုတ်လား"

မိန်ပိန်က ဝမ်ကျက်ကို စေ့စေ့ကြည့်ပြီး အေးစက်သော
သံနှင့်မေးသည်။

"ဒီလိုမလုပ်ဘဲ သူဓားနဲ့ထိုးတာကို ကျွန်တော်က ဒီအတိုင်
ရင်ဖွင့်ပြီး ခံနေရမှာလား"

ဝမ်ကျက်က ပြန်ပြောသည်။

ဖေ့လုံသည် စကားမဆိုတော့။ ဓားရှည်ကိုဝင့်ကာ ဝ
ကျက်ကို ခုတ်ပိုင်းချလိုက်သည်။

ဖေ့လုံ၏ဓားချက်မှာ စောစောက ဝေရီတိုက်ခိုက်ခဲ့သည
ဓားချက်ကဲ့သို့ပင် ရက်စက်ကြမ်းတမ်းလှသည်။



ဝမ်ကျက်က ကိုယ်ကို အသာဘေးသို့ စောင်းကာ ရှောင်
လိုက်ပြီး ဓားကို ဆတ်ကနဲဖော့ကာ ဖေ့လုံ၏ညာလက်ဖျံကို ဓားပြား
ဖြင့် ခပ်သာသာရိုက်လိုက်သည်။

ဝမ်ကျက်သည် ညာလိုက်မှန်း အားလုံးကပင် ကောင်းစွာ
မြင်လိုက်ကြရသည်။

အကယ်၍ ဝမ်ကျက်က ဓားသွားဖြင့် ခုတ်ပိုင်းချလိုက်လျှင်
ဖေ့လုံ၏ညာလက်ပြတ်သွားပေမည်။

ထိုအချိန်တွင်မှ ယုံယိသည် ဝန်ကျင့်ဦးနှင့် ငွေပန်းဖြူတို့
တိုက်ခိုက်နေကြသည့် တိုက်ပွဲအတွင်းသို့ ငေးပြေးဝင်သွားကာ ဝန်ကျင့်
ဦးဘက်မှ ကူညီတိုက်ခိုက်ပေးသည်။

မုယုံယိ ဝင်ရောက်ကူညီသည့်အတွက် တိုက်ပွဲမှာ အခြေအ
နေပြောင်းသွားသည်။

ငွေပန်းဖြူမှာ သိုင်းပညာစွမ်းရည် ထက်မြက်သော်လည်း
နှစ်ယောက်တစ်ယောက် ရင်ဆိုင်တိုက်ခိုက်ရသည့် တိုက်ပွဲ အတွေ့အ
ကြုံမရှိခဲ့ပေ။

ထို့ကြောင့် အသာစီးရနေရာမှ ချက်ချင်းပင် ဓားကွက်ဓား
ချက်များ ရှုပ်ထွေးကာ အောက်စီးသို့ ပြန်ရောက်သွားသည်။

ဤအဖြစ်ကိုမြင်သော ဝမ်ကျက်သည် ဖေ့လုံတို့သုံးယောက်
ကို ဆက်ရင်မဆိုင်တော့ဘဲ ငွေပန်းဖြူတို့ တိုက်ခိုက်နေရာသို့ လျင်
မြန်စွာ ပြေးဝင်သွားသည်။

အနီးသို့ရောက်သည်နှင့် မုယုံယိကို ဓားချက်တစ်ချက် လှမ်း

ခုတ်သည်။

မုယုံယိက အသာခုန်ရှောင်ပြီး ဝမ်ကျက်ကို ဓားဖြင့်ပြန်ခုတ်သည်။

ဝမ်ကျက်၏ လှုပ်ရှားမှုက ပိုမြန်သွားသည်။

ဝမ်ကျက်၏ဘယ်လက်က မုယုံယိ၏ဓားကိုင်ထားသော ညာလက်ကောက်ဝတ်ကို ဆတ်ကနဲဆုပ်ဖမ်းမိသည်။

ဆုပ်ဖမ်းမိသည်နှင့် ဝမ်ကျက်က တအားကုန်ဆွဲယူကာ ကိုင်ပေါက်ပစ်လိုက်သည်။

မုယုံယိ၏ကိုယ်ခန္ဓာမှာ အဝေးသို့ ကားကနဲခွင်ထွက်သွားသည်။

ထိုအချိန်တွင် မိန်ပိန်၊ ရိဖေ့လုံနှင့် ကိုးကျုံးတို့သုံးယောက်သည် ဝမ်ကျက်ရှိရာသို့ ပြေးဝင်လာကြကာ ဝိုင်းညှပ်တိုက်ခိုက်ကြသည်။

မိန်ပိန်တို့သုံးဦး ဝိုင်းတိုက်ထိုးခုတ်လာသော ဓားချက်များမှာ လျင်မြန်လှသည်။

ဓားရည်သုံးခု ခုတ်ပိုင်းလာဟန်မှာလည်း တစ်ခုနှင့်တစ်ခု အပေးအယူမျှသည်။ အဖွင့်အပိတ်ပိုင်နိုင်သည်။

ရွှေနဂါး(၈) ကွက်သိုင်း၏ နဂါးလက်သည်းသိုင်းကွက်ဖြစ်သည်။

နဂါးလက်သည်းသိုင်းကွက်၏ ဓားချက်လှုပ်ရှားမှုကို မိန်ပိန်တို့သုံးယောက်က တစ်ယောက်တစ်မျိုးစီ အကွက်ကျကျလှုပ်ရှား



ိုက်ခိုက်လာခြင်းဖြစ်သည်။

လူမကပင် ဆန်းပြားထက်မြက်သော နဂါးလက်သည်းသိုင်းကွက်မှာ ယခုလို (၃) ယောက်အားဖြင့် ဟန်ချက်ညီညီ လှုပ်ရှားတိုက်ခိုက်လာသောအခါ အင်အား(၃) ဆတိုးလျှက် အရှိန်အဟုန်ပြင်းထန်လာခဲ့၏။

မိန်ပိန်တို့ ၃ ယောက် စုပေါင်းတိုက်လာမှုကို မိမိအနေဖြင့် င်ဆိုင်ခုခံရန်မလွယ်ကြောင်း ဝမ်ကျက် နားလည်လာသည်။

ထို့ကြောင့် ဝမ်ကျက်သည် မြေကြီးပေါ် ဝပ်ချကာ လူးလိမ့်ရှောင်လိုက်သည်။

သို့စဉ်တိုင် မိန်ပိန်တို့ ၃ ယောက်၏ လွှမ်းမိုးတိုက်ခိုက်ထားမှုမလွတ်။

ဓားရိပ်ဓားရောင်များက ဝမ်ကျက်ကို ခြိမ်းခြောက်နေကြသည်။ ထိုအချိန်မှာပင်....

ငွေပန်းဖြူက ရုတ်တရက် ဆန်းပြားသော သိုင်းကွက်တစ်ကွက်ကို ထုတ်သုံးလိုက်ပြန်သည်။

ငွေပန်းဖြူ၏ဓားရှည်သည် သိုင်းကွက်အစတွင် ဝန့်ကျင့်ဦးဦးတည်နေရာမှ သိုင်းကွက်အလယ်ပိုင်းလောက်တွင်မှ ရုတ်ခြည်းမ်းကြောင်းပြောင်းကာ မိန်ပိန်တို့ထံသို့ တန်းဝင်လာခဲ့သည်။

ဝှေ့ဝိုက်ကာ ခုတ်ဖြတ်လိုက်သော ငွေပန်းဖြူ၏ဓားရှည်က ဘောင်တန်း နေရာယူထားကြသည့် မိန်ပိန်တို့ ၃ ယောက်စလုံးကို မ်းခြုံခြိမ်းခြောက်လာသည်။

မိန်ပိန်တို့ ၃ ယောက်မှာ ညပ်အတိုက်ခံရသလို ဖြစ်သွား သည်။

ငွေပန်းဖြူ၏ ဓားချက်ကလည်း ခြိမ်းခြောက်လာသ မြေကြီးပေါ်ရှိ ဝမ်ကျက်၏အန္တရာယ်ကလည်း ရှိနေသေး၏။

ထို့ကြောင့် သုံးယောက်သား အလန့်တကြားပင် ဘေး ခုန်လွှားကာ တိမ်းရှောင်လိုက်ကြရ၏။

ငွေပန်းဖြူ၏ဓားချက် မိန်ပိန်တို့ဘက်သို့ လမ်းကြော ပြောင်းသွားချိန်မှာပင် ဝန်ကျင့်ဦးအတွက် အခွင့်ကောင်းတစ် ပေါ်လာခဲ့၏။

ဝန်ကျင့်ဦးက ထိုအခွင့်ကောင်းကို မလွတ်တမ်းအသုံးချ ငွေပန်းဖြူ၏ ခြေထောက်ကို ဓားဖြင့်ဝိုက်ကာပိုင်းထည့်လိုက်သ

ခုတ်ချက်က အတော်ပင် ရက်စက်သည်။

ငွေပန်းဖြူ၏ခြေထောက်ကို အပိုင်ခုတ်ဖြတ်လိုက်ခြင်းဖြ သည်။

မိန်ပိန်တို့ထံသို့ လှမ်းခုတ်လိုက်သော ဓားချက်ကို ငွေပ ဖြူက အချိန်မီမရုပ်သိမ်းနိုင်။ ထို့ကြောင့် ဝန်ကျင့်ဦး၏ရက်စ ကြမ်းတမ်းစွာ တိုက်ခိုက်လာမှုကို မည်သို့မျှ မခုခံနိုင်ပေ။

ခြေထောက် ခုတ်ဖြတ်ခံရမည့် အခြေအနေမျိုး ကြုံနေရ

"ထန်း"

အသံတစ်ချက် မြည်ကာ ငွေပန်းဖြူ၏ခြေထောက်နား မီးပွင့်ထွက်သွားသည်။



ဝန်ကျင့်ဦး၏ဓားရှည်မှာလည်း ထက်ပိုင်းကျိုးပြတ်သွားကာ ဓားထက်ပိုင်းကျိုး အဖျားပိုင်းက ခပ်လှမ်းလှမ်းသို့ လွင့်စဉ်သွား၏။

ဝန်ကျင့်ဦး လန့်သွား၏။

မိန်ပိန်တို့လူစုလည်း မျက်လုံးပြူးသွားကြသည်။

အမှန်စင်စစ် မြေကြီးပေါ်တွင် ဝပ်လျက်သား ရှိနေသော ဝမ်ကျက်က သူ၏လက်စွဲတော် မိုးကြိုးသွားဓားရှည်ဖြင့် ဝန်ကျင့်ဦး၏ဓားချက်ကို ဆီးကြိုခံဆောင် ပက်ထုတ်ပစ်လိုက်ခြင်းဖြစ်၏။

ဝမ်ကျက်၏ မိုးကြိုးသွား ဓားရှည်မှာ အလွန်သာမန်သန့်စင်သော သံမဏိဖြင့် ပြုလုပ်ထားသည့်ဓားဖြစ်သည်။

ဓားချင်းဆိုင်ကာ ပြင်းထန်စွာ ခုတ်မိရာဝယ် ဝန်ကျင့်ဦး၏ ဓားရှည်မှာ မိုးကြိုးသွားဓား၏ ဒဏ်ကိုမခံနိုင်ဘဲ ကျိုးပြတ်ထွက်သွားခြင်းဖြစ်သည်။

ဝန်ကျင့်ဦးသည် ထက်ပိုင်းပြတ်သွားသော ဓားကျိုးကို လွှတ်ချလိုက်ပြီး နောက်သို့ အလန့်တကြား ခုန်ဆုတ်သွားသည်။

"ကဲ..ဒီလောက်နဲ့ပဲ ရပ်တန်းကရပ်ကြပါစို့၊ ဒီထက်လွန်ကဲလာယင် လက်လွန်ခြေလွန်တွေ ဖြစ်ကုန်လိမ့်မယ်"

ဝမ်ကျက်က တည်ငြိမ်အေးဆေးစွာ ပြောလိုက်၏။

ဝမ်ကျက်မှာ အကြမ်းကိုင်၍ရမည့်လူစား မဟုတ်ကြောင်း ဝန်ကျင့်ဦး နားလည်လိုက်သည်။

"ခင်ဗျားတို့ ငါးရက်အတွင်း ရွှေနဂါးရဲ့တိုက်ကိုလာပြီး ဆရာကြီးချိုယွဲ့ထိုင်နဲ့ တွေ့နိုင်မလား"

ဝန်ကျင့်ဦးက ပြောလိုက်သည်။

"ကျွန်တော် အသက်လည်းမသေဘူး၊ အန္တရာယ်တစ်ခုခု လည်းရင်မဆိုင်ရဘူးဆိုယင် အလည်လာခဲ့ပါ့မယ်"

ဝမ်ကျက်က ပြန်အဖြေပေးလိုက်သည်။

ဝန်ကျင့်ဦး ဘာမျှမပြောတော့။

သူ့လူများကို ခေါင်းညိတ်အချက်ပြပြီး ထိုနေရာမှ လျှော လှမ်း ထွက်ခွာသွားကြလေတော့သည်။

* * *

"ကဲ..မှန်မှန်ပြောပါ၊ ခင်ဗျား ဘယ်သူလဲ"

ရွှေနဂါးခုနစ်ဖော်တို့ ထွက်ခွာသွားကြပြီးသောအခါ ဝ ကျက်က ငွေပန်းဖြူကို မေးလိုက်သည်။

"ကျွန်မက ငွေပန်းဖြူပဲပေါ့၊ ဘာလဲ ရှင်ကပါ ကျွန်မ ယိစုကြည်လို့ ထင်နေသလား"

ငွေပန်းဖြူက ပြန်ပြောသည်။

"ကျွန်တော် ဆိုလိုတာက ဒီလိုမဟုတ်ပါဘူး၊ ခင်ဗျားရဲ့ဆ သိုင်းပညာဟာ ဒီလောက်အစွမ်းထက်မြက်လိမ့်မယ်လို့ ကျွန်တော် မထင်မိခဲ့ဘူး"

"ကျွန်မက ဘယ်လောက်များ စွမ်းနေလို့လဲ"

"ရွှေနဂါးရှစ်ကွက်သိုင်းဟာ သိုင်းလောကရဲ့ ထိပ်တန်းသိုင်



ညာတစ်ခုဖြစ်တယ်၊ ခင်ဗျားရဲ့ဓားသိုင်းက ဝန်ကျင့်ဦးကို ကောင်းကောင်း ရင်ဆိုင်နိုင်ခဲ့တယ်၊ ဝန်ကျင့်ဦးက ရွှေနဂါးသိုင်းကွက် တတ်သုံးတာတောင် ခင်ဗျားကို မနိုင်ဘူး၊ ခင်ဗျားဆရာ ကုန်းစွန်းဂူ ဟာ တကယ့်ကို အစွမ်းထက်မြက်တဲ့ သိုင်းပညာရှင်တစ်ယောက်ဖြစ် မှာ အမှန်ပဲ၊ ဒါပေမယ့် ခင်ဗျားဆရာရဲ့ နာမည်ကို သိုင်းလောကမှာ တစ်ခါမှ မကြားဖူးတာကတော့ အတော့်ကိုဆန်းနေတယ်"

"ကျွန်မရဲ့ဆရာက သိုင်းလောကထဲမှာ ဝင်ထွက်မလှုပ်ရှား ဘူး၊ ဒါကြောင့် သူ့နာမည်ကို သိုင်းလောကမှာမကြားဖူးကြတာပါ"

"ခင်ဗျားဆရာရဲ့ သိုင်းပညာ ဒီလောက်ထူးချွန်ထက်မြက် လျက်သားနဲ့ ဘာကြောင့် သိုင်းလောကမှာ မပါဝင်မလှုပ်ရှားရတာ လဲ"

"ဒီအကြောင်းကို ရှင်းပြဖို့ အတော်ခက်တယ်၊ အနီးစပ်ဆုံး ဥပမာပြရယင် စာသင်သလိုပေါ့၊ စာသင်တဲ့လူ အများစုဟာ စာပေ အနုပညာ တတ်မြောက်လာကြယင် စားမေးပွဲဝင်ဖြေပြီး မင်းမှုထမ်း အရာရှိအရာခံ လုပ်ကြဖို့ပဲ အာရုံထားကြတယ်၊ ဒါပေမယ့် တချို့ တလေကျတော့ စာတတ်ချင်လို့ပဲ စာသင်ကြတယ်၊ စာပေအနုပညာ တတ်မြောက်လာတဲ့အခါမှာ မင်းမှုထမ်းလုပ်ဖို့အတွက် စာမေးပွဲ လည်း ဝင်မဖြေကြဘူး၊ ကျွန်မ ဆရာကလည်း ဒီသဘောပါပဲ"

"လောကကြီးနဲ့ မပတ်သက်ဘဲ သူတစ်ယောက်တည်းနေ တယ်ဆိုပါတော့"

"ဒီလိုတော့ မဟုတ်ပါဘူး၊ ဆရာက သူ့ရဲ့ခင့်ပွန်းသည်ကို

သိပ်ချစ်ပါတယ်၊ နှစ်ပေါင်းများစွာပဲ သူ့ခင်ပွန်းရဲ့အပါးက တဖဝါး မခွာပဲ နေနေခဲ့တယ်"

"ခင်ဗျားဆရာရဲ့ ခင်ပွန်းက သိုင်းပညာ အတော်စွမ်းမှာ ပေါ့"

"ရှင်တွေးတာ မှားနေပြီ၊ ကျွန်မဆရာရဲ့ခင်ပွန်းဟာ သိုင်း ပညာ လုံးဝမတတ်ဘူး၊ ပြီးတော့ ဒုက္ခိတကြီးတစ်ယောက်လည်း ဖြစ်နေသေးတယ်"

"ဟင် ဘာကြောင့် အဲဒီလိုဖြစ်နေတာလဲ"

"ကျွန်မကို တပည့်အဖြစ်လက်ခံပြီး သိုင်းပညာသင်ပေးတဲ့ အချိန်မှာ ဆရာရဲ့ခင်ပွန်းဟာ ခြေနှစ်ဘက်စလုံး မသန်တဲ့ ဒုက္ခိတ ကြီးဖြစ်နေတယ်၊ သူဘာကြောင့် ဒုက္ခိတဖြစ်ရတယ်ဆိုတာ ကျွန်မ မသိဘူး"

"မင်းဆရာရဲ့ခင်ပွန်းသည် နာမည်က ဘယ်လိုခေါ်သလဲ"

"ဂူချန်းလို့ခေါ်တယ်"

"မင်းရဲ့ဆရာမှာ သားသမီးရောရှိသလား"

"မရှိဘူး"

"ဒီအတိုင်းဆိုယင် သူတို့ဇနီးမောင်နှံမှာ ဝမ်းနည်းကြေကွဲ စရာအတိတ်ဇာတ် ရှိနိုင်တယ်"

"ကျွန်မတို့ ဒီမှာရပ်ပြီး စကားအကြာကြီး ပြောနေလို့မဖြစ် ဘူး၊ မမကို ရှာကြရအောင်လား"

"ကောင်းပြီ၊ ပထမဆုံး အဲဒီနေ့ညက ခင်ဗျားတို့ ညီအစ်မ



[...]ီးသွားကြတဲ့လှေကို အလျင်ရှာရမယ်၊ ပြီးယင် ခင်ဗျားအစ်မ [...]က်ဆုံးသွားတဲ့နေရာကို လိုက်ပြခိုင်းရမယ်"

* * *

လှေတစ်စီး လိပ်ပြာကန်ရေပြင်ပေါ်ဝယ် လှော်ခတ်လာ၏။

လှေသမားမှာ အသက်ခြောက်ဆယ်ခန့်ရှိ အဘိုးအိုတစ် [...]က်ဖြစ်သည်။

အဘိုးအိုမှာ အသက်ကြီးရင့်နေသော်လည်း သန်မာကျစ် [...]သည်။

လှေပေါ်ဝယ် ဝမ်ကျက် ငွေပန်းဖြူတို့ စီးနင်းလိုက်ပါလာ [...]၏။ လှေသည် လိပ်ပြာကန်ရေပြင် တစ်နေရာဝယ် ရပ်တန့်လိုက်

"ရောက်ပါပြီ ဒီနေရာပါပဲ"

လှေကိုရပ်တန့်ပြီးနောက် လှေသမားအဘိုးအိုက ပြော [...]က်သည်။

လသာသောညဖြစ်သောကြောင့် ကျယ်ပြောသောလိပ်ပြာ [...]ရေပြင်မှာ ငွေရောင်တောက်နေသည်။

"ငွေပန်းနက် ပျောက်ဆုံးသွားတာ ဒီနေရာဖြစ်မှန်း အဘ [...]်လိုလုပ် မှတ်မိလဲ"

ဝမ်ကျက်က ပြန်မေး၏။

"ဒီလိပ်ပြာကန်မှာ လှေသမားလုပ်လာတာဟာ ကျုပ်တ
သက်ပဲ ရှိတော့မယ်၊ ဒီကန်ရဲ့ ရေပြင်အနေအထားတွေကို ကျု
ကောင်းကောင်းမှတ်မိတယ်"

"လိပ်ပြာကန်သခင်ကို ငွေပန်းဖြူမြင်လိုက်ရတဲ့ အချိန်တုန်
က ဘာဘကော သူနဲ့အတူရှိနေသလား"

"အင်း ရှိပါတယ်၊ ကျုပ်ကလည်း အဲဒါ လိပ်ပြာကန်သခင်
လို့ ပြောလိုက်တာပါ"

"ဟုတ်ပြီ အဲဒီလူဟာ လိပ်ပြာကန်သခင်ဖြစ်ကြောင်း ဘာ
က ဘယ်လိုလုပ်သိတာလဲ"

"အမှန်အတိုင်း ဝန်ခံရယင် ကျုပ်ကိုယ်တိုင်လည်း လိပ်ပြာ
ကန်သခင်လို့ မသိပါဘူး၊ဒါပေမယ့် သူတို့နဲ့ပတ်သက်ပြီး ပြောကြ
ဆိုကြတဲ့ အကြောင်းချင်းရာတွေကို ကျုပ် အများကြီးကြားဖူးထား
တယ်၊ ဒါကြောင့် အဲဒီလူဟာ လိပ်ပြာကန်သခင်ဖြစ်မယ်လို့ ပြော
လိုက်မိတာပါ"

"ထင်ကြေးနဲ့ပြောလိုက်တဲ့ သဘောဆိုပါတော့"

"အင်း ဟုတ်ပါတယ်"

"အဲဒီလူ ဘယ်ဘက်ကို ထွက်သွားလဲ"

"အနောက်ဘက်ကို ထွက်သွားတယ်"

"သူထွက်သွားတဲ့ဘက်မှာ ကျွန်းတွေဘာတွေ ရှိသလား"

"ကျွန်းတစ်ခုတော့ ရှိတယ်၊ ဒါပေမယ့် လူမနေဘူး"

"ကျွန်းက ဒီနေရာကနေ ဘယ်လောက်ဝေးသလဲ"



"သုံးမိုင်လောက်တော့ ဝေးလိမ့်မယ်'

"ဒီလိုဆိုယင် အဲဒီကျွန်းကို ကျွန်တော်တို့သွားကြရအောင်"

"ကောင်းပါပြီ"

လှေသမားအဘိုးအိုက လှေကို အနောက်ဘက်စူးစူးသို့
ဦးတည်လှော်ခတ်သည်။ ဝမ်ကျက်နှင့် ငွေပန်းဖြူတို့သည် လှေဦးတွင်
ငြိမ်သက်စွာထိုင်၍ လိုက်ပါလာခဲ့ကြ၏။

တစ်နာရီခန့် လှော်ခတ်လာကြပြီးနောက် ခပ်လှမ်းလှမ်း
ဝယ် ကျွန်းတစ်ခု၏အသွင်သဏ္ဌာန်ကို မြင်ကြရ၏။

"အဲဒါ ကျုပ်ပြောတဲ့ကျွန်းပဲ၊ မိစ္ဆာလေပွေကျွန်းလို့ ခေါ်
တယ်၊ ကျွန်းကမ်းခြေကို ကပ်ရဦးမလား"

လှေသမားအဘိုးအိုက ပြော၏။

"ကပ်လိုက်ပါ ဘဘ"

ဝမ်ကျက်က ဤသို့ပြောပြီးလှေဦးတွင် ထိုင်နေရာမှထကာ
လှေသမားအဘိုးအို လှေလှော်ခတ်နေသည့်နေရာသို့ ရောက်လာ
သည်။

"အဲဒီကျွန်းကို ဘာကြောင့် မိစ္ဆာလေပွေကျွန်းလို့ ခေါ်ရတာ
လဲ"

လှေသမားအဘိုးအိုရှိရာသို့ ရောက်သောအခါ ဝမ်ကျက်က
မေးလိုက်သည်။

"ဒီကိစ္စလဲ လိပ်ပြာကန်သခင်အကြောင်းလို ပုံပြင်ဆန်ဆန်
ဇာတ်လမ်းကျော်ဆန်ဆန်ပါပဲ၊ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာတုန်းက အဲဒီကျွန်းနား

ကို ရောက်သွားကြတဲ့ လှေတွေသင်္ဘောတွေပေါ်ကလူတွေဟာ ထူးထူးဆန်းဆန်း ပျောက်ဆုံးကုန်ကြတယ်"

"လှေတွေ သင်္ဘောတွေကတော့ ဒီအတိုင်း အခွံချည်းပဲကျန်ရစ်ခဲ့ကြတယ်၊ မိစ္ဆာလေပွေက အဲဒီလှေ သင်္ဘောတွေပေါ်က လူတွေကို ရစ်ပတ်ဆွဲခေါ်သွားကြတယ်လို့ လူတွေက ပြောကြတယ်၊ ဒါကြောင့် ဒီကျွန်းကို မိစ္ဆာလေပွေကျွန်းလို့ ခေါ်ကြတယ်၊ အဲဒီကျွန်းနားကို ဘယ်သူမှ မသွားဝံ့ကြဘူး"

"ပျောက်ဆုံးသွားတဲ့ လူတွေနဲ့ပတ်သက်ပြီး နောက်ထပ်ဘာတွေ ကြားသိရသေးလဲ၊ အလောင်းတွေ ဘာတွေရော မတွေ့ရဘူးလား"

"ဘာအလောင်းမှ မတွေ့ရဘူးတဲ့၊ ဒါပေမယ့် ကျွန်းပေါ်မှာတော့ သွေးကွက်တွေ တွေ့ရတယ်လို့ ပြောကြတယ်"

"သွေးကွက်တွေတွေ့ရတယ်၊ အဲဒါက လူသွေးတွေ ဟုတ်လား"

"အဲဒါတော့ ကျုပ်လည်းမသိဘူး၊ သွေးကွက်တွေတွေ့ရတာပဲ"

"ဒီကျွန်းက အတော်ထူးဆန်းတာပဲ၊ ကျွန်တော် ကျွန်းပေါ်တက်ပြီး စုံစမ်းရှာဖွေကြည့်ဦးမယ်"

"ကျွန်းပေါ်တက်ယင်လည်း သတိထားတက်ပါ၊ အစစအရာရာ ဂရုစိုက်ပါ၊ မိစ္ဆာလေပွေကျွန်းဆိုတာ ပေါ့သေးသေးမဟုတ်ဘူးနော်"



"ဟုတ်ကဲ့ ကျွန်တော်တို့ သတိထားပါ့မယ်၊ ဒီနေရာတဝိုက်
တ်သက်တဲ့ သမိုင်းကြောင်းပုံပြင်တွေကိုလည်း ကျွန်တော် ဖတ်ဖူး
ယ်၊ လိပ်ပြာကန်ရဲ့ အနောက်ဘက်ကမ်းစပ်က ကျင်စန်းတောင်
ဥမင်လိုဏ်ခေါင်းလမ်းတွေ ပင့်ကူအိမ်လိုရှိနေတယ်၊ လိပ်ပြာ
န်အောက်ခြေမှာလည်း ရွှေစံအိမ် တစ်ရာကျော်ရှိတယ်၊ ကန်
က်မှာ နဂါးရှိပြီး၊ ကန်စပ်မှာ ကျားရဲကျက်စားတတ်တယ် ဆိုတဲ့
ကြောင်းတွေ ကျွန်တော် ဖတ်ဖူးထားပါတယ်၊ ဒီမိစ္ဆာလေပွေကျွန်း
လည်း အဲဒီပုံပြင်ဇာတ်လမ်းတွေမှာပါတဲ့ နဂါးစံရာနေရာတစ်ခု
ချင်ဖြစ်နေပါလိမ့်မယ်"

"ရှင်ပြောတာတွေဟာ တကယ်ပဲလား"

ဝမ်ကျက်ပြောသည်များကို ကြားလိုက်ရသော ငွေပန်းဖြူ
ဝင်မေး၏။

"အဲဒါကိုတော့ ကျွန်တော်လည်း ဘယ်ပြောတတ်မှာလဲ၊ စာ
တွေထဲမှာ ဖတ်ဖူးတာပါ၊ တကယ်လို့ အဲဒီအကြောင်းအရာတွေ
တကယ်ဟုတ်မယ်ဆိုယင်တော့ လိပ်ပြာကန်ဟာ အတော့်ကို
ကြက်စရာကောင်းပြီး လျှို့ဝှက်ဆန်းကြယ်မှုတွေ ပြည့်နှက်နေမှာ

မကြာမီပင် လှေသည် မိစ္ဆာလေပွေကျွန်းနားသို့ ဆိုက်ကပ်
မိသည်။

လရောင်လင်းနေသော်လည်း ကျွန်းပေါ်တွင် သစ်ပင်များ
ထိုင်းနေသည်ဖြစ်သောကြောင့် ဘာကိုမှုမမြင်ရ။

"အဘ ကမ်းစပ်နဲ့ မလှမ်းမကမ်းကစောင့်နေပ၊ ကျွန်တေ တို့လည်း ကျွန်းပေါ်မှာ ကြာကြာမနေပါဘူး၊ အလွန်ဆုံး မိုးလင်း အထိပဲနေမှာပါ၊ ကျွန်တော်တို့ လှမ်းအချက်ပေးလိုက်ယင် ကမ်း ကို လှေကပ်ပြီး ကျွန်တော်တို့ကို လာခေါ်ပါ"

ဝမ်ကျက်က လှေသမားအဘိုးအိုကို ပြောဆိုမှာကြားသည်

ထို့နောက် ဝမ်ကျက်နှင့်ငွေပန်းဖြူတို့ မိစ္ဆာလေပွေကျွန် ပေါ်သို့ တက်လာခဲ့ကြသည်။

## အခန်း(၅)

ဝမ်ကျက်နှင့် ငွေပန်းဖြူတို့ မိစ္ဆာလေပွေကျွန်းပေါ်သို့ တက် လာခဲ့ကြသည်။

ကျွန်းပေါ်တွင် ကျောက်တုံးကျောက်ခဲများ ထူထပ်သည်။ လူသွားလူလာလည်း မရှိ၊ လူရိပ်လူရောင်လည်း မတွေ့ရ။ သွားလာရန်ပင် အတော်ခက်သည်။

ဝမ်ကျက်နှင့် ငွေပန်းဖြူတို့မှာမူ အဆင့်မြင့်သိုင်းသမားများ ဖြစ်သောကြောင့် အခက်အခဲမတွေ့ရဘဲ ကျောက်တုံးကျောက်ခဲများ ပေါ်မှ လျှောက်လှမ်းလာခဲ့ကြသည်။

ကျွန်း၏တည်နေပုံမှာ အတော်ထူးခြားသည။

ကမ်းစပ်ပိုင်းတွင် မြင့်မားနေပြီးနောက် အတွင်းဘက်တွင် ဒယ်အိုးပမာ နက်ရှိုင်းချိုင့်ဝင်နေ၏။

ဝမ်ကျက်နှင့်ငွေပန်းဖြူတို့နှစ်ယောက် ကမ်းစပ်ပိုင်းရှိ ကု မြင့်နေရာကို ကျော်လွန်လာကြပြီးသောအခါတွင်ကား ထူးဆန်းသေ မြင်ကွင်းတစ်ခုကို တွေ့လိုက်ကြရ၏။

နှစ်ယောက်သား လျှောက်လှမ်းနေသော ခြေလှမ်းမျ တုံ့သွားကြသည်။

"လေသမား အဘိုးကြီးပြောတော့ ဒီကျွန်းပေါ်မှာလူမ ဘူးတဲ့၊ ခုတော့ ဘာကြောင့် မီးရောင်တွေတွေ့နေရတာလဲ"

ဝမ်ကျက် လျှို့ဝှက်အသံနှင့် ငွေပန်းဖြူကြားနိုင်ရုံ လော သာ တီးတိုးပြောလိုက်၏။ ဟုတ်သည်။

သူတို့၏အရှေ့ဘက် တစ်မိုင်ခန့်အကွာဝယ် မီးရောင်မျ မြင်တွေ့နေရသည်။

"မီးရောင်လင်းနေတာက အတော်ဝင်ကျယ်တယ်၊ မီးအိ မီးတိုင်တစ်ခုထဲရဲ့ အလင်းရောင်တော့ မဟုတ်နိုင်ဘူး၊ အနည်းဆုံ မီးအိမ်မီးတိုင် ဆယ်ခုလောက်ထွန်းထားတာ ဖြစ်ရမယ်"

ငွေပန်းဖြူက သူ့ထင်မြင်ချက်ကို ပြော၏။

ဝမ်ကျက်က ခေါင်းညိတ်ပြသည်။

"အဲဒီ မီးထွန်းထားတဲ့နေရာဟာ ဘယ်လိုနေရာမျိုး ဖြစ်နို မလဲ"

ငွေပန်းဖြူက မေး၏။

"အဲဒါကိုတော့ ကျွန်တော်လည်း မပြောတတ်ဘူး၊ ဒီလို မီ အိမ်မီးခွက်တွေ အများကြီးထွန်းထားပုံထောက်ယင် အဲဒီနေရာမှ



လူအတော်များများ ရှိနေမှာကတော့ အမှန်ပဲ"

"အင်း...ဟုတ်မယ်"

"အဲဒီလို လူတွေအတော်များများ ရှိယင် ကင်းတွေလည်း ဖြန့်ကျက်ထားမှာအမှန်ပဲ၊ ဒီတော့ ကျွန်တော်တို့ သတိထားပြီး အသံလုံလုံနဲ့ မျက်ကွယ်ယူလှုပ်ရှားဖို့ လိုလာပြီ"

ဤသို့ပြောပြီးနောက် ဝမ်ကျက်သည် ဓားရှည်ကိုဆွဲထုတ်လိုက်သည်။

ငွေပန်းဖြူကလည်း ဝမ်ကျက်နည်းတူ ဓားရှည်ကိုဆွဲထုတ်လိုက်သည်။

ထို့နောက် နှစ်ယောက်သား ဓားရှည်ကိုယ်စီကိုင်ကာ သတိရှိရှိဖြင့် မှောင်ရိပ်ကျရာနေရာများတွင် မျက်ကွယ်ယူ ခိုကပ်ပုန်းအောင်းကာ ရှေ့ဆက်တက်လာခဲ့ကြသည်။

မီးရောင်လင်းနေသည့် နေရာနှင့် တဖြည်းဖြည်း နီးသည်ထက်နီးလာသည်။

မည်သည့် ကင်းကိုမျှ မတွေ့ရ။

ဘာအနှောင့်အယှက် အဟန့်အတားမှလည်း မရှိ။

ဝမ်ကျက်နှင့်ငွေပန်းဖြူတို့နှစ်ယောက် ရှေ့သို့ တရွေ့ရွေ့တက်လာနိုင်ခဲ့ကြသည်။

နောက်ဆုံးတွင်...

မီးရောင်များ လင်းနေသည့်နေရာနှင့် ပေသုံးရာခန့်အကွာသို့ နှစ်ယောက်သား ရောက်ရှိသွားကြသည်။

တွေ့မြင်ရသောမြင်ကွင်းမှာ ထူးဆန်းလှသည်။

အံ့သြဖွယ် ကောင်းလှသည်။

ဝမ်ကျက်နှင့် ငွေပန်းဖြူတို့နှစ်ယောက် မျက်လုံးအပြူးသား ပါးစပ်အဟောင်းသား ဖြစ်နေကြရ၏။

မီးရောင်လင်းနေသည့်နေရာမှာ ညီညာပြန့်ပြူးသော မြေ ကွက်လပ်တစ်ခုဖြစ်သည်။

မြေကွက်လပ် ဘေးပတ်ပတ်လည်တွင် မီးအိမ်များ ထွန်း ထားသည်။ မီးအိမ်များ ထွန်းထားသည်မှာ သိပ်မမြင့်။

မြေကြီးနားကပ်လျှက် ဖြစ်သည်။ ထို့ကြောင့် အလင်းရောင် သည် အောက်စ၍အထက်သို့ ဖြာတက်နေသည်။

ဝမ်ကျက်တို့ ရောက်နေသည့်နေရာမှာ မြင်ကွင်းသိပ်မ ကောင်း။ ထို့ကြောင့် ပို၍မြင်ကွင်းကောင်းနိုင်မည့်နေရာသို့ အသာ ပြောင်းလိုက်ကြရ၏။

"အမြောက် ညာငါးကွက်တက်"

ဝမ်ကျက်တို့ နေရာပြောင်းလိုက်ဆဲမှာပင် စကားသံ ခပ် အုပ်အုပ်ပေါ်လာ၏။ အသံက အဘွားအိုတစ်ယောက်၏အသံ။

ဝမ်ကျက် အတော်အံ့သြသွားသည်။

သူကြားရသောစကားရပ်များမှာ စစ်တုရင်ထိုးရာတွင်သုံး သော် စကားရပ်များဖြစ်သည်။

လူအများ မလာဝံ့ကြဘဲ ဝေးဝေးရှောင်နေကြရသည့် မိစ္ဆာ လေပွေကျွန်းပေါ်တွင် မည်သူရောက်ရှိပြီး စစ်တုရင်ထိုးနေသနည်း။



"မြင်း အရှေ့ကို တစ်ချက်ခုန်"

နောက်ထပ် စကားတစ်ခွန်း ထပ်ကြားရပြန်၏။

ဤအသံကတော့ ယောကျ်ားကြီးတစ်ယောက်၏အသံ။

ဝမ်ကျက်နှင့် ငွေပန်းဖြူတို့နှစ်ယောက် မြင်ကွင်းကြောင့် ထိုနေရာသို့ ရောက်သွားကြလေသည်။

နေရာမှာ မီးရောင်လင်းနေသော မြေကွက်လပ်ထဲမှ မြင် ကွင်းများကို ကောင်းစွာမြင်နိုင် တွေ့နိုင်သည်။

ကျယ်ပြန့်ညီညာသော မြေကွက်လပ်ကို စစ်တုရင်ကစား သည့်နေရာအဖြစ် မြေကြီးကို အကွက်ချပြုပြင်ထားသည်။

စစ်တုရင်ရုပ်များမှာမူ သစ်သားလည်းမဟုတ်၊ ကျောက် သားလည်းမဟုတ်၊ တကယ့်လူသားစစ်စစ်များ ဖြစ်ကြ၏။

အနက်ရောင်ဘက်တွင် အဘွားကြီးတစ်ဦးနှင့် မိန်းမပျို (၁၅)ဦး၊ အနီရောင်ဘက်တွင် အသက်လေးဆယ်ခန့်ရှိ ယောကျ်ား ကြီးတစ်ယောက်နှင့် လုလင်ပျို(၁၅) ဦး။

မိန်းမပျိုနှင့် လုလင်ပျိုများ၏ရင်ဘတ်နှင့် နောက်ကျော များဝယ် အမြောက်၊ ရထား၊ မြင်း၊ စစ်သည်စသည့် စစ်တုရင်ရုပ်များ ၏အမည်များ ရေးသားထားသော စာရွက်များ ကပ်ထား၏။

အဘွားကြီးနှင့် ယောကျ်ားကြီးတို့တွင်မူ မင်းကြီးဟူသော စာတမ်းထိုးထားသည်။

အဘွားကြီးမှာ ခေါင်းတစ်ခုလုံး ဆံပင်များ ဖွေးဖွေးဖြူနေ ပြီး၊ ယင်းအချက်ကိုထောက်၍ ခန့်မှန်းရလျှင် အသက်ရှစ်ဆယ်အ

ရွယ်ခန့်ရှိမည်ဟု ထင်ရ၏။

သို့သော် မျက်နှာဝင်းမှု အသက်အရွယ်ကြီးရင့် အိုမင်းသေ
အရိပ်အယောင်ဖြစ်သော အတွန့်အလိပ် အရေးအကြောင်းများမ

မျက်နှာကိုသာ ကြည့်မည်ဆိုလျှင် အသက်ကြီးမည်ဟု ထ
ရမည်မဟုတ်ပေ။

ယောက်ျားကြီး၏ မျက်နှာမှာမူ အတော်ပင် တည်ကြ
ရင့်ကျက်သည်။ ဟိတ်ဟန်လည်း ကောင်းလှ၏။

မိန်းမပျိုနှင့်လုလင်များက သာမန်ရိုးရိုး အဝတ်အထ
များသာ ဝတ်ဆင်ထားသော်လည်း အဘွားကြီးနှင့် ယောက်ျားကြီး
ကမူ အကောင်းစားပိုးထည်ဝတ်စုံများ ဝတ်ထားကြသည်။

"အင်း...မြင်ရတာကတော့ အတော်ဆန်းနေပြီ၊ လူတွေ
စစ်တုရင်ရုပ်တွေလို သဘောမျိုး အသုံးချပြီး ဆုတ်တက်လှုပ်ရှ
ကစားတာကတော့ ဟုတ်ပါပြီ၊ အစားခံရတဲ့အခါမျိုးကျတော့ ဘ
လိုလုပ်မှာလဲ"

ဝမ်ကျက်၏စိတ်ထဲတွင် တွေးတောစဉ်းစားလိုက်။

ဝမ်ကျက် ဤသို့ စဉ်းစားတွေးတောနေဆဲမှာပင် အဘွား
ကြီး၏အသံ ပေါ်လာပြန်သည်။

"မြင်း နောက်ဆုတ်"

အနက်ရောင်ဝတ်စုံဝတ်ပြီး 'မြင်း' ဟူသော စာတမ်းပါ
ရွက်ချိတ်ထားသူ မိန်းမပျိုသည် မြင်းခုန်သည့်အကွက်အတိုင်
နောက်သို့ခုန်ဆုတ်လိုက်၏။



"ရထား ညာကို ကိုးကွက်ရွှေ့"

ယောက်ျားကြီးက အော်ပြော၏။

'ရထား' ဟူသော စာတမ်းချိတ်ဆွဲထားသည့် လုလင်ပျို
သည် ညာဘက်သို့ကိုးကွက်ရွှေ့လိုက်၏။

အဘွားကြီးနှင့် ယောက်ျားကြီးတို့က ဆက်လက်၍အော်
ဟစ်ပြောဆိုနေကြသည်။

သူတို့ အော်ဟစ်ပြောဆိုသည့်အတိုင်းပင် မိန်းမပျိုနှင့်လု
လင်ပျိုတို့က ဆုတ်တက်လှုပ်ရှား နေရာပြောင်းကြရ၏။

စစ်တုရင်ထိုးကွက်မှာ အကြိတ်အနယ်ဖြစ်နေ၏။

တက်ကွက်၊ ဆုတ်ကွက်၊ လှုပ်ရှားကွက်များမှာလည်း ပညာ
သားပါလှကာ အလွန်အဆင့်မြင့်၏။

အဘွားကြီးနှင့် ယောက်ျားကြီးတို့၏ စစ်တုရင်ပညာမှာ
ထိပ်တန်းအဆင့်တွင်ရှိမည်ဖြစ်ကြောင်း ဝမ်ကျက် ခန့်မှန်းသိရှိလိုက်
သည်။

စစ်တုရင်လှုပ်ရှား ကစားနေယင်းက အနက်ရောင်ရထားက
အနီရောင်စစ်သည်ကို စားသည့်အကွက် ဖြစ်ပေါ်လာသည်။

မည်သို့စားမည်ကို သိလိုသောကြောင့် ဝမ်ကျက်တို့သည်
ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေကြ၏။

ရထားဟုရေးထားသည့် စာရွက်ချိတ်ထားသည့် မိန်းမပျို
သည်ရထားလှုပ်ရှားသည့် လမ်းကြောင်းအတိုင်း ခြေလှမ်းမှန်မှန်
လျှောက်လာပြီး ထိုလမ်းကြောင်းပေါ်တွင် ရပ်နေသူ'စစ်သား' ဟု

စာတမ်းချိတ်ထားသည့် အနီရောင်လုလင်ပျိုနားသို့ ရောက်သည်
ညာလက်ကို ဆတ်ကနဲ ဆန့်ထုတ်လိုက်၏။

"ဘုံး"

မိန်းမပျို၏ ညာလက်ဝါးရိုက်ချက်က လုလင်ပျို၏၏
ဘတ်တည့်တည့်ကို အရှိန်အဟုန်ပြင်းစွာ ရိုက်မိသွားသည်။

လုလင်ပျို လဲကျသွား၏။

မိန်းမပျိုက လုလင်ပျို၏ကိုယ်ခန္ဓာကို ဆတ်ကနဲ ဆွဲမ
စစ်တုရင်ကစားကွင်းအပြင်ဘက်သို့ ပစ်ပေါက်ထုတ်ပစ်လိုက်၏။

ဤအဖြစ်ကို တွေ့မြင်လိုက်ရသောအခါ ဝမ်ကျက်တို့
အတော်ပင် တုန်လှုပ်ချောက်ချားသွားကြသည်။

ဤစစ်တုရင်ကစားမှုမှာ အသက်နှင့်ရင်းကာ ကစားသ
ပွဲဖြစ်ကြောင်း ဝမ်ကျက်တို့ နားလည်လိုက်ကြသည်။

"ရထား ဘယ်သုံးကွက်ရွှေ့"

"မြင်း ရှေ့ညာဘက်ခုန်"

အဘွားကြီးနှင့် ယောကျ်ားကြီးတို့သည် ဆက်လက်၍ စ
တုရင်ကွက်များ လှုပ်ရှားကစားနေကြပြန်သည်။

ဤသို့ကစားယင်း အနက်ဘက်မှရထားကို အနီဘက်
မြင်းဖြင့် စားတော့မည့်အကွက်သို့ ရောက်လာ၏။

"ရထားကို မြင်းနဲ့စား"

ဤအကွက်သာ ဆက်လက်ကစားလျှင် အနက်ရောင်ဘ
မှ ရထားနေရာယူထားရသည့် မိန်းမပျို အသက်သေဆုံးရတော့မ



မလွဲပေ။

မိန်းမပျိုတစ်ယောက်၏အသက် အလကားသက်သက်
ဆုံးရမည့်အဖြစ်ကို ဝမ်ကျက်ကြည့်မနေသာ။

"တော်ပြီ ဆက်မရွှေ့ကြနဲ့တော့"

ဝမ်ကျက်က လှမ်းအော်ပြီး တားလိုက်၏။

ဝမ်ကျက် ပါးစပ်မှ ပြောဆိုတားလိုက်သည်နှင့် မည်သို့မည်
ဖြစ်သွားသည်မသိ။

'ဝုန်း' ကနဲအသံတစ်ခုပေါ်လာပြီး အဖြူရောင်အခိုးအငွေ့
းက စစ်တုရင်ကွင်းတစ်ခုလုံးကို ဖုံးအုပ်သွားသည်။

အခိုးအငွေ့များကြောင့် ဘာကိုမျှ မမြင်ရတော့ပေ။

အဖြူရောင်အခိုးအငွေ့များသည် ဝမ်ကျက်တို့ရှိနေရာသို့
နံ့လာ၏။

အဆိပ်ငွေ့များ ဖြစ်နေမည် စိုးသောကြောင့် ဝမ်ကျက်
ည် ငွေပန်းဖြူလက်ကိုကိုင်ကာ နောက်သို့ ကမန်းကတန်းဆုတ်
းလိုက်၏။

သူတို့နှစ်ယောက်သည် အဖြူရောင်အခိုးအငွေ့များ ကင်း
တ်ရာ တစ်နေရာဝယ် အသာခိုနေကြပြီး၊ အခြေအနေကို စောင့်
ကြည့်နေကြ၏။

အခိုးအငွေ့များ ဖုံးအုပ်နေသောကြောင့် ဘာကိုမျှမမြင်ရ
ဝမ်ကျက်တို့မှာ လှုပ်ရှားမှုအသံကိုသာ နားထောင်နေကြရသည်။

အစွမ်းကုန် နားစွင့်နေကြသော်လည်း မည်သူ့သည့်အသံကိုမျှ

မကြားရပေ။

အချိန်အနည်းငယ် ကြာပြီးမှ အဖြူရောင်မိုးခိုးငွေ့များ လွင့်ပြယ်သွားကြသည်။

စောစောက စစ်တုရင်ကွင်းနေရာတွင် ဘာမှမရှိတော့။

မီးရောင်လည်း ပျောက်သွားပြီ။

လူရိပ်လူယောင်လည်း ပျောက်ကွယ်နေပြီ။

ဘာလှုပ်ရှားမှုကိုမျှ မတွေ့ရ။ ဘာသံကိုမျှလည်း မကြားရ

လသာနေသော်လည်း စစ်တုရင်ကွင်းမှာ အနိမ့်ပိုင်းကျ သောကြောင့် အလင်းရောင် ဝိုးတဝါးမျှသာရှိသည်။

"သူတို့တတွေ ပုန်းကွယ်ထွက်ပြေးသွားကြပြီ ထင်တယ်၊ ကျွန်တော်တို့ သွားကြည့်ကြစို့"

ဝမ်ကျက်က ငွေပန်းဖြူကို တီးတိုးပြောလိုက်သည်။

ထို့နောက် နှစ်ယောက်သား သတိရှိရှိဖြင့် စစ်တုရင်ကွင်း ရှိရာသို့ လျှောက်လှမ်းထွက်လာကြသည်။

အရေးကြုံလျှင် ချက်ချင်းလှုပ်ရှား တိုက်ခိုက်နိုင်အောင် လည်း အသင့်ပြင်ထားကြသည်။

* * *



စစ်တုရင်ကွင်းပေါ်သို့ ဝမ်ကျက်နှင့်ငွေပန်းဖြူတို့ ရောက် ကြသည်။ စစ်တုရင်ကွင်းပေါ်ဝယ် ဘာမျှမတွေ့ရ။

ဝမ်ကျက်နှင့် ငွေပန်းဖြူတို့ ကြောင်အမ်းအမ်းဖြစ်သွားကြရ သည်။

အကယ်၍ ထိုနေရာတွင် စစ်တုရင်ခုံသဖွယ် ပြုလုပ်ထား သာ အကွက်နေရာများကိုသာ မတွေ့ရလျှင် စောစောပိုင်းက မြင် တွေ့ရသည်များမှာ အိပ်မက်ဖြစ်မည်ဟု ထင်စရာပင်။

"ဒါက ဘယ်လိုဖြစ်တာလဲ၊ စောစောကလူတွေကော ဘယ် ရောက်ကုန်ပြီလဲ"

ငွေပန်းဖြူက မေး၏။

ငွေပန်းဖြူမှာ အတော်ပင် အံ့ဩနေဟန်တူသည်။

အသံများပင် တုန်ယင်နေလေသည်။

"အခိုးငွေ့ဖုံးကို ဖောက်ခွဲလိုက်ပြီး အခိုးငွေ့ဖုံးလွှမ်းနေတုန်း ဲဒီလူတွေအားလုံး ပုန်းရှောင်ကုန်ကြတာဖြစ်လိမ့်မယ်"

ဝမ်ကျက်က ထင်မြင်ချက်ပေး၏။

"သူတို့ ဘာကြောင့် ပုန်းရှောင်ကုန်ကြရတာလဲ"

"အဲဒါကိုတော့ ကျွန်တော်လည်း မတွေးတတ်ဘူး၊ သူတို့ စစ်တုရင်ကစားတာကို မမြင်တွေ့စေချင်လို့နဲ့တူပါတယ်"

"သူတို့ ဒီကျွန်းက တိမ်းရှောင်ထွက်သွားတယ်ဆိုယင် လှေနဲ့ သွားကြရလိမ့်မယ်"

"ဟုတ်တယ်၊ ကျွန်တော်တို့ ကျွန်းကမ်းခြေကို သွားကြည့်

ကြမယ်"

ဝမ်ကျက်က ဤသို့ပြောပြီး ငွေပန်းဖြူကိုခေါ်ကာ ကမ်းစ
သို့ လျင်မြန်စွာ ပြေးလာခဲ့ကြသည်။

ကျွန်း၏နောက်ဘက် ကမ်းခြေသို့ ရောက်လာကြသောအခါ
အဝေးသို့ လှမ်းမျှော်ကြည့်လိုက်ကြသည်။

လှိုင်းအိကလေးများ လှုပ်ရှားနေသော ကန်ရေပြင်ကိုသာ
မြင်ရသည်။

လှေတစ်စီးမှ မတွေ့ရ။ သင်္ဘောတစ်စီးမှ မမြင်ရ။

အနောက်ဘက် ကမ်းစပ်မှနေ၍ တောင်ဘက်ကမ်းစပ်သို့
ထိုမှတဖန် အရှေ့ဘက်ကမ်းစပ်သို့ ယင်းနောက် မြောက်ဘက်ကမ်း
စပ်သို့။

ကျွန်း၏ ကမ်းခြေပတ်ပတ်လည် အားလုံးနှံ့စပ်အောင်သွား
ကာ လိုက်လံရှာဖွေကြည့်ကြသည်။ နေရာအားလုံးသာ စုံသွားသည်။
ဘာထူးခြားချက်ကိုမှ မတွေ့ရ။

"သူတို့ခြေရာဖျောက် တိမ်းရှောင်သွားပုံက သိပ်ကိုတော်
တာပဲ၊ အစအနတောင် မတွေ့ရတော့ဘူး"

ကမ်းခြေအနှံ့ စေ့စပ်စွာ လိုက်လံရှာဖွေကြပြီးနောက် ငွေ
ပန်းဖြူက ပြော၏။

"အနီရောင်ဘက်က မင်းကြီးလုပ်ပြီး ခေါင်းဆောင်တဲ့လူ
ကြီးဟာ ဟိုနေ့က မြင်လိုက်တဲ့ ဝတ်စုံဖြူနဲ့လူလား"

ဝမ်ကျက်က မေးသည်။



"ကျွန်မ မပြောတတ်ဘူး၊ အဲဒီတုန်းက သူဟာ ဝတ်စုံဖြူကို
တ်ထားတယ်ဆိုတာပဲ သိတယ်၊ သူ့မျက်နှာကို ကောင်းကောင်းမ
င်လိုက်ရဘူး"

"ဒီနေ့ည တွေ့ရတဲ့ စစ်တုရင်ထိုးပွဲကတော့ တကယ့်ကို
ူးဆန်းတာပဲ၊ ကျွန်တော့်တစ်သက်မှာ ဒီပွဲမျိုးမြင်ဖူးဖို့မပြောနဲ့
တ်တောင်မကြားမိဖူးဘူး"

"ဟုတ်တယ် စစ်တုရင်ရုပ်လုပ်ကြရတဲ့ မိန်းမပျိုနဲ့ လုလင်
တွေက ပိုပြီးတော့တောင် ထူးဆန်းတယ်၊ အဘွားကြီးနဲ့အဘိုးကြီး
ပြောတဲ့အတိုင်း ဆုတ်တက်လှုပ်ရှားကြပြီး ဘာကြောင့် အလကား
က်သက် အသေခံကြရတာလဲ မသိဘူး"

"လက်ဝါးရိုက်ချက် ရိုက်ထုတ်လိုက်တဲ့ သိုင်းကွက်သိုင်းဟန်
ကလည်း အတော်ထူးခြားတယ်၊ စစ်တုရင်ရုပ်လုပ်ကြတဲ့ မိန်းမပျိုနဲ့
လုလင်ပျိုတို့ဟာ သိုင်းပညာအဆင့်မြင့်မြင့် တတ်ထားပုံရတယ်"

"ကျွန်မရဲ့မမ ငွေပန်းနက်ကိုလည်း စစ်တုရင်ရုပ်လုပ်ခိုင်းဖို့
မ်းခေါ်သွားတာလား မသိဘူး"

"အင်း ဖြစ်နိုင်တယ်"

"အဲဒီလူတွေဟာ မကောင်းဆိုးဝါးတွေများ ဖြစ်နိုင်မလား
ာင်"

ငွေပန်းဖြူက အသံတုန်တုန်လေးဖြင့် မေး၏။

"လုံးဝမဖြစ်နိုင်ပါဘူး၊ မကောင်းဆိုးဝါးဆိုယင် မီးခိုးပုံးတွေ
ာတွေ ဘယ်သုံးနိုင်မှာလဲ"

"အင်း..ရှင်ပြောတာ ဟုတ်ပါတယ်၊ ဒါပေမယ့် အဲဒီ
ယောက်ျားကြီးနဲ့ အဘွားကြီးတို့ဟာ လူတွေကို စစ်တုရင်ရုပ်တွေလို
အသုံးချပြီး ဆုတ်တက်လှုပ်ရှား ကစားနေကြတာဆိုတော့ အင်မ
တန်ကို ရက်စက်ကြမ်းကြုတ်တာပဲ၊ မကောင်းဆိုးဝါးတွေထက်
တောင် ပိုပြီးကြောက်စရာကောင်းနေသေးတယ်"

"ခင်ဗျား တစ်ခုမေ့နေတယ်ထင်တယ်၊ စစ်တုရင်ကို ထိုး
အတိုင်းအပြီးသတ်မှာ မင်းကြီးကို အခွေခံရတဲ့အခါကျယင်တော့
ယောက်ျားကြီးဖြစ်ဖြစ်၊ အဘွားကြီးဖြစ်ဖြစ် အသက်ဆုံးရမှာ အမှ
ပဲ"

"ဟာ..ဟုတ်တယ် ဟုတ်တယ်၊ အဲဒီယောက်ျားကြီးနဲ့ အ
ဘွားကြီးတို့ဟာ သူတို့ရဲ့အသက်ကို လောင်းကြေးထပ်ပြီး စစ်တုရင်
ကစားနေကြတာကိုး၊ ဒါနဲ့ရှင် စဉ်းစားကြည့်စမ်းပါ၊ အဲဒီယောက်ျား
ကြီးနဲ့အဘွားကြီးတို့ဟာ အများသူငါတွေပြောနေကြတဲ့ လိပ်ပြာက
သခင်နဲ့ သူ့ဇနီးနဂါးမင်းသမီးတို့များ ဖြစ်နေမလား"

"ကျွန်တော် ကြားဖူးတဲ့ ပုံပြင်စကားတွေအရတော့ လိပ်ပြာ
ကန်သခင်နဲ့ နဂါးမင်းသမီးတို့က တစ်ယောက်နဲ့တစ်ယောက် သိ
ချစ်ကြတယ်ဆိုပဲ၊ အခုလို အသက်ချင်းထပ်ပြီး စစ်တုရင်ထိုးကြမှာ
မဟုတ်ဘူး၊ ပြီးတော့ အဘွားကြီးက ဆံပင်တွေတစ်ခေါင်းလုံးဖွေး
နေအောင်ဖြူနေပြီး ယောက်ျားကြီးကတော့ လေးဆယ်လောက်ပဲ
တယ်၊ သူတို့နှစ်ယောက်ဟာ ဘယ်လိုလုပ် ဇနီးမောင်နှံဖြစ်နိုင်မှာလဲ"

"အခုန အဘွားကြီးဘက်က စစ်တုရင်လုပ်ကြတဲ့ မိန်းမပို



း‌တွေကို ကျွန်မ သတိထားမကြည့်လိုက်မိတာ မှားတာပဲ၊ အဲဒီ
မှာ မမငွေပန်းနက် ပါချင်ပါနိုင်တယ်"

"ကျွန်တော်ကတော့ စစ်တုရင်ကွင်းလုပ်ထားတဲ့ မျဉ်း
ကြောင်းတွေကို သတိထားကြည့်မိလိုက်တယ်၊ အဲဒီမျဉ်းကြောင်း
တွ က လတ်တလောလုပ်ထားတာ မဟုတ်ဘူး၊ အချိန်တော်တော်
ကြာကြာလုပ်ထားတာတွေဖြစ်တယ်၊ ဒါကြောင့် သူတို့ရဲ့ဆက်ဆုပ်စရာ
ကောင်းတဲ့ စစ်တုရင်ကစားမှုဟာ သည်တစ်ကြိမ်ပဲမဟုတ်နိုင်ဘူး၊
လျင်တုန်းကလည်း ကစားဖူးကြလိမ့်မယ်"

"ဒီလိုဆိုယင် အဲဒီယောက်ျားကြီးနဲ့အဘွားကြီးတို့ဟာ ဘာ
ကြောင့် ဒီနေ့အထိ အသက်ရှင်နေကြသေးတာလဲ"

"ဒါကတော့ စစ်တုရင်ပွဲမှာ အနိုင်အရှုံးမပေါ်ဘဲ သရေပွဲ
ည်းဖြစ်နေလို့ နေမှာပေါ့"

"သရေပွဲချည်း အမြဲကျနေနိုင်ပါ့မလား"

"စောစောက မြင်ခဲ့ရတဲ့ စစ်တုရင်ကစားပုံကို ကြည့်ယင်
စ်ယောက်စလုံးရဲ့ စစ်တုရင်ကစားပုံဟာ ပညာသိပ်အဆင့်မြင့်တယ်၊
ရည်အချင်းနဲ့ ဉာဏ်စွမ်းဉာဏ်စချင်းလည်း မကွာဘူး၊ ဒီတော့
နိုင်အရှုံးပေါ်ဖို့ခက်မယ်၊ သရေပွဲဖြစ်ဖို့ပဲ များလိမ့်မယ်"

"ရှင်က စစ်တုရင်ကစားတတ်လို့လား"

"တတ်ပါတယ်"

"တကယ်လို့ ရှင်သာ သူတို့နဲ့စစ်တုရင် ပြိုင်ထိုးယင် နိုင်မ
ား၊ ရှုံးမလား"

"အကြီးအကျယ် ရှုံးမှာ အမှန်ပဲ"

"ကျွန်မတို့ ခုဘာဆက်လုပ်ကြမလဲ"

"မိုးလင်းတဲ့အထိ ထိုင်စောင့်နေရုံပဲရှိတယ်၊ မိုးလင်းတော့မှ စစ်တုရင်ကွင်းကိုသွားပြီး သေသေချာချာ စစ်ဆေးကြည့်ကြတာပေါ့"

ညလေက အတော်ပြင်းပြင်း တိုက်ခတ်နေသည်။

ကမ်းခြေကိုရေလှိုင်းပုတ်သံက တဝုန်းဝုန်းမြည်လျက်၊ ညက ကြောက်စရာကောင်းနေသည်။

ဝမ်ကျက်နှင့် ငွေပန်းဖြူတို့မှာ ထူးဆန်းကြောက်မယ်ဖွယ် ကောင်းသော ဖြစ်ရပ်ကို တွေ့မြင်ခဲ့ရသည်ဖြစ်သောကြောင့် စိတ် တုန်လှုပ်ချောက်ချား၍နေသည်။

ငွေပန်းဖြူမှာ တစ်ယောက်တည်း ခပ်ခွာခွာမနေဝံ့၊ ဝမ် ကျက်၏အနားတွင် ကပ်၍နေသည်။ ဤသို့ကပ်နေယင်းက အိပ် ပျော်သွားကာ ဝမ်ကျက်ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်လာသည်။

ဝမ်ကျက်ကလည်း အသာပင် ထွေးပွေ့ထားလိုက်၏။

* * *

မိုးလင်းလာပြီ။

"ငွေပန်းဖြူ ထတော့လေ"

ဝမ်ကျက်က သူ့ရင်ခွင်ထဲ တိုးဝင်အိပ်ပျော်သော ငွေပန်း ဖြူကို အသာလှုပ်နှိုးလိုက်သည်။



ငွေပန်းဖြူ အိပ်နေရာမှ နိုးလာသည်။

မျက်လုံးကိုဖွင့်ကြည့်လိုက်ရာ ဝမ်ကျက်၏ ရင်ခွင်ထဲဝယ် ရောက်နေကြောင်း သိရသည်တွင် မျက်နှာလေးရဲကနဲ ဖြစ်သွားကာ ကမန်းကတန်း ရုန်းထွက်လိုက်သည်။

"ကျွန်မ အတော်ကို အိပ်ပျော်သွားတယ်"

"ကဲ...မိုးလင်းနေပြီ ဟိုနေရာကို သွားကြည့်ကြစို့"

ဝမ်ကျက်က ပြန်ပြော၏။

သူတို့နှစ်ယောက်သည် ယမန်နေ့ကတွေ့ခဲ့ရသော စစ်တုရင် ကစားကွင်းနေရာဘက်သို့ လာခဲ့ကြသည်။

စစ်တုရင်ကစားကွင်းနေရာသို့ ရောက်သောအခါ သူတို့နှစ် ယောက်မှာ ကြောင်အမ်းအမ်းဖြစ်သွားကြ၏။

ညက တွေ့ခဲ့သော စစ်တုရင်ကစားကွင်းနေရာမှာ ပျောက် ကွယ်နေလေပြီ။

ထိုနေရာဝယ် ကျောက်တုံးကျောက်ခဲများသာ ပြည့်နှက်နေ သည်။

"ဟင် ဘယ်လိုဖြစ်ကုန်တာလဲ၊ စစ်တုရင်ကစားကွင်း ဘယ် ရောက်သွားပြီလဲ"

ငွေပန်းဖြူက တအံ့တသြ ပြော၏။

"စစ်တုရင်ကစားကွင်းကို ကြည့်လို့မမြင်နိုင်အောင် ကျောက် တုံးကျောက်ခဲတွေနဲ့ ဖုံးအုပ်လိုက်ကြတာပါပဲ၊ ဒါပေမယ့် ဘယ်အ ချိန်က ဘယ်လိုလုပ်ပြီး ဖုံးအုပ်ပစ်လိုက်သလဲ မသိဘူး"

"အတော် ထူးဆန်းတယ်၊ ညက ရှင်အိပ်ပျော်နေတုန်း ဖြ
မှာပေါ့"

"ကျွန်တော် ညက တရေးမှမအိပ်ပျော်ခဲ့ဘူး၊ ပြီးတော့ ကျွ
တော်တို့ရှိနေတဲ့နေရာဟာ စစ်တုရင်ကစားကွင်းနဲ့ ဘာမှမဝေးဘူ
ကျောက်တုံးကျောက်ခဲတွေ အပြီးဖုံးအုပ်တဲ့အသံကို ကျွန်တေ
ကောင်းကောင်းကြားနိုင်ပါတယ်"

"သူတို့က လုံးဝအသံမထွက်အောင် ညင်ညင်သာသာ လု
ကြလို့ ဖြစ်ပါလိမ့်မယ်"

"ကျွန်းပေါ်ကို လျှောက်ကြည့်ကြအုံးစို့"

ဝမ်ကျက်နှင့် ငွေပန်းဖြူတို့သည် မိစ္ဆာလေပွေကျွန်းပေ
ဝယ် လျှောက်သွားကာ ရှာဖွေကြည့်ကြ၏။

ဘာကိုမှ မတွေ့ရ။

ကျွန်း၏ အနောက်ဘက်ကမ်းစပ်နှင့်မလှမ်းမကမ်းတွင်
လှေကြီးတစ်စီးတွေ့ရ၏။

ဝမ်ကျက်တို့ စီးလာကြသော လှေပင်ဖြစ်သည်။

"အဘ ကျွန်တော်တို့ ဒီကျွမ်းပေါ်မှာ နောက်ထပ် နေ့ဝက်
လောက်နေအုံးမယ်၊ အဲဒါ အဘထပ်ပြီးစောင့်ပါအုံး"

ဝမ်ကျက်က လှေသမား အဘိုးအို ကြားလောက်အော
အသံကိုမြှင့်ကာ အော်ပြောလိုက်၏။

ဤသို့အော်ပြောပြီးနောက် နောက်ကြောင်းပြန်လှည့်မည်
အပြုတွင် စိတ်ထဲဝယ် တစ်ခုခုထူးခြားနေသလို ထင်၏။



ထို့ကြောင့် ဝမ်ကျက်သည် ခြေလှမ်းကို တုံ့ကာ လှေဆီသို့
ပြန်ကြည့်လိုက်သည်။

"တယ်ထူးဆန်းပါလား၊ ဘာကြောင့် လှေသမားအဘိုးကြီး
ကအကြောင်းမပြန်တာလဲ"

ဝမ်ကျက် ရေရွတ်ပြောကြားလိုက်၏။

"ရှင်လှမ်းအော်တာကို သူမကြားလို့ နေမှာပေါ့"

ငွေပန်းဖြူက ပြော၏။

"ကျွန်တော် အတွင်းအားသုံးပြီး အကျယ်ကြီးပြောလိုက်တာ
ပဲ၊ ကြားနိုင်ပါတယ်"

ဝမ်ကျက်က ဤသို့ပြောပြီးနောက် အသံကျယ်ကျယ်ဖြင့်
ထပ်အော်ပြောပြန်သည်။

လှေဆီမှ မည်သည့်တုံ့ပြန်ချက်မှမရှိ။

ငြိမ်ချက်သား ကောင်းနေသည်။

"တစ်ခုခုတော့ ထူးခြားနေပြီ၊ လှေဆီသွားမှဖြစ်မယ်၊ ကျွန်
...က်သွားကြည့်လိုက်အုံးမယ်၊ ခင်ဗျား ဒီကစောင့်နေ"

ဝမ်ကျက်ပြောပြီး မိမိ၏ဓားရှည်ကို ငွေပန်းဖြူလက်သို့
ထေအပ်လိုက်သည်။

ထို့နောက် ဝမ်ကျက် လှေရှိရာသို့ ခပ်သုတ်သုတ်လျှောက်
လှမ်း၍သွားသည်။ ဝမ်ကျက်မှာ ရေကောင်းစွာ မကူးတတ်ပေ။

သို့ရာတွင် လှေဆိုက်ထားသည့်နေရာမှာ ကျွန်းကမ်းစပ်
ရေတိမ်ပိုင်းတွင်ဖြစ်ကာ ရေအနက်ရင်စို့သာသာခန့်သာ ရှိသည့်အ

တွက် ရေထဲမှ လမ်းလျှောက်သွားနိုင်သည်။

လှေအနီးသို့ရောက်သောအခါ လှေခုံကိုဆွဲ၍ လှေပေါ်
ခုန်တက်လိုက်သည်။

လှေပေါ်ရောက်သည်နှင့် အခြေအနေကို အကဲခတ်ကြ
လိုက်သည်။ လှေပေါ်ဝယ် ဘာမှမထူးခြား။

ခြေရာလက်ရာမပျက် ရှိနေသည်။ သို့ရာတွင် လှေသမ
အဘိုးအို၏အရိပ်အယောင်ကိုပင် မမြင်ရ။

"အဘ..အဘ"

ဝမ်ကျက်က အသံခပ်ကျယ်ကျယ်ဖြင့် ခေါ်လိုက်သည်။

ထူးသံ မကြားရ။

ဝမ်ကျက်သည် လှေဝမ်းထဲသို့လည်း ဝင်ရာကြည့်သည်

လှေဝမ်းထဲတွင်လည်း မည်သူမျှမရှိ။

လှေသမားအဘိုးအိုမှာ ပျောက်ခြင်းမလှပျောက်နေလေ

လှေသမားအဘိုးအို ဘယ်ရောက်သွားပြီလဲ။

စစ်တုရင်ထိုးသော ယောကျ်ားကြီးနှင့် အဘွားကြီး
လက်ချက် ဖြစ်မည်ဟု ဝမ်ကျက်တွေးမိသေး၏။

သို့ရာတွင်။

သူတို့က စစ်တုရင်ရုပ်အဖြစ် အသုံးပြုသူများမှာ ပို
သောလုလင်ပျို၊ မိန်းမပျိုလေးများသာ ဖြစ်သည်။

လှေသမားအဘိုးအိုလို အသက်ကြီးရင့်သူကို ဖမ်းဆီး
အကြောင်းမရှိ။



ဝမ်ကျက်သည် လှေဝမ်းထဲတွင် စေ့စေ့စပ်စပ်ပင် ရှာဖွေ
သည်။ သံသယဖြစ်စရာအကြောင်းလည်း သဲလွန်စတစ်စုံတစ်
ပင် မတွေ့ရ။

ဝမ်ကျက်က လှေကုန်းပေါ်သို့ ပြန်တက်လာခဲ့၏။

ကမ်းခြေတွင် ကျန်နေခဲ့သော ငွေပန်းဖြူကို အကျိုးအ
ကြောင်းပြန်ပြောမည် ပြုလိုက်သည်။

သို့သော် ဝမ်ကျက်ပါးစပ်မှ ဘာသံမှထွက်မလာ။

ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားဖြစ်နေမိသည်။

ကျွန်း၏ကမ်းခြေတွင် ငွေပန်းဖြူမရှိတော့။

"ငွေပန်းဖြူ..ငွေပန်းဖြူ ဘယ်ရောက်နေသလဲ"

ဝမ်ကျက်အသံကျယ်ကျယ်ဖြင့် လှမ်းအော်မေးလိုက်သည်။

သူ့အော်သံ၏ ပဲ့တင်သံများသာ ပေါ်လာသည်။

ငွေပန်းဖြူ၏ တုံ့ပြန်ထူးသံကိုမူ မကြားရ။

လှေသမားအဘိုးအို ထူးဆန်းစွာ ပျောက်ဆုံးသွားသလို
ပန်းဖြူလည်း ပျောက်ဆုံးနေပြန်လေပြီ။

ဝမ်ကျက် အတော်ပင် စိုးရိမ်ပူပန်သွား၏။

ဝမ်ကျက်သည် လှေပေါ်မှဆင်းကာ ကျွန်းပေါ်သို့ ကမန်း
တန်းပြန်တက်လာခဲ့၏။

ပါးစပ်မှလည်း ငွေပန်းဖြူ၏အမည်ကို တကြော်ကြော်
ခေါ်လာခဲ့သည်။

မည်သည့်တုံ့ပြန်ချက်မှ မရှိ။

ဘာမှ မယူခြား။

ဝမ်ကျက်မှာ အလွန်စိတ်လှုပ်ရှားပြီး ဘာလုပ်ရမှန်းမ
တော့အောင် ဖြစ်သွားရသည်။

ခေတ္တမျှ ကြောင်အမ်းအမ်းနှင့် ခြေမကိုင်မိ လက်မကိုင်
ဖြစ်သွားရာမှ ဝမ်ကျက် စိတ်ကိုကြိုးစားတည်ငြိမ်အောင် လုပ်လို
၏။

စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် လုပ်ပြီးနော
ဝမ်ကျက်သည် စောစောက ငွေပန်းဖြူရပ်ကျန်နေခဲ့သည့်နေရာအ
ဝန်းကျင်ကို စူးစိုက်အကဲခတ်ကြည့်နေသည်။

ငွေပန်းဖြူကို အပ်ထားခဲ့သော သူ၏ဓားရှည်ကို မြေ
ပေါ်ဝယ် ချထားလျက်သားတွေ့ရ၏။

ထိုနေရာ အနီးတဝိုက်တွင် ရုန်းရင်းဆန်ခတ်ဖြစ်သည့်
ရာလက်ရာကိုလည်း မတွေ့မမြင်ရ။

ဝမ်ကျက်သည် မြေကြီးပေါ်မှဓားရှည်ကို ကောက်ယူ
နောက် ကျွန်းပေါ်သို့ ပြေးလွှားလိုက်လံရှာဖွေသည်။

ငွေပန်းဖြူ၏ အရိပ်အယောင်ကိုပင် မမြင်ရ။ အခြားလူ
အရိပ်အယောင်လည်း မတွေ့ရပေ။

မိစ္ဆာလေပွေကျွန်းမှာ လူမဲ့ကျွန်းတစ်ကျွန်းလို ဖြစ်နေသည်

ဝမ်ကျက်မှာ စိတ်ဓာတ် အလွယ်တကူကျတတ်သူ မဟုတ်

ဇွဲမလျှော့ဘဲ ကျွန်းပေါ်တွင် အထပ်ထပ်အဖန်ဖန် လိုက်
ရှာဖွေသည်။



ဤသို့ပြေးလွှားယင်း ငွေပန်းဖြူ၏အမည်ကိုလည်း တ
ကြော်ကြော် ခေါ်သည်။

နေ့လယ် မွန်းတည့်ချိန်သို့ပင် ရောက်လာလေသည်။

ဝမ်ကျက်မှာ တစ်မနက်ခင်းလုံး ပြေးလွှားလှုပ်ရှားရှာဖွေ
ရသည့်အတွက် အတော်ပင် မောဟိုက်ပန်းနယ်နေပေပြီ။ ဗိုက်ထဲ
င်လည်း ဆာလောင်၍လာသည်။

ထို့ကြောင့် ဝမ်ကျက်သည် ကျောက်တုံးတစ်ခုပေါ်ဝယ်
ိုင်ကာ အနားယူအပန်းဖြေယင်း ရှေ့ဆက် မည်သို့လုပ်ဆောင်ရ
ည်ကို စဉ်းစားအကြံထုတ်နေမိသည်။

လေ့သမားအဘိုးအိုနှင့် ငွေပန်းဖြူတို့မှာ ယခုအခါတွင်
စ်တုရင်ကစားသော အဘွားကြီးနှင့် ယောကျ်ားကြီးတို့လက်ဝယ်
ရာက်နေပြီဖြစ်ကြောင်း သေချာသလောက်ပင်။

သူတို့တတွေသည် ဤကျွန်းပေါ်တွင်သာ ရှိနေနိုင်၏။

ကျွန်းပေါ်အနှံ့လိုက်ရှာ၍ လူရိပ်လူယောင်မတွေ့ရသည်
ရာ မြေအောက် လှိုဏ်ဂူခန်းတွင် ရှိကောင်းရှိနေမည်ဟုလည်း
တွေးဆမိသည်။

ထိုမြေအောက်လှိုဏ်ဂူခန်းသို့ ဝင်ထွက်ရာလမ်းကြောင်း
သာတွေ့ရလျှင် ထိုသူများရှိရာသို့ အရောက်သွားနိုင်ပေမည်။

သို့ရာတွင်...

အဘွားကြီးနှင့် ယောကျ်ားကြီးတို့မှာ စစ်တုရင်ပညာတွင်
လွန်ထူးချွန်သလို သိုင်းပညာလည်း အဆင့်မြင့်သည်။ သူတို့ထံဝယ်

အဆင့်မြင့်သိုင်းသမားများသည်း အများအပြားပင် ရှိနိုင်သည်။

ဤသူများကို မိမိတစ်ယောက်တည်း ရင်ဆိုင်အနိုင်ယူနိုင်မည်မဟုတ်။

လျှို့ဝှက်ခန်းများကို တွေ့အောင်ရှာနိုင်သည့်တိုင် ငွေပန်းဖြူအား ကယ်တင်နိုင်ရန်မှာ ခက်လှသည်မို့ ဝမ်ကျက် အခက်တွေ့နေရသည်။

"လှေသမားအဘိုးအိုနဲ့ ငွေပန်းဖြူတို့က ငါနဲ့အတူတူလာကြပြီး ငါ့မျက်စိရှေ့မှာတင် ပျောက်ဆုံး အဖမ်းခံသွားကြရတယ်၊ ငါ့အသက် သေကာမှသေရော၊ သူတို့ကို လွတ်မြောက်အောင် ကယ်တင်ရမယ်"

နောက်ဆုံး ဝမ်ကျက်၏စိတ်ထဲဝယ် ဤသို့ မှတ်ချက်ချလိုက်သည်။

ထိုသို့ ဆုံးဖြတ်လိုက်ပြီးနောက် ဝမ်ကျက်သည် လှေရှိရာသို့ ပြန်လာခဲ့၏။

လှေပေါ်သို့ရောက်သောအခါ လှေဝမ်းထဲရှိနေသော စားသောက်ဖွယ်ရာများကို စားသောက်ကာ ဝမ်းဖြည့်လိုက်၏။

အစားဝင်သွားပြီမို့ အားအင် အတော်ပင်ပြည့်လာခဲ့သည်။

ထို့ကြောင့် ကျွန်းပေါ်သို့ တက်၍ ပြန်လည်ရှာဖွေရန် စိတ်ဆုံးဖြတ်၍ လှေဝမ်းထဲမှခုန်ထွက်လာခဲ့ရာ အပြင်သို့ရောက်သည်နှင့် ဝမ်ကျက် မျက်လုံးပြူးသွားခဲ့၏။

မည်သည့်အချိန်က မည်သို့ရောက်နေသည်မသိ။ လှေဦး



ပိုင်းဝယ် လူတစ်ယောက် ထိုင်နေသည်ကို ဝမ်ကျက်တွေ့လိုက်ရသည်။

* * *

လှေဦးပိုင်းဝယ် လူတစ်ယောက် ထိုင်နေသည်။

အဖြူရောင်ဝတ်စုံ ဝတ်ထားသည်။ အသက်(၄၀) အရွယ်ခန့်ရှိမည်ထင်ရ၏။

ထူးဆန်းသော စစ်တုရင်ထိုးပွဲတွင် အဘွားကြီးနှင့်ပြိုင်ကာထိုးခဲ့သော ယောကျ်ားကြီးပင်ဖြစ်သည်။

ယောကျ်ားကြီး၏ကိုယ်ပေါ်တွင် ရေတစ်စက်မျှမစို။ မည်သို့မည်ပုံ ရေပြင်ကိုဖြတ်ကျော်ကာ လှေပေါ်တက်လာသည်မသိ။

ယောကျ်ားကြီးရှေ့ဝယ် စစ်တုရင်ခုံနှင့် စစ်တုရင်ခုံပေါ်ဝယ် အနီရောင်နှင့်အနက်ရောင် စစ်တုရင်ရုပ်များ အသင့်စီပြီးဖြစ်သည်။

"ဝမ်ကျက် မင်းနဲ့ကျုပ် စစ်တုရင်ထိုးကြရအောင်"

လှေဝမ်းထဲမှ ထွက်လာသော ဝမ်ကျက်ကို ကြည့်ပြီး ယောကျ်ားကြီးကပြောသည်။

ဝမ်ကျက် ငေးကြောင်သွားရ၏။

ရုတ်တရက် စကားပင်မဆိုနိုင်။

ထိုအချိန်တွင် ဝမ်ကျက်၏ရင်မှာ တဒိန်းဒိန်းနှင့် ခုန်နေ၏။ ပါးစပ်မှ သွေးများပင် အန်ထွက်လုမတတ် လှုပ်ရှားနေရသည်။

ဝမ်ကျက်မှာ ရန်သူပေါင်းစုံကို ရင်ဆိုင်တိုက်ခိုက်ခဲ့ဖူးသည်။

တိုက်ပွဲမျိုးစုံ တွေ့ကြုံခဲ့ဖူး၏။

သည်နေ့ သည်အချိန်လောက် တုန်လှုပ်ချောက်ချားခြင်းမျိုး တစ်ခါမျှ မဖြစ်ဖူးခဲ့။

သည်နေ့ သည်အချိန်တွင်မူ ဝမ်ကျက်မှာ ယောက်ျားကြီး ရှေ့ဝယ် ကစားစရာအရုပ်ကလေးတစ်ခုသဖွယ် ဖြစ်၍နေသည်။

ဘာကြောင့် ဤသို့ဖြစ်ရမှန်း ဝမ်ကျက်မသိ။

ယခုလို ဖြစ်နေရသည့်အတွက် ဝမ်ကျက်မှာ မိမိကိုယ်မိမိ မကျေမနပ်ပင် ဖြစ်နေမိ၏။

အချိန်အတန်ကြာမှ ဝမ်ကျက်သည် စိတ်ကိုတည်ငြိမ်အောင် ထိန်းလိုက်နိုင်သည်။

စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်နိုင်ပြီးနောက် ဝမ်ကျက် သည် ရှေ့သို့လျှောက်လှမ်းသွားကာ ထိုသူရှေ့ဝယ် ထိုင်ချလိုက်၏။

"ကဲ မင်းအလျင်စရွေ့ပါ"

ယောက်ျားကြီးက ပြော၏။

"မတတ်ဘူး"

ဝမ်ကျက်က အသံမတုန်အောင် ကြိုးစားထိန်း ပြန်ပြော လိုက်၏။

"ဘာလဲ မင်းက ကျုပ်နဲ့စစ်တုရင် ယှဉ်မကစားချင်လို့ လား"

"ဒီလိုလည်း မဟုတ်ပါဘူး"

"ဒါဖြင့် မင်းဟာက ဘယ်လိုသဘောလဲ"

"ကျွန်တော်တို့ စစ်တုရင်ထိုးဖို့က အကြောင်းမဟုတ်ပါဘူး



အကြောင်းစုံရှင်းပြပြီးမှ စစ်တုရင်ထိုးလည်း ရပါတယ်"

"မင်းက ဘာကိုသိချင်တာလဲ"

"ခင်ဗျားရဲ့နာမည်ကို ပထမဆုံး သိချင်တယ်"

"ကျုပ်နာမည် စစ်တုရင်ဧကရာဇ်"

"ခင်ဗျားနာမည်ရင်းကို ပြောပါ"

"ကျုပ်ရဲ့ နာမည်အရင်းကို သိဖို့မလိုပါဘူး"

"ခင်ဗျားက ကျွန်တော်မေးတာကို ကောင်းကောင်းမဖြေ ဘူးဆိုယင်၊ ခင်ဗျားနဲ့ကျွန်တော် စကားပြောဖို့ မဖြစ်တော့ဘူး"

"ကျုပ်က မင်းနဲ့စကားပြောဖို့ လာတာမဟုတ်ဘူး၊ စစ်တု ရင်ထိုးဖို့လာတာ"

"ကျွန်တော်ကလည်း ဒီကျွန်းကိုလာတာ စစ်တုရင်ထိုးဖို့ မဟုတ်ဘူး၊ လူကယ်ရအောင် လာခဲ့တာပဲ"

"အေး လူကယ်ချင်တယ်ဆိုယင် ကျုပ်နဲ့စစ်တုရင်ထိုးမှဖြစ် မယ်"

"ခင်ဗျားကို စစ်တုရင်နိုင်အောင် ကစားနိုင်ယင် အဖမ်းခံ ထားရတဲ့လူတွေကို လွှတ်ပေးမယ့်သဘောလား"

"အေး ဟုတ်တယ်"

"ဒီနည်းအပြင် တခြားနည်းမရှိတော့ဘူးလား"

"နည်းလမ်းတစ်ခုတော့ ရှိပါသေးတယ်"

စစ်တုရင်ဧကရာဇ်ဆိုသူက ဤသို့ပြောပြီး ညာလက်ကို မြောက်ကာ လက်ညှိုးကို လက်ခလယ်ဖြင့် ထောက်၍ ကွေးလိုက်ပြီး

တစ်ချက် ဆန့်ထုတ်တောက်ပစ်လိုက်၏။

"ဖုတ်"

ခပ်သဲ့သဲ့အသံ တစ်ချက်မြည်ကာ လေ့ရွက်တွင် အပေါ
တစ်ခုဖြစ်သွား၏။

"မင်းကိုယ်မင်း နိုင်မယ်ထင်ယင် ကျုပ်နဲ့သိုင်းပညာ
ရင်ဆိုင်တိုက်ခိုက်ပေ့ါ"

လက်တောက်သိုင်းပညာစွမ်းကို ပြပြီးနောက် စစ်တု
ကေရာဇ်က လေသံအေးအေးဖြင့် ပြောလိုက်၏။

ဝမ်ကျက် အတော်ဖြုံသွားသည်။

လက်တောက်သိုင်းပညာနှင့် ပတ်သက်၍ အမျိုးမျိုးကြ
ဖူးသည်။

သို့သော် ဤမျှလောက် အဆင့်မြင့်စွာ အစွမ်းထက်သေ
လက်တောက်သိုင်းပညာစွမ်းကိုမူ ဝမ်ကျက် တစ်ကြိမ်တစ်ခါမျှ မမြ
ဖူးသေးပေ။

"လက်တောက်သိုင်းပညာနဲ့ ပတ်သက်ပြီး ကျွန်တော့်အဘ
ပြောပြလို့ ကျွန်တော် ကြားဖူးထားပါတယ်။ ဒါပေမယ့် ဒီလော
အဆင့်မြင့်ပြီး စွမ်းရည်ထက်မြက်တဲ့ လက်တောက်သိုင်းပညာမျိ
ရှိမယ်လို့ ကျွန်တော် မထင်မိခဲ့ဘူး"

"မင်းအဘိုးရယ် ယိပေါက်ကျင့်ရယ်၊ ချိုယွဲ့ထိုင်ရယ်တို့ဟ
ထိပ်သီးသိုင်းသမားကြီးတွေလို့ လူပြောများနေကြပါတယ်၊ ဒါ
မယ့် ကျုပ်စိတ်ထဲမှာတော့ သူတို့ကို သူငယ်နှပ်စားတွေလို့ပဲ မြ



တယ်၊ ကျုပ်ရဲ့အသက် ခြောက်ဆယ်မြောက်တဲ့နေ့တုန်းက မင်း
ရဲ့အဖိုးဟာ သိုင်းပညာ စတင်သင်ကြားစပဲရှိပါသေးတယ်"

ဤစကားကို ကြားရသည့် ဝမ်ကျက် အတော်အံ့ဩသွား
သည်။

"ဟင် ဒါဆို ခင်ဗျားရဲ့အသက်က တစ်ရာ့နှစ်ဆယ်လောက်
ရှိပြီပေ့ါ၊ ဒါပေမယ့် ခင်ဗျားကိုကြည့်ရတာ အသက်လေးဆယ်.."

"ဒါတွေ ပြောမနေပါနဲ့ အကျိုးမရှိပါဘူး၊ ကဲ ကျုပ်နဲ့စစ်တု
ရင်ပြိုင်ထိုးမလား၊ သိုင်းပညာယှဉ်ပြိုင်မလွှားဆိုတာပဲ ဆုံးဖြတ်ပါ"

ဝမ်ကျက်၏ စိတ်ထဲတွင် အတော်ပင် အံ့ဩနေမိသည်။

စစ်တုရင်ကေရာဇ်၏ ပြောစကားအရဆိုလျှင် အသက် တစ်
ရာ့နှစ်ဆယ်နီးပါးရှိနေပြီဖြစ်သည်။

သို့သော် သူ၏ရုပ်ရည်သွင်ပြင်ကတော့ အသက်(၄၀) ခန့်
လောက်သာထင်ရ၏။

သိုင်းပညာစွမ်းရည် မြင့်မားသူများသည် အရွယ်တင်ကာ
နုပျိုနေသော ကျင့်စဉ်တစ်မျိုးကို ကျင့်နိုင်ကြသည်ဟူ၍ ဝမ်ကျက်
ကြားဖူးထားသည်။

သို့သော် ဤမျှလောက် အရွယ်တင်ကာ နုပျိုအောင် လုပ်
နိုင်လိမ့်မည်ဟူ၍ကား ဝမ်ကျက်မထင်ခဲ့ပါ။

စစ်တုရင်ကေရာဇ်၏စကားကို ဝမ်ကျက်အနေဖြင့် လက်မခံ
မယုံကြည်နိုင်အောင် ဖြစ်နေရသည်။

"ကဲ ကျုပ်မေးတာကို ဖြေအုံးလေ၊ ဘယ်လိုနည်းလမ်းမျိုးနဲ့

ယှဉ်ပြိုင်ချင်သလဲ"

စစ်တုရင်ဓကရာဇ်က ထပ်မံမေးလိုက်ပြန်သည်။

"စစ်တုရင်ပဲပြိုင်ရမှာပေါ့၊ ဒါပေမယ့် စစ်တုရင်မထိုးခင်
တစ်ခု မေးစရာရှိတယ်"

"ဒီကျွန်းအကြောင်း မေးမလို့လား၊ ဒီကျွန်းပေါ်မှာကျုပ်
ရယ်၊ စစ်တုရင်ဓကရာဇ်ရယ် နှစ်ယောက်ပဲရှိတယ်၊ အခြားလူတွေ
ဒီကျွန်းပေါ်လာတာကို ကျုပ်တို့က လက်မခံဘူး၊ အကြောင်း
ကြောင်းကြောင့် ဒီကျွန်းပေါ်ကို ရောက်လာတဲ့လူတွေ ရှိနေယင်
လည်း သူတို့အတွက် ရွေးစရာလမ်းနှစ်ခုပဲရှိတယ်၊ တစ်ခုက စစ်တု
ရင်ရုပ်အဖြစ် အသုံးခံဖို့၊ နောက်တစ်ခုက ငရဲပြည်ကိုသွားဖို့ပဲ"

"ငွေပန်းဖြူနဲ့ ငွေပန်းနက်တို့ဟာ ခင်ဗျားလက်ထဲမှာ ရှိနေ
သလား"

"မရှိဘူး၊ စစ်တုရင်ကေရီလက်ထဲမှာရှိနေတယ်၊ ဒါပေမယ့်
သူတို့ရဲ့လွတ်မြောက်ရေးအတွက် ကျုပ်က ပြောဆိုနိုင်ပါတယ်"

"ဒီကျွန်းပေါ်ရောက်လာတဲ့လူတွေ လမ်းနှစ်သွယ်ပဲရှိတယ်
ဆိုပြီး ကျွန်တော့်ကိုကျတော့ ဘာကြောင့် စစ်တုရင်ထိုးခွင့်ပေးနေတာ
လဲ"

"လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက မင်းရဲ့အဘိုးက ကျုပ်ကို အ
ကူအညီတစ်ခုပေးခဲ့ဖူးတယ်၊ အဲဒီကျေးဇူးကိုထောက်ထားပြီး မင်းကို
အထူးအခွင့်အရေးပေးတာပါ"

"ကျွန်တော့်အဘိုးက ခင်ဗျားကို ဘာတွေများ အကူအညီ
...းခဲ့လို့လဲ"

"သူက ကျုပ်ကို ကူညီခဲ့တာဆိုပေမယ့် အဲဒီလိုကူညီခဲ့တဲ့
...ကြောင်းကို မင်းရဲ့အဘိုးကိုယ်တိုင်မသိပါဘူး၊ ဒီတော့ ကျုပ်အနေနဲ့
...တ်ဖော်ပြောဖို့လိုမယ် မထင်ဘူး"

"လူတွေအမျိုးမျိုးပြောဆိုနေကြတဲ့ လိပ်ပြာကန်သခ...
...ခင်ဗျားပဲလား"

"မင်းမေးတာတွေ သိပ်များလွန်းနေပြီ၊ ကဲ စစ်...င်ဓကရာဇ်
...ို့"

"စစ်တုရင်တစ်ပွဲတည်းနဲ့ ခင်ဗျားဖမ်းထားတဲ့လူ...ရောက်ပြန်
...က်ကြမ္မာကို အဆုံးအဖြတ်ပေးတာကတော့ မသင့်လျော်...

"မင်းအတွေးမှားနေပြီ၊ ဖမ်းထားတဲ့လူသုံးယောက်အ...ရအုံး
...ကြမ္မာကို ကျုပ်ဆုံးဖြတ်ပြီးပါပြီ၊ အခု မင်းနဲ့စစ်တုရင်လာထိုး...ပြီး
... မင်းအဘိုးရဲ့ပြုဖူးတဲ့ ကျေးဇူးကိုထောက်ထားပြီး မင်းကို အသက...
...နိုင်ဖို့ အခွင့်အလမ်းတစ်ခု လာပေးတာပဲ"

"စစ်တုရင်ပွဲမှာ ကျွန်တော်ရှုံးတယ်ဆိုယင်"

"မင်း ဒီကျွန်းက ချက်ချင်းထွက်သွားပါ"

မိမိအနေဖြင့် စစ်တုရင်ဓကရာဇ်နှင့် စစ်တုရင်ကစားမှုဖြစ်
...တော့မည်ဟု ဝမ်ကျက်နားလည်လိုက်၏။

သို့မှသာ သူ့အနေဖြင့် ဤမိစ္ဆာလေပွေကျွန်းမှ လွတ်
...မြောက်နိုင်ပြီး ငွေပန်းဖြူတို့အား ကယ်တင်ရန်လည်း အခွင့်အလမ်း
...နိုင်မည်။

"ကောင်းပါပြီ၊ ခင်ဗျားနဲ့ စစ်တုရင်ဓာစားပါတော့မယ်၊

ပေမယ့် ကျွန်တော့်ရဲ့ စစ်တုရင်ပညာက ခင်ဗျားနဲ့စာယင် အများ

နိမ့်ကျပါတယ်၊ ဒီတော့ ခင်ဗျားက ကျွန်တော့်ကို တစ်ကောင်

တစ်ခုသာပေးမှဖြစ်မယ်"

စစ်တုရင်ဧကရာဇ်သည် ခေတ္တမျှတွေဝေစဉ်းစားနေသ

ရယ်၊ စစ် ထို့နောက် သူ၏အနီရောင်ရထားကို ဖယ်ရှားပေးလိုက်

ဒီကျွန်းပေါ် ကျုပ်က ရထားတစ်စီး ဖယ်ပေးထားရတာဆိုတော့ ကျ

ကြောင်းကြော ်မယ်"

လည်း သူတို့ ထားဖယ်လိုက်ပြီးနောက် စစ်တုရင်ဧကရာဇ်ကပြော

ရင်ရှပ်အ ဝမ်ကျက်က သဘောဟူကြောင်း ခေါင်းညိတ်ပြလိုက်သ

စစ်တုရင်ပွဲ စလေပြီ။

ပွဲစပြီး ရှစ်ကွက်ခန့်ရွှေ့ပြီးသည်နှင့် ဝမ်ကျက်က မြင်းချင်း

သလ

ပိုက်သည်။

ထို့နောက် ဆက်လက်၍ အမြောက်ချင်းလဲလိုက်ပြန်သ

ဝမ်ကျက်၏စိတ်ထဲဝယ် တစ်ကောင်တစ်ကောင်ချင်း

သည့်နည်းပရိယာယ်ကိုသုံးရန် ဆုံးဖြတ်ထား၏။

စစ်တုရင်ဧကရာဇ်က ရထားတစ်စီးကို ဖယ်ဖြုတ်ပေးထ

သည်ဖြစ်ရာ တစ်ကောင်ချင်းလဲသွားပြီး နောက်ဆုံး မိမိဘက်တွ

ရထားတစ်စီး အသာရလိုက်မည်ဟု ဝမ်ကျက်က တွက်ဆထား၏

သို့ရာတွင်...

စစ်တုရင်ဧကရာဇ်မှာ စစ်တုရင်ထိုးရာတွင် အံ့မခ



ဘက်အောင် တော်လှသည်။

ဝမ်ကျက်အဖို့ ဘယ်လိုမှဉာဏ်မမီ။

မကြာမီမှာပင် ဝမ်ကျက် ခံစစ်ဖြစ်လာသည်။

ညှပ်ပူးညှပ်ပိတ် ထိုးစစ်ဆင်ခြင်းခံရသည်။

ထို့နောက်...

ဝမ်ကျက် အရှုံးပေးလိုက်ရတော့သည်။

စစ်တုရင်ပွဲ လက်စသတ်ပြီးသောအခါ စစ်တုရာင်ဧကရာဇ်

ပြော၏။

"ကဲ မင်းရှုံးသွားပြီ၊ ဒီလှေနဲ့ပဲ ကမ်းစပ်ကို အရောက်ပြန်

ားပေတော့"

"ကျွန်တော် စစ်တုရင်ပညာဆက်ပြီး လေ့လာသင်ယူရအုံး

ယ်၊ တစ်နေ့နေ့ ခင်ဗျားကို အနိုင်ရလာနိုင်မယ့်အချိန်မှာ ထပ်ပြီး

ခေါ်ချင်သေးတယ်၊ ခင်ဗျား လက်ခံမလား"

ဝမ်ကျက်က ပြော၏။

"လာပါ၊မင်းစိန်ခေါ်မှာကို ကျုပ်လက်ခံပါတယ်၊ ဒါပေမယ့်

ဒီအခါကျယင် ကျုပ်က မင်းကို တစ်ကောင်အသာပေးနိုင်တော့မှာ

ဟုတ်ဘူး၊ ပြီးတော့ မင်းရှုံးသွားယင် ကျုပ်ရဲ့စစ်တုရင်ရုပ်လုပ်ရ

ယ်"

"ကျွန်တော် မသွားခင် သိချင်တာလေးတွေ မေးနိုင်မလား"

"မေးတာတော့ မေးနိုင်ပါတယ်၊ ဒါပေမယ့် ကျုပ်ဖြေချင်မှ

ဖြစ်မယ်"

"ခင်ဗျားတို့ ဘာကြောင့် လူတွေကို စစ်တုရင်ရုပ်အဖြ
လှုပ်ရှားကစားနေရတာလဲ၊ ဘာကြောင့် အသက်အန္တရာယ်ကို
လေးမထားဘဲ စစ်တုရင်ရုပ်လုပ်ပေးနေရတာလဲ"

"ဒီအကြောင်းကို ကျုပ်မဖြေနိုင်ဘူး၊ ဒါပေမယ့် အဖြေပေ
နိုင်မယ့်လူတစ်ယောက်တော့ လမ်းညွှန်ပေးလိုက်မယ်၊ ဓားမော
ဂေဟာခေါင်းဆောင် ကျောက်ချိုးကိုသွားမေးပါ၊ ဒီအကြောင်း
သူကောင်းကောင်းသိပါတယ်"

ဤသို့ပြောပြီးနောက် စစ်တုရင်ဇကရာဇ်သည် ထိုင်နေရာ
ထကာ လျင်မြန်စွာ လှုပ်ရှားပြေးသွားပြီး ကျွန်းပေါ်သို့တက်သွား၏

သူ၏လှုပ်ရှားပုံမှာ အလွန်မြန်ဆန်သွက်လက်လှသည်ဖြ
ရာ ရေထဲမှဖြတ်လျှောက်သည်ဟု မထင်ရ။

ရေပေါ်ဝယ် ရုပ်တိုက်ကာ ပြေးလွှားသွားသည်ဟုပင် ထ
မှတ်ရ၏။

ဝမ်ကျက်လည်း လှေကို ကမ်းစပ်ဘက်သို့ ဦးတည်က
လှော်ခတ်လာခဲ့၏။

ဝမ်ကျက်မှာ လှေကိုကောင်းစွာ လှော်ခတ်တတ်သူမဟုတ်

သို့သော် အရေးကြုံနေပြီမို့ တတ်သမျှမှတ်သမျှဖြင့် ကြိ
စားလှော်ခတ်လာရာ နောက်ဆုံးတွင် သူတို့စထွက်လာခဲ့သည့် လိပ်
ပြာကန်ကမ်းစပ်သို့ ရောက်ရှိလာခဲ့သည်။

လှေပိုင်ရှင်ထံ လှေအပ်နှံကာ လှေသမားအဘိုးအို ထူးဆန်း
စွာပျောက်ဆုံးသွားပုံများကို ပြောလိုက်၏။



ထို့နောက် လှေသမားအဘိုးအို၏ မိသားစုအတွက် ငွေအ
ပြ တစ်ရာပေးခဲ့ပြီး ဘာဆက်လုပ်ရမည်ဆိုခြင်းကို ဝမ်ကျက်
ဦးစားလိုက်၏။

ကျောက်ချိုးထံသို့ သွားရောက်တွေ့ဆုံရန် သင့်သည်ဟု
ဦးစားလိုက်မိ၏။

ကျောက်ချိုးထံသွားပြီး လိပ်ပြာကန်နှင့် ခရီးအနီးဆုံးဖြစ်
သည့် ရွှေနဂါးရဲတိုက်သို့ အလျင်သွားရန် ဆုံးဖြတ်လိုက်တော့သည်။

* * *

ရွှေနဂါးရဲတိုက်သို့ ဝမ်ကျက် ထွက်လာခဲ့၏။

ရွှေနဂါးရဲတိုက်ကို လှမ်းမြင်သောနေရာသို့အရောက်ဝယ် မျက်နှာချင်းဆိုင်မှ မြင်းစီးသမား(၇) ဦး မြင်းများကို ဒုန်းစိုင်းနှင်လာ သည်ကို ဝမ်ကျက်မြင်လိုက်ရ၏။

မြင်းစီးသမားများကို ဦးဆောင်လာသူမှာ ချိုယွဲ့ထိုင်ကိုယ် တိုင်ဖြစ်၏။

ချိုယွဲ့ထိုင်၏နောက်တွင် ပါလာသူ(၆) ဦးမှာ ရွှေနဂါးသိုင်း သမား(၇) ဖော်မှ ခြောက်ယောက်ဖြစ်၏။

ဝေရီမူ ပါရှိမလာ။ ဒဏ်ရာကုသနေဟန် ရှိသည်။

ဝမ်ကျက်က မြင်းကိုဇက်သတ်ကာ ရပ်လိုက်၏။

ချိုယွဲ့ထိုင်တို့လူစုလည်း မြင်းများကို ဇက်သတ်ကာ ရပ် လိုက်ကြ၏။

"မင်းက ကျုပ်တို့ဆီကို ကတိအတိုင်းလာခဲ့တာလား"

ချိုယွဲ့ထိုင်က ဝမ်ကျက်ကို စိုက်ကြည့်ပြီးမေးလိုက်၏။

"ဟုတ်ပါတယ်"

ဝမ်ကျက်က ပြန်ဖြေလိုက်သည်။

"တိုမိန်းကလေးကိုကော ဘာကြောင့် ပြန်ခေါ်မလာတာ လဲ"

"အဲဒီမိန်းကလေးက ယိစုကြည်မဟုတ်ပါဘူး၊ ငွေပန်းဖြူ ကုန်းစွန်းဂူရဲ့တပည့်ဖြစ်ပါတယ်"

"ကုန်းစွန်းဂူဆိုတဲ့ နာမည်ကို ကျုပ်မကြားဖူးပါဘူး၊ ဘယ်



လိုပဲဖြစ်ဖြစ် အဲဒီမိန်းကလေးကို ကျုပ်တွေ့ချင်တယ်"

"ဆရာကြီး သူ့ကိုတွေ့ဖို့ သိပ်မလွယ်ပါဘူး၊ဘာကြောင့် လဲဆိုတော့ သူ့ကို လိပ်ပြာကန်သခင်က ဖမ်းဆီးခေါ်သွားပါပြီ"

"လိပ်ပြာကန်သခင် ဟုတ်လား၊ သူက တကယ်ရှိလို့လား"

ချိုယွဲ့ထိုင်က မျက်မှောင်ကြုတ်ပြီး အံ့သြဟန်ဖြင့် မေးလိုက် ၏။

"အဲဒါကိုတော့ ကျွန်တော်လည်း အမှန်မပြောနိုင်ဘူး၊ ဒါ ပေမယ့် သူ့ကို လိပ်ပြာကန်သခင်လို့ပြောနိုင်တဲ့ အခြေအနေမျိုး တော့ ရှိနေတယ်"

ဝမ်ကျက်က ဤသို့အစချီပြီး မိမိ မိစ္ဆာလေပွေကျွန်းသို့ ရောက်ရှိသွားပြီး တွေ့ကြုံဖြစ်ပျက်ခဲ့ပုံများကို ပြောပြလိုက်၏။

ဝမ်ကျက်ပြောသည်များကို နားထောင်ယင်း ချိုယွဲ့ထိုင်မှာ မျက်စိမျက်နှာပျက်၍ ပျက်၍လာသည်။

ဝမ်ကျက် အကြောင်းစုံ ပြောပြီးသောအခါတွင်မူ ချိုယွဲ့ ထိုင်၏မျက်နှာပေါ်တွင် သွေးရောင်ပင်မရှိတော့ပေ။

"မဖြစ်နိုင်ဘူး...မဖြစ်နိုင်ဘူး"

ဝမ်ကျက်ပြောသည်များကို နားထောင်ပြီးနောက် ချိုယွဲ့ ထိုင်က ရေရွတ်လိုက်၏။

"ဘာ မဖြစ်နိုင်တာလဲ"

ဝမ်ကျက် ပြန်မေးသည်။

"ကဲ နောက်ပြန်လှည့်ကြ၊ အားလုံး ရဲတိုက်ကိုပြန်ကြမယ်"

ချိုယွဲ့ထိုင်က ဝမ်ကျက်၏အမေးကို မဖြေ။

သူ့လူများကိုသာ အမိန့်ပေးလိုက်၏။

သူ့လူများကလည်း အမိန့်ကိုနာခံကာ မြင်းများကို နောက်ကြောင်းပြန်လှည့်လိုက်၏။

"ဆရာကြီး ခဏနေပါအုံး၊ မိစ္ဆာလေပွေကျွန်းမှာ အဖမ်းခံနေကြရတဲ့ ငွေပန်းဖြူတို့ ညီအစ်မနဲ့ လေ့သမားအဘိုးအိုတို့ လွတ်မြောက်ဖို့ ကူညီ"

ဝမ်ကျက်က ကမန်းကတန်း လှမ်းပြော၏။

"မင်းပြောတဲ့ စစ်တုရင်ကေရာဖ်နဲ့ ကေရီတို့အကြောင်း ကျုပ်မသိဘူး၊ ပြီးတော့ မင်းကို ကူညီပေးနိုင်တဲ့ အင်အားလည်းမရှိဘူး၊ ဒါကြောင့် တောင်းပန်ပါတယ်"

ဝမ်ကျက်၏ စကားမဆုံးမီမှာပင် ချိုယွဲ့ထိုင်က ပြောလိုက်၏။

ထို့နောက် လက်တစ်ဘက်ကို မြှောက်ပြကာ မြင်းကိုဒုန်းစိုင်းစီးထွက်သွားကြ၏။

သူ့အသွင်မှာ အသက်ဘေးမှလုကာ အတင်းထွက်ပြေးသွားသည့်သဘောပင်။

သူ့လူများကလည်း မြင်းများကို ဒုန်းစိုင်းနှင်ကာ ချိုယွဲ့ထိုင်၏နောက်သို့ လိုက်သွားကြ၏။

ဝမ်ကျက်မှာ အလွန်အံ့ဩကာ ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့၏။



စစ်တုရင်ကေရာဖ်နှင့် ကေရီတို့ကို ချိုယွဲ့ထိုင်အနေဖြင့် မည်ဟု ဝမ်ကျက် အကဲခတ်လိုက်မိ၏။

သို့သော် ချိုယွဲ့ထိုင်က ဘူးခံကာ အတင်းထွက်ပြေးသွားည့်အတွက် ဝမ်ကျက်မှာ အတော်ပင် အံ့ဩနေမိ၏။

ရွှေနဂါးရဲတိုက်ခေါင်းဆောင် ချိုယွဲ့ထိုင်မှာ သိုင်းလောက၏ င်ရှားကျော်ကြားလှသော သိုင်းသမားကြီးတစ်ယောက်ဖြစ်သည်။

ဤသိက္ခာကိုပင် မထိန်းနိုင်ဘဲ ချိုယွဲ့ထိုင် တစ်ယောက် ခြေပျက်လောက်အောင် ထွက်ပြေးသွားခဲ့သည်မှာ အတော်အံ့ဩ ကောင်း၏။

ရွှေနဂါးရဲတိုက်သို့ သွားလျှင်လည်း အကျိုးရှိနိုင်မည် တ်တော့ပြီမို့ ဝမ်ကျက်သည် ဓားမောက်ဂေဟာဘက်သို့ ခြေဦးည့်လိုက်သည်။

* * *

ဓားမောက်ဂေဟာသို့ ဝမ်ကျက်ရောက်ရှိလာခဲ့သည်။

ဓားမောက်ဂေဟာခေါင်းဆောင် ကျောက်ချုံးက ကျက်ကို ဧည့်ခန်းဆောင်တွင် လက်ခံတွေ့ဆုံသည်။

"မင်းအဘိုး နေထိုင်ကောင်းရဲ့လား"

အပြန်အလှန် ဂါရဝပြုစကားဆိုပြီးနောက် ကျောက်ချုံး ဝမ်ကျက်ကိုမေး၏။

"ဘိုးဘိုး နေကောင်းပါတယ်၊ ဘိုးဘိုးက အသက်ကြီး တော့ အပြင်သိပ်မထွက်တော့ဘူး၊ အိမ်မှာပဲ အနေများတယ်"

ဝမ်ကျက်က ပြန်ဖြေ၏။

"မဖိတ်မခေါ် အကြောင်းလည်း ကြိုတင်မကြားဘဲ ကျ ဆီကို ရောက်လာတာ ဘာအကြောင်းကိစ္စရှိလို့လဲ"

"ဆရာကြီးရဲ့သား ကျောက်နန်စင်သေဆုံးခဲ့ရတဲ့ အမှုနဲ့ သက်ပြီး စုံစမ်းမေးမြန်းရအောင် လာခဲ့တာပါ"

"မင်းစကားက တယ်ဆန်းပါလား၊ ကျောက်နန်စင်ကို ယိ ကြည်က သတ်သွားတာ မဟုတ်လား၊ ဘာများထွေထွေထူးထူး စမ်းစရာလိုသေးလို့လဲ"

"ဆရာကြီးသားကို သတ်တဲ့လူဟာ ယိစုကြည်မဟုတ် ဘူး"

"မင်းက ဘာကြောင့် ဒီလိုပြောနိုင်တာလဲ"

ဤတွင် ဝမ်ကျက်က ယိစုကြည် မိမိ... အကျအ တောင်းပုံအကြောင်းနှင့် ပြောပြလိုက်သည်။



"ယိစုကြည်ပြောတာကို မင်းယုံသလား"

ဝမ်ကျက်ပြောသည်များကို နားထောင်ပြီး ကျောက်ချုံးက သည်။

"ယိစုကြည်က ချိုရှန်းကို သတ်ခဲ့တယ်ဆိုတာကို ဝန်ခံတယ် တောင် ဝန်ခံရဲမှတော့ ကျောက်နန်စင်ကို သူတကယ်သတ်တယ် ယင် ဝန်မခံရဲစရာအကြောင်း မရှိပါဘူး"

"ဒီလို တွေးဆချက်လောက်နဲ့ ယိစုကြည်က ကျောက်နန် ကို မသတ်ဘူးလို့ ပြောနိုင်သလား"

"ဟုတ်ကဲ့ မသတ်ဘူးလို့ မပြောနိုင်ပါဘူး၊ ဒါကြောင့်လဲ နတော်က လိုက်လံစုံစမ်းမေးမြန်းနေတာပေါ့"

"ယိပေါက်ကျင့်ကိုကော မင်းတွေ့ပြီးပြီလား"

"ဟင့်အင်း မတွေ့ရသေးပါဘူး"

"ဒါနဲ့ ချိုယွဲ့ထိုင်တို့က ယိစုကြည်ကို နှစ်လအတွင်း တွေ့ ာင်ရှာပေးဖို့ ယိပေါက်ကျင့်ကို ပြောထားတဲ့အကြောင်းမင်းလည်း ား‌မိသိမိမှာပေါ့"

"ဟုတ်ကဲ့ သိပါတယ်"

"ကျုပ်တို့ပေးထားတဲ့အချိန် မစေ့မီအတွင်းမှာ မင်းကြိုက် လို စုံစမ်းပါ၊ ကျုပ်က လုံးဝအနှောင့်အယှက် မပေးပါဘူး၊ အချိန် သွားယင်တော့ ယိပေါက်ကျင့်နဲ့ကျုပ်နဲ့ စကား ပြောကြရလိမ့် ယ်"

"ယိစုကြည်က သူ့ကလေးမီးဖွားပြီးတဲ့အထိ အချိန်တောင်း

ထားပါတယ်၊ သူ မီးဖွားပြီးတာနဲ့ ချိုယွဲ့ထိုင်ဆီကိုသွားပြီး အဖြ
ဒဏ်ခံယူမယ်လို့ ပြောထားပါတယ်"

"ဘာ..ဘယ်လို ယိစုကြည်မှာ ကိုယ်ဝန်ရှိနေတယ် ဟုတ
လား"

ကျောက်ချုံးက တအံ့တသြဝင်မေးသည်။

"ဟုတ်ပါတယ်၊ ယိစုကြည်က ကျောက်နန်စင်ရဲ့ သန္ဓေသာ
ကိုလွယ်ထားရပါတယ်"

"အဲဒီကိုယ်ဝန်က ကျုပ်သား ကျောက်နန်စင်နဲ့ရတဲ့ ကိုယ်
ဝန်ဖြစ်တာ သေချာလို့လား"

ဤစကားကြားလိုက်ရသည်တွင် ဝမ်ကျက်မှာ အတော်ပ
မခံချင်ဖြစ်သွားသည်။

"ယိပေါက်ကျင့်ရဲ့သမီးဟာ အကျင့်ဖောက်ပြန်တဲ့ မိန်းက
လေးမဟုတ်နိုင်ပါဘူး၊ ဆရာကြီး ဒီလိုမပြောပါနဲ့"

"ယိစုကြည်ဟာ ကျုပ်ရဲ့သား ကျောက်နန်စင်အပေါ်မှ
အကြောင်းတစ်ခုခုကြောင့် အထင်မှားပြီး ဒေါသတကြီးနဲ့ လက်လွှ
သွားတာကော မဖြစ်နိုင်ဘူးလား"

"ယိစုကြည်ဟာ ကျောက်နန်စင်ရဲ့ သန္ဓေသားကို လွယ်
ထားရတယ်၊ အမျိုးသမီးတွေဟာ လင်ယောကျ်ားမရှိဘဲ ကလေးမွေ
ရမှာကို သိပ်ကိုကြောက်ကြတယ်၊ ဒီတော့ သူဟာ ဘယ်လောက်
ပဲဒေါသထွက်ထွက် အတတ်နိုင်ဆုံး ဒေါသကို ချုပ်ထိန်းမှာပဲ၊ လက်
လွှန်ခြေလွန်လုပ်မှာ မဟုတ်ဘူး"



"ကျုပ်ကတော့ ဒီလိုမထင်ပါဘူး၊ ဒါနဲ့ မင်းမှာ နောက်ထပ်
ဘာအကြောင်းကိစ္စရှိသေးလဲ"

ဤတွင် ဝမ်ကျက်က မိစ္ဆာလေပွေကျွန်းတွင် ငွေပန်းဖြူတို့
ညီအစ်မနှင့် လှေသမားအဘိုးအိုတို့၏ အဖမ်းခံရပုံအဖြစ်အပျက်
များကို ပြောပြလိုက်၏။

ဤစကားကိုကြားသည်နှင့် ကျောက်ချုံးမှာ မျက်နှာအကြီး
အကျယ်ပျက်သွားသည်။ ရွှေနဂါးရဲတိုက်ခေါင်းဆောင် ချိုယွဲ့ထိုင်
ကဲ့သို့ပင် တုန်လှုပ် ချောက်ချားသွား၏။

"စစ်တုရင်ဧကရာဇ်ဆိုတဲ့လူ အကြောင်းကို ကျုပ်လုံးဝမ
သိခဲ့ပါဘူး"

ကျောက်ချုံးက အကျောက်အကန် ငြင်းဆန်၏။

"စစ်တုရင်ဧကရာဇ်ကတော့ သူ့အကြောင်းကို သိချင်ယင်
ဆရာကြီးဆီမှာ မေးမြန်းကြည့်ဖို့ သေသေချာချာ ပြောလိုက်ပါတယ်"

"ကျုပ် ဒီအကြောင်းတွေကို တကယ်မသိပါဘူး၊ ဘာမှမသိ
ပါဘူး"

ကျောက်ချုံးက အကျောက်အကန်ငြင်းဆန်သော်လည်း
မျက်နှာအမူအရာလည်း ပျက်သည်ထက်ပျက်လာသည်။

စစ်တုရင်ဧကရာဇ်တို့အကြောင်းကို ကျောက်ချုံးအနေ
ထုတ်ဖော်ပြောဆိုလိုစိတ်မရှိကြောင်း ဝမ်ကျက် နားလည်ရိပ်မိ၏။

ထို့ကြောင့် ဆက်လက်မေးမြန်းခြင်း မပြုတော့ဘဲ ကျော
ချုံးကို နှုတ်ဆက်စကားဆိုကာ ထွက်လာခဲ့၏။

ဝမ်ကျက် ထွက်သွားပြီးနောက် ကျောက်ချုံးက သူ၏သား ကြီး ကျောက်တန်စင်ကို ခေါ်လိုက်သည်။

"ဝမ်ကျက်ဟာ အတော့်ကို ခြေရှုပ်နေတယ်၊ ဒီတော့ သူ့ကို ကြည့်ရှင်းပစ်ဖို့ စီစဉ်လိုက်"

ကျောက်ချုံးက ကျောက်တန်စင်ကို တီးတိုးပြောလိုက်၏။

* * *



တောင်ညိုဂူဟောသို့ ဝမ်ကျက် ရောက်လာခဲ့သည်။

ဂူဟောအဝင်ဝတွင် တွေ့ရသော ဂူဟောအမှုထမ်း အဘိုးအို မိမိအမည်ပြောပြ၍ ယိပေါက်ကျင့်အား တွေ့လိုကြောင်း ခွင့် ာင်းလိုက်သည်။ ဂူဟောအမှုထမ်းအဘိုးအိုက ဝမ်ကျက်ကို ခေတ္တ င့်ခိုင်းထားပြီးနောက် ဂူဟောထဲသို့ ဝင်ရောက်သွား၏။

ခဏအကြာဝယ် အဘိုးအိုပြန်ရောက်လာပြီး ဝမ်ကျက်ကို ဟာထဲသို့ လမ်းပြခေါ်ဆောင်သွားသည်။

ဂူဟောအတွင်းဝယ် လူသွားလူလာမရှိလှဘဲ တိတ်ဆိတ် သည်ကို သတိပြုမိသောကြောင့် ဝမ်ကျက်က အဘိုးအိုအား မေး းထုတ်လိုက်၏။

"ဒီဂူဟောက သိုင်းသမားတွေ ဘယ်ရောက်နေလဲ"

"မိန်းကလေးယိစုကြည်ကို လိုက်ရှာဖို့ ခရီးထွက်နေကြပါ ယ်"

ဂူဟောအမှုထမ်းအဘိုးအိုက ပြန်ဖြေ၏။

"ယိစုကြည်ကို ရှာလို့တွေ့ယင် ဘာလုပ်မလဲ"

"ဓားမောက်ဂူဟောနဲ့ ရွှေနဂါးရဲတိုက်တို့လက်ထဲကို အပ် က်ရမှာပေါ့"

ဝမ်ကျက်မှာ ဘာမျှမပြောသာတော့။

သက်ပြင်းလေးလေး တစ်ချက်သာ ချလိုက်ရတော့သည်။

ယိပေါက်ကျင့်သည် ဝမ်ကျက်ကို သူ၏စာကြည့်ခန်းထဲဝယ် က်ခံတွေ့ဆုံသည်။

"ကျုပ်ဆီကိုရောက်လာတာ ဘယ်လိုအကြောင်းကိစ္စရှိ
လဲ"

စာကြည့်ခန်းရှိ ထိုင်ခုံများတွင် ထိုင်မိကြသောအခါ ယ
ပေါက်ကျင့်က မေး၏။

"ဆရာကြီးကို ပြောစရာတွေရှိနေလို့ပါ"

ဝမ်ကျက်က ပြန်အဖြေပေးသည်။

"ဘာများလဲ"

"ကျွန်တော် ယိစုကြည်နဲ့တွေ့ခဲ့ရပါတယ်"

"ဟင် ဘယ်မှာတွေ့ခဲ့တာလဲ"

ယိပေါက်ကျင့်က ထိုင်ရာမှထရပ်ပြီးမေး၏။

"ဆရာကြီး သိပ်စိတ်လှုပ်ရှားနေတယ် ထင်တယ်၊ ကျွ
တော် အေးအေးဆေးဆေး ရှင်းပြပါ့မယ်"

ထိုအခါမှ ယိပေါက်ကျင့် နေရာတွင် ပြန်ထိုင်သည်။

ဝမ်ကျက်က ယိစုကြည်နှင့် တွေ့ခဲ့ရပုံအကြောင်းစုံကို ရှင်း
ပြလိုက်သည်။

ဝမ်ကျက် ပြောကြားသည်များကို နားထောင်ယင်း ယိ
ပေါက်ကျင့်၏မျက်နှာမှာ ဒေါသရောင်ဖြင့် ခက်ထန်တင်းမာလာ၏

"တောက် ဒီကောင်မလေးဟာ အတော့်ကို ဒုက္ခပေးပါ
လား"

ဝမ်ကျက် အကြောင်းစုံပြောပြပြီးသည်တွင် ယိပေါက်ကျင့်
ကမကျေမနပ်ရေရွတ်လိုက်၏။



"အခုလို ယောက်ျားလေးနဲ့ မိန်းကလေး တစ်ယောက်နဲ့
တစ်ယောက် ချစ်ကြိုက်ပြီး အိမ်ရာထူထောင်ကြတာဟာ သဘာဝ
ပါ၊ အချစ်စိတ်ထက်သန်နေတဲ့အခါမှာ တဖွတ်ထိုးလုပ်တတ်တာ
တွေလည်း ရှိပါတယ်၊ အခုကိစ္စမှာ ယိစုကြည်ဟာ ကျောက်နန်စင်ကို
ချစ်မေတ္တာထားမိတာ မှားတယ်လို့ မဆိုသာဘူး၊သူဟာ ဆရာကြီးရဲ့
သမီးဖြစ်နေတာကပဲ ကံမကောင်းဘူးလို့ဆိုရမယ်"

"သူဟာ ကျုပ်သမီးဖြစ်ရတာ ဘာကြောင့် ကံမကောင်းဘူး
လို့ဆိုရတာလဲ"

"ကျွန်တော် အမှန်အတိုင်းပြောပါ့မယ် ဆရာကြီး စိတ်မဆိုး
ပါနဲ့လို့တော့ ကြိုတင်တောင်းပန်ပါရစေ"

"ပြောသာပြောပါ၊ ကျုပ်စိတ်မဆိုးပါဘူး"

"ဆရာကြီးကသာ ယိစုကြည်ကို ကျောက်နန်စင်နဲ့ လက်
ထပ်ပေးလိုက်ယင် ဒီလိုအဖြစ်မျိုးပေါ်လာမှာ မဟုတ်ဘူး"

"တောက် မဟုတ်တာတွေ"

ယိပေါက်ကျင့်က ဒေါသတကြီး အော်ပြော၏။

ဤသို့ပြောပြီးမှ မိမိမှားသွားကြောင်း သတိရကာ ဒေါသ
စိတ်ကို ချုပ်ထိန်းပြီး တောင်းပန်စကားဆိုလိုက်သည်။

"ကျုပ် စိတ်လိုက်မာန်ပါ ဖြစ်သွားတာ ဘယ်လိုမှမအောက်
မေ့ပါနဲ့"

"ကိစ္စမရှိပါဘူး၊ ကျွန်တော်ပြောလိုက်တာကလည်း ဆရာ
ကြီးစိတ်ဆိုးစရာပါပဲ"

"မင်းပြောတာ မှန်ပါတယ်၊ ယိစုကြည်သာ ကျုပ်သမီးမဖြစ် ဘူးဆိုယင် ဒီလိုကိစ္စမျိုးလည်း ပေါ်ပေါက်လာမှာမဟုတ်ဘူး၊ ဒါပေ မယ့် ကျုပ်မှာ နောက်ထပ်သမီးတစ်ယောက်သာ ထပ်ရှိပြီး ကျောက် ချိုးရဲ့အခြားသားတစ်ယောက်နဲ့ ချစ်ကြိုက်တယ်ဆိုယင်လည်း ကျုပ် ကတော့ ကန့်ကွက်အုံးမှာပဲ"

ဤစကားများအရ ယိပေါက်ကျင့်နှင့် ကျောက်ချိုးတို့၏ ကြားဝယ် မကျေနပ်မှုအလွန်ပင် ကြီးမားမည်ဟု ဝမ်ကျက် နားလည် လိုက်သည်။

"ဆရာကြီးနဲ့ကျောက်ချိုးတို့ ဘယ်လိုပြဿနာများ ဖြစ်ခဲ့ဖူး ပါသလဲ"

"ကျုပ်နဲ့ ကျောက်ချိုးတို့အကြားမှာ ဘယ်လိုပြဿနာမှ မ ဖြစ်ခဲ့ပါဘူး၊ ကျုပ်တို့ချင်း ခင်မင်မှုလည်း သိပ်မရှိခဲ့ဘူး၊ မင်းအနေနဲ့ ကျောက်နန်စင် သေဆုံးခဲ့ရတဲ့ကိစ္စကို စုံစမ်းချင်ယင် အခြားနည်းလမ်း နဲ့စုံစမ်းပါ၊ ကျုပ်နဲ့ကျောက်ချိုးတို့အကြားမှာရှိတဲ့ ပြဿနာပေါ်မှ တည်ပြီး စဉ်းစားယင်တော့ ဘာအကျိုးမှရှိမှာမဟုတ်ဘူး"

"ဒီကိစ္စထားလိုက်ပါတော့၊ အခြားအကြောင်းတစ်ခုခုကို တော့ ဆရာကြီးအနေနဲ့ ကျွန်တော့်ကို ပြောပြနိုင်လိမ့်မယ်လို့ထင် ပါတယ်"

"ဘာကိစ္စလဲ"

"လိပ်ပြာကန်က မိစ္ဆာလေပွေကျွန်းမှာရှိနေတဲ့ စစ်တုရင် ကေရာဇ်တို့အကြောင်းပါပဲ"



"ဘာ..ဘာပြောတယ်"

ယိပေါက်ကျင့်က အလန့်တကြား အော်ပြော၏။ အကြီးအ ကျယ်ထိတ်လန့်တုန်လှုပ်သွားကြောင်းလည်း သိသာနိုင်သည်။

ယိပေါက်ကျင့်ကို ယခုလို စိတ်လှုပ်ရှားပုံမျိုး ဝမ်ကျက် တစ် ခါမှမတွေ့ဖူးသေး။

"စစ်တုရင်ကေရာဇ်နဲ့ ကေရီဆိုတာတွေကို ဆရာကြီးကြား ဖူးသလား"

"ဟင့်အင်း မကြားဖူးပါဘူး၊ မကြားဖူးပါဘူး"

ယိပေါက်ကျင့်က အလန့်တကြား ငြင်းဆိုလိုက်သည်။

ယိပေါက်ကျင့် တမင် ဘူးကွယ်လိုက်ခြင်းဖြစ်ကြောင်း ဝမ် ကျက်ရိပ်မိသည်။

"ဒီကိစ္စဟာ ဆရာကြီးရဲ့သမီး ယိစုကြည်နဲ့ မပတ်သက်ပါ ဘူး၊ ဒီကိစ္စကို ဆရာကြီး မသိဘူးဆိုတော့ ကျွန်တော်တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကို ပြောနေစရာမလိုတော့ဘူးပေါ့"

ယိပေါက်ကျင့်၏စိတ်ကို ဆွပေးလိုက်သောကြောင့် ဝမ် ကျက်က ပရိယာယ်ဆင်ကာ တမင်ပြောလိုက်သည်။

ဝမ်ကျက်၏ ပရိယာယ် အတော်ပင် ထိရောက်မှုရှိသည်။ ယိပေါက်ကျင့်မှာ အထူးပင် သိလိုစိတ်ပြင်းပြလာခဲ့၏။

"လိပ်ပြာကန်မှာ ထူးဆန်းတဲ့ဖြစ်ရပ်တွေ အမျိုးမျိုးရှိတယ် လို့ပြောဆိုနေကြတာကို ကျုပ်ကြားဖူးထားပါတယ်၊ အထူးသဖြင့် လိပ်ပြာကန်သခင်နဲ့ နဂါးမင်းသမီးတို့အကြောင်း သိပ်ကိုလူပြောများ

တယ်၊ မင်းပြောတဲ့ စစ်တုရင်ဧကရာဇ်နဲ့ ဧကရီဆိုတာ သူတို့ကိုပြော
တာလား"

"အဲဒါတော့ ကျွန်တော်လည်း မသိဘူး"

"မင်းက ဘယ်လိုမြင်ခဲ့တာလဲ"

"သူတို့နှစ်ယောက် စစ်တုရင်ထိုးနေတာကို တွေ့ရတာပါ"

"ဘယ်လိုမျိုး စစ်တုရင်ထိုးနေတာလဲ"

ယိပေါက်ကျင့်က စိတ်ဝင်စားစွာ မေး၏။

"ဘယ်လိုမှ မဟုတ်ပါဘူး။ ဒီလိုပဲ စစ်တုရင်ထိုးနေကြတာပါ
ဒါနဲ့ စစ်တုရင်ဧကရာဇ်နဲ့ ဧကရီတို့အကြောင်းကို ဆရာကြီးပြောပြ
နိုင်သလား"

ယိပေါက်ကျင့်၏မျက်နှာဝယ် ထူးခြားသော အမူအရာများ
ပေါ်လာသည်။

ချက်ချင်းမဖြေသေး။ ခေတ္တမျှ တွေဆိုင်းနေပြီးမှ ပြန်ပြော၏။

"ဒီအကြောင်းသိချင်ယင် ကျောက်ချိုးကို သွားမေးပါ"

ဝမ်ကျက် အတော်ပင် စိတ်လှုပ်ရှားသွား၏။

စစ်တုရင်ဧကရာဇ်က သူတို့အကြောင်းကို သိလိုလျှင်
ကျောက်ချိုးထံမေးမြန်းရန် ပြောခဲ့၏။

ယခု ယိပေါက်ကျင့်ကလည်း ကျောက်ချိုးထံသို့ လမ်းညွှန်
နေပြန်သည်။

"စစ်တုရင်ဧကရာဇ်ကလည်း သူတို့အကြောင်းသိချင်ယင်
ကျောက်ချိုးဆီမှာ မေးပါလို့ပြောပါတယ် ကျောက်ချိုးဆီသွားမေး



ညှိပြီးပါပြီ၊ ဒီအကြောင်းတွေ ဘာမှမသိဘူးလို့ပြောတယ်"

"ဒီလိုဆိုယင် ကျုပ်လည်း ဘာမှမတတ်နိုင်တော့ဘူး"

"ကဲ ကျွန်တော့်ကို ခွင့်ပြုပါဦး"

ယိပေါက်ကျင့်ထံတွင် ဆက်လက်မေးရန်လည်း ဘာမျှအ
ကြောင်းထူးမည်မဟုတ်မှန်း သိသောကြောင့် ဝမ်ကျက်က နှုတ်ဆက်
စကားဆိုပြီး ထိုင်ရာမှထလိုက်သည်။

"မင်း အခု ဘယ်ကိုဆက်သွားမလဲ"

"ကျောက်နန်စင်နောက်ကို ယိစုကြည်လိုက်သွားတဲ့နေ့က
ည်းခိုသွားတဲ့အိမ်ကိုသွားပြီး မေးမြန်းစုံစမ်းကြည့်မယ်၊ ပြီးမှ
ဆက်လုပ်သင့်တယ်ဆိုတာကို ဆက်စဉ်းစားမယ်"

"ကျုပ်သမီး အခုဘယ်မှာရှိနေသလဲ"

"အဲဒါကို ပြောမပြနိုင်တာ ခွင့်လွှတ်ပါ"

"သူက ကျောက်နန်စင်ကို မသတ်ဘူးဆိုယင် ဘာကြောင့်
ပုန်းနေရတာလဲ၊ ပွင့်ပွင့်လင်းလင်း ထွက်ပြီး ရင်ဆိုင်လိုက်ယင်
တာပဲ"

"ကျောက်နန်စင်ကို သူမသတ်ပေမယ့် ချိုရှန်းကိုတော့ သူ
တ်ခဲ့တယ်၊ တကယ်လို့ သူပုန်းရှောင်မနေဘဲ ထွက်ပေါ်လာတယ်
ယင် ချိုယွဲ့ထိုင်က သူ့ကိုဖမ်းဆီးပြီး အပြစ်ပေးစီရင်လိမ့်မယ်၊
က ကလေးမီးမဖွားရသေးမီ အသက်မသေချင်သေးဘူး၊ ဒါ
ကြောင့် တိမ်းရှောင်ပုန်းအောင်းနေတာပါ"

ယိပေါက်ကျင့်က ဘာမျှမမေးတော့။ သက်ပြင်းသာ ခပ်

လေးလေးချလိုက်မိသည်။

ဝမ်ကျက်ကလည်း ယိပေါက်ကျင့်ကို ဦးညွှတ်ဂါရဝပြ
ထွက်လာခဲ့သည်။

"မင်းကို အများကြီး ကျေးဇူးတင်ပါတယ်"

ထွက်သွားသော ဝမ်ကျက်ကို ယိပေါက်ကျင့်က လှမ်း
သည်။

* * *

အခန်း(၆)

ဟင်စမ်းတောင် အနောက်ဘက်တောင်ခြေရှိ ရှန်းခုံရွာသို့
ဝမ်ကျက် ရောက်ရှိလာခဲ့သည်။

ထိုရွာထိပ်ပိုင်းရှိ ထျန်းမိသားစု နေအိမ်ကိုဝမ်ကျက်
အလွယ်တကူပင် ရှာဖွေတွေ့ရှိခဲ့သည်။

ထျန်းမိသားစုနေအိမ်မှာ ရွာအပြင်ဘက်ပိုင်းဝယ် သီးသီး
ခြားခြားရှိနေသည့်အပြင် ယိစုကြည်ကလည်း ထိုနေအိမ်တည်ရှိရာ
ကိုသေသေချာချာ ပြောဆိုလမ်းညွှန်လိုက်သည့်အတွက် ဝမ်ကျက်
အဖို့ အခက်အခဲမရှိဘဲ ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။

ထျန်းမိသားစုနေအိမ်မှာ ဝါးဖြင့် ဆောက်လုပ်ထားသော
အိမ်တစ်အိမ်ဖြစ်သည်။

ဝါးဖြင့်ဆောက်ထားသော်လည်း နေအိမ်မှာ အတော်ပင်
ကြီးမားကျယ်ဝန်းလှသည်။

သို့သော် တခမ်းတနားတော့ မရှိ။

သာမန်ရိုးရိုး လယ်သမားအိမ်အသွင်မျိုးသာဖြစ်၏။

အိမ်ရှေ့ဝယ် ပုဆိုးနိတစ်လက်ဖြင့် ထင်းခုတ်နေသည့် အဘိုး
အိုက အလုပ်ကိုခေတ္တရပ်ကာ ဝမ်ကျက်ကို လှမ်း၍နှုတ်ဆက်စကား
ဆိုသည်။

"မောင်ရင်လေးက ခရီးလမ်းကြုံလို့ ကျုပ်တို့အိမ်မှာ တစ်
ညတည်းခိုဖို့ ရောက်လာတာ မဟုတ်လား"

အဘိုးကြီး၏စကားကြောင့် ဝမ်ကျက် အတော်အံ့သြသွား
ရ၏။

"ဒီအကြောင်း အဘက ဘာကြောင့် သိနေတာလဲ"

"ကျုပ်ရဲ့အိမ်က ရွာထဲမှာလည်းမဟုတ်၊ လမ်းဆုံမှာလည်း
မကျတဲ့ နေရာမျိုးမှာ ရှိနေတယ်၊ ဒီနေရာက ရွာလမ်းမနဲ့တော့ နီး
တယ်၊ ဒါကြောင့် အမြဲတမ်းလိုလိုပဲ ခရီးသွားတွေဟာ ကျုပ်ရဲ့အိမ်မှာ
ဝင်ရောက်တည်းခိုလေ့ရှိတယ်၊ ဒါကြောင့် အတပ်ပြောနိုင်တာပါ"

"ဟုတ်ကဲ့ အဘရဲ့တွေးဆချက် မှန်ပါတယ်၊ ကျွန်တော်ဒီ
တစ်ည တည်းခိုမလို့ပါ အဆင်ပြေပါ့မလား"

"အဆင်ပြေပါတယ်၊ ဘာမှအခက်အခဲမရှိပါဘူး"

"အဘရဲ့နာမည်ကို သိပါရစေ"

"ကျုပ်ရဲ့နာမည်က ထျန်းအော့ထိုင်လို့ ခေါ်ပါတယ်"

ထိုအချိန်မှာပင် အိမ်ထဲမှ လုလင်ပျိုတစ်ယောက်နှင့် လုံမ
ပျိုတစ်ယောက် ထွက်လာကြသည်။



"အဲဒါ ကျုပ်ရဲ့သား ထျန်းတပေါင်နဲ့ ကျုပ်သမီး ထျန်းလွင်
ကို့ပါပဲ"

ထျန်းအော့ထိုင်က ဝမ်ကျက်ကို သူ၏သားနှင့်သမီးတို့အား
မိတ်ဆက်ပေးလိုက်သည်။

"မင်းနာမည်ကိုလည်း ပြောပါဦး"

မိတ်ဆက်စကားများ ဆိုပြီးနောက် ထျန်းအော့ထိုင်က
ပြောလိုက်သည်။

"ကျွန်တော့နာမည် ဝမ်ကျက်ပါ"

"တာ့ယွမ်မြို့က ရာဇဝတ်အုပ် ဝမ်ကျက်လား"

"ဟုတ်ပါတယ်"

"ခရီးထွက်လာတာ အမှုကိစ္စအတွက်လား"

"မှန်ပါတယ်၊ ကဲ ကျွန်တော် ရှင်းရှင်းပဲပြောမယ်၊ ကျောက်
နန်စင် အသတ်ခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် စုံစမ်းနေပါတယ်
အဲဒါ ကျောက်နန်စင်နဲ့ယိစုကြည် ဒီအိမ်မှာ တည်းခိုသွားခဲ့စဉ်က
ဖြစ်ပျက်ခဲ့ပုံတွေကို ပြောပြပါလား"

"ရပါတယ်၊ ကျုပ်သိသလောက် ပြောပြပါ့မယ်၊ အိမ်ထဲ
ဝင်ထိုင်ပါဦး၊ လက်ဘက်ရည်ကြမ်းသောက်ယင်း အေးအေးဆေးဆေး
ပြောကြတာပေါ့"

ထျန်းအော့ထိုင်က ဝမ်ကျက်ကိုအိမ်ထဲဖိတ်ခေါ်လာခဲ့သည်။

အိမ်ရှေ့ခန်းတွင်ထိုင်ကာ လက်ဘက်ရည်ကြမ်း သောက်
ကြသည်။ထိန်းအော့ထိုင်က ကျောက်နန်စင်နှင့် ယိစုကြည်တို့ သူ့အိမ်

တွင်လာရောက်တည်းခိုနေထိုင်ကြပုံ၊ ကျောက်နန်စင်ကို ထျန်းတ
ပေါင်နှင့် အတူအိပ်စေပြီး ယိစုကြည်ကို ထျန်းလွင်နှင့် အတူအိပ်စေ
နောက်နေ့နံနက်တွင် ကျောက်နန်စင် အဝတ်အစားလဲကာ နေအိမ်မှ
ထွက်သွားပြီးနောက် ပျောက်ဆုံးသွားခဲ့ပုံတို့ကို ပြောပြလိုက်သည်

"အစတုန်းကတော့ သူတို့နှစ်ယောက်အကြောင်းကို ကျုပ်
ဘာမှမသိခဲ့ပါဘူး၊ ဒါပေမယ့် နောက်ပိုင်းမှ ဓားမောက်ဂေဟာ
ခေါင်းဆောင် ကျောက်ချူးက ကျုပ်တို့ဆီ လူလွှတ်ပြီး စုံစမ်းတော့မှ
အကြောင်းစုံသိလာရတာပါပဲ"

ထျန်းအော့ထိုင်က ဤသို့ပြောဆိုပြီး စကား လက်စသတ်
လိုက်၏။

"ကျောက်နန်စင် အဝတ်အစားလဲပြီး ထွက်သွားတာကို ခင်
ဗျားကိုယ်တိုင် မြင်လိုက်တယ်နော်"

ထျန်းအော့ထိုင် ပြောကြားသည်ကို နားထောင်ပြီးနောက်
ဝမ်ကျက်က ထျန်းတပေါင်ကို မေးလိုက်၏။

"ဟုတ်ပါတယ်"

ထျန်းတပေါင်က ပြန်ဖြေလိုက်၏။

"အဲဒီအချိန်တုန်းက ကျောက်နန်စင်ဟာ ဘာထူးထူးခြား
ခြားရှိနေသလဲ"

"ဘာမှမထူးခြားပါဘူး၊ သာမန်အတိုင်းပါပဲ"

"မအိပ်ခင်ကော ဘာအကြောင်းတွေများ ခင်ဗျားတို့နှစ်
ယောက်ကို ပြောပြသေးလဲ"



"ဘာမှ ထွေထွေထူးထူး မပြောပါဘူး၊ နည်းနည်းပါးပါး
လ္လာပ သလ္လာပစကားပြောပြီး အိပ်ကြတာပါပဲ၊ သူ့ကြည့်ရတာ
ကားလည်း သိပ်များများပြောချင်ပုံမပေါ်ဘူး"

"အဲဒီနေ့ညတုန်းက တခြားထူးထူးခြားခြား ဘာများဖြစ်
သးလဲ"

"အဲဒါကိုတော့ ကျွန်တော်မသိဘူး၊ ကျွန်တော်ကလည်း
ိပ်မောကျသွားလို့ မိုးလင်းမှပဲနိုးတယ်၊ ကျွန်တော် အိပ်ရာကနိုး
တော့ ကျောက်နန်စင် အဝတ်အစားလဲနေတာ မြင်ရတာပဲ"

"သူက ဘယ်သွားမယ်လို့ ပြောသလဲ"

"အပြင်ကို လမ်းလျှောက်ထွက်မယ်လို့ပဲ ပြောသွားတယ်"

"ဒီအိမ်အနီးဝန်းကျင်ကို လိုက်ရှာကြည့်လို့ရမလား"

ဝမ်ကျက်က ထျန်းတပေါင်ကို မေးနေရာမှ ထျန်းအော့ထိုင်
ကို လှမ်းကာ ခွင့်တောင်းလိုက်၏။

"ရပါတယ်၊ ကြည့်နိုင်ပါတယ်"

ထျန်းအော့ထိုင်က ခွင့်ပြုလိုက်၏။

ဝမ်ကျက်သည် အိမ်ပြင်သို့ထွက်လာပြီး အိမ်အနီးဝန်းကျင်
ဝိုက်ကို လိုက်လံရှာဖွေ ကြည့်ရှုစစ်ဆေးလိုက်သည်။

ဘာထူးခြားချက်မျှ မတွေ့ရ။

နေဝင်မိုးချုပ်သွားသည့်အတွက် ရှာဖွေခြင်းအလုပ်ကို ရပ်
န်ကာ ထျန်းမိသားစု နေအိမ်ထဲသို့ ပြန်ဝင်လာခဲ့၏။

* * *

ထျန်းအော့ထိုင်က ဝမ်ကျုက်ကို ညစာကျွေးသည်။

ညစာမှာ သိပ်တော့ ထည်ထည်ဝါဝါမရှိ။ အသားဟင်းတ
ပွဲ၊ ဟင်းချိုတစ်ခွက်၊ အသီးအရွက်ကြော် ထမင်းနှင့် အရက်တစ်အိုး
ဖြစ်သည်။

ဟင်းလျာများမှာ ခပ်ရိုးရိုးဖြစ်သော်လည်း အရသာကောင်း
၏။ အရက်မှာမူ အတော်ပင်ကောင်းသော အရက်ဖြစ်သည်။

အရက်(၃) ခွက်သောက်ကာ ဟင်းလျာ အနည်းငယ်စား
သောက်ပြီးချိန်ဝယ် ဝမ်ကျုက်၏ဗိုက်ထဲ တစစ်စစ်နာကျင်လာ၏။

အခြေအနေမဟန်ကြောင်း ဝမ်ကျုက် ရိပ်စားမိလိုက်သည်

ဝမ်ကျုက် မျက်နှာလည်းပျက်သွားကာ ချွေးများစို့လာခဲ့၏

ထိုအချိန်တွင် ဝမ်ကျုက်နှင့်အတူ ထိုင်၍စားသောက်နေ
သော ထျန်းမိသားစုသည် ဘာမှမပြောဘဲ ထိုင်ရာမှထကာ အိမ်အ
တွင်းသို့ဝင်သွားကြ၏။

မိမိ အဆိပ်မိခံရပြီဖြစ်ကြောင်း ဝမ်ကျုက် နားလည်လိုက်
၏။ ဝမ်ကျုက်မှာသိုင်းသမားဆိုးများကို မကြာခဏ ရင်ဆိုင်နေရသူ
တစ်ယောက်ဖြစ်ရာ အမြဲပင်သတိရှိနေခဲ့၏။

ယခု ထျန်းမိသားစုကို ရိုးသားလှသည့် လယ်သမားမိသား
စုဟု ထင်မိ၍ခပ်ပေါ့ပေါ့နေခဲ့ရာ အငိုက်မိကာ အဆိပ်ခပ်ခံလိုက်ရ
လေပြီ။

အဆိပ်မိနေပြီဖြစ်သော်လည်း ဝမ်ကျုက်မှာ ဗိုက်သာလျှင်
နာကျင်နေသည်။



ခေါင်းထဲတွင်ကား မူးဝေဝေဖြစ်ခြင်းမရှိသေး။

အဆိပ်များ ပျံ့နှံ့ခြင်း မရှိသေးကြောင်း ထင်ရှားသည်။

ယခုလို အခြေအနေတွင် ကိုယ်လွတ်ရုန်းကာ အတင်းထွက်
ပြေးပြီး အဆိပ်များအန်ထွက်လာအောင် လုပ်နိုင်လျှင် ဝမ်ကျုက်အ
ဖို့အန္တရာယ်ကင်းနိုင်၏။

ဝမ်ကျုက်သည် အိမ်ပြင်သို့ အတင်းထွက်ပြေးပြီးအိမ်အပြင်
ဘက်တွင်ရှိနေသော မိမိ၏မြင်းပေါ်သို့ ခုန်တက်လိုက်၏။

"ဟား...ဟား...ဟား...မင်းပြေးလို့လွတ်မယ် ထင်သလား"

အေးစက်စက်အသံနှင့် ရယ်မောပြောဆိုသည်ကို ဝမ်ကျုက်
ကြားလိုက်ရ၏။

ဝမ်ကျုက်မှာ မြင်းဇက်ကြိုးကိုဆွဲကာ မြင်းကို ဖနောင့်ဖြင့်
တို့၍ အပြင်းစိုင်းနှင်ထွက်လာခဲ့၏။

"ဟော ထွက်ပြေးပြီ"

"သူ့နောက်ကို လိုက်ကြ"

"မလွတ်စေနဲ့"

အော်ဟစ်ပြောဆိုသံများကို ဝမ်ကျုက်ကြားလိုက်ရ၏။

ဝမ်ကျုက် နောက်သို့လှည့်ကြည့်လိုက်ရာ ထျန်းမိသားစုနေ
အိမ်ထဲမှ လူလေးယောက် ပြေးထွက်လာကြသည်ကို တွေ့ရ၏။

ထိုလူလေးယောက်မှာ ဝတ်စုံနက်များ ဝတ်ဆင်ထားကြပြီး
အနက်ရောင်ခေါင်းစွပ်များ မျက်နှာဖုံးများစွပ်ထားကြ၏။

ဝမ်ကျုက်က မြင်းကို ပို၍တအားစိုင်းနှင်နေ၏။

မြင်းကြီးကလည်း လေကိုခွင်းကာ မြားတစ်စင်းနှယ် အရှိန်
အဟုန်နှင့်ပြေးနေသည်။

ဝမ်ကျက်၏ဗိုက်အတွင်းမှ နာကျင်မှုများမှာ ပို၍ပြင်းပြ
လာခဲ့၏။

တစ်ကိုယ်လုံးလည်း ချွေးများပြန်လာ၏။

ခေါင်းကလည်း မူးနောက်ရီဝေလာသည်။

မြင်းက ချောင်းတစ်ခုကို ဖြတ်ပြေးသည်ကို ဝမ်ကျက်သိ
လိုက်ရ၏။

ထို့နောက်....

ဝမ်ကျက်၏ခေါင်းထဲဝယ် မိုက်ကနဲဖြစ်သွားကာ ဘာကိုမျှ
မသိတော့။

ဝမ်ကျက် သတိလစ်သွားခဲ့လေပြီ။

လောကကြီးတစ်ခုလုံး မှောင်အတိဖုံးသွားသကဲ့သို့ အ
မှောင်ကမ္ဘာထဲသို့ ဝမ်ကျက် ရောက်ရှိသွားလေတော့သည်။

* * *

## အခန်း(၇)

ဝမ်ကျက် သတိပြန်ရလာသည်။

မျက်စိဖွင့်ကြည့်လိုက်သောအခါ အခန်းကျဉ်းလေးတစ်ခုထဲ
...ရာတစ်ခုပေါ်တွင် မိမိမှာ လဲလျောင်းလျက်ရှိနေကြောင်း တွေ့
...သည်။

အခန်းထဲသို့ အလင်းရောင်များ ကောင်းစွာ ဝင်နေသည်။

နေ့လည်ပိုင်းအချိန်သာ ရှိဦးမည်ဖြစ်ကြောင်း ဝမ်ကျက်
...ည်လိုက်သည်။

ဝမ်ကျက် အိပ်နေရာမှ ထမည်ပြုသည်။

သို့သော် အားအင်စိုက်ထုတ်၍မရ။

ဗိုက်ထဲမှလည်း နာကျင်နေသည်။

ထို့ကြောင့် ထရန်မကြိုးစားရဲတော့ဘဲ အသာပင်လဲ
...င်း နေလိုက်သည်။

ထိုအချိန်မှာပင် အခန်းထဲသို့ မိန်းမပျိုလေးတစ်ယော
ဝင်ရောက်လာသည်။

မိန်းမပျို၏လက်ထဲဝယ် အငွေ့တထောင်းထောင်းထ
သော ဆေးရည်ပန်းကန်လုံးတစ်ခု ပါလာသည်။

"အမေရေ သူသတိရနေပြီ"

ဝမ်ကျက် သတိရနေကြောင်း တွေ့ရသောအခါ မိန်းမပျို
အားရဝမ်းသာ အော်ပြောသည်။

မိန်းမပျိုလေးသည် ဤသို့အော်ပြောပြီး ရှေ့ဆက်လျှော
လာကာ ဆေးရည်ပန်းကန်လုံးကို ခုတင်ဘေးရှိ စားပွဲပေါ်သို့ 
လိုက်သည်။

မိန်းမပျိုလေးမှာ အသက်(၁၈) နှစ်ခန့်ရှိသည်။

ရုပ်ရည်ချောမောသည်။ ဝတ်ထားသော အဝတ်အစား
ကတော့ ချည်ကြမ်းထည်များသာ ဖြစ်သည်။

မိန်းမပျိုလေး ဆေးရည်ပန်းကန်လုံးကို စားပွဲပေါ်တ
ချိန်ဝယ် အသက်(၃၅) နှစ်ခန့်ရှိသော အမျိုးသမီးကြီးတစ်ယော
အခန်းထဲသို့ ထပ်ဝင်ရောက်လာသည်။

အမျိုးသမီးကြီးသည် အညိုရင့်ရောင်ဝတ်စုံကို ဝတ်
ပြီး လည်ပင်းတွင် ပုတီးတစ်ကုံးသိုင်းဆွဲထားသည်။

"ကျွန်တော့်ကို ကယ်တင်ပေးခဲ့တာ"

ဝမ်ကျက်က ကျေးဇူးတင်စကားပြောရန် စကားစ
သည်။



"နေအုံး ဒီဆေးရည်ကို မြန်မြန်သောက်လိုက်အုံး၊ စကားကို
က်မှပြော"

အမျိုးသမီးကြီးက ဟန့်တားပြောဆိုသည်။

ထို့နောက် ဝမ်ကျက်ကို လဲလျောင်းနေရာမှ အိပ်ရာထက်
ယ် ထထိုင်နိုင်အောင် ဖေးမထူပေးသည်။

မိန်းမပျိုလေးက ဆေးရည်ပန်းကန်လုံးကို ဝမ်ကျက်၏ပါး
်နားသို့ တေ့ပေးသည်။

ဝမ်ကျက်လည်း ပူနွေးသောဆေးရည်များကိုသောက်လိုက်
ည်။ ဆေးရည်မှာ ချိုမြပြီး မွှေးကြိုင်လှသည်။

သောက်၍လည်း အလွန်ကောင်းသည်။

ဆေးသောက်ပြီးသည်နှင့် တစ်ကိုယ်လုံးရှိ သွေးကြောများ
 နွေးထွေးဖိန်းရှိန်းသွားသည်။

"အခုလို ကျွန်တော့်ကို ကယ်တင်စောင့်ရှောက်ပေးတဲ့အ
က် ဒေါ်ဒေါ်တို့ကို ကျေးဇူးတင်ပါတယ်၊ ဒီကျေးဇူး တစ်သက်မမေ့
ဘူး၊ အကြောင်းဆုံယင် ကျေးဇူးတုံ့ပြန်ပါ့မယ်၊ ဒေါ်ဒေါ်တို့ရဲ့နာ
ည်က ဘယ်လိုခေါ်ပါသလဲ"

ဆေးရည်များသောက်ပြီးသောအခါ ဝမ်ကျက်က ပြော၏။

ဆေးသောက်လိုက်ပြီးနောက် အတော်အားပြည့်လာ
ကြောင်း ဝမ်ကျက် နားလည်လိုက်သည်။

"ကျုပ်နာမည်က ဖေယွင်၊ ဟောဒါက ကျုပ်သမီး ပိုင်ရင်
ရှန်"

အမျိုးသမီးကြီးက သူတို့သားအမိ၏ အမည်များကို ပြေ
ပြသည်။

“ကျွန်တော့နာမည် ဝမ်ကျက်လို့ခေါ်ပါတယ်၊ မနေ့က
ဆိပ်သင့်ပြီး ကျွန်တော် သတိလစ်သွားခဲ့တာ အခုသတိရတော့
ဒေါ်တို့ဆီရောက်နေတာကို တွေ့ရတယ်၊ ကျွန်တော့်မှာ သင့်နေ
အဆိပ်တွေ ပျက်ပြယ်သွားပါပြီလား”

“ကျုပ်တို့က မင်းကို ချောင်းထဲက ဆယ်ယူကယ်တင်ပေး
ရတာပါ၊ အဆိပ်သင့်ပြီးတာနဲ့ မင်းဟာ ရေထဲကိုကျသွားတာဖြစ်လိ
မယ်၊ ဒီလို ရေထဲကိုကျတာ မင်းအတွက် ကံကောင်းတယ်လို့ဆိုရမ
မင်းကို ရေထဲကဆယ်တင်ပြီး ဗိုက်ထဲကရေတွေအန်ထွက်အောင်လု
တော့ အဆိပ်တွေလည်း အတော်များများ ပြန်အန်ထွက်ကုန်တယ်
မင်း အခုသောက်လိုက်တဲ့ ဆေးရည်ထဲမှာ ကျုပ်ကိုယ်တိုင်ဖော်စ
ထားတဲ့ အဆိပ်ဖြေဆေးနဲ့ နှစ်တစ်ထောင် ဂျင်စမ်းဆေးမြစ်တွေပ
တယ်၊ ဂျင်စမ်းဆေးမြစ်ဟာ အသက်သေသွားသူကိုတောင် ပြန်ရှ
အောင်လုပ်နိုင်တယ်လို့ ဆိုရိုးစကားရှိတယ်၊ ဒီတော့ မင်းရဲ့အသက်
အန္တရာယ်အတွက် စိုးရိမ်စရာမရှိတော့ဘူး”

“ထျန်းအော့ထိုင်ဆိုတဲ့ လူတစ်ယောက်ကို ဒေါ်ဒေါ်တို့သိ
သလား”

ဝမ်ကျက်၏အမေးကို ဖေယွင်က မဖြေ။

သမီးဖြစ်သူ ပိုင်ရင်ဟုန်ကသာ အဖြေပေးသည်။

“ကျွန်မ သိပါတယ်၊ သူ့မှာ ထျန်းလွင်လို့ခေါ်တဲ့ သမီးတစ်



ဘက်ရှိတယ် မဟုတ်လား”

“ဟုတ်ပါတယ်၊ ဒီနေရာနဲ့ ထျန်းအော့ထိုင်တို့အိမ်နဲ့ ဘယ်
ဘက်ဝေးသလဲ”

“သိပ်မဝေးပါဘူး၊ သုံးလေးမိုင်လောက်ပဲ ဝေးပါတယ်၊ ဒါ
ပေမယ့် သူတို့က ဝါးဖြူချောင်းရဲ့အရှေ့ဘက်ကမ်းမှာနေပြီး ကျွန်မတို့
ချောင်းရဲ့အနောက်ဘက်ကမ်းမှာ နေတယ်”

“ခင်ဗျားတို့နဲ့ သူတို့နဲ့ ရင်းနှီးခင်မင်ကြသလား”

“ခင်တော့ခင်မင်ပါတယ်၊ ဒါပေမယ့် တစ်အိမ်နဲ့တစ်အိမ်
သွားအလာတော့ သိပ်မရှိဘူး၊ ရှင်က အဲဒီအိမ်အကြောင်းမေးပြီး
ဘာလုပ်မလို့လဲ”

“ကျွန်တော် မနေ့ညက အဲဒီအိမ်မှာ သွားတည်းခိုပါတယ်၊
သူတို့က ကျွန်တော့်ကို အစားအသောက်တွေထဲမှာ အဆိပ်ခတ်လိုက်
တာပါပဲ”

“ဟုတ်ပါ့မလား၊ အဲဒီအိမ်ကလူတွေဟာ သဘောကောင်း
စိတ်ထားဖြူစင်ကြပါတယ်၊ ဧည့်သည်ကို အဆိပ်ခတ်မှာ မဟုတ်
ဘူး”

“သူတို့ ကျွန်တော့်ကို အဆိပ်ခတ်တာကတော့ အမှန်ပါပဲ၊
အဆိပ်သင့်တာကိုသိတာနဲ့ ကျွန်တော်လည်း အဲဒီအိမ်ကနေ အတင်း
ထွက်ပြေးလာခဲ့ပါတယ်၊ အဲဒီအိမ်ကလူအချို့တောင် ကျွန်တော့်
နောက်ကို လိုက်လာကြသေးတယ်၊ ကျွန်တော်သာ ချောင်းထဲကို
ားခုန်မချခဲ့ယင် အခုလောက်ဆို အဲဒီလူတွေလက်ထဲမှာ အသက်

ပျောက်သွားလောက်ပြီ”

“ကျုပ်တို့သားအမိ ဒီနေရာမှာ အေးအေးချမ်းချမ်းနေ
တာ ဆယ်နှစ်ကျော်နေပါပြီ၊ ထျန်းအော့ထိုင်ကို ကောင်းကောင်း
ပါတယ်၊ သူဟာ စိတ်ထားရိုးဖြောင့်ပြီး အင်မတန်အေးဆေးတ
မင်းကို ဘာကြောင့် အဆိပ်ခတ်ရတယ်ဆိုတာ နားကိုမလည်နိုင်ဘ

ဖေယွင်က ဝင်ပြောသည်။

“အဲဒီ ထျန်းမိသားစုအိမ်ကလူတွေက သိုင်းပညာ အတ
ကောင်းတယ်”

ဝမ်ကျက်က ပြောလိုက်သည်။

“ဟော...ရှင်မှားနေပြန်ပြီ၊ ထျန်းမိသားစုအိမ်မှာ လူ
ယောက်ပဲရှိပါတယ်၊ အဲဒီငါးယောက်စလုံးကို ကျွန်မ မြင်ဖူးတွေ့
ပါတယ်၊ တစ်ယောက်မှ သိုင်းပညာမတတ်ကြဘူး”

ပိုင်ရင်ဟုန်က ဝင်ပြောသည်။

“ဒီလိုဆိုယင် အဲဒီမှာ ကျွန်တော်တွေ့ခဲ့ရတဲ့ လူတွေဟ
ထျန်းမိသားစုဝင်တွေမဟုတ်ဘဲ အခြားလူတွေများ ဖြစ်နေမလ
မပြောတတ်ဘူး”

“ဒါနဲ့ နေပါအုံး၊ မင်းနာမည်က ဝမ်ကျက်ဆိုတော့ တာ့
မြို့က ရာဇဝတ်အုပ်ဝမ်ကျက်များလား”

ဖေယွင်က မေးလိုက်သည်။

“ဟုတ်ပါတယ်၊ ကျွန်တော်ပါပဲ”

“မင်းက လူဆိုးလူမိုက်တွေကို နှိမ်နင်းနေရတာဆိုတေ



ရာယ်အတော်များတယ်၊ အခုလည်း မင်းအပေါ် မလိုမုန်းထားရှိ
လူတွေက မင်းကို အကောက်ကြံလိုက်ကြတာ ဖြစ်နိုင်တယ်”

“ဟုတ်နိုင်ပါတယ်၊ အခု ကျွန်တော် လူသတ်မှုတစ်ခုကို
က်စုံစမ်းနေတယ်၊ သူတို့က ကျွန်တော့်ကို အဆိပ်ခတ်တာဟာ
အမှုနဲ့ ပတ်သက်နေစရာအကြောင်းရှိတယ်၊ အဲဒါနဲ့ ဒီနေရာမှာ
ဒေါ်တို့ သားအမိနှစ်ယောက်တည်း နေကြသလား”

“ဟုတ်တယ်”

ဝမ်ကျက်၏စိတ်ထဲဝယ် ဖေယွင်တို့သားအမိအပေါ် သံသ
စိတ်များ ဝင်မိသည်။

ဤလို လူသူမနီးသောနေရာဝယ် သားအမိနှစ်ယောက်
ည်း လာရောက်နေထိုင်သည်မှာ ထူးဆန်းသည်။

ဖို့အပြင် ဖေယွင်တို့သားအမိသည် ချည်ကြမ်းအထည်များ
သာ ဝတ်ဆင်ထားသော်လည်း အသွင်အပြင် အပြောအဆိုမှာ
ထက်တန်းစားအသွင်မျိုး ရှိကြသည်။

“ကျွန်တော့်နောက်ကို လိုက်လာကြတဲ့ ရန်သူတွေ ဒီနေရာ
ရောက်လာနိုင်တယ်၊ ဒီတော့ ကျွန်တော် ဒီမှာ ကြာကြာနေဖို့မ
င့်ဘူး၊ ကျွန်တော့်အတွက် ဒေါ်ဒေါ်တို့ အပေါ်မှာလည်း အန္တရာယ်
လာနိုင်တယ်၊ ကျွန်တော် ဒီကနေ အမြန်ဆုံး ထွက်ခွာမှဖြစ်တော့
ယ်ထင်တယ်”

ဝမ်ကျက်က ဤသို့ပြောပြီး အိမ်ခုတင်အောက်သို့ဆင်း
ည်။

သို့သော် ခြေထောက်များကို အားပြု၍မရ။

ရင်ထဲဝယ် မောဟိုက်ကာ ခေါင်းပါမူးလာသောကြောင့်

သာပြန်ထိုင်နေလိုက်ရသည်။

"မင်းမှာ အဆိပ်မိထားတာက အတိုင်းအတာ အတော်

တယ်၊ အဆိပ်အတွက် မစိုးရိမ်ရတော့ပေမယ့် ဒဏ်ကတော့ရှိ

သေးတယ်၊ နောက်ထပ်သုံးရက်လောက် အေးအေးဆေးဆေး အ

ယူဖို့လိုတယ်"

ဖေယွင်က ပြောသည်။

"ဟိုလူတွေ ရောက်လာယင် ဒေါ်ဒေါ်တို့သားအမိ.."

ဝမ်ကျက်၏စကားမဆုံးမီမှာပင် အိမ်အပြင်ဘက်မှ စက

ပြောသံများ ပေါ်လာသည်။

"ဟောဒီမှာ တဲအိမ်လေးတစ်ခုပါလား"

ဝမ်ကျက်မှာ စကားဆုံးအောင် မပြောနိုင်။

တဝက်တပျက်နှင့် ရပ်သွားသည်။

လက်ကလည်း အလိုလိုဗင် နောက်ကျောသို့ရောက်သွ

သည်။

ဝမ်ကျက်၏လက်များက ဓားရိုးကိုမစမ်းမိ။

လေကိုသာ စမ်းမိသည်။

"ဟင်...ကျွန်တော့်ဓားကော"

ဝမ်ကျက်က တီးတိုးရေရွတ်လိုက်သည်။

"အစ်ကို့ဓားကို ကျွန်မသိမ်းထားပါတယ်၊ ဟောဒီမှာပါ"



ပိုင်ရင်ဟုန်က ဤသို့ပြောပြီး ခုတင်အောက်မှ ဝမ်ကျက်၏

ဓားလွယ်ကို ထုတ်ပြသည်။

ဝမ်ကျက်က ဓားကိုယူရန် လက်လှမ်းလိုက်သည်။

သို့သော် ပိုင်ရင်ဟုန်က မပေး။

"အစ်ကို ဓားကိုင်စရာမလိုပါဘူး၊ မေမေက ကြည့်ထိန်းထား

ပါလိမ့်မယ်၊ အစ်ကို အေးအေးသာနေပါ"

ပိုင်ရင်ဟုန်က ပြုံး၍ပြောသည်။

ဤသားအမိသည် သာမန်မဟုတ်နိုင်ကြောင်းကို ဝမ်ကျက်

အကဲခတ်မိပြီဖြစ်သည်။

ထို့ကြောင့် အသာငြိမ်ကာ နေလိုက်သည်။

"သမီး သူ့ကိုစောင့်ရှောက်ထားလိုက်ပါ၊ မေမေ အပြင်ကို

ထွက်ကြည့်လိုက်ဦးမယ်"

ဖေယွင်က ဤသို့ပြောပြီး အပြင်သို့ထွက်သွားသည်။

ထိုအချိန်မှာပင် တဲအိမ်ရှေ့သို့ လူတစ်စု ရောက်လာသည်။

ပြောဆိုနေကြသည့်အသံများကို နားထောင်ခြင်းဖြင့် လူ

(၄)ယောက်ဖြစ်ကြောင်း ဝမ်ကျက် ခန့်မှန်းမိသည်။

"ရှင်တို့ ဘာကိစ္စနဲ့ရောက်လာကြတာလဲ"

ဖေယွင်၏ မေးလိုက်သံကို ဝမ်ကျက် ကြားရသည်။

"ခင်ဗျားက ဒီအိမ်ရဲ့အိမ်ရှင်လား"

သက်လတ်ပိုင်းအရွယ် လူကြီးတစ်ယောက်၏စကားသံ

ပေါ်လာသည်။

"ဟုတ်တယ်"

"ကျုပ်တို့ လူရွယ်တစ်ယောက်ကို လိုက်ရှာနေကြတာ၊ ဒီနေရာက အသက်နှစ်ဆယ့်သုံးနှစ်လောက်ရှိတဲ့ လူရွယ်တစ်ယောက် ဖြတ်သွားတာ မတွေ့မိဘူးလား"

"တွေ့လိုက်ပါတယ်၊ သူ အခုတဲအိမ်ထဲမှာ ရှိနေတယ်၊ အဲဒီလူရွယ်က တဘုယွင်မြို့က ရာဇဝတ်အုပ်ဝမ်ကျက်ပဲ၊ ရှင်တို့ လိုက်ရှာနေကြတာ သူ့ကိုလား"

"သူမှသူအစစ်ပေ့ါ၊ ကဲဟေ့ အားလုံး အိမ်ထဲကို ပြိုင်တူဝင်ကြမယ်"

"ခဏနေကြပါဦး"

"ဘာလဲ ခင်ဗျားက ဝင်ရှုပ်ချင်လို့လား၊ ဝင်ရှုပ်ချင်ယင် ဒါပဲရမယ်"

"ဖွစ်"

ဓားခုတ်သံ ပေါ်လာသည်။

ဆက်လက်၍ ဖုန်းကနဲ လက်ဝါးရိုက်သံနှင့်အတူ လူတစ်ယောက် ဗိုင်းကနဲ လဲကျသွားသံ ပေါ်လာသည်။

"ဟ…ဒီမိန်းမကြီးက သိုင်းတတ်ပါလား၊ ဝိုင်းတိုက်ကြဟေ့"

အော်ဟစ်ပြောသံကို ကြားရသည်။

ထို့နောက် လှုပ်ရှားသံများနှင့်အတူ လက်ဝါးရိုက်သံသုံးချက်ဆင့်ပေါ်လာပြီးနောက် ငြိမ်သက်တိတ်ဆိတ်သွားသည်။

"တွေ့လား အားလုံးကိစ္စချောကုန်ပြီ"



အိမ်ခန်းအတွင်းမှနေ၍ ဝမ်ကျက်နှင့်အတူ အသံများကို နားင်နေသော ပိုင်ရင်ဟုန်က ပြုံး၍ပြောသည်။

မိမိနောက်သို့ လိုက်လာကြသည့်လူများ၏ သိုင်းပညာကြောင်း ဝမ်ကျက်သိသည်။

ထိုလူ(၄) ယောက်ကို လက်ဝါးရိုက်ချက် တစ်ချက်စီနှင့်ပင်ယူလိုက်သော ဖေယွင်၏သိုင်းပညာစွမ်းမှာ အလွန်အဆင့်မြင့်င်းကို ဝမ်ကျက် အကဲခတ်သိရှိလိုက်ရသည်။

"ဒေါ်ဒေါ် အဲဒီလူတွေ သေကုန်ကြပြီလား"

ဝမ်ကျက်က အသံကျယ်ကျယ်နှင့် လှမ်းမေးသည်။

"မသေပါဘူး၊ သတိလစ်ပြီး မေ့နေကြရုံပါ"

အိမ်အပြင်ဘက်မှ ဖေယွင်၏ ပြန်အော်ပြောသံ ပေါ်လာ်။

"သူတို့ကို ကျွန်တော်လာပြီး စစ်ဆေးကြည့်ချင်တယ်"

"မင်း အပြင်ဘက်ကို လျှောက်လာနိုင်သလား"

"ကြိုးစားပြီး လျှောက်လာပါ့မယ်"

"ဒါဖြင့် လာခဲ့"

ဝမ်ကျက်သည် အတော်ပင်ကြိုးစားကာ လျှောက်လှမ်းလာခဲ့သည်။ ပိုင်ရင်ဟုန်ကလည်း ဘေးမှနေ၍ အသာဖေးမကူးသည်။

* * *

ဝမ်ကျက် အိမ်အပြင်ဘက်သို့ ရောက်လာသည်။

တဲအိမ်ရှေ့ရှိ မြေပြင်ဝယ် မျက်နှာဖုံးနက် တပ်ဆင်ထ
သော လူ(၄) ယောက်လဲကျနေသည်ကို တွေ့ရသည်။

ဓားရှည်လေးလက်လည်း မြေကြီးထက်ဝယ် ပြန့်ကျ
သည်။

ဝမ်ကျက်က ထိုလူများ၏ မျက်နှာဖုံးများကို ချွတ်ခွာကြ
လိုက်သည်။

သူမြင်ဖူးသိဖူးသူ တစ်ယောက်မျှ မပါရှိ။

"တယ်ထူးဆန်းတာပဲ၊ သူတို့ထဲမှာ ကျွန်တော်တွေ့ဖူးတဲ
ဘစ်ယောက်မှမပါဘူး၊ သူတို့က ဘာကြောင့်များ မျက်နှာဖုံးစွပ်ထ
ကြသလဲ မသိပါဘူး"

ဝမ်ကျက်က ပြောသည်။

"မနေ့ညက မင်းနောက်ကိုလိုက်တာ ဒီလူလေးယောက်
လား"

ဖေယွင်က မေးသည်။

"ဟုတ်ပါတယ်၊ သူတို့ပါပဲ၊ အဲဒီတုန်းကလည်း သူတို့မျ
နှာဖုံးနက်တွေ စွပ်ထားကြပါတယ်"

"သမီးရေ ရေတစ်ပုံးလောက်သွားယူလာခဲ့ပါ၊ တစ်ယော
ကိုတော့ သတိရအောင် လုပ်ပေးလိုက်မှဖြစ်မယ်၊ ဒါမှ ဝမ်ကျ
စစ်မေးလို့ရနိုင်မယ်"

ဖေယွင်က ပိုင်ရင်ဟုန်ကို လှမ်းပြောသည်။



ပိုင်ရင်ဟုန်က အိမ်ထဲသို့ ပြေးဝင်သွားသည်။

ရေတစ်ပုံးကိုင်၍ ပြန်ထွက်လာကာ ပုံးထဲရှိရေများဖြင့် သ
တိမေ့မြောနေသူ တစ်ယောက်ကို လောင်းချလိုက်သည်။

ထိုသူက ချက်ချင်း သတိရလာသည်။

"ကဲ ခင်ဗျား အသက်အသေခံမလား၊ ဒါမှမဟုတ် ကျွန်
တ်မေးတာကို ကောင်းကောင်းဖြေမလား"

ထိုလူ သတိရလာသည်နှင့် ဝမ်ကျက်က မေးလိုက်သည်။

"ဘာမှမဖြေနိုင်ဘူး၊ သတ်ချင်ယင်သတ်လိုက်"

ထိုသူက လေသံမာမာဖြင့် ပြန်ပြောသည်။

ဝမ်ကျက် အခက်တွေ့နေသည်။

ဝမ်ကျက်မှာ မင်းမှုထမ်းရာဇဝတ်အုပ်တစ်ယောက် ဖြစ်
သည်။

တရားလက်လွတ် လူများကို သတ်ဖြတ်၍မဖြစ်။

သို့သော် ဝမ်ကျက်မှာ တရားခံများကို စစ်မေးရာတွင် အ
အကြံ့ရင့်ကျက်သူနေသူဖို့ ခပ်တည်တည်ဖြင့် ခြိမ်းခြောက်စကား
ပြောလိုက်သည်။

"ခင်ဗျားက သေမှာကိုမကြောက်တော့ ခြေပြတ်လက်ပြတ်
ကိုလည်း ကြောက်မှာမဟုတ်ဘူး၊ ကဲ ခင်ဗျားရဲ့ညာလက်ကောက်
ဝတ်ကို အလျင်စဖြတ်မယ်"

ဝမ်ကျက်က ဤသို့ပြောပြီး ပိုင်ရင်ဟုန်ထံမှ ဓားကိုလှမ်းယူ
လိုက်သည်။

"မလုပ်နဲ့"

ဖေယွင်က ဝင်ရောက်တားမြစ်သည်။

"ဘာဖြစ်လို့လဲ ဒေါ်ဒေါ်"

ဝမ်ကျက်က ဖေယွင်ကို မော်ကြည့်ပြီးမေးသည်။

"ကျုပ်ဟာ ဒီနေရာမှာ အေးအေးချမ်းချမ်း တရားကျင့် နေတာ၊ ဒီနေရာဟာ ဘုရားကျောင်းကန့် မဟုတ်ပေမယ့် အေး တဲ့ တရားရိပ်မြုံဖြစ်တယ်၊ ဒီနေရာမှာ သွေးစွန်းမယ့်အဖြစ်ကို ကျု လိုလားဘူး"

ဝမ်ကျက် သက်ပြင်းတစ်ချက်ချကာ ဓားကို ပြန်ရုပ် လိုက်ရသည်။

"ဒီလူတွေဟာ ကျွန်တော်စုံစမ်းနေတဲ့ လူသတ်မှုနဲ့ ပ သက်ပြီး ကျွန်တော့်ကို ရန်ရှာနေကြတာပါ၊ ဒါကြောင့် သူတို့ဆီ သတင်းရအောင် စစ်ထုတ်ယူဖို့လိုပါတယ်"

ဝမ်ကျက်က ဖေယွင်ကို ပြောသည်။

"ဒါက မင်းကိစ္စပဲ၊ ကျုပ်တို့နဲ့မဆိုင်ဘူး၊ မင်းကြိုက်သ လုပ်ပေါ့၊ ကျုပ်ပြောချင်တာကတော့ ကျုပ်ရဲ့အိမ်အနီးအနား သွေးထွက်သံယို မဖြစ်စေချင်ဘူး ဒါပဲ"

"ဒီလူလေးယောက်ကို အခြားတစ်နေရာကို ခေါ်သွား စစ်မေးရမယ်လို့ ဆိုတာလား"

"ဟုတ်တယ်"

"ဒါပေမယ့် ကျွန်တော်က ခွန်အားချည့်နဲ့နေတာဆိုတေ



ဒီလူလေးယောက်ကို ခေါ်သွားနိုင်စွမ်း မရှိပါဘူး"

"ဒါကိုတော့ ကျုပ်တို့သားအမိ ကူညီနိုင်ပါတယ်၊ မင်းပို့ပေး စေချင်တဲ့နေရာကိုသာပြော၊ ကျုပ်တို့လိုက်ပို့ပေးမယ်"

"သူတို့ကို ကျွန်တော်က တောင်ညိုဂေဟာကို ပို့ချင်တယ် ဒီနေရာကနေ တောင်ညိုဂေဟာကို မိုင်တစ်ရာလောက်ဝေးတယ်၊ ဒေါ်ဒေါ်တို့သားအမိအနေနဲ့ သူတို့လေးယောက်ကို ဒီလောက် ခရီး ဝေးဝေးခေါ်သွားလို့ မလွယ်ဘူးထင်တယ်"

"ဒါဆိုယင် ဒီလိုလုပ်၊ တောင်ညိုဂေဟာက ယိပေါက်ကျင့် ဆီကို သမီးရင်ဟုန်ကိုလွှတ်ပြီး အကျိုးအကြောင်း သတင်းပို့ခိုင်းတာ ပေါ့၊ ပြီးတော့ ဒီလူလေးယောက်ကိုလူလွှတ်ပြီး ခေါ်ဖို့လည်း ပြော လိုက်တာပေါ့၊ မကောင်းဘူးလား"

"တကယ်လို့ လမ်းမှာ အနှောင့်အယှက်တွေ့ရယင် ပိုင်ရင် ဟုန်က သူ့ကိုယ်သူ ကာကွယ်နိုင်ပါ့မလား"

"တော်ရုံတန်ရုံ သိုင်းသမားလောက်ကိုတော့ ရင်ဟုန်က အနိုင်ယူနိုင်ပါတယ်"

"တောင်ညိုဂေဟာကလူတွေ ရောက်မလာခင် ဒီလူလေး ယောက်ကို ဘယ်လိုလုပ်ထားမှာလဲ"

"အိမ်အနောက်ဘက်က ထင်းထားတဲ့အခန်းထဲမှာ ကြိုးနဲ့ တုပ်ပြီးထည့်ထားလိုက်ယင် ဖြစ်ပါတယ်"

"ခင်ဗျားကကော ကျွန်တော့်ကို ကူညီဆောင်ရွက်ပေးနိုင် မလား"

ဝမ်ကျက်က ပိုင်ရင်ဟုန်ကို လှမ်းမေးသည်။

"ဟာ..ကျွန်မက အပြင်ကို တစ်ယောက်တည်း တစ်ခါမျှ ခရီးထွက်ဖူးသေးတာ မဟုတ်ဘူး၊ အခုလို ခရီးထွက်ရတာ သိပ်ကို ပျော်တာပဲ၊ အစ်ကို့ကိုတောင် ကျွန်မက ကျေးဇူးတင်နေသေးတယ်"

ပိုင်ရင်ဟုန်က ပြန်ပြောသည်။

"သမီး ခရီးသွားယင် လမ်းမှာ ဘာပြဿနာမှ မပေါ်စေနဲ့နော်၊ အတတ်နိုင်ဆုံး ထိန်းသိမ်း ဟုတ်လား"

ဖေယွင်က ဝင်ပြောသည်။

"ဟုတ်ကဲ့ စိတ်ချပါ မေမေ"

ပိုင်ရင်ဟုန်က ခေါင်းညိတ်ပြီးပြောသည်။

"ကဲ ခရီးသွားဖို့ ပြင်ပေတော့၊ ပြင်ဆင်ပြီးတာနဲ့ ချက်ချင်းသွားရမယ်"

"ဟုတ်ကဲ့"

ပိုင်ရင်ဟုန် အိမ်ထဲသို့ ခပ်သွက်သွက်ဝင်သွားသည်။

ဖေယွင်သည် ကြိုးတစ်ချောင်းကို ယူလာပြီးနောက် သတိရနေသူကို ကြိုးဖြင့်တုပ်သည်။

ထို့နောက် သတိလစ်နေသူ(၃) ယောက်နှင့်အတူ ထင်းထားသည့် အခန်းထဲသို့ ပို့ပေးလိုက်သည်။

ထင်းထားသည့် အခန်းထဲသို့ရောက်သောအခါ လေးယောက်လုံးကို ကြိုးများဖြင့် ပူးတွဲကာ တုပ်နှောင်သည်။

ထို့နောက် ထိုသူများ ကြိုးဖြတ်ထွက်မပြေးနိုင်စေရန် ထိုသူ



မှုကြောများကို ထိုးပိတ်ထားလိုက်သည်။

ထိုအချိန်မှာပင် ပိုင်ရင်ဟုန်သည် ခရီးဆောင်အိတ်ကိုလွယ် က်လာသည်။

ပိုင်ရင်ဟုန်က မိခင်ကို ကန်တော့သည်။

နောက် ဝမ်ကျက်ကို နှုတ်ဆက်စကားဆိုကာ ခရီးဆောင် ွယ်ပြီး ခရီးထွက်သွားလေတော့သည်။

ဝမ်ကျက်သည် ဖမ်းမိထားသောလူများ လွတ်ပြေးသွား သောကြောင့် ထင်းထားသည့်အခန်းထဲတွင်ပင် နေကာ ထို ကို စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ဖေယွင်က ဝမ်ကျက်ကို အိမ်ပေါ်တွင်နေရန် ပြောသေး ဝမ်ကျက်က လက်မခံ။

သို့ဖြစ်ရာ ဖေယွင်မှာလည်း ဝမ်ကျက်ကို စိတ်မချသော ဝမ်ကျက်နှင့်အတူ ထင်းထားသည့်အခန်းထဲတွင်ပင် ထိုင်၍ ည်။

နေ့လည်ပိုင်းလောက်တွင် ဖေယွင်က ဝမ်ကျက်အတွက် ည်တစ်ခွက်ကျိုကာ ထပ်မံတိုက်သည်။

ထိုဆေးရည်ကိုသောက်ပြီးနောက် ဝမ်ကျက်မှာ အားအင် နည်းငယ် ပြန်လည်ပြည့်ဖြိုးလာသည်။

"မင်းလိုက်စုံစမ်းနေတဲ့ လူသတ်မှုအကြောင်း ပြောပြနိုင်မ

ဆေးရည်တိုက်ကျွေးပြီးနောက် ဖေယွင်က မေးသည်။

ဝမ်ကျက်က ယိစုကြည်နှင့် ကျောက်နန်စင်တို့နှစ်ယေ
နိုးရာလိုက်ခဲ့ကြပုံမှစကာ အကြောင်းစုံပြောပြလိုက်သည်။

ယိစုကြည်နှင့် ချိုရှန်းတို့ မှားယွင်းခဲ့ကြပုံအကြောင်းကို
ထိမ်ချန်ထားသည်။

ဆက်လက်ပြီး ထျန်းမိသားစုနေအိမ်တွင် မိမိ အဆိပ်
အကြောင်းများကိုလည်း ပြောပြလိုက်သည်။

"မနေ့ညတုန်းက ကျွန်တော့်ကို အဆိပ်ခတ်လုပ်ကြံ
ရယ်၊ ဒီနေ့ ကျွန်တော့်နောက်ကို လိုက်ရန်ရှာတာရယ်ကို ဆ
ကြည့်လိုက်ယင် ကျောက်နန်စင်သေရတာဟာ အခြားလူ
ယောက်ယောက်က သေသေချာချာ အကွက်ချစီစဉ်လုပ်ဆော
ပဲဆိုတာ ထင်ရှားနေပြီ"

ဝမ်ကျက်က အကြောင်းစုံပြောပြီးနောက် မိမိ၏ယူဆ
ကိုပါ ထပ်ဖြည့်ပြောလိုက်သည်။

"အခု ဖမ်းမိထားတဲ့ လူလေးယောက်ကို သေသေ
စစ်ဆေးကြည့်လိုက်ယင် ကျောက်နန်စင်ကို ဘယ်သူက သတ်
တယ်ဆိုတာ ပေါ်လာနိုင်တာပေါ့ ဟုတ်လား"

ဖေယွင်က မေးသည်။

"ဟုတ်ပါတယ်"

"အင်း...ကျုပ်က အေးအေးချမ်းချမ်း တရားအားထု
တာဆိုတော့ သွေးထွက်သံယိုမှုတွေကို မလိုလားဘူး၊ ဒါကြေ
နေရာမှာ မစစ်ဆေးဖို့ မင်းကို တားမြစ်ရတာပါ၊ ဘယ်လိုမှ



မအောက်မေ့ပါနဲ့"

"ဟာ ဒေါ်ဒေါ်တို့က ကျွန်တော့်ကျေးဇူးရှင်တွေပဲ၊ ဘယ်လို မှသဘောမထားပါဘူး၊ ဒါနဲ့ဒေါ်ဒေါ်တို့သားအမိက ဘာကြောင့်ဒီလို ချောင်ကျတဲ့နေရာမှာ လာနေကြတာလဲ"

"ကျုပ်ရဲ့ကိုယ်ရေးကိုယ်တာကိစ္စကို မစပ်စုစေချင်ဘူး"

"စပ်စုတာမဟုတ်ပါဘူး၊ ကျွန်တော့်ကို ကယ်တင်ထားခဲ့ တာကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဒေါ်ဒေါ်တို့အကူအညီလိုယင် ကူညီ နိုင်အောင် မေးတာပါ"

"ကျေးဇူးတင်ပါတယ်ကွယ်၊ ကျုပ်တို့မှာ ဘာအကူအညီမှ မလိုအပ်ပါဘူး"

"စစ်တုရင်ဧကရာဇ်နဲ့ စစ်တုရင်ဧကရီဆိုတဲ့ လူနှစ်ယောက် အကြောင်းကိုကော ဒေါ်ဒေါ်သိထားသလား"

ဝမ်ကျက်က ဤသို့မေးလိုက်သောအခါ ဖေယွင်၏မျက်နှာ ကွက် ` ပျက်သွားသည်။

"ဟင်...မင်းဘာပြောလိုက်တယ်"

ဖေယွင်က ပါးစပ်မှ လွှတ်ကနဲ ရေရွတ်လိုက်သည်။

"နိုချိန်မြို့ပြင်က လိပ်ပြာကန်ဆိုတဲ့ ရေကန်ကျယ်ကြီးရဲ့အ လယ်ကောင်မှာ ရေလယ်ကျွန်းဆိုတဲ့ ကျွန်းကလေးတစ်ခုရှိတယ်၊ ကျွန်းကို အပေါ်ယံကြည့်ယင်တော့ လူမနေတဲ့ကျွန်းလို့ပဲ ထင်ရတယ်၊ ဒါပေမယ့် အဲဒီကျွန်းလေးပေါ်မှာ ထူးဆန်းပြီး လျှို့ဝှက်တဲ့လူနှစ် ယောက်နေကြတယ်၊ တစ်ယောက်က သူ့ကိုယ်သူ စစ်တုရင်ဧကရာဇ်

လို့အမည်ခံထားတယ်၊ အသက်က တစ်ရာကျော်လောက်ရှိပြီ၊ ဒါပေ မယ့် အရွယ်တင်တယ်၊ အသက်လေးဆယ်လောက်ပဲလို့ ထင်ရ တယ်၊ တစ်ယောက်ကတော့ စစ်တုရင်ကေရီလို့ အမည်ခံထားတယ် ခေါင်းတစ်ခုလုံးက ဆံပင်တွေ ဖွေးဖွေးဖြူနေတာကလွဲလို့ အရွယ်မ ကျသေးဘူး၊ တကယ်လို့ ဆံပင်သာမဖြူယင် သူ့ကိုအသက်လေး ဆယ်လောက်ပဲလို့ ထင်ကြမှာပဲ၊ သူတို့နှစ်ယောက်ဆီမှာ ငယ်ရွယ်တဲ့ လုလင်ပျိုဆယ့်ငါးယောက်နဲ့ လုံမပျိုဆယ့်ငါးယောက်စီရှိတယ်၊ သူ တို့က အဲဒီလုလင်ပျိုနဲ့ လုံမပျိုတွေကို စစ်တုရင်ရုပ်တွေလို အသုံးချပြီး ကျွန်းပေါ်မှာ စစ်တုရင်ကစားကြတယ်၊ အတော်ကိုထူးဆန်းတဲ့လုပ် ရပ်ပါပဲ"

ဝမ်ကျောက်က ဆက်လက်၍ငွေပန်းဖြူ၏ အကူအညီတောင်း ချက်အရ ငွေပန်းနက်ကို လိုက်လံရှာဖွေကယ်တင်ရာမှ ရေလယ်ကျွန်း သို့ မိမိရောက်ရှိသွားပြီးနောက် ငွေပန်းဖြူ အဖမ်းခံခဲ့ရပုံအကြောင်း များကို ပြန်ပြောပြလိုက်သည်။

ဝမ်ကျောက်ပြောပြသည်များကို နားထောင်နေယင်း ဖေယွင် မျက်နှာမှာ အမူအရာအမျိုးမျိုး ပြောင်းလဲနေသည်။

ဖေယွင် စိတ်လှုပ်ရှားနေကြောင်း သိသာနိုင်သည်။

ကျောက်ချိုးနှင့် ယိပေါက်ကျင့်တို့ကို စစ်တုရင်ကေရာဇ်နှင့် ကေရီအကြောင်း မိမိပြောပြခဲ့စဉ်က ဤသို့ပင် အမူအရာမျိုးဖြစ်ခဲ့ ကြောင်းကို ဝမ်ကျောက် ပြန်လည်သတိရမိသည်။

"အဲဒီစစ်တုရင်ကေရာဇ်နဲ့ စစ်တုရင်ကေရီတို့အကြောင်းကို



ဒါဒေါ်သိထားသလောက် ပြောပြပါလား"

"ကျုပ်က လောကအရှုပ်အထွေးတွေကို စွန့်လွှတ်ပြီး နေရာမှာ အေးအေးချမ်းချမ်း လာနေနေတာ ကြာပါပြီ၊ မင်းပြော တဲ့လူနှစ်ယောက်ကိုလည်း ကျုပ်မသိပါဘူး"

ဖေယွင် ဖုံးကွယ်နေမှန်း ဝမ်ကျောက် နားလည်သည်။

သို့သော် ဘာမှမပြောဘဲ အသာငြိမ်နေလိုက်သည်။

"မင်းပြောတဲ့ စစ်တုရင်ကေရီဆိုတာက အသက်ဘယ် လောက်ရှိပြီလဲ"

ဖေယွင်က မေးလိုက်ပြန်သည်။

"တစ်ခေါင်းလုံး ဆံပင်တွေဖြူဖွေးနေတာကို ကြည့်ပြီးပြော ရယင်တော့ အသက်ရှစ်ဆယ်ကျော် ရှိမယ်ထင်ပါတယ်"

"ပါးရေနားရေတွေကော တွန့်နေသလား"

"အဲဒါတွေတော့ မရှိသေးဘူး၊ မျက်နှာကိုကြည့်ရတာတော့ အသက်လေးဆယ်အရွယ်လောက်ပဲ ရှိနိုင်သေးတယ်"

"စစ်တုရင်ကေရာဇ်ဆိုတဲ့လူနဲ့ စစ်တုရင်ကေရီဆိုတဲ့အမျိုး သမီး စစ်တုရင်ပြိုင်ထိုးကြတာကို မင်းမြင်ခဲ့ရသေးလား"

"အင်း မြင်ခဲ့ရပါတယ်"

"စစ်တုရင်ထိုးတဲ့အခါမှာ သူတို့ရဲ့အမူအရာတွေ ဘယ်လိုနေ သလဲ"

"ကျွန်တော်နဲ့အလှမ်းဝေးနေလို့ ကောင်းကောင်း မမြင်ရပါ ဘူး"

"သူတို့ကစားကြတဲ့ စစ်တုရင်ကွက်ကိုကော မင်းမှတ်မိသလား"

"အဲဒါကိုတော့ မှတ်မိပါတယ်"

ဖေယွင်သည် ဘာမှထပ်မပြောတော့ဘဲ ထိုင်ရာမှထက ထင်းများထားသည့် အခန်းထဲမှထွက်သွားသည်။

မကြာမီမှာပင် စစ်တုရင်ခုံတစ်ခုကိုင်ကာ ပြန်ရောက်လာသည်။

ဖေယွင်သည် စစ်တုရင်ခုံကို ဝမ်ကျက်ရှေ့ဝယ် ချပြီးနောက် အနီရောင်နှင့် အနက်ရောင်စစ်တုရင်ရုပ်များကို စစ်တုရင်ခုံပေါ်ဝယ် နေရာချကာ တင်လိုက်သည်။

"ကျုပ်က စစ်တုရင် သိပ်ဝါသနာပါတယ်၊ အေးအေးချမ်းချမ်း တရားအားထုတ်ပေမယ့် ဒီဝါသနာကို မစွန့်နိုင်သေးဘူး၊ ဒါကြောင့် မင်းမှတ်မိထားခဲ့တဲ့ စစ်တုရင်ကေရာဇ်နဲ့ စစ်တုရင်ကေရီတို့ရဲ့ကစားကွက်ကို ပြန်ကစားပြပါလား"

"ကောင်းပါပြီ"

ဝမ်ကျက်က ဤသို့ပြောပြီးနောက် စစ်တုရင်ကေရာဇ်နှင့် စစ်တုရင်ကေရီတို့ ကစားခဲ့သည့် စစ်တုရင်ကစားကွက်အတိုင်း ပြန်လည်၍ ဆုတ်တက်ကစားပြသည်။

နောက်ဆုံးအကွက်သို့ ရောက်လာသောအခါ အနီဘက်မှ ရထားတစ်စုံနှင့် စစ်သည်နှစ်ယောက် ဆုံးရှုံးပြီး အနက်ဘက်မှ ရထားတစ်စီး၊ အမြောက်တစ်လက် မြင်းတစ်ကောင်နှင့် စစ်သည်သုံး



က် ဆုံးရှုံးနေသည်။

"ဒီအကွက်ကိုရောက်တော့ အနက်ဘက်က အမြောက်နဲ့ပစ်ယ်ဆိုတာကို ကျွန်တော်တွက်မိတယ်၊ ဒါကြောင့် စစ်တုရင်ရုပ် အသုံးချခံနေရတဲ့ လုလင်ပျိုနဲ့ လုံမပျိုတွေ အသက်မဆုံးရှုံးရင် ကျွန်တော်က ပုန်းနေတဲ့နေရာကထွက်ပြီး လှမ်းအော်တားိုက်တယ်၊ အဲဒီအချိန်မှာပဲ အနက်ဘက်က အမြောက်နဲ့ပစ်တော့တာပါပဲ"

ဝမ်ကျက်က ရေလယ်ကျွန်းပေါ်တွင် လူများကို စစ်တုရင်းအဖြစ် အသုံးပြုကာ စစ်တုရင်ကစားခဲ့ပုံကို ပြောပြလိုက်။

"မင်းက ဒီအကွက်ကို ကြိုတင်မြင်နိုင်တယ်ဆိုတော့ မင်းတုရင်ပညာက မဆိုးပါဘူး၊ ဒီလို အမြောက်နဲ့မပစ်ယင် အနက်က အကြီးအကျယ် အရေးနိမ့်သွားဖို့ပဲရှိတယ်"

ဖေယွင်က ပြောသည်။

"စစ်တုရင်ကေရာဇ်နဲ့ စစ်တုရင်ကေရီတို့ဟာလူတွေကို စစ်အရုပ်လို သဘောထားပြီး အလကားသက်သက် အသက်ဆုံးင် လုပ်နေတာကတော့ မကောင်းဘူး၊ အခုဆိုယင် ငွေပန်းငွေပန်းနက်တို့နှစ်ယောက်လည်း စစ်တုရင်ကေရာဇ်နဲ့ ကေရီက်ထဲကို ရောက်နေကြပြီ၊ သူတို့ရဲ့အသက်ကို အချိန်မီ ကယ်ပေးနိုင်ဖို့လိုတယ်"

ဖေယွင်က ရုတ်တရက် အဖြေမပေးဘဲ ငြိမ်နေသည်။

ဝမ်ကျက်ကလည်း ဘာမျှထပ်မပြောတော့။

"မင်းနဲ့ကျုပ် စစ်တုရင်တစ်ပွဲလောက် ထိုးကြရအောင်

အတန်ကြာအောင် တိတ်ဆိတ်နေပြီးနောက် ဖေယွ
ပြောသည်။

"ကောင်းပါပြီ ထိုးကြတာပေါ့"

ဝမ်ကျက်က ဤသို့ပြောပြီးနောက် စစ်တုရင်ခုံပေါ်
စစ်တုရင်ရုပ်များကို နေထားတကျ ပြန်လည်ခင်းကျင်းလိုက်သ

"စစ်တုရင်ထိုးတာ လောင်းကြေးရှိမှ ကောင်းတယ်၊
လုပ် ကျုပ်တစ်ပွဲရှုံးတိုင်း မင်းကို သိုင်းပညာတစ်မျိုး သင်ပေး
ဘယ့်နှယ်လဲ"

ဤစကားကြောင့် ဝမ်ကျက် အတော်ပင် ဝမ်းသာ
သည်။

ဖေယွင်လို အဆင့်မြင့် ထိပ်တန်းသိုင်းပညာရှင်ကြီး
ယောက်ထံမှ သိုင်းကွက်တစ်ကွက် သင်ယူရရှိလျှင် အလွန်အကျိ
နိုင်သည် မဟုတ်ပါလား။

"ကောင်းပါတယ်၊ ကျွန်တော် သဘောတူတယ်"

"မင်း တစ်ပွဲရှုံးတိုင်း ဟောဒီက ဖမ်းထားတဲ့ လူ
ယောက်ကို လွှတ်ပေးရမယ်"

"ဟာ..ဒါတော့ မဖြစ်နိုင်ဘူး၊ ဒီလူတွေဟာ ကျွန်တော်စုံ
နေတဲ့အမှုအတွက် အရေးကြီးတဲ့ သက်သေတွေဖြစ်တယ်၊ သူတို့
နေပြီး သိုင်းလောကကို အန္တရာယ်ပြုဖို့ ကြံနေတဲ့လူတွေကို စုံ



တ်ထုတ်နိုင်မယ်၊ ဒါကြောင့် ဒီလူတွေကို လွှတ်ဖို့တော့ မတောင်း
ပါနဲ့၊ အခြားတောင်းချင်ရာတောင်းပါ၊ ကျွန်တော် ဆောင်ရွက်ပေး
မယ်"

"ဒီလူလေးယောက်ကို ကျုပ်ဖမ်းပေးထားတာပါ၊ ကျုပ်က
ခုပြန်လွှတ်ပေးလိုက်ယင်လည်း မင်းအနေနဲ့ မတားဆီးနိုင်ပါဘူး"

"ဒေါ်ဒေါ်ရယ် ဘာကြောင့် ဒီလိုမျိုး စိတ်ထားပြောင်းသွား
တာလဲ"

"ကျုပ် စိတ်ထားပြောင်းတာ မဟုတ်ပါဘူး၊ မင်းကို စစ်တု
ရင်ထိုးတဲ့နေရာမှာ စိတ်ပါလက်ပါ ထိုးအောင်လို့ ဒီလိုလောင်းကြေး
ခေါ်ရတာပါ၊ ဒီလိုလုပ်မှလည်းမင်းက ကျုပ်နဲ့စစ်တုရင်ထိုးတဲ့ နေရာ
မှာ စိတ်အားထက်ထက်သန်သန် ထိုးမှာမဟုတ်လား"

"ကျွန်တော်က ဒေါ်ဒေါ်နဲ့ စစ်တုရင်ပြိုင်မထိုးဘူးလို့ ငြင်း
ယင်ကော"

"အဲဒီလိုဆိုယင်တော့ ကျုပ်ဖမ်းပေးထားတဲ့ လူလေး
ယောက်ကို ပြန်လွှတ်ပစ်လိုက်ရုံ ရှိတော့တာပါပဲ"

ဝမ်ကျက်မှာ မတတ်သာတော့သည့်အတွက် အနက်ရောင်
စေ့သည်ရုပ်တစ်ရုပ် ကိုင်ကာ စတင်ရွှေ့လိုက်ရလေတော့သည်။

"အေး..ဒီလိုမှပေါ့"

ဖေယွင်က ကျေနပ်အားရစွာပြောပြီး အနီရောင်ဘက်မှ
အရုပ်များကို ရွှေ့အသည်။

ဝမ်ကျက်သည် ဖမ်းမိထားသူများကို မလွှတ်စေလိုသော

ကြောင့် သေသေချာချာ စဉ်းစားကာ အကွက်ရွှေ့သည်။

သို့သော် နောက်ဆုံးတွင်မူ ဖေယွှင်က အနိုင်ရသွားသည်

"ကဲ..ဒီပွဲမှာ မင်းရှုံးပြီ"

ဝမ်ကျက်၏ အနက်ရောင်'မင်းကြီး' ကို အပိုင်ခွေလိုက်ပြီ

နောက် ဖေယွှင်ကပြောသည်။

ဝမ်ကျက် ဘာမျှမပြောနိုင်။

မချိပြုံးသာ ပြုံးလိုက်ရသည်။

ဖေယွှင်သည် စစ်တုရင်ခုံမှထကာ ကြိုးဖြင့် တုပ်နှောင်ထာ

သောလူများရှိရာသို့ လျှောက်သွားသည်။

လူတစ်ယောက်ကို ကြိုးဖြေပေးပြီး မေ့ကြောကိုလည်း ဖြ

၍ဖြေဖွင့်ပေးလိုက်ရာ ထိုလူပြန်သတိရလာသည်။

"မင်းကို လွှတ်ပေးလိုက်ပြီ၊ သွားချင်ရာသွားပေတော့"

ဖေယွှင်က ပြောသည်။

ထိုသူသည် ခေတ္တကြောင်ကြည့်နေပြီးနောက် တချိုးတည်

ပြေးထွက်သွားလေတော့သည်။

ဖမ်းမိထားသူတစ်ယောက် လွတ်သွားသည့်အတွက် ဝမ်

ကျက်မှာ အတော်ပင် မခံချိမခံသာဖြစ်သွားရသည်။

"ကဲ နောက်တစ်ပွဲထပ်ထိုးကြဦးစို့"

ဖေယွှင်က ဤသို့ပြောပြီး စစ်တုရင်ခုံတွင် ပြန်ထိုင်သည်

"ဒေါ်ဒေါ်ရဲ့ စစ်တုရင်ပညာက ကျွန်တော့်ထက်သာတယ်

ဒါကြောင့် တစ်ကောင်လောက်တော့ လျှော့ပေးပါ"



ဝမ်ကျက်က ပြောသည်။

"အို..လျှော့မပေးနိုင်ပါဘူး"

"ဒီလိုဆိုယင် ကျွန်တော့်မှာ ပွဲတိုင်းရှုံးနေတော့မှာပဲ"

"စိတ်မလျှော့စမ်းပါနဲ့၊ ကြိုးစားပြီးသာ ထိုးစမ်းပါ၊ နောက်

သုံးပွဲတောင် ကျန်သေးတယ်၊ အဲဒီသုံးပွဲကို မင်းနိုင်ယင် ကျန်နေ

သေးတဲ့ လူသုံးယောက်ကို ဆက်ထိန်းထားနိုင်မယ့်အပြင် ကျူပ်ဆီက

ငင်းပညာသုံးမျိုးလည်း ရနိုင်ဦးမယ်'

ဖေယွှင်က ဤသို့ပြောပြီး စစ်တုရင်ကွက်ကို စရွှေ့သည်။

ဒုတိယပွဲတွင်လည်း ဝမ်ကျက် ရှုံးသည်။

ဖေယွှင်က ဖမ်းထားသော လူတစ်ယောက်ကို ကပ်လွှတ်

က်ပြန်သည်။

တတိယပွဲ ဆက်ကစားသည်။

ဤပွဲတွင်လည်း ဖေယွှင်ပင် အနိုင်ရသည်။

လူတစ်ယောက်ကို လွှတ်ပစ်လိုက်ပြန်သည်။

ဖမ်းထားသူ တစ်ယောက်တည်းသာ ကျန်တော့သည်။

ဝမ်ကျက် အလွန်စိတ်ပျက်လက်ပျက် ဖြစ်နေသည်။

"ပိုင်ရင်ဟုန် သွားသတင်းပို့လို့ တောင်ညိုဂေဟာကလူတွေ

ာက်လာယင် ဘယ်လိုလုပ်မလဲ၊ အခုအတိုင်းသာဆိုယင် ဒီပွဲလည်း

န်တော်ပဲရှုံးပြီး ဒီလူကိုလွှတ်ပစ်ရဦးမှာပဲ၊ တောင်ညိုဂေဟာက

တွေလိုက်လာယင် သူတို့လက်ကို အပ်စရာလူရှိတော့မှာ မဟုတ်

"

စတုတ္ထပွဲ မထိုးမီ ဝမ်ကျက်က စိတ်ပျက်လက်ပျက်
သည်။

"ဒီပွဲကို အစွမ်းကုန် နိုင်အောင်ကစားပေါ့၊ ဒါမှ မင်းအ
လူကျန်မယ်၊ မဟုတ်ယင် ဘာမှရှိတော့မှာမဟုတ်ဘူး၊ ကဲ စ

ဖေယွင်က ဤသို့ပြောပြီး စတုတ္ထပွဲကို စတင်ရွှေ့သ

ဤပွဲတွင်လည်း ဝမ်ကျက်၏အနီရောင်စစ်တုရင်ရုပ်မျာ
ခံစစ်သာပြုနေရသည်။

မိမိဘက်မှ အသာစီးရနေသောကြောင့် ဖေယွင် အလွ
အားရကျေနပ်နေသည်။

ဤသို့ရှိနေရာမှ ဝမ်ကျက်သည် မမျှော်လင့်သော အ
နိုင်မည့် အကွက်ကောင်းတစ်ခုကို မြင်လိုက်ရသည်။

ထိုအကွက်မှာ အနိုင်ရခြေရှိသော်လည်း အတော်ပင်
ရာယ်များသည်။

ဝမ်ကျက်ဘက်မှ ရထား၊ မြင်း၊ အမြောက်တို့ ဆက်
အရှုံးခံကာ ဖေယွင်ကို အာရုံပြောင်းအောင် လုပ်ပြီးမှ နောက်
ကျန်နေသည့် အမြောက်ဖြင့် အနက်ရောင်မင်းကြီးကို ခွေနိုင်
ဖြစ်သည်။

အကယ်၍ ဖေယွင်က ဆက်တိုက်မစားဘဲ မင်းကြီးကို
ကွက်ရွှေ့လိုက်သည်နှင့် ဝမ်ကျက်၏အခွင့်အလမ်း လုံးဝဆုံးရှုံး
ပြယ်သွားမည်ဖြစ်သည်။

ဝမ်ကျက် သေသေချာချာ စဉ်းစားချင့်ချိန်နေရသည်။



တော်တော်နှင့် အကွက်မရွှေ့နိုင်သေး။

"ဘယ်လိုလဲ ဝမ်ကျက် စဉ်းစားတာ ကြာလှချည်လား၊ ထ
အိုး တစ်လုံးချက်လောက်တောင် ရှိနေပြီ"

ဖေယွင်က လောဆော်လိုက်သည်။

"မလောပါနဲ့ဗျာ၊ ဒီပွဲဟာ ကျွန်တော့်အတွက် နောက်ဆုံးအ
အရေးပါ၊ သေသေချာချာ စဉ်းစားပါရစေ"

ဝမ်ကျက်က ပြန်ပြောသည်။

"အေး...အေး...စဉ်းစားပါ၊ ကောင်းကောင်း စဉ်းစားပါ"

ဆက်တိုက်အနိုင်ရခဲ့၍ အားတက်နေသော ဖေယွင်က ခပ်
ာင်လှောင် ပြောသည်။

နောက်ဆုံးတွင် စွန့်စားကြည့်ရန် ဝမ်ကျက် ဆုံးဖြတ်လိုက်
ည်။

ဝမ်ကျက်က မိမိ၏ရထားဖြင့် ဖေယွင်၏စစ်သည်ရုပ်ကို
းကာ မင်းကြီးကိုလှမ်းခွေသည်။

"တယ်ခက်ပါလား၊ အလကားသက်သက် ရထားနဲ့စစ်သည်
လဲနေတယ်"

ဖေယွင်က ဤသို့ပြောပြီး ဝမ်ကျက်၏ရထားကို မိမိ၏စစ်
ည်ရုပ်ဖြင့် စားလိုက်သည်။

ဝမ်ကျက်က ဘာမှပြန်မပြော။

မိမိ၏အမြောက်ဖြင့် ဖေယွင်၏မင်းကြီးကို ထပ်မံခွေလိုက်

ပြန်သည်။

ဖေယွင်က သူ၏မြင်းဖြင့် ဝမ်ကျက်၏အမြောက်ကို
လိုက်သည်။

ဝမ်ကျက်က မြင်းကို တစ်ချက်ခုန်ကာ မင်းကြီးကို တစ်ချ
ခွေလိုက်ပြန်သည်။

ဖေယွင်က ထိုမြင်းကို စစ်သည်ရုပ်ဖြင့် စားပစ်လိုက်သ

ဖေယွင်၏ မင်းကြီးအနီးဝန်းကျင်မှ အကာအကွယ် အရ
တားအင်အားများ နေရာပြောင်းလဲကုန်ကြလေပြီ။

ဤအခါတွင်မှ ဝမ်ကျက်က နောက်ဆုံးကျန်နေသော
မြောက်ဖြင့် ဖေယွင်၏မြင်းကြီးကို အပိုင်ခွေလိုက်သည်။

ဖေယွင် ဘာမှ မတတ်နိုင်တော့။

ဖေယွင်၏မင်းကြီး မပြေးနိုင်။

အခွေခံလိုက်ရလေပြီ။

* * *



## အခန်း(၈)

စတုတ္ထပွဲတွင် ဝမ်ကျက် အနိုင်ရသည်။

"အင်း...မင်းကို ကျုပ်အထင်သေးမိလို့ အခုလိုရှုံးရတာပဲ"
ဖေယွင်က မချိပြုံးပြုံးပြီး ပြောသည်။

"ကျွန်တော်က ရထားကို အဆုံးခံပြီး ဒေါ်ဒေါ်ရဲ့စစ်သည်ကို
းလိုက်ကတည်းက ဒေါ်ဒေါ်တွက်မိဖို့ကောင်းတယ်၊ ဒေါ်ဒေါ်က
်သည်နဲ့ရထား လဲရပြီဆိုပြီး ကျွန်တော့်ကို အထင်သေးလိုက်တော့
ခုလိုအရှုံးပေါ်သွားတာပဲ၊ ဒါဟာ ရန်သူကို အထင်မသေးရဘူး၊
န်သူကို အထင်သေးယင် အရှုံးနဲ့ရင်ဆိုင်ရမယ်ဆိုတဲ့ သဘောကို
က်ပြနေတဲ့ ဥပမာ သာဓကပဲ"

နောက်ဆုံးတွင် အနိုင်ယူလိုက်နိုင်၍ အားရကျေနပ်နေ
သာ ဝမ်ကျက်က ပြောသည်။

"အင်း...ဟုတ်တယ်၊ ရန်သူကို အထင်သေးယင် အရှုံးပေ
တတ်တယ်၊ ကျုပ်က ဒီအကျင့်ကို ဘာကြောင့် ခုထက်ထိမဖျော
နိုင်သေးတာလဲ"

ဖေယွှင်သည် မိမိကိုယ်မိမိ ပြောသလို တီးတိုးရေရွတ်လို
သည်။

"အခြားလူတွေနဲ့ စစ်တုရင်ထိုးတဲ့အခါကလည်း ဒီလိုအဖြ
မျိုးကြုံပြီး ရှုံးခဲ့ရဖူးသလား"

ဝမ်ကျက်က မေးလိုက်သည်။

ဖေယွှင်က ဝမ်ကျက်၏အမေးကို မဖြေ။

စစ်တုရင်ခုံမှထကာ အခန်းအပြင်သို့ လျှောက်လှမ်းထွက်
သွားသည်။

မကြာမီမှာပင် စာအုပ်လေးတစ်အုပ်ကိုကိုင်၍ ပြန်ရောက်
လာသည်။

"မင်း တစ်ပွဲနိုင်ယင် ကျုပ်ရဲ့သိုင်းပညာတစ်မျိုးကို သင်ပေး
မယ်လို့ ကျုပ်ကတိပေးခဲ့တယ်၊ ရော့ ဒါမင်းအတွက်ပဲ"

ဖေယွှင်က ဤသို့ပြောပြီး စာအုပ်ကလေးကို ဝမ်ကျက်၏
လက်ထဲသို့ ထည့်ပေးလိုက်သည်။

ဝမ်ကျက်က စာအုပ်ကိုယူ၍ကြည့်လိုက်ရာ 'လိပ်ပြာ(၁၈)
ကွက် ကိုယ်ဖော့သိုင်းပညာကျမ်း' ဟု စာအုပ်အဖုံးတွင် ရေးထား
သည်ကို တွေ့ရသည်။

"လိပ်ပြာဆယ့်ရှစ်ကွက် ကိုယ်ဖော့သိုင်းပညာကို တတ်



ထားယင် သိပ်ကို သိုင်းပညာထက်မြက်တဲ့ရန်သူနဲ့ ရင်ဆိုင်ရ
ါတောင်မှ အရှုံးမရှိနိုင်ဘူး"

ဖေယွှင်က ဆက်ပြောသည်။

"စစ်တုရင်ဇကရာဇ်ကြီးလို အဆင့်လွန်သိုင်းပညာရှင်ကြီးနဲ့
င်ဆိုင်ရယင်ကော မရှုံးနိုင်ဘူးလား"

"ရှုံးတယ်ဆိုယင်တောင်မှ ကိုယ်လွတ်ရုန်းပြီး ထွက်ပြေးနိုင်
မှမယ်"

"ဒီလိပ်ပြာဆယ့်ရှစ်ကွက် ကိုယ်ဖော့ပညာက သည်
က်တောင်အစွမ်းထက်သလား"

"မင်းကို ကျုပ် လက်တွေ့ပြမယ် လာလိုက်ခဲ့"

ဖေယွှင်က ဤသို့ပြောပြီး အခန်းအပြင်ဘက်သို့ ထွက်သွား
ည်။

ဝမ်ကျက်လည်း ဖေယွှင်နောက်မှ လိုက်သွားသည်။

ဖေယွင်နှင့် ဝမ်ကျက်တို့ ထင်းသိုလှောင်သည့်အခန်း မြေ
ကွက်လပ်လေးပေါ်သို့ ရောက်လာကြသည်။

ဖေယွင်က မြေကြီးပေါ်မှ ခဲလုံးငယ်(၅) လုံးကို ကောက်
ယူပြီး ဝမ်ကျက်ကိုပေးသည်။

"မင်း လက်နက်ပုန်း ပစ်ခွင်းတတ်တယ် မဟုတ်လား"

ခဲလုံးငယ်များကို ဝမ်ကျက်၏လက်သို့ ပေးပြီးနောက် ဖေ
ယွင်က မေးသည်။

"ဟုတ်ကဲ့ ပစ်တတ်ပါတယ်"

ဝမ်ကျက်မှာ ဓားသိုင်းပညာဖြင့် နာမည်ကျော်ကြားနေသူ
ဖြစ်သော်လည်း အခြားသိုင်းပညာများကိုလည်း အဆင့်မြင့်မြင့်သင်
ကြား တတ်မြောက်ထားသည်။

လက်နက်ပုန်းပစ်လည်း ထူးချွန်သည်။

"ကျုပ်အပေါ် ခုန်လိုက်တဲ့အခါမှာ မင်းလက်ထဲမှာရှိတဲ့
ခဲလုံးငါးလုံးနဲ့ ကျုပ်ကိုလှမ်းပစ်ပါ။ ခဲလုံးတစ်ခုချင်းစီပဲပစ်ပစ် ငါးလုံး
တပြိုင်တည်းပစ်ပစ် မင်းသဘောပဲ"

ဖေယွင်က ပြောသည်။

"ကျွန်တော် ပစ်လိုက်တဲ့ခဲလုံးတွေက ဒေါ်ဒေါ်ကို ထိခိုက်
မိသွားယင်တော့ စိတ်မဆိုးရဘူးနော်"

"မထိနိုင်ပါဘူး၊ ကဲ ကျုပ်ခုန်တော့မယ်"

ဤသို့ပြောပြီးနောက် ဖေယွင်သည် အားယူကာ အပေါ်သို့
သွားကနဲ ခုန်လိုက်သည်။



ဖေယွင်ခုန်လိုက်သည် ဆိုသည်နှင့် ဝမ်ကျက်က ခဲလုံး(၅)
ခုအနက်မှ ခဲလုံးနှစ်ခုကို လမ်းကြောင်းနှစ်မျိုးခွဲကာ ပြိုင်တူပစ်လိုက်
သည်။

တစ်ခုက ဖေယွင်၏ဦးခေါင်းဆီသို့ ကျန်တစ်ခုက ဖေယွင်၏
ခြေထောက်ဆီသို့။

အားအပြည့်သုံးကာ ပစ်လိုက်ခြင်းမို့ ခဲလုံးငယ်များ လွင့်ပျံ
သွားသည့် အရှိန်အဟုန်မှာ မြန်လှသည်။

မျက်စိဖြင့် ကြည့်၍မမြင်နိုင်။

အဆင့်မြင့် သိုင်းသမားများအဖို့ လက်နက်ပုန်းဖြင့် ပစ်
ခတ်လာသည်ကို မျက်စိဖြင့် ကြည့်ရန်မလိုဘဲ လေခွင်းသံကို နားဖြင့်
နားထောင်ကာ လက်နက်ပုန်းကို ဆီး၍ဖမ်းခြင်း၊ ရှောင်တိမ်းခြင်း
ပြုလုပ်နိုင်သည်။

ယခုလည်း ဖေယွင်က ထိုနည်းကိုသုံးကာ ခုန်သွားနေလျှက်
က ကိုယ်ကို ကိုင်းညွှတ်ပြီး ဝမ်ကျက်ပစ်လွှတ်လိုက်သော ခဲလုံးငယ်
နှစ်ခုကို ဘယ်ညာလက်နှစ်ဖက်ဖြင့် အမိအရ ဖမ်းယူလိုက်သည်။

ဝမ်ကျက်သည် ခဲလုံးနှစ်ခုကို ပထမပစ်လွှတ်ပြီးနောက်
ကျန်ခဲလုံး(၃) လုံးကို ဆက်တိုက်ပင် ပစ်လိုက်ပြန်သည်။

နောက်ထပ်ပစ်လိုက်သောခဲလုံးငယ်သုံးလုံးသည် ဖေယွင်
၏ခြေထောက်ရှိရာသို့ မြားတစ်စင်း၏ပုံသဏ္ဍာန်ဖြင့် ရှေ့နောက်တန်း
ကာဆက်တိုက်ဝင်သွားသည်။

ယခုလို ခြေထောက်သို့သာ ဦးတည်ကာ ပစ်လိုက်ခြင်းမှာ

ဖေယွင်ကို သက်ညှာလိုက်သည်ဟုလည်း ဆိုနိုင်သည်။

သက်ညှာခြင်းမဟုတ်ဟုလည်း ပြောနိုင်သည်။

အကယ်၍ ရှောင်တိမ်းခြင်းမပြုနိုင်ဘဲ ခဲလုံးဖြင့် အထိခံရပါက ခြေထောက်တွင်ဖြစ်၍ ဖေယွင် ဒဏ်ရာကြီးကြီးကျယ်ကျယ် မရစေနိုင်။

ထို့ကြောင့် ဖေယွင်အပေါ် သက်ညှာသည်ဟု ဆိုနိုင်သည်။

တဘက်မှလည်း လေထဲသို့ခုန်လွှားနေသော လူတစ်ယောက်အဖို့ ကိုယ်ခန္ဓာအထက်ပိုင်းကို ယိမ်းနွဲ့လှုပ်ရှားကာ တိမ်းရှောင်ရန်လွယ်သော်လည်း ခြေထောက်ပိုင်းမှာမူ လှုပ်ရှားရှောင်တိမ်းရန် မလွယ်။

ထို့ကြောင့် ခြေထောက်ကို ဦးတည်ကာ ပစ်ခတ်ခြင်းမှာ ဖေယွင်ကို သက်ညှာသည်ဟု မဆိုနိုင်။

သို့သော်...

ဖေယွင်၏ ကိုယ်ဖော့ပညာစွမ်းနှင့် လှုပ်ရှားမှုမှာ အံ့သြဖွယ်ကောင်းလှသည်။

ဖေယွင်သည် ကိုယ်ခန္ဓာကို ထပ်မံယိမ်းနွဲ့လှုပ်ရှားပြီး ဝမ်ကျက် ဆက်တိုက်ပစ်လွှတ်လိုက်သော ခဲလုံးငယ်သုံးလုံးကို ဆက်လက်အမိဖမ်းလိုက်ပြန်သည်။

ဝမ်ကျက်မှာ အံ့အားသင့်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

ဖေယွင်လည်း ခုန်လွှားတက်သွားရာမှ အောက်သို့ပြန်



ရောက်လာသည်။

"မင်းက ကျုပ်ကိုသက်ညှာပြီး ခဲလုံးတွေကို လျှော့လျှော့ပေါ့ပေါ့ပစ်လိုက်တာကိုး၊ မင်းက ဒီလိုညှာတော့ ကျုပ်အဖို့ လိပ်ပြာဆယ့်ရှစ်ကွက် ကိုယ်ဖော့သိုင်းပညာစွမ်းကို အကုန်အစင်မပြလိုက်ရဘူး၊ ဒါပေမယ့် ဒီလောက်နဲ့ဆိုယင်ပဲ လိပ်ပြာဆယ့်ရှစ်ကွက်ကိုယ်ဖော့သိုင်းပညာ ဘယ်လောက်အစွမ်းထက်တယ်ဆိုတာ မင်းအကဲခတ်နိုင်လောက်ပါပြီ"

ဖေယွင်က ဆုပ်ဖမ်းမိထားသော ခဲလုံးငယ်များကို မြေကြီးပေါ်ပစ်ချပြီး ရယ်မောကာပြောသည်။

"ဟုတ်ကဲ့ သိပါပြီ၊ ဒေါ်ဒေါ်ရဲ့ လိပ်ပြာဆယ့်ရှစ်ကွက် ကိုယ်ဖော့သိုင်းပညာဟာ တကယ်ပဲ အစွမ်းထက်မြက်ပါတယ်၊ ကျွန်တော်ဖြင့်ဒီလောက် အဆင့်မြင့်မားတဲ့ ကိုယ်ဖော့သိုင်းပညာမျိုးရှိမယ်လို့ တောင်မထင်မိခဲ့ပါဘူး"

ဝမ်ကျက်က လိုက်လိုက်လှဲလှဲပင် ထုတ်ဖော်ကာ ချီးကျူးစကားဆိုသည်။

"ဘယ့်နှယ်လဲ၊ ဒီကိုယ်ဖော့သိုင်းပညာကို မင်းမတတ်ချင်ဘူးလား"

"တတ်ချင်တာပေါ့ ဒေါ်ဒေါ်ရယ်၊ ဒါပေမယ့် ဒီလိပ်ပြာဆယ့်ရှစ်ကွက်ကိုယ်ဖော့သိုင်းပညာကို သင်ယင် အချိန်ဘယ်လောက်ကြာမှာလဲ၊ ကျွန်တော့်မှာလုပ်စရာအလုပ်တွေ အများကြီးရှိတယ်၊ အချိန်သိပ်မပေးနိုင်ဘူး"

"မင်းရဲ့ပင်ကိုယ် သိုင်းပညာအရည်အချင်းကလည်း  တော်ကောင်းတာပဲ၊ ဒီတော့ နှစ်ဝက်လောက် လေ့ကျင့်လိုက်ယ ရနိုင်ပါလိမ့်မယ်"

"ကျွန်တော့်မှာ လဝက်တောင်မှ အချိန်မပေးနိုင်ပါဘူး"

"ဘာကြောင့် ဒီလောက်တောင်မှ အလုပ်များနေရတာလဲ

"အဖမ်းခံနေကြရတဲ့ ငွေပန်းဖြူနဲ့ ငွေပန်းနက်တို့ ညီအစ် ကိုကယ်တင်ဖို့က သိပ်အရေးကြီးနေတယ်၊ ဒါကြောင့် အချိန်မပေးနိ တာပါ"

"မင်းရဲ့သိုင်းပညာစွမ်းကရော စစ်တုရင်ပညာကပါ စစ် ရင်ဧကရာဇ်နဲ့ စစ်တုရင်ဧကရီတို့ကိုမှ မယှဉ်နိုင်တာ၊ ဘယ်လိုလုပ်ပြ သူတို့လက်ထဲရောက်နေတဲ့ မိန်းကလေးနှစ်ယောက်ကို ကယ်တ နိုင်မှာလဲ"

"ဒေါ်ဒေါ်က ဒီလိုအပိုင်ပြောနိုင်တာ စစ်တုရင်ဧကရာဇ် စစ်တုရင်ဧကရီတို့ကို ဒေါ်ဒေါ်သိနေလိမ့်မယ် ထင်တယ် ဟုတ်သ လား"

"ဟုတ်ပါတယ်၊ ဒါပေမယ့် သူတို့နှစ်ယောက်အကြောင်းကို တော့ မင်းကို ပြောမပြနိုင်ဘူး"

"ဘာဖြစ်လို့ ပြောမပြနိုင်တာလဲ"

"အသက် အသေမခံနိုင်လို့ပဲ"

ဖေယွင်က ဤသို့ ပွင့်ပွင့်လင်းလင်း ထုတ်ပြောလိုက်သည် အတွက် ဝမ်ကျက်က ဆက်မမေးတော့ရန် စိတ်ပိုင်းဖြတ်လိုက်သည်



"ဟုတ်ကဲ့ ဒီလိုအခြေအနေမျိုး ဖြစ်နေတယ် ဆိုယင်တော့ တော် ဆက်မမေးတော့ပါဘူး"

"လိပ်ပြာဆယ့်ရှစ်ကွက် ကိုယ်ဖော့သိုင်းပညာကျမ်းကို တော့ မင်းယူထားပါ၊ အချိန်ရယင် ဒီစာအုပ်ကို ဖတ်ကြည့်ပြီး လေ့ င့်ပေါ့"

ထို့နောက် ဝမ်ကျက်နှင့် ဖေယွင်တို့နှစ်ယောက် ထင်းများ းသည့်အခန်းထဲသို့ ပြန်ဝင်လာခဲ့ကြသည်။

ထိုညနေပိုင်းတွင် ဖေယွင်က ဝမ်ကျက်အတွက် ဆေးရည် ပန်းကန်လုံး ထပ်မံကာ ကျို၍တိုက်သည်။

ထို့ပြင် စာအုပ်ငယ်နှစ်ခုလည်း ထပ်ပေးပြန်သည်။

"အဲဒါကတော့ သိုင်းပညာကျမ်းစာအုပ်တွေ မဟုတ်ပါဘူး၊ ပ်သိမ်းထားတဲ့ စစ်တုရင်ကစားနည်း စာအုပ်တွေပါ၊ မင်းအား တဲ့အခါ ဖတ်ရှုလေ့လာကြည့်ပေါ့၊ ဒီစာအုပ်တွေက မင်းရဲ့စစ် ရင်စွမ်းရည်ကို အများကြီးတိုးတက်လာအောင် အထောက်အကူ ပါလိမ့်မယ်"

စာအုပ်များကိုပေးပြီး ဖေယွင်က ပြောသည်။

"တကယ်လို့ စစ်တုရင်ဧကရာဇ်ကြီးနဲ့ စစ်တုရင်ပြိုင်ထိုးတဲ့ ါကျတော့ကော ဒီစာအုပ်တွေက ကျွန်တော့်အတွက် အထောက် ကူရနိုင်မလား"

ဝမ်ကျက်က စာအုပ်များကို လက်ခံယူပြီးမေးလိုက်သည်။

"အဲဒါကတော့ မရနိုင်ဘူး၊ သူတို့နှစ်ယောက်ရဲ့ စစ်တုရင်

စွမ်းရည်က ဒီစာအုပ်တွေထက် အများကြီးကျော်လွန်တယ်၊ ကိုယ်ပိုင် ဉာဏ်ရည်အစွမ်းအစနဲ့ တီထွင်ထားတဲ့ အကွက် ဆန် ပဲ၊ ဒီစာအုပ်တွေမှာပါတဲ့ နည်းလမ်းတွေကို မင်းရဲ့ဉာဏ်ရည် သွေးနဲ့ ပိုမိုကောင်းမွန်အောင် ထပ်ဆင့်တီထွင်နိုင်မယ်ဆို ယင် စစ်တုရင်ဧကရာဇ်နဲ့ စစ်တုရင်ဧကရီတို့ကို ယှဉ်နိုင်ကောင်း ယှ ပါလိမ့်မယ်"

ဝမ်ကျုက်သည် ကျန်နေသေးသည့် လူတစ်ယောက် ပြေးလွတ်မြောက်သွားမည် စိုးသောကြောင့် ထိုနေ့ညအဖို့ ထ လှောင်သည့်အခန်းထဲတွင်ပင် အိပ်သည်။

ဖေယွင်ကမူ တဲအိမ်လေးပေါ်သို့ ပြန်အိပ်သည်။

အရေးအကြောင်း ပေါ်လာလျှင် သူ့ကိုအော်ခေါ်လိုက် လည်း ဖေယွင်က မှာကြားထားခဲ့သည်။

ထိုနေ့ညအဖို့ မည်သည့်ထူးခြားချက်မျှ ပေါ်ပေါက် ခဲ့ပေ။

စာစဉ်(၁)ပြီး၏။

စာစဉ်(၂) ဆက်လက်ဖတ်ရှုပါရန်။


ဘုန်းကြွယ်
ချင်းဟုန်၏ချန်းကျန်ကျောက်ဟုန်ရန်
မိစ္ဆာလေပွေ


ဘုန်းကြွယ်
ချင်းဟုန်၏ချန်းကျန်ကျောက်ဟုန်ရန်
မိစ္ဆာလေပွေ
စာစဉ်-၂

[illegible]

ဘုန်းကြွယ်

# ပိဿာလေဝံမှု အန္တရာယ်

စာစဉ် ( ၂ )

စာမူခွင့်ပြုချက် - ၅၀၀၃၇၇၀၄၁၀
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၄၁၀၀၄၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ(၅၀၀)
တန်ဖိုး ၁၀၀/-ကျပ်။

**ထုတ်ဝေသူ**
ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)
အမှတ်(၁၁၁)၊ (၃၃)လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၅(H) နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံး ပုံနှိပ်**
ဦးဝင်းကျော်မိုး (မုံရွေး-ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅-လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

## အခန်း(၁)

နံနက်အာရုဏ်ဦး နေရောင်ခြည်များ ပေါ်ထွက်လာပြီး
က်တစ်နေ့သို့ ကူးပြောင်းသွားသည်။

ဖေယွင်က ဝမ်ကျက်ရှိနေသော ထင်းသိုလှောင်ခန်းသို့
စာ လာပို့ပေးသည်။

ဝမ်ကျက်မှာ အတော်ပင် အားအင်ပြန်လည်ပြည့်ဖြိုးလာ
ဖြစ်သည်။

ဖေယွင်လာပို့ပေးသော နံနက်စာကို ဝမ်ကျက်က အားရပါး
သည်။

ဆေးရည်တစ်ပန်းကန်လုံးကိုလည်း သောက်လိုက်သည်။

"ကျုပ်ရဲ့မေ့ကြောကိုင်တဲ့ပညာက သူများနဲ့မတူဘူး၊ ရက်ကြာတဲ့အထိ ဖြေဖွင့်မပေးဘဲ ဆက်တိုက်ပိတ်ထားယင် သက်လုံး မသန်မစွမ်းဖြစ်သွားနိုင်တယ်၊ ဒီလူကို ခဏလော အကြောပြန်ဖြေဖွင့်ပေးထားလိုက်ယင် ကောင်းမယ် ထင်တယ်"

ဝမ်ကျက် စားသောက်ပြီးသောအခါ ဖေယွင်က ပြောသ

"ဒီလူက တစ်ရက်နဲ့တစ်ည မေ့နေသေးတာပဲ၊ မနက်ဖြ ညအထိ အန္တရာယ်မရှိနိုင်သေးပါဘူး၊ ဒီတော့ အကြောကို ပြန်ဖြေ မပေးပါနဲ့အုံး"

"ဒါဖြင့်ယင်လည်း သည်အတိုင်းထားလိုက်မယ်၊ ဒါပေမ မနက်ဖြန်ည ကျော်လို့တော့ မဖြစ်ဘူးနော်"

"ပိုင်ရင်ဟုန်ရော ဘယ်တော့လောက် ဒီကိုပြန်ရောက်နို လဲ"

"ဒီည ပြန်ရောက်ချင်ရောက်နိုင်တယ်၊ အလွန်ဆုံး မန ဖြန်နေ့လည်ပဲ၊ ဒီထက်တော့ ပိုနောက်မကျနိုင်ပါဘူး"

"ယိပေါက်ကျင့်ကိုယ်တိုင် လိုက်လာနိုင်ယင် သိပ်ကော မှာပဲ၊ သူသာ ပါလာယင် ဒီလူကို သူ့လက်ထဲလွှဲအပ်လိုက် ကျောက်နန်စင် သေဆုံးခဲ့ရတဲ့အမှုအတွက် စစ်ဖော်ထုတ်ဖို့ သူ့ကို တာဝန်ပေးလိုက်မယ်၊ အဲဒီလိုဆိုယင် ကျွန်တော့်အဖို့ လိပ်ပြာက



သွားပြီး ငွေပန်းဖြူနဲ့ငွေပန်းနက်တို့ကို ကယ်တင်ပေးနိုင်မယ်"

"စစ်တုရင်ဧကရာဇ်နဲ့ စစ်တုရင်ဧကရီတို့ရဲ့ သိုင်းပညာဟာ ဆင့်လွန်နေပြီ၊ မင်း အနှစ်နှစ်ဆယ်လောက် သိုင်းပညာထပ်လေ့ ကျင့်တောင် သူတို့ကိုမနိုင်နိုင်ဘူး၊ ဒီတော့ ဘာကြောင့် သူတို့ကို န်တုချင်ရတာလဲ မင်းအသက် ဆုံးရှုံးရမှာကို မကြောက်ဘူးလား"

"ကျွန်တော့်အသက် သေခါမှသေရော၊ ဘေးအန္တရာယ်ကြုံ တွေ့နေရတဲ့ လူတွေကိုတော့ ကူညီကယ်တင်ပေးရမှာပဲ"

"မင်းရဲ့စိတ်ဓာတ်နဲ့သတ္တိကိုတော့ ကျုပ် အများကြီးချီးကျူး ပါတယ်၊ တကယ်လို့ မင်းဟာ စစ်တုရင်ဧကရာဇ်နဲ့ ဧကရီတို့ကို တ ကယ်ပဲသွားတွေ့မယ်ဆိုယင် စကားတစ်ခွန်းလောက်တော့ ပါးလိုက် ချင်တယ်"

"ဟုတ်ကဲ့ ပြောပါ"

"အမြောက်လေး အဝင်ခုနစ်ဆိုတဲ့ စကားကို စစ်တုရင်ဧက ရာဇ်ကို ပြောလိုက်စမ်းပါ"

"အမြောက်လေး အဝင်ခုနစ် ဟုတ်လား"

"အေး...ဟုတ်တယ်"

"ကောင်းပါပြီ၊ ကျွန်တော် ဆက်ဆက်ပြောလိုက်ပါ့မယ်၊ ဒါနဲ့ အဲဒီစကားရဲ့ အဓိပ္ပါယ်က ဘယ်လိုရှိပါသလဲ"

"အဓိပ္ပါယ်ကို မသိချင်ပါနဲ့၊ အဲဒီစကားကိုသာ ပြောလိုက်ပါ။ စစ်တုရင်ကေရာဇ် နားလည်ပါတယ်"

"မင်းဟာ စစ်တုရင်ကေရာဇ်ကို သွားရင်ဆိုင်ယင် ပြန်ထွက်လာနိုင်ဖို့လမ်း သိပ်မရှိဘူး၊ ဒီတော့ မင်းအတွက် ကျုပ်ဘာလုပ်ပေးနိုင်မလဲဆိုတာကို မှာကြားထားခဲ့ပါ"

"ထွေထွေထူးထူးတော့ မရှိပါဘူး၊ တကယ်လို့ ကျွန်တော်ပြန်ထွက်မလာနိုင်ခဲ့ယင် ကျွန်တော့်မိဘနဲ့ အဘိုးတို့ကို အကြောင်းကြားပေးပါ"

"စိတ်ချ ကျုပ်ပြောလိုက်မယ်"

ဖေယွင်က ခေါင်းညိတ်ပြပြီး ပြောသည်။

"အိမ်ရှင်တို့ မရှိကြဘူးလား"

ထိုအခိုက် လှမ်းအော်ပြောလိုက်သံတစ်ခုကို ကြားကြရသည်။

အသံမှာ ကလေးတစ်ယောက်၏ အော်သံဖြစ်သည်။

"ဘယ်သူများပါလိမ့်၊ မင်း ဒီမှာစောင့်နေ၊ ကျုပ်သွားကြည့်လိုက်ဦးမယ်"

ဖေယွင်က ဤသို့ပြောပြီး အပြင်သို့ ထွက်သွားသည်။

ဝမ်ကျက်မှာမူ ထင်းသိုလှောင်ခန်းထဲဝယ် ကျန်နေခဲ့သည်။



ခဏအကြာဝယ် ဖေယွင် ထင်းသိုလှောင်ခန်းထဲသို့ ပြန်ဝင်ရောက်လာသည်။

ဖေယွင်၏မျက်နှာအမူအရာ မကောင်း။

မျက်စိမျက်နှာ ပျက်နေသည်။

"ဘာအကြောင်း ထူးလို့လဲ"

ဝမ်ကျက်က လှမ်းမေးသည်။

ဖေယွင်က ပါးစပ်မှပြန်မဖြေ။

လက်တွင်ကိုင်လာသော စာရွက်ကိုသာ ဝမ်ကျက်အား ပေးသည်။

ဝမ်ကျက်က စာရွက်တွင်ရေးထားသော စာများကို ဖတ်ရှုလိုက်သည်။

ဖေယွင်

ခင်ဗျားရဲ့ သမီး ကျုပ်တို့လက်ထဲကို ရောက်နေပြီ။ ခင်ဗျား ...တားတဲ့ ကျုပ်တို့ရဲ့လူကို ပေတစ်ရာကျောက်ဆောင်ကို ခေါ်လာ ...င်ဗျားရဲ့ သမီးနဲ့ အလဲအလှယ်လုပ်ပါ၊ လူပိုခေါ်မလာပါနဲ့၊ ကျုပ် ...ာတဲ့အတိုင်း မလိုက်နာယင် ခင်ဗျားသမီး အသက်ရှင်လျက်မရှိ ...တူးလို့ မှတ်ပါ...။

စာတွင် လက်မှတ်ရေးထိုးထားခြင်းမရှိ။

ဝမ်ကျက်သည် စာကိုဖတ်ကြည့်ပြီး ငိုင်ကျသွားသည်။

"ဒီစာနဲ့အတူ ဆံထိုးတစ်ခုလည်း ပါလာတယ်၊ သမီး

သွားတဲ့ ဆံထိုးပဲ၊ စာကိုတော့ ကောင်လေးတစ်ယောက် လာ

တာ၊ လူတစ်ယောက်က သူ့ကိုပေးခိုင်းလိုက်တာလို့ ပြောတယ်"

ဖေယွင်က ရှင်းပြသည်။

"ပိုင်ရင်ဟုန်က သိုင်းပညာကောင်းတယ်ဆို၊ အခုတော

ဘာ်လိုဖြစ်သွားရတာလဲ"

ဝမ်ကျက်က စိတ်မကောင်းစွာမေးသည်။

"သမီးက သိုင်းပညာတော့ ကောင်းပါတယ်၊ ဒါပေမ

သိုင်းလောကနဲ့ပတ်သက်တဲ့ အတွေ့အကြုံတော့ မရှိသေးဘူး၊ အ

ဟာက ရန်သူရဲ့ပရိယာယ်ဆင်ကွက်ထဲ တိုးဝင်ပြီး အဖမ်းခံရလို

ရတာ ဖြစ်လိမ့်မယ်"

"အခုအတိုင်းဆိုယင်တော့ ပိုင်ရင်ဟုန်ရဲ့အသက်ကို က

နိုင်ဖို့က အရေးကြီးနေပြီ၊ သူတို့ပြောတဲ့အတိုင်း ဖမ်းထားတဲ့လ

သွားးလဲရမှာပဲ"

"ဒီလူ့ကို ပြန်လွှတ်ပေးလိုက်ယင် မင်းအတွက် အထော

အထားတွေအားလုံး လက်လွှတ်ကုန်မှာပေါ့"

"ဘယ်တတ်နိုင်မှာလဲ ဒေါ်ဒေါ်ရယ်၊ အခုလိုဖြစ်လာမှတော



လိုပဲလုပ်ရတော့မှာပေါ့၊ ပေတစ်ရာကျောက်ဆောင်က ဘယ်နားမှာ

သလဲ"

"ဝါးဖြူချောင်းရဲ့ အနောက်ဘက်ကမ်းမှာပါပဲ၊ ဒီနေရာက

နေ့ သယ်မိုင်လောက်ပဲ ဝေးပါတယ်၊ ကဲ ဒီလူ့ကိုခေါ်ပြီး အခုပဲ ပေ

တစ်ရာကျောက်ဆောင်ဘက်ကို သွားလိုက်မယ်၊ အဆင်ပြေယင်

တော့ ညနေစောင်းလောက်မှာ ပြန်လာနိုင်လိမ့်မယ်"

ဖေယွင်က ဤသို့ပြောပြီး သတိလစ်မေ့မြောနေသူကို

ဆမ်းကာ ထွက်သွားသည်။

ဝမ်ကျက်တစ်ယောက် တဲအိမ်ကလေး၏ရှေ့ဝယ် ခေါက်
တုံ့ခေါက်ပြန် လျှောက်ကာ စိတ်လှုပ်ရှား၍နေသည်။

ပိုင်ရင်ဟုန်၏အသွင်မှာ ဝမ်ကျက်၏စိတ်အာရုံဝယ် ထင်
ဟပ်နေသည်။

ပိုင်ရင်ဟုန်အတွက်လည်း ဝမ်ကျက်မှာ အလွန်ပင် စိုးရိမ်
ပူပန်နေမိသည်။

စိတ်ကို တည်ငြိမ်အောင် မည်သို့မျှ ထိန်း၍မရ။

"ဗုစ်"

ရုတ်တရက် လက်နက်ပုန်းတစ်စုံတစ်ရာ လေကိုခွင်းကာ
လွင့်ပျံဝင်ရောက်လာသည့်အသံကို ဝမ်ကျက်ကြားလိုက်ရသည်။

ဝမ်ကျက်သည် ကိုယ်ကိုကိုင်းချကာ လျင်မြန်စွာ တိမ်း
ရှောင်လိုက်သည်။

အဟုန်ပြင်းစွာ လွင့်ပျံလာသော ဓားမြှောင်တစ်လက်က
ဝမ်ကျက်၏ခေါင်းပေါ်မှကပ်ကာ ထွက်သွားသည်။

ဝမ်ကျက်သည် ဓားမြှောင်လာရာလမ်းဘက်သို့ လှမ်းကြည့်
လိုက်သည်။

ချောင်းကမ်းစပ်ပေါ်သို့ တက်လာသော လူတစ်ယောက်ကို
တွေ့ရသည်။



ထိုလူသည် ခေါင်းဖျားမှခြေထောက်အထိ ဖုံးလွှမ်းသော
အနက်ရောင်ဝတ်စုံ ဝတ်ထားသည်။

မျက်လုံးနှစ်ခုနေရာတွင်သာ အပေါက်များရှိသည်။
မည်သည့်လက်နက်ကိုမျှ ကိုင်ဆောင်မထား။

"ခင်ဗျား ဘယ်သူလဲ"

ဝမ်ကျက်က ထိုသူကို စေ့စေ့ အကဲခတ်ကြည့်ပြီးမေးသည်။

"ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျားသိစရာမလိုဘူး၊ ခင်ဗျား
ကို ပြောစရာရှိလို့ ကျုပ်လာခဲ့တာပဲ"

ထိုသူက အေးစက်သောအသံဖြင့် ပြောသည်။

"ခင်ဗျားက ကျွန်တော့်ကို ဘာများပြောချင်လို့လဲ"

"ကျောက်နန်စင် သေဆုံးရတဲ့ကိစ္စကို ခင်ဗျား ဆက်လက်
စုံစမ်းပါနဲ့တော့"

"ဘာကြောင့် ဆက်မစုံစမ်းရဘူးဆိုတဲ့ အကြောင်းရင်းကို
လည်း ပြောပြစမ်းပါဦး"

"အကြောင်းရင်းကိုတော့ မေးမနေပါနဲ့၊ ပြောမပြနိုင်ဘူး"

"အကျိုးအကြောင်းကို မသိရဘဲနဲ့ ကျွန်တော်က ဘာ
ကြောင့် ကျောက်နန်စင် သေဆုံးရတဲ့အမှုကို မစုံစမ်းဘဲနေရမှာလဲ"

"ကျုပ်ကတော့ သတိပေးသင့်တာကို သတိပေးပြီးပြီ၊လိုက်

နာတာ မလိုက်နာတာက ခင်ဗျားအလုပ်၊ အေး တစ်ခုတော့ ပြေ
ထားမယ်၊ ကျောက်နန်စင် သေဆုံးတဲ့အမှုကို ဆက်စုံစမ်းမယ်ဆိုယ
ခင်ဗျားမိဘနဲ့ အိမ်သူအိမ်သားတွေရဲ့အသက် အန္တရာယ်ရှိနိုင်တယ

"ခင်ဗျားက ကျွန်တော့်ကိုလာပြီး ခြိမ်းခြောက်တာလာ

"ဒါကတော့ ခင်ဗျား ထင်ချင်သလိုထင်၊ ကျုပ် ပြောစ
ဆိုစရာရှိတာတွေ ပြောပြီးပြီ"

ဝတ်စုံနက်ဝတ်လူက ဤသို့ပြောပြီးနောက် ရေထဲသို့ ပြန်
ချကာ ရေငုပ်ထွက်ခွာသွားလေတော့သည်။

ဝတ်စုံနက်လူ ထွက်သွားပြီးနောက် ဝမ်ကျက်သည် ဖေ
တော်နှင့်မလှုပ်ရှားသေး။

ငြိမ်သက်စွာ စဉ်းစားတွေးတောချနေသည်။

အတန်ကြာအောင် တွေးတောနေပြီးနောက် အိမ်တိုင်တ
ဝယ် စိုက်နေသည့် ဓားမြှောင်ကို သွားနုတ်ယူကာ စစ်ဆေးကြ
သည်။

ဓားမြှောင်မှာ အကောင်းစားဖြစ်သည်။

လက်ရာသေသပ် ပြောင်မြောက်သည်။

မည်သည့်အမည်မှ ရေးထိုးမထား။

မည်သည့်အမှတ်အသားမျှလည်း မပါရှိ။



ဝမ်ကျက်သည် လက်နက်အမျိုးမျိုး ပြုလုပ်ရာတွင် နာမည်
ကျော်ကြားလှသော ပန်းပဲဆရာကြီး ကုန်းကျိုကို သတိရမိသည်။

ဤဓားမြှောင်သည် ကုန်းကျို၏လက်ရာ ဖြစ်နိုင်သည်။

သို့မဟုတ် ဤဓားမြှောင်ပြုလုပ်သူကို ကုန်းကျိုက လမ်း
ညွှန်ပေးနိုင်သည်။

ဤဓားမြှောင်ပြုလုပ်သူမှတဆင့် ဤဓားမြှောင် ကိုင်
ဆောင်အသုံးပြုသူအကြောင်း ဆက်လက်စုံစမ်းနိုင်မည်။

ပိုင်ရင်ဟုန် ဘေးမသီရန်မခအဲ လွတ်မြောက်လာလျှင်
ပန်းပဲဆရာကြီးကုန်းကျိုထံသို့ သွားရောက်စုံစမ်းမေးမြန်းရန် ဝမ်
ကျက် စိတ်ဆုံးဖြတ်လိုက်သည်။

ဝမ်ကျက်သည် အိမ်ရှေ့ဝယ် ခေါက်တုံ့ခေါက်ပြန် လျှောက်
ကာ၊ အိမ်ရှေ့နားရှိ သစ်ငုတ်တိုဝယ် ထိုင်လိုက်ဖြင့် တစ်နေ့လုံးပင်
ဖယွင်တို့သားအမိ ပြန်အလာကို စောင့်မျှော်နေသည်။

နေက တဖြည်းဖြည်း မြင့်တက်လာသည်။

နေမွန်းတည့်ချိန် ရောက်လာသည်။

နေစောင်းသွားသည်။

ညနေပိုင်းအချိန်သို့ပင် ရောက်လာသည်။

ဖယွင်နှင့် ပိုင်ရင်ဟုန်တို့၏ အရိပ်အရောင်ကိုပင် မမြင်ရ

သေး။ အချိန်ကြာလာသည်နှင့်အမျှ ဝမ်ကျက်မှာ ပို၍စိတ်လှုပ်
လာရသည်။

ညနေ(၆) နာရီခန့်တွင်မှ ဖေယွင်နှင့်ပိုင်ရင်ဟုန်တို့
ယောက် ထိုနေရာသို့ ရောက်လာကြသည်။

သူတို့သားအမိကို မြင်လိုက်ရတော့မှ ဝမ်ကျက်မှာ အ
ပြေကာ ရင်ထဲမှ အလုံးကြီးကျသွားရသည်။

"ဟော..ဒေါ်ဒေါ်တို့ ပြန်လာကြပြီ၊ ကျွန်တော်ဖြင့် တ
လုံးပူနေလိုက်ရတာ၊ အခုမှပဲ စိတ်အေးရတော့တယ်၊ ဒါနဲ့ ပိုင်ရင်
ဘာမှမဖြစ်ပါဘူးနော်"

ဝမ်ကျက်က အားရဝမ်းသာပင် ဆီး၍ပြောသည်။

"ဘာမှမဖြစ်ပါဘူး အစ်ကို၊ အဲဒီလူတွေက ကျွန်မကို ဖ
ဖမ်းထားကြတာပါ၊ ဘာမှမလုပ်ကြပါဘူး"

ပိုင်ရင်ဟုန်က ပြုံးရယ်၍ ပြန်အဖြေပေးသည်။

"ကဲ..အိမ်ထဲဝင်နားကြပါဦး၊ ပြီးမှ အေးအေးဆေးဆေး
ကြတာပေါ့"

ဝမ်ကျက်က ပြောသည်။

သုံးယောက်သား အိမ်ထဲသို့ဝင်လာကြပြီး အိမ်ရှေ့ခန်း
ဝိုင်းဖွဲ့ကာ ထိုင်လိုက်ကြသည်။



ဝမ်ကျက်က ဖေယွင်နှင့် ပိုင်ရင်ဟုန်တို့အတွက် လက်ဘက်
ည်ကြမ်း ငှဲ့ပေးသည်။

လက်ဘက်ရည်ကြမ်း တစ်ခွက်စီ သောက်ပြီးနောက် ပိုင်
င်ဟုန်က မိမိအဖမ်းခံခဲ့ရပုံအကြောင်းကို ပြန်ပြောပြသည်။

ပိုင်ရင်ဟုန်မှာ သိုင်းလောကနှင့် ပတ်သက်၍ အတွေ့အကြုံ
ရှိသောကြောင့် ရန်သူပရိယာယ်ဆင်ကွက်ထဲသို့ တိုးဝင်ကာ အဖမ်း
လိုက်ရခြင်းဖြစ်သည်။

ပိုင်ရင်ဟုန် ခရီးထွက်လာခိုက် လမ်းတွင် စားပွဲခုံကိုခင်း
ျင်းကာ လက်ဘက်ရည်ကြမ်း အလှူပေးတိုက်ကျွေးနေသည်ကို
တွေ့ရသည်။

ပိုင်ရင်ဟုန်ကလည်း သဘောရိုးထင်မှတ်ကာ ရေငတ်ပြေ
က်ဘက်ရည်ကြမ်း ဝင်သောက်သည်။

လက်ဘက်ရည်ကြမ်း သောက်ပြီးနောက် ခရီးဆက်လာခဲ့
ခြေလှမ်းငါးလှမ်းမျှ လျှောက်ပြီးချိန်ဝယ် ခေါင်းထဲမိုက်ကနဲဖြစ်
မူးမေ့လဲကျသွားခဲ့သည်။

"ကျွန်မ သတိပြန်ရလာတော့ သိပ်မြင့်တဲ့ ကျောက်ဆောင်
စ်ခုပေါ်ကို ရောက်နေတာတွေ့ရတယ်၊ ကျွန်မတစ်ကိုယ်လုံးလည်း
လှုပ်နိုင်အောင် ကြိုးတွေနဲ့ တုတ်နှောင်ထားတယ်"

ပိုင်ရင်ဟုန်က ပြောပြသည်။

"ခင်ဗျားအနားမှာ လူဘယ်နှစ်ယောက်ရှိသလဲ"

ဝမ်ကျက်က ကြားဖြတ်ကာမေးသည်။

"သုံးယောက်၊ အားလုံး မျက်နှာဖုံးအနက်တွေစွပ်ပြီး နက်ရောင်ဝတ်စုံတွေ ဝတ်ထားကြတယ်၊ စကားပြောကြတဲ့အ ကိုကြည့်ရတာကတော့ တစ်ယောက်က အဘိုးကြီးဖြစ်ပြီး ကျန် နှစ်ယောက်က လူငယ်တွေဖြစ်ကြောင်း သိရတယ်၊ သူတို့ရဲ့အသံ ကျွန်မ ကောင်းကောင်းမှတ်မိတယ်"

ထို့နောက် ဖေယွင်က ဆက်၍ ပိုင်ရင်ဟုန်ကို သွားရော ကယ်တင်ခဲ့ပုံကို ဆက်ပြောပြသည်။

"ပေတစ်ရာကျောက်ဆောင်ကို ကျုပ်ရောက်သွားတေ ဝတ်စုံအနက်ဝတ် လူသုံးယောက်က ပိုင်ရင်ဟုန်ကို ဖမ်းချုပ်ကိုင်ထ ကြတယ်၊ အသက်ကြီးကြီးလူက ကျုပ်နဲ့စကားပြောတယ်၊ သ ကျုပ်ခေါ်လာတဲ့လူကို အရင်လွှတ်ပေးရမယ်လို့ ပြောတယ်၊ က ကလည်း အဲဒီလူ အကြောပြန်ဖွင့်ပြီး လွှတ်ပေးလိုက်တယ်၊ သူတ လည်း ပိုင်ရင်ဟုန်ကို လွှတ်ပေးထားခဲ့ပြီး ထွက်ပြေးသွားကြတ

"အဲဒီလူတွေ ဘယ်သူဖြစ်မယ်ဆိုတာကော ခန့်မှန်း လား"



"မခန့်မှန်းတတ်ပါဘူးကွယ်"

"ဒေါ်ဒေါ် ပေတစ်ရာကျောက်ဆောင်ကို သွားနေတုန်းက ကျွန်တော့်ဆီကို ဝတ်စုံနက်ဝတ် လူတစ်ယောက် ရောက်လာသေး တယ်၊ ကျွန်တော့်ကို ဆက်ပြီးမစုံစမ်းတော့ဖို့ ခြိမ်းခြောက်အကျပ် ကိုင်တယ်"

ဝမ်ကျက်က ဤသို့အစချီပြီးနောက် ဖြစ်ပျက်ပုံအကြောင်း ကို ပြောပြလိုက်သည်။

"မင်းဆီကိုရောက်လာတဲ့လူဟာ ပိုင်ရင်ဟုန်ကို ဖမ်းခေါ် ထားတဲ့လူတွေနဲ့ တစ်ဖွဲ့တည်းဖြစ်မယ်ထင်တယ်"

ဝမ်ကျက်ပြောသည်များကို နားထောင်ပြီးနောက် ဖေယွင် က ပြောသည်။

"ဟုတ်ကဲ့ ကျွန်တော်လည်း ဒီလိုပဲထင်မိပါတယ်"

"အေးကွယ် ကျုပ်ကြောင့် ဖမ်းမိထားတဲ့ လူဆိုးတွေ လွတ် မြောက်ကုန်ကြရတာကိုတော့ ကျုပ် စိတ်မကောင်းပါဘူး"

"ကိစ္စမရှိပါဘူးဒေါ်ဒေါ်၊ ဒီလိုမျိုး ဖြစ်တတ်ပါတယ်၊ ကျွန် တော်ကတော့ ဘယ်လိုအကြောင်းပဲရှိနေနေ ဆက်ပြီးစုံစမ်းနေဦးမှာ အခုလည်း ဆက်စုံစမ်းစရာလမ်းစအဖြစ် ဟောဒီဓားမြှောင်ကို ထားလိုက်ပြီ၊ ဒီဓားမြှောင်ကနေ ဆက်စုံစမ်းရမယ်၊ ဒေါ်ဒေါ်တို့ရဲ့

ကျေးဇူးကို ကျွန်တော့် ဘယ်တော့မှမမေ့ပါဘူး၊ တစ်နေ့နေ့
ကြောင်းကံဆုံယင် ကျွန်တော်ပြန်ပြီး ကျေးဇူးဆပ်ပါ့မယ်"

"ဟင်..အစ်ကိုက အခုပဲပြန်တော့မလို့လား၊ အဲခု မိုးတော
ချုပ်နေပြီ၊ မိုးလင်းမှပြန်ပါလား"

ပိုင်ရင်ဟုန်က ဝင်ပြောသည်။

"အခုပဲသွားမှဖြစ်မယ်၊ အချိန်ဆွဲနေလို့မဖြစ်ဘူး၊ ကဲ ကျ
တော့်ကို ခွင့်ပြုကြပါ"

ဝမ်ကျက်သည် ဖေယွင်နှင့် ပိုင်ရင်ဟုန်တို့ကို နှုတ်ဆက်
ကားဆိုပြီးနောက် ထိုနေရာမှ ထွက်လာခဲ့သည်။

တစ်ညလုံးလိုလို ခရီးနှင်လာခဲ့ရာ၊ မိုးလင်းချိန်ဝယ် မြို့ငေ
တစ်မြို့သို့ ရောက်ရှိလာသည်။

ထိုမြို့လေးဝယ် ဝမ်ကျက် နံနက်စာ ဝင်စားသည်။

မိမိအိမ်သို့လည်း အကြောင်းစုံဖော်ပြ သတိပေးထားသ
စာတစ်စောင်ရေးကာ ထည့်လိုက်သည်။

ထို့နောက် ထိုမြို့လေးမှ ခရီးဆက်ကာ ထွက်လာခဲ့
သည်။

* * *



ပန်းပဲဆရာကြီးကုန်းကျိ နေထိုင်ရာ ဂူထိုင်မြို့သို့ ဝမ်ကျက်
ရောက်ရှိလာခဲ့သည်။

ဝမ်ကျက်မှာ ကုန်းကျိနှင့် ခင်မင်ရင်းနှီးသည်။

ထို့ကြောင့် ဝမ်ကျက်သည် အချိန်ဆွဲမနေတော့ဘဲ ကုန်းကျိ
ပန်းပဲဖိုသို့ တန်းလာခဲ့သည်။

"ဟော..ဝမ်ကျက်ပါလား၊ မတွေ့ရတာတောင် အတော်
ကြာသွားပြီ၊ ကျန်းကျန်းမာမာပဲနော်"

ဝမ်ကျက်ကို တွေ့ရသောအခါ ကုန်းကျိက အားရဝမ်းသာ
နှုတ်ဆက်စကားဆိုသည်။

ကုန်းကျိမှာ အသက်(၇၀) ခန့်ရှိပြီဖြစ်သည်။

ပန်းပဲဆရာတစ်ယောက်ပီပီ ကြံ့ခိုင်သန်စွမ်းသည်။

"ဟုတ်ကဲ့ ကျန်းကျန်းမာမာပါပဲအဘ၊ အဘကော လုပ်ငန်း
ကိုင်ငန်းကောင်းရဲ့လား"

"အင်း..မဆိုးလှပါဘူးကွယ်"

"ကိစ္စလေးတစ်ခု မေးစရာရှိလို့ လာခဲ့တာပါ၊ အဘကို အ
နှောင့်အယှက်များ ဖြစ်နေမလား မသိဘူး"

"အို..မဟုတ်တာကွယ်၊ မင်းအတွက်ဆို ကျုပ်က ကူညီပေး
မှာပေါ့၊ ကဲ ဘာမေးချင်လို့လဲ"

ဤတွင် ဝမ်ကျက်က ခါးကြားမှ ဓားမြှောင်ကိုထုတ်ယူက
ကုန်းကျိုကိုပြလိုက်သည်။

"ဒီဓားမြှောင်ဟာ ဘယ်သူ့လက်ရာဖြစ်မလဲ"

ဝမ်ကျက်က မေးလိုက်သည်။

"ဒါ ကျုပ်ပေးလိုက်တဲ့ ဓားမြှောင်ပဲ"

ကုန်းကျိုက ဓားမြှောင်ကို စစ်ဆေးကြည့်ပြီးနောက် ပြေ
သည်။

ဤစကားကို ကြားရသောအခါ ဝမ်ကျက် အားတက်ဝ
သာသွားသည်။

"ဒီဓားမြှောင်ကိုဘယ်သူ့အတွက် လုပ်ပေးခဲ့ရတယ်ဆိုတ
ကော စဉ်းစားကြည့်စမ်းပါအုံး"

"အင်း...ဒီဓားမြှောင်မျိုးကို လူနှစ်ယောက်အတွက်ပဲ ကျု
လုပ်ပေးခဲ့တယ်၊ တစ်ယောက်က ယန်ဖွေးကောက်"

ကုန်းကျိုက ခေတ္တတွေဝေစဉ်းစားပြီး ပြောသည်။

"မြေခွေး ယန်ဖွေးကောက်လား"

"အင်း...ဟုတ်တယ်"

"နောက်တစ်ယောက်ကကော"

"ကျောက်ပေစင်"



"ဓားမောက်ဂေဟာခေါင်းဆောင် ကျောက်ချုံးရဲ့ စတုတ္ထ
းကို ပြောတာလား"

"ဟုတ်တယ်၊ ကျောက်ချုံးရဲ့ စတုတ္ထသား ကျောက်ပေစင်ပဲ၊
က မနှစ်ကပဲ ကျုပ်ဆီရောက်လာပြီး ဒီဓားမြှောင်မျိုး ဆယ့်ရှစ်
က် အလုပ်ခိုင်းသွားတယ်"

"ဟောဒီဓားမြှောင်ကို ဘယ်တုန်းက လုပ်ပေးခဲ့ရတယ်ဆို
ကို အဘခန့်မှန်းပေးနိုင်မလား"

ကုန်းကျိုသည် လက်ထဲရှိဓားမြှောင်ကို စေ့စေ့စပ်စပ် သေ
ချာချာ ကြည့်ရှုအကဲခတ်သည်။

"မနှစ်က လုပ်ပေးလိုက်တဲ့ဓားမြှောင်နဲ့တူပါတယ်၊ ဒါပေ
့် သေသေချာချာတော့ အာမ မခံနိုင်ဘူး"

"မနှစ်ကတုန်းက ယန်ဖွေးကောက် ရောက်လာပြီး ဒီလိုဓား
ြှောင်မျိုး အလုပ်ခိုင်းသေးလား"

"ဟင့်အင်း မလုပ်ခိုင်းပါဘူး"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ နောက်နောင် ကျွန်တော်
းလပ်ယင် အဘနဲ့လာပြီး တစ်ပိုင်းလောက် သောက်စားရအုံး
်၊ အခုတော့ ကျွန်တော့်မှာ အရေးကြီးတဲ့ကိစ္စလေးတွေ လုပ်စရာ
နေလို့ ခွင့်ပြုပါအုံး"

ဝမ်ကျက်သည် ကုန်းကျိုကိုနှုတ်ဆက်စကားဆိုကာ ပန်းပဲ
ဖိုမှ ထွက်လာခဲ့သည်။

ကုန်းကျို၏ ပန်းပဲဖိုမှထွက်လာခဲ့ပြီးနောက် ဝမ်ကျက်၏
စိတ်ထဲဝယ် စဉ်းစားစရာတွေ အများကြီးပါလာခဲ့သည်။

ကုန်းကျိုထံမှ သိရသမျှ အကြောင်းခြင်းရာများကို ဆက်စပ်
ကြည့်လိုက်လျှင်၊ ဝမ်ကျက်ရရှိထားသော ဓားမြှောင်မှာ ကျောက်ပေ
စင်၏ဓားမြှောင်ဖြစ်ဖို့ အကြောင်းများသည်။

ဤအတွက် ဝမ်ကျက်မှာ အတော်ပင် အတွေးရခက်နေ
သည်။

ဓားမောက်ဂေဟာခေါင်းဆောင် ကျောက်ချုံးသည် မိမိ၏
သားကို ပြန်သတ်ကာ ယိစုကြည်အပေါ်သို့ အပြစ်ပုံချသည့်အလုပ်
မျိုး လုပ်မည်မဟုတ်။

ထိုနည်းတူ...

ကျောက်ပေစင်မှာလည်း မိမိ၏အစ်ကိုကို ပြန်လည်သတ်
ဖြတ်မည်မဟုတ်။

သို့သော် ယခု ကုန်းကျိုထံမှ စုံစမ်းသိရခဲ့သလောက် ဤဓား
မြှောင်မှာ ကျောက်ပေစင်၏ ဓားမြှောင်ဖြစ်ပြီး မိမိကို ကျောက်နန်စင်
သေဆုံးသည့်အမှုအတွက် ဆက်လက်မစုံစမ်းရန် ခြိမ်းခြောက်ဟန့်



ားခဲ့သည့် ဝတ်စုံနက်မှာလည်း ကျောက်ပေစင်ပင် ဖြစ်ဖို့များ
ကြောင်း ဝမ်ကျက်တွေးဆမိသည်။

ကျောက်ပေစင်က အဘယ်ကြောင့် ယခုလိုလုပ်ရသနည်း။

မိမိကို လာရောက်ခြိမ်းခြောက်ဟန့်တားခဲ့သူမှာ ကျောက်
ပစင် မဟုတ်လျှင် မည်သူဖြစ်မည်နည်း။

ယန်ဖွေးကောက်တော့ ဖြစ်မည်မထင်။

ဝမ်ကျက် သိရသလောက် ယန်ဖွေးကောက်မှာ လူဆိုးမ
ဟုတ်သော်လည်း လူကောင်းတော့ မခေါ်နိုင်။

ဓားပြတိုက်တတ် သလိုလိုလည်း သတင်းကြားရသည်။

သို့သော် ယန်ဖွေးကောက်သည် တစ်ကိုယ်တော် သွားလာ
လှုပ်ရှားနေသူဖြစ်သည်။

အစုအဖွဲ့နှင့် လှုပ်ရှားလုပ်ဆောင်လေ့မရှိ။

ထို့ပြင် မည်သည့်အခါတွင်မျှ မျက်နှာဖုံးတပ် ရုပ်ဖျက်ကာ
သွားလာလှုပ်ရှားလေ့မရှိ။

ဓားပြတိုက်သောအခါ၌ပင်လျှင် သည်အတိုင်း ပြောင်
ပြောင်တင်းတင်း လုပ်တတ်သည်။

ထို့ပြင် ယန်ဖွေးကောက်တွင် ကျောက်နန်စင်ကို သတ်ဖြတ်
ရာအကြောင်းခြင်းရာ တစ်စုံတစ်ရာမျှပင်မရှိ။

အကယ်၍ မိမိကို လာရောက်ခြိမ်းခြောက်သည့် ဝတ်စုံ
နက်ဝတ်လူသည် ကျောက်ပေစင်ဖြစ်သည်ဆိုလျှင် ဖေယွင် ဖမ်းမိ
သော လူ(၄) ယောက်နှင့် ပိုင်ရင်ဟုန်ကို အကွက်ဆင်ဖမ်းဆီးသွား
သူသုံးယောက်မှာလည်း မျက်နှာဖုံးတပ်ကာ ရုပ်ဖျက်ထားကြသူ
များမှာ ဓားမောက်ဂေဟာ၏သိုင်းသမားများ ဖြစ်နိုင်ကြောင်းလည်း
ဝမ်ကျက်က ဆက်လက်ကာ တွေးတောမိလိုက်သည်။

နောက်ဆုံးတွင် ဓားမောက်ဂေဟာသို့ သွားရောက်၍
ကျောက်ချုံးနှင့် တွေ့တွေ့ဆိုင်ဆိုင် တွေ့ဆုံမေးမြန်းကြည့်ရန် ဝမ်
ကျက် စိတ်ပိုင်းဖြတ်လိုက်သည်။

ထို့ကြောင့် ဝမ်ကျက်သည် ဝူထိုင်မြို့မှ ထွက်ပြီးနောက်
ဓားမောက်ဂေဟာရှိရာဘက်သို့ ခရီးဆက်ခဲ့သည်။

* * *



## အခန်း(၂)

ဓားမောက်ဂေဟာဘက်သို့ ဝမ်ကျက်ခရီးဆက်လာခဲ့သည်။
မြင်းတစ်စီးကိုဝယ်ကာ လမ်းမကြီးအတိုင်း ခရီးနှင်လာခဲ့ရာ
တစ်နေရာသို့အရောက်ဝယ် မြင်းစီးသမားတစ်စုနှင့် ဝမ်ကျက် ဆုံမိ
သည်။

ထိုမြင်းစီးသမားများမှာ အားလုံး (၈) ယောက်။
ခေါင်းဆောင်လာသူမှာ တခြားသူမဟုတ်။
အိုက်တုဟောက်ပင် ဖြစ်သည်။
တောင်ညီဂေဟာခေါင်းဆောင် ယိပေါက်ကျင့်၏အသက်
ငါးဆယ်ပြည့်မွေးနေ့ အထိမ်းအမှတ် သိုင်းပညာစွမ်းရည်ပြိုင်ပွဲတွင်

ပါဝင်ယှဉ်ပြိုင်ယင်း ဝမ်ကျက်သည် အိုက်တုဟောက်နှင့်သိကျွမ်းခဲ့
သည်။

အိုက်တုဟောက်သည် ဝမ်ကျက်ကို တွေ့သည်နှင့် ညာ
လက်ကိုမြှောက်ပြကာ နှုတ်ဆက်လိုက်သည်။

မြင်းကိုလည်း ဇက်တို့ကာ ရပ်လိုက်သည်။

အိုက်တုဟောက် အနောက်မှ လိုက်ပါလာကြသော မြင်းစီး
သမား(၇) ယောက်လည်း မြင်းများကို ရပ်လိုက်ကြသည်။

ဝမ်ကျက်ကလည်း မြင်းကို အသာရပ်ကာ ပြန်လည်နှုတ်
ဆက်ဂါရဝပြုသည်။

"အင်း...အချစ်ရေးမှာ ရှုံးနိမ့်ခဲ့ကြရတဲ့လူအချင်းချင်း ပြန်
တွေ့ရတာ တစ်မျိုးတော့ ဝမ်းသာတယ်ဗျာ"

အိုက်တုဟောက်က ပြုံးရယ်၍ပြောသည်။

"အချစ်ရေးမှာ ရှုံးနိမ့်ခဲ့ရတဲ့လူချင်း ဟုတ်လား၊ အဲဒါက
ဘာကိုဆိုလိုတာလဲ"

အိုက်တုဟောက် ပြောသည်ကို နားမလည်သောကြောင့်
ဝမ်ကျက်က မျက်မှောင်ကြုတ်ပြီးမေးသည်။

"တောင်ညီဂေဟာခေါင်းဆောင်ကြီး ယိပေါက်ကျင့်ရဲ့
အသက်ငါးဆယ်ပြည့် မွေးနေ့မှာလုပ်တဲ့ သိုင်းပညာစွမ်းပြိုင်ပွဲမှာ



င်ဖျားနဲ့ကျွန်တော်လည်း ပါဝင်ခဲ့ကြတယ် မဟုတ်လား၊ ယိပေါက်
ကျင့်က ကျွန်တော်တို့အထဲက သူ့သားမက်လောင်းကို ရွေးမယ်လို့
ကျွန်တော်ကထင်နေတာ၊ နောက်တော့ ယိစုကြည်မှာ ချစ်သူရှိနေပြီး
ကျွန်တော်တို့အားလုံး အချစ်ရေးမှာရှုံးခဲ့ကြရတယ် မဟုတ်လား၊ အဲ
ါကိုပြောတာပါ"

"ဒီလိုပြောပုံထောက်ယင် ခင်ဖျားက ယိစုကြည်ကို အတော်
လေးစိတ်ဝင်စားနေပုံရတယ်"

"ဟုတ်ပါတယ်၊ ကျွန်တော် ယိစုကြည်ကို အတော်ကိုစွဲလမ်း
မိတယ်၊ ယိစုကြည် အဲဒီလိုဖြစ်သွားတဲ့နောက် လေးငါးခြောက်ရက်
လောက်ကြာအောင်ကျွန်တော့်စိတ်ထဲမှာ အတော်လေး မတင်မကျ
ခံစားနေရတယ်၊ ကဲ ကျွန်တော့်မိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးရ
ဦးမယ်"

အိုက်တုဟောက်က ဤသို့ပြောပြီး သူ့နောက်တွင် ပါလာ
သော မြင်းစီးသမား ခုနစ်ယောက်နှင့် ဝမ်ကျက်ကို မိတ်ဆက်ပေး
သည်။

ထိုလူ(၇) ယောက်မှာ ဝေကြိုရှန်၊ လင်ရိကျင်၊ ကြင်ကျင်ချန်
လုဖေဝမ်း၊ ကြိုဝင်း၊ ကိုးလုံနှင့် ဖိန်ဖောင်တို့ဖြစ်ကြသည်။

ထိုလူ(၇) ယောက်လုံးမှာ အိုက်တုဟောက်ကဲ့သို့ပင် အ

ထက်တန်းစား လုလင်ပျိုများဖြစ်ကြသည်။

သိုင်းပညာကို ဝါသနာအလျောက်သင်ယူပြီး သိုင်းလေ
ကထဲဝယ် လှည့်လည်ကျက်စားကာ သွားလာလှုပ်ရှားနေကြသ

"ခင်ဗျားတို့အဖွဲ့က တစုတဝေးနဲ့ ဘယ်သွားကြမလို့လဲ
မိတ်ဆက်စကားများ ဆိုပြီးသောအခါ ဝမ်ကျက်က

သည်။

"ကျွန်တော်တို့(၈) ယောက်က ဒီလိုပဲ သိုင်းလောက
လှည့်လည်သွားလာနေကျပါပဲ၊ ဒါပေမယ့် ဒီနေ့ထွက်လာတာ
တော့ အရေးကြီးတဲ့ အကြောင်းကိစ္စတစ်ခု ရှိနေတယ်"

အိုက်တုဟောက်က ပြန်အဖြေပေးသည်။

"ဘယ်လို အကြောင်းကိစ္စများလဲဗျာ"

"တောင်ညိုဂေဟာကို အကူအညီသွားပေးမလို့ပါ"

"တောင်ညိုဂေဟာမှာ ဘယ်လိုအန္တရာယ်များ ကျရော
နေလို့လဲ"

"ယိစုကြည်က ကျောက်နန်စင်နဲ့ ချိုရှန်းတို့ကို သတ်ခဲ့တဲ့
ကို ခင်ဗျားကြားမိပြီးမှာပေါ့"

"ဟုတ်ကဲ့ ကြားမိပါတယ်"

"အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ကျောက်နန်စင်ရဲ့အဖေ



မောက်ဂေဟာခေါင်းဆောင် ကျောက်ချုံးနဲ့ချိုရှန်းရဲ့အဖေ ချွေနဂါး
တိုက်ခေါင်းဆောင် ချိုယွဲ့ထိုင်တို့က မကျေမနပ်ဖြစ်နေကြတယ်၊
သူတို့က တပည့်လက်သား သိုင်းသမားတွေ စုရုံးပြီး တောင်ညိုဂေ
ဟာကို ရန်ပြုတိုက်ခိုက်ကြတော့မယ်ဆိုတဲ့ သတင်းကြားရလို့ ကျွန်
တော်တို့က ယိပေါက်ကျင့်ဘက်က ကူညီပေးနိုင်အောင် ထွက်လာခဲ့
ကြတာပါ"

"အခုလို သွားကူညီမှာက ခင်ဗျားတို့ရဲ့ကိုယ်ပိုင်ဆုံးဖြတ်
ချက်နဲ့ လုပ်တာလား၊ ယိပေါက်ကျင့်က မေတ္တာရပ်ခံလို့လား"

"ကျွန်တော်တို့ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ လုပ်တာပါ"

"ဒီလိုဆိုယင် ခင်ဗျားတို့ တောင်ညိုဂေဟာကို မသွားကြ
င်ကောင်းလိမ့်မယ်"

"ဟင်...ဘာဖြစ်လို့လဲဗျ၊ ယိစုကြည်ကို ယိပေါက်ကျင့်က အ
မွေပြတ်သမီးအဖြစ် စွန့်လွှတ်ထားတာဆိုတော့ ယိစုကြည် လုပ်
ဆောင်တဲ့ကိစ္စတွေကို ယိပေါက်ကျင့်အနေနဲ့ ဘာမှတာဝန်ယူစရာ
မလိုဘူး၊ အခု ကျောက်ချုံးနဲ့ချိုယွဲ့ထိုင်တို့က ယိပေါက်ကျင့်ကို ဝိုင်း
အန္တရာယ်ပြုတာက မတရားဘူး၊ ဒီလို မတရားတာကို ခင်ဗျားတို့
ကျွန်တော်တို့တတွေ လက်ပိုက်ကြည့်နေကြရမှာလား"

"ခင်ဗျားက နောက်ဆက်တွဲသတင်းတွေကို မကြားရသေး

လို့ ဒီလိုပြောတာပါ။ အခု အဲဒီကိစ္စက ပြေလည်သွားပါပြီ"

"ဘယ်လို ပြေလည်တာလဲ"

ဤတွင် ဝမ်ကျက်က ယီပေါက်ကျင့်ကို ကျောက်ချူးနှင့် ယွဲ့ထိုင်တို့က လာမည့်ခုနစ်လပိုင်း သုံးဆယ်ရက်နေ့အတွင်း ယီ ကြည်ကို အရှာပေးရန် အချိန်ပေးထားပုံမှအစချီကာ မိမိနှ ယီစုကြည်ဆုံတွေ့ခဲ့ရပုံ၊ ယီစုကြည်၏ မေတ္တာရပ်ခံချက်ကို မိမိ ချူယွဲ့ထိုင်ထံသွားရောက်ပြောကြားခဲ့ပုံ အကြောင်းများကို ပြန်ပြေ ပြလိုက်သည်။

ယီစုကြည်နှင့် ချူရှန်းတို့ မှားယွင်းခဲ့ကြမိသည့်အကြောင်း မှု ပြောမပြဘဲ ချန်လှပ်ထားသည်။

"သြော်...ဒီလိုကိုး၊ ဒါနဲ့ အဲဒီအမှုကိစ္စအတွက် ခင်ဗျားစုံစ တာ ဘယ်လောက်အထိ ခရီးရောက်နေပြီလဲ"

ဝမ်ကျက် ပြောပြသည်များကို အစမှအဆုံး စိတ်ဝင်စား နားထောင်ပြီးနောက် အိုက်တုဟောက်က မေးသည်။

ဤတွင် ဝမ်ကျက်က မိမိစုံစမ်းသိရှိ ဖြစ်ပျက်ခဲ့ရပုံ ကြောင်းခြင်းရာများကို ပြန်ပြောပြလိုက်သည်။

သို့သော် ကျောက်ပေစင်၏ဓားမြှောင်နှင့် ပတ်သက်သ အကြောင်းကိုမူ ပြောမပြဘဲ ချန်လှပ်ထားသည်။



ဤကိစ္စတွင် ကျောက်ပေစင် ပါဝင်ပတ်သက်နေကြောင်း မ်ကျက်အနေနှင့် ထင်ကြေးသာပေးနိုင်သေးသည့်အတွက် အတိအ ကျ ထုတ်မပြောဘဲ ချန်လှပ်ထားလိုက်ခြင်းဖြစ်သည်။

"ခင်ဗျားက ထျန်းအောင့်ထိုင်တို့ နေထိုင်ကြတဲ့ ထျန်းမိသားစု နေအိမ်ကို ဘာကြောင့်သွားပြီး မစုံစမ်းသေးတာလဲ"

ဝမ်ကျက် ပြောပြသည်များကို နားထောင်ပြီးနောက် အိုက် တုဟောက်က မေးသည်။

"ကျွန်တော်လည်း အဲဒီကို တစ်ခေါက်သွားပြီး စုံစမ်းယင် ကောင်းမလားလို့ စဉ်းစားမိပါသေးတယ်၊ ဒါပေမယ့် အဲဒီနေ့က ထျန်း မိသားစု နေအိမ်မှာ ကျွန်တော်တွေ့ရတဲ့လူတွေဟာ ထျန်းအောင့်ထိုင် တို့မိသားစုအစစ်မဟုတ်ဘဲ အယောင်ဆောင်နေကြတဲ့လူတွေ ဖြစ်ကြောင်း သိခဲ့ရတဲ့အတွက် ကျွန်တော်မသွားတော့တာပါ"

ဝမ်ကျက်က ပြန်အဖြေပေးသည်။

"ဒီလိုမဟုတ်ဘူးလေ၊ အဲဒီနေ့က ခင်ဗျားတွေ့ခဲ့ရတာ ထျန်း အောင့်ထိုင်တို့ မိသားစုအစစ် မဟုတ်ဘဲ အယောင်ဆောင်တွေ ဖြစ် တယ်ပဲထား၊ ထျန်းအောင့်ထိုင်ရဲ့မိသားစုတွေ ဘယ်နေရာရောက် နေသလဲဆိုတာကို သိရအောင်တော့ စုံစမ်းသင့်တာပေါ့၊ သူတို့ကို လူဆိုးတွေက ဖမ်းဆီးထားတာ ဖြစ်ချင်ဖြစ်နိုင်တယ်"

"အင်း...ခင်ဗျားပြောတာ ဟုတ်ပါတယ်၊ ဒါဖြင့် ကျွန်တေ
ကိုတစ်ခုလောက် အကူအညီပေးပါလား"

"ပြောပါ ဘာကူညီရမှာလဲ"

"ခင်ဗျားပြောတာကို နားထောင်ရတော့ ထျုန်းအော့ထိုင်
မိသားစုအတွက် ကျွန်တော် ရင်လေးမိတယ်၊ ကျွန်တော့်မှာလ
အရေးကြီးတဲ့ကိစ္စတွေ ဆောင်ရွက်စရာရှိနေတာမို့ ချုန်းမိသားစု
အိမ်ကို မသွားနိုင်ဘူး၊ ဒီတော့ ခင်ဗျားက ထျုန်းမိသားစုနေအိမ်
တစ်ခေါက်လောက်သွားပြီး စုံစမ်းကြည့်ပေးပါလား"

"ဖြစ်ပါတယ်၊ ထျုန်းမိသားစု နေအိမ် ဘယ်မှာရှိတယ်
တာကိုသာ လမ်းညွှန်လိုက်ပါ"

ဤတွင် ဝမ်ကျက်က ထျုန်းမိသားစုနေအိမ်သို့ သွားရော
နိုင်မည့်ခရီးလမ်းကို ညွှန်ပြပြောဆိုပေးလိုက်သည်။

"ထျုန်းမိသားစုနေအိမ်ကို ရောက်ယင် သတိတော့ထာ
အကြောင်းထူးသိရယင် တောင်ညိုဂေဟာမှာ ကျွန်တော့်ကိုလာ
ပါ၊ တကယ်လို့ တောင်ညိုဂေဟာမှာ ကျွန်တော့်ကိုမတွေ့ရယင်
ခင်ဗျား စုံစမ်းသိရှိလာတဲ့အကြောင်းထူးကို ယိပေါက်ကျင့်ကိုပဲ
ပြလိုက်ပါ"

"စိတ်ချပါ၊ ကဲ ကျွန်တော်တို့ အခုပဲ ထျုန်းမိသားစုနေ



ကြီးကို သွားကြမယ်၊ လာကြဟေ့ ရောင်းရင်းတို့"

အိုက်တုဟောက်က ဤသို့ပြောပြီး ညာလက်ကို တစ်ချက်
မြှောက်ပြလိုက်သည်။

ထို့နောက် မြင်းကို ဒုန်းစိုင်းစီး၍ ထွက်သွားသည်။

ကျွန်လူ (၇) ယောက်လည်း အိုက်တုဟောက်၏နောက်မှ
လိုက်ပါသွားကြသည်။

ဝမ်ကျက်လည်း ဓားမောက်ဂေဟာဘက်သို့ ခရီးဆက်၍
ထွက်လာခဲ့သည်။

ဓားမောက်ဂေဟာသို့ ဝမ်ကျက် ရောက်ရှိလာခဲ့...

ဂေဟာအဝင်ဝရှိ အစောင့်တာဝန်ကျသူ သိုင်းသမားကို ကျောက်ချုံးနှင့် တွေ့လိုကြောင်း ပြောဆိုလိုက်သည်။

ခဏအကြာဝယ် ဂေဟာဝင်ပေါက်သို့ ကျောက်ချုံးသားအကြီးဆုံး ကျောက်တန်စင် ရောက်ရှိလာသည်။

"ဘယ်လိုအကြောင်းကိစ္စရှိလို့ ကျွန်တော်တို့ဆီကို ရောက်လာရပြန်တာလဲ"

ကျောက်တန်စင်က ဝမ်ကျက်ကို မျက်မှောင်ကြုတ်ကာ ကြည့်ပြီး ပြောသည်။

သူ့အသွင်မှာ ဝမ်ကျက်ရောက်ရှိလာသည်ကို နှစ်မြို့ပုံမရ။

"ခင်ဗျားအဖေနဲ့ တွေ့ချင်လို့ပါ"

ဝမ်ကျက်က လေသံအေးအေးဖြင့် ပြန်ပြောသည်။

"ဘာအတွက် တွေ့ချင်တာလဲ၊ ဖေဖေက ခင်ဗျားပြောတဲ့အတိုင်း ယိပေါက်ကျင့်တို့သားအဖကို ရန်မရှာပါဘူးလို့ ကတိပေးပြီးပြီ မဟုတ်လား"

"ကျွန်တော် အခုလာတာက ခင်ဗျားညီ ကျောက်နန်စင်သေဆုံးရတဲ့ကိစ္စနဲ့ ပတ်သက်နေပါတယ်၊ ဒီအကြောင်းကို ခင်ဗျားတို့အဖေကလည်း သိချင်ပါလိမ့်မယ်"



ကျောက်တန်စင် မငြင်းသာတော့။

ဝမ်ကျက်ကို ဓားမောက်ဂေဟာထဲသို့ ဝင်ခွင့်ပြုကာ ဧည့်ခန်းမဆောင်ရှိရာသို့ လမ်းပြ ခေါ်ဆောင်သွားရလေတော့သည်။

ဓားမောက်ဂေဟာ၏ ဧည့်ခန်းဆောင်ထဲဝယ် ကျောက်ချုံး ထိုင်လျက်ရှိနေသည်။

"ကျွန်တော် ရောက်လာတာဟာ ဆရာကြီးကို အနှောင့်အယှက်ပေးသလို ဖြစ်နေတယ်ဆိုယင် တောင်းပန်ပါတယ်"

ဝမ်ကျက်က ကျောက်ချုံးကို ဦးညွှတ်ဂါရဝပြုပြီးပြောသည်။

"ကိစ္စမရှိပါဘူး၊ ကျုပ်သားသေဆုံးရတဲ့အတွက် မင်းက ကြိုးစားပြီး အမှုလိုက်စုံစမ်းဖော်ထုတ်နေတာကိုပဲ ကျုပ်က ကျေးဇူးတင်နေရပါတယ်၊ ကဲ ပြောစမ်းပါအုံး အခြေအနေ ဘယ်လိုရှိလာပြီလဲ"

ကျောက်ချုံးက ပြန်ပြောသည်။

ဝမ်ကျက်ကိုမူ နေရာထိုင်ခင်းမပေး။

ဝမ်ကျက်ကလည်း ဘာမှပြန်မပြောဘဲ ပြုံး၍ရပ်နေသည်။

"ကဲ ထိုင်စမ်းပါအုံးလေ"

ကျောက်ချုံးက ဝမ်ကျက်ကို အကဲခတ်ကြည့်ပြီးနောက် နေရာပေးသည်။

ဝမ်ကျက်ကလည်း တစ်ချက်ပြုံးပြပြီးနောက် ကျောက်ချုံး နှင့်မျက်နှာချင်းဆိုင်တွင်ရှိသော ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

ကျောက်ချုံးတို့ သားအဖက မိမိကို သိပ်လိုလိုလားလား မရှိကြောင်း ဝမ်ကျက် အကဲခတ်မိသည်။

"အတိအကျတော့ ဘာကိုမှစုံစမ်းလို့ မရသေးပါဘူး၊ ဒါပေမယ့် ဆရာကြီးရဲ့သား ကျောက်နန်စင်ကို ယီစုကြည်က သတ်လိုက်တာမဟုတ်ဘဲ အခြားလူတစ်စုက သတ်လိုက်တာဖြစ်ကြောင်းကိုတော့ သိသာနိုင်တဲ့ အချက်အလက်တွေ ရရှိထားပါပြီ"

ထိုင်ခုံတွင် ဝင်ထိုင်ပြီးနောက် ဝမ်ကျက်ကပြောသည်။

ထို့နောက် ဝမ်ကျက်က ဆက်လက်၍ ထျန်းမိသားစု နေအိမ်သို့ မိမိရောက်ရှိသွားပြီး အဆိပ်ခတ်ခံခဲ့ရပုံ၊ ဖေယွင်တို့မိသားစုနှင့်ဆုံတွေ့ခဲ့ရပုံ၊ ဝတ်ရုံနက်ဝတ် လူတစ်ယောက်က မိမိကို ကျောက်နန်စင်သေဆုံးခဲ့သည့်ကိစ္စနှင့် ပတ်သက်၍ ဆက်လက်စုံစမ်းခြင်းမပြုရန် လာရောက်ခြိမ်းခြောက်ပြောကြားပုံများကို အကြောင်းစုံပြောပြလိုက်သည်။

ကျောက်ချုံးသည် ဝမ်ကျက် ပြောသည်များကို အစမှအဆုံး မည်သို့မျှ ဝင်ရောက်မေးမြန်းခြင်းမပြုဘဲ ငြိမ်သက်စွာ နားထောင်နေသည်။



"မင်း ဒီကိုရောက်လာတာ အဲဒီအကြောင်းတွေ ပြောပြဖို့သက်သက်ပဲလား"

ဝမ်ကျက် စကားဆုံးအောင် ပြောပြီးသောအခါတွင်မှ ကျောက်တန်စင်က မေးသည်။

"ဒီအကြောင်းတွေ ပြောဖို့အပြင် ဆရာကြီးတို့ဆီမှာ မေးမြန်းစုံစမ်းကြည့်စရာ အကြောင်းကိစ္စတစ်ခုလည်း ရှိနေလို့ပါ"

ဝမ်ကျက်က ပြန်ပြောသည်။

"ဘာအကြောင်းကိစ္စလဲ"

"ဆရာကြီးရဲ့ စတုတ္ထသား ကျောက်ပေစင်ကိုသာ အရင်ခေါ်ပေးပါ၊ သူ့ကို ကျွန်တော် မေးမြန်းကြည့်စရာရှိပါတယ်"

"ကောင်းပါပြီ ခေါ်ပေးပါ့မယ်၊ ကဲ သားကြီးရေ မင်းညီလေးကိုသွားခေါ်ပေးလိုက်စမ်းပါ"

ကျောက်ချုံးက ခေါင်းညိတ်ပြပြီးနောက် ကျောက်တန်စင်ကို လှမ်းပြောသည်။

"ဟုတ်ကဲ့ ဖေဖေ"

ကျောက်တန်စင် ဤသို့ပြောပြီး ဧည့်ခန်းအပြင်သို့ ထွက်သွားသည်။

* * *

မကြာမီမှာပင် ကျောက်တန်စင်နှင့် ကျောက်ပေစင်တို့ည
အစ်ကိုနှစ်ယောက် ဧည့်ခန်းထဲသို့ ဝင်ရောက်လာကြသည်။

ဝမ်ကျက်က ကျောက်ပေစင်ကို အကဲခတ်ကြည့်သည်။

ကိုယ်လုံးကိုယ်ထည်နှင့် အရပ်အမောင်းမှာ သူတွေ့ခဲ့ရ
သည့်ဝတ်စုံနက်ဝတ်လူနှင့် အတော်ပင် ဆင်တူနေကြောင်း တွေ့ရ
သည်။

"ကျန်းခန့်သာလို့ မာပါရဲ့လား ကျောက်ပေစင်"

ဝမ်ကျက်က ထိုင်နေရာမှထကာ သိုင်းလောက၏ထုံး
တမ်းစဉ်လာအတိုင်း နှုတ်ဆက်စကားဆိုသည်။

"ဟုတ်ကဲ့ ကျန်းမာပါတယ်၊ ခင်ဗျားက ကျွန်တော့်ကို တွေ့
ချင်တယ်ဆိုတာ ဘာအကြောင်းရှိလို့လဲ"

ကျောက်ပေစင်က တုံ့ပြန်ဂါရဝပြုပြီးနောက် မေးသည်။

"ခင်ဗျားဟာ ဓားမြှောင်ပစ်ပေါက်တဲ့နေရာမှာ အတော်ကို
အစွမ်းထက်တယ်လို့ကြားရတယ်၊ အဲဒါ ဟုတ်ပါသလား"

ဝမ်ကျက်က မေးခွန်းထုတ်သည်။

"ဓားမြှောင်ပစ်တော့ ကျွန်တော် ဝါသနာပါပါတယ်၊ သိပ်အ
စွမ်းအထက်ကြီးတော့ မဟုတ်ပါဘူး"

"ခင်ဗျားသုံးတဲ့ ဓားမြှောင်တွေကို ကြည့်ပါရစေလား"



ဝမ်ကျက်က ဤသို့ပြောလိုက်သောအခါ ကျောက်ပေစင်၏
က်နှာအမူအရာ တစ်မျိုးဖြစ်သွားသည်။

ကျောက်ပေစင်က ဖခင်ဖြစ်သူ ကျောက်ချုံးကိုလည်း တစ်
က်လှမ်းကြည့်လိုက်သည်။

"အဲဒါကိုတော့ သည်းခံပါဗျာ၊ ကျွန်တော်က ကျွန်တော့်ရဲ့
က်နက်ကို အခြားဘယ်သူ့ကိုမှ ပြလေ့မရှိလို့ပါ"

ခဏအကြာတွင်မှ ကျောက်ပေစင်က ပြန်ပြောသည်။

"ဝမ်ကျက်က ဒီလိုပြောတာ အကြောင်းတစ်ခုခုရှိလိမ့်မယ်
တော့ သူတောင်းဆိုတဲ့အတိုင်း မင်းရဲ့ဓားမြှောင်ဆယ့်ရှစ်လက်အ
က်က ကျန်နေသေးတဲ့ ဓားမြှောင်ဆယ့်လေးလက်ကို ယူပြလိုက်ပါ"

ကျောက်ချုံးက ဝင်ပြောသည်။

"ကောင်းပါပြီ ဖေဖေ"

ကျောက်ပေစင်က ဤသို့ပြောပြီးနောက် ဧည့်ခန်းဆောင်
ပြင်ဘက်သို့ ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လှမ်းထွက်ခွာသွား
ည်။

"ကျောက်ပေစင်ရဲ့ ဓားမြှောင်တွေကို ကြည့်ချင်တာဟာ
အကြောင်းများ ရှိလို့ပါလဲ"

ကျောက်ပေစင် ထွက်သွားပြီးသောအခါ ကျောက်ချုံးက

ဝမ်ကျက်ကို မေးလိုက်သည်။

"ကျွန်တော့်ကို ခြိမ်းခြောက်ခဲ့တဲ့ ဝတ်ရုံနက်က ဓားမြှော
နဲ့လည်း ပစ်ပေါက်ခဲ့ပါသေးတယ်၊ အဲဒီလူသုံးတဲ့ ဓားမြှောင်ဟာ ရိ
ရိုးမဟုတ်ဘူး၊ သေသေချာချာ သီးသန့်မှာယူပြုလုပ်ထားတဲ့ ဓား
မြှောင်မျိုးဖြစ်နေပါတယ်၊ ကျောက်ပေစင်ကလည်း ဓားမြှောင်ပ
ဝါသနာပါတာမို့ အဲဒီဓားမြှောင်နဲ့ပတ်သက်ပြီး အထောက်အထ
တစ်ခုခု ပြောပြနိုင်မလားလို့ မေးကြည့်ချင်တာကြောင့်ပါ"

"ဒါဆိုယင်လည်း ကျောက်ပေစင်ရဲ့ဓားမြှောင်ကို တော
ကြည့်စရာမလိုပါဘူး၊ မင်းရထားတဲ့ ဓားမြှောင်ကို ထုတ်ပြပြီး
ကြည့်လည်း ရနိုင်ပါတယ်"

"ကျွန်တော်ရထားတဲ့ ဓားမြှောင်နဲ့ ကျောက်ပေစင်အသ
ပြုတဲ့ ဓားမြှောင်ကို ယှဉ်ကြည့်ချင်သေးလို့ပါ"

ဝမ်ကျက်နှင့် ကျောက်ချုံးတို့နှစ်ယောက် ထိုသို့စကားပြေ
နေကြခိုက်တွင် ကျောက်ပေစင် ဧည့်ခန်းထဲသို့ ပြန်ရောက်လာသည်

သူ့လက်ထဲဝယ် ဓားမြှောင်များ ဆုပ်ကိုင်ပါရှိလာသည်

"ဟောဒါ ကျွန်တော်သုံးတဲ့ ဓားမြှောင်ပဲ"

ကျောက်ပေစင်က ဤသို့ပြောပြီး ဓားမြှောင်တစ်လက်ကို
ဝမ်ကျက်အား လှမ်းပေးလိုက်သည်။



ဝမ်ကျက်က ကျောက်ပေစင်၏ဓားမြှောင်ကို မိမိလက်ခံရရှိ
းသည့် ဓားမြှောင်နှင့်ယှဉ်ကာ ကြည့်လိုက်သည်။

ဓားမြှောင်နှစ်လက် ခွဲမရအောင် တူညီနေသည်ကိုတွေ့ရ
ည်။

"အဲဒီဓားမြှောင်နှစ်လက် ယှဉ်ကြည့်စမ်းပါအုံး"

ဝမ်ကျက်က ဤသို့ပြောပြီး ကျောက်ချုံးထံ ဓားမြှောင်နှစ်
က်ကို လှမ်းပေးလိုက်သည်။

ဓားမြှောင်နှစ်လက်ကို ယှဉ်ကြည့်ပြီးနောက် ကျောက်ချုံး၏
က်နှာပေါ်ဝယ် ကြောက်စရာကောင်းလောက်သည့်အသွင် အမူ
ရာများ ပေါ်လာသည်။

"ပေစင်...ဟောဒါကကော မင်းရဲ့ဓားမြှောင်ပဲ မဟုတ်
း"

ကျောက်ချုံးက ဝမ်ကျက်ထံမှ ရရှိသည့် ဓားမြှောင်ကို
ြောက်ပြပြီး ကျောက်ပေစင်ကိုမေးသည်။

ကျောက်ပေစင်က ထိုဓားမြှောင်ကို သေသေချာချာကြည့်
ိုက်ပြီး မျက်နှာလည်း ကွက်ကနဲ ပျက်သွားသည်။

"ခင်ဗျား ဒီဓားမြှောင်ကို ဘယ်နေရာက ရလာတာလဲ"

ကျောက်ပေစင်က ဝမ်ကျက်ကိုလှမ်းမေးသည်။

"ဝတ်စုံနက်ဝတ်ပြီး မျက်နှာဖုံးစွပ်ထားတဲ့ လူတစ်ယော
ဆီက ရလာခဲ့တာပါ"

ဝင်ကျက်က ပြန်အဖြေပေးသည်။

ထို့နောက် မိမိကို ဝတ်စုံနက်ဝတ်လူက ဓားမြောင်နှင့်
ပေါက်ခဲ့ပုံ၊ ကျောက်နန်စင်သေဆုံးခဲ့သည့် အမှုကိစ္စနှင့် ပတ်သက်
ဆက်လက်စုံစမ်းထောက်လှမ်းခြင်းမပြုရန် ခြိမ်းခြောက်ခဲ့ပုံ
ကြောင်းများကို ပြန်ပြောပြသည်။

ကျောက်ပေစင်က ဘာမျှမပြော။

ဝမ်ကျက်ပြောသည်များကိုသာ ငြိမ်၍နားထောင်နေသ

"ခင်ဗျားဆီမှာ ဒီဓားမြောင်မျိုး ဆယ့်ရှစ်လက်ရှိတ
မဟုတ်လား၊ အခု ဘာကြောင့် ဆယ့်လေးလက်ပဲ ကျန်တော့တာ

ဝမ်ကျက်က မေးလိုက်သည်။

"ဒီနှစ်ပိုင်းအတွင်းမှာ ကျွန်တော် အပြင်ကိုထွက်ခဲ့ပါတ
လမ်းမှာ တိုက်ပွဲတစ်ခုကြုံခဲ့ရပြီး ဓားမြောင်လေးလက် ဆုံးရှုံးခဲ့
တယ်"

ကျောက်ပေစင်က ပြန်အဖြေပေးသည်။

"အကြောင်းစုံ ပြောပြစမ်းပါအုံး"

"နှစ်ဦးပိုင်းတုန်းက ကျွန်တော် ကိစ္စတစ်ခုရှိလို့ ကွာချ



သွားခဲ့ပါတယ်၊ လမ်းခရီးမှာ လူဆိုးဓားပြတွေနဲ့ ရင်ဆိုင်တိုးပြီး
က်ခိုက်ခဲ့ရတယ်၊ အဲဒီလူဆိုးဓားပြတွေက သိုင်းပညာအတော်
ကောင်းတယ်၊ ဒါကြောင့် ကျွန်တော်လည်း အတင်းကိုတိုက်ခိုက်ပြီး
ယ်လွတ်ရုန်းခဲ့ရတယ်၊ အဲဒီလိုတိုက်ခိုက်ခဲ့တာမှာ ကျွန်တော့်ရဲ့ဓား
င်လေးလက် ဆုံးရှုံးခဲ့ရပါတယ်"

"ခင်ဗျားကို တိုက်ခိုက်ကြတဲ့ လူဆိုးဓားပြတွေက ဘယ်နှစ်
က်လဲ"

"အားလုံး ငါးယောက်ပါ"

"ခင်ဗျား တစ်ယောက်တည်းကို သူတို့ငါးယောက်က ဝိုင်း
က်ကြတာလား"

"ဟုတ်ပါတယ်"

လူငါးယောက်နှင့် ရင်ဆိုင်တိုက်ခိုက်ရာဝယ် ဓားမြောင်ငါး
် မဆုံးရှုံးဘဲ လေးလက်သာ ဆုံးရှုံးခဲ့သည့်အတွက် ဝမ်ကျက်အဖို့
က်ပေစင်၏ပြောစကားကို စဉ်းစားဖွယ်ရာဖြစ်နေသည်။

"အဲဒီလူတွေ ဘယ်သူလဲဆိုတာကိုကော ခင်ဗျားသိသ
"

"မသိပါဘူး"

"မြွေခွေးယန်ဖွေးကောက် တစ်ယောက်လည်း ဒီဓားမြောင်

မျိုး သုံးတတ်ပါတယ်"

"ယန်ဖွေးကောက် ဘယ်မှာရှိတယ်ဆိုတာကိုကော ခင်ဗျ

သိသလား"

ဝမ်ကျက်က ဤသို့မေးယင်း ကျောက်ချုံးလက်ထဲရှိ

မြှောင်ကို အသာပြန်ယူကာ သိမ်းထားလိုက်သည်။

"ဟင့်အင်း..မသိဘူး"

ကျောက်ပေစင်က ခေါင်းကိုခါယမ်းပြီးပြောသည်။

"ဒီအမှုကိစ္စကို ဆက်စုံစမ်းယင် မင်းအတွက်ရော၊ မင်း

သားစုအတွက်ရော အန္တရာယ်များနိုင်တယ်၊ ဒီတော့ ဆက်ပြီးမစုံ

တော့ယင် ကောင်းမယ်ထင်တယ်"

ကျောက်ချုံးက ကြားဖြတ်ကာပြောသည်။

"ကျောက်နန်စင်သေရတာ ဘယ်သူ့လက်ချက်ဆိုတာ

ဆရာကြီး မသိချင်တော့ :းလား"

ဝမ်ကျက်က မေးသည်။

"သိချင်ပါတယ် သိရအောင် ကျုပ်တို့ဘာသာစုံစမ်း

မယ်၊ မင်းကို ဒုက္ခမပေးချင်ဘူး"

"ကျွန်တော်က ဒီကိစ္စကို အဖြစ်မှန်အတိုင်းပေါ်အောင်

စမ်းဖော်ထုတ်ပေးပါ့မယ်လို့ ယိစုကြည်ကို ကတိပေးထားပြီးပြီ၊



တော့ ဒီလိုအခြေအနေမျိုးရောက်အောင် စုံစမ်းလာပြီးမှတော့

နောက်ပြန်မဆုတ်ချင်တော့ဘူး"

"မဟုတ်သေးဘူးလေ၊ မင်းလက်လျှော့ပြီး နောက်ဆုတ်

လိုက်ယင် ကောင်းမယ်၊ တော်ကြာ မင်းတစ်ခုခုဖြစ်ယင် ကျုပ်တို့

လည်း အပြစ်မကင်းဘဲ ရှိနေအုံးမယ်"

"ကျွန်တော့်အတွက် ဘာမှမပူနဲ့၊ ဘယ်လိုအခက်အခဲ

အန္တရာယ်များကိုမဆို ကျွန်တော်ရင်ဆိုင်ဝံ့ပါတယ်၊ ကျွန်တော် စုံစမ်း

နေတုန်းမှာ အကူအညီရအောင် တစ်ခုတော့ အကူအညီတောင်းပါရ

စေ"

"ဘာများလဲ"

"ကျွန်တော့်အတွက် လိုအပ်တာတွေ ကူညီပေးနိုင်အောင်

လို့ ကျောက်ပေစင်ကို ကျွန်တော်နဲ့အတူ ထည့်ပေးလိုက်စေချင်ပါ

တယ်"

ဝမ်ကျက်၏တောင်းခံ ချက် ကျောက်ချုံးမှာ ကြောင်

အမ်းအမ်းဖြစ်သွားရသည်။

ရုတ်တရက် ပြန်အဖြေမပေးနိုင်။

"ကျွန်တော်က ဒီကိစ္စကို ယိစုကြည်ရဲ့အကူအညီ တောင်းမှု

အရ စုံစမ်းနေတာဖြစ်ပေမယ့် တကယ်လို့အမှုမှန် ပေါ်လာပြီး တရား

ခံဖမ်းမိတဲ့အခါမှာ ဆရာကြီးရဲ့သားအတွက် ဆောင်ရွက်ပေး
ရောက်ပါတယ်၊ ဒါကြောင့် ကျွန်တော်တောင်းတဲ့ အကူအညီ
ဆရာကြီးအနေနဲ့ ပေးဖို့သင့်ပါတယ်”

ဝမ်ကျက်က ထပ်မံပြောကြားသည်။

“ကျောက်ပေစင်က မင်းကို-သိပ်အကူအညီပေးနိုင်မှ
မဟုတ်ပါဘူး၊ မင်း တကယ်ပဲ အကူအညီလိုအပ်တယ်ဆိုယင် ကျ
တို့ဓားမောက်ဂေဟာက ထိပ်တန်းသိုင်းသမားတစ်ယောက်ကို မင်း
အတူထည့်ပေးလိုက်ပါမယ်၊ အဲ တစ်ယောက်တောင် မဟုတ်ပါ
လေ၊ မင်း လိုချင်သလောက်ရနိုင်မယ်”

“ကျောက်ပေစင်နဲ့ကျွန်တော်နဲ့က သက်တူရွယ်တူ သိုင်း
လင်တွေဆိုတော့ ပြောဆိုလုပ်ကိုင်ရတာ ကောင်းပါတယ်”

ဝမ်ကျက်က ပြောသည်။

“ဝမ်ကျက်ပြောတာ မဆိုးပါဘူး၊ ကျွန်တော် သူ့ကိုလိုက်ပြ
အကူအညီပေးပါရစေ”

ကျောက်ချုံး တွေဝေစဉ်းစားနေဆဲဝယ် ကျောက်ပေစင်
ဝင်ပြောသည်။

“ညီလေး မင်းဘာမှမပြောပါနဲ့၊ ဒီကိစ္စကို ဖေဖေ အဆုံး
ဖြတ်ပေးပါလိမ့်မယ်”



ကျောက်တန်စင်က ပြောသည်။

“ကောင်းပြီ၊ မင်းက ကျောက်ပေစင်ကိုပဲ သဘောကျပြီး
ချယ်အကူအညီတောင်းမှတော့ သူ့ကိုပဲထည့်ပေးလိုက်ရမှာပေါ့၊
လို မင်းနဲ့အတူတူ အမှုလိုက်စုံစမ်းနေရတော့ ကျောက်ပေစင်အဖို့
ဟုသုတ အတွေ့အကြုံလည်း အများကြီးရနိုင်တာပေါ့လေ”

ကျောက်ချုံးက အဆုံးအဖြတ်ပေးသည်

“ဆရာကြီး ဒီလိုဆုံးဖြတ်တာကို ကျွန်တော် အများကြီးဝမ်း
ပါတယ်၊ ကဲ ကျောက်ပေစင်ကို ခရီးသွားဖို့ပြင် ဆင်ခိုင်းပါတော့၊
န်တော်တို့ အမြန်ဆုံး ခရီးထွက်ချင်တယ်”

ဝမ်ကျက်က ပြောသည်၊

“မင်းက ဘယ်ကိုထပ်ပြီး သွားအုံးမလို့လဲ”

ကျောက်ချုံးက မေးသည်။

“တောင်ညိုဂေဟာကို သွားပါမယ်၊ ဆရာကြီးယိပေါက်
ကိုတွေ့ပြီး ဖြစ်ပျက်ပုံတွေကို ပြောပြမယ်၊ ပြီးမှ နောက်ဆက်
ရမယ့်ကိစ္စကို စဉ်းစားဆုံးဖြတ်မှာပါ”

ကျောက်ချုံးသည် တစ်ချက်တွေဝေစဉ်းစားလိုက်သည်။

ထို့နောက် ဝမ်ကျက်ကို ဘာမျှမပြောတော့ဘဲ ကျောက်
င်ကိုသာ ခရီးထွက်ရန် အသင့်ပြင်ဆင်ခိုင်းလိုက်သည်။

ကျောက်ပေစင်လည်း ပြင်ဆင်ရန် ဧည့်ခန်းဆောင်ထဲမှ
သုတ်သုတ်ထွက်သွားသည်။

"မင်းကို ကယ်တင်လိုက်တဲ့ ဖေယွင်ဆိုတဲ့ အမျိုးသမီး
ဟာ စစ်တုရင်ဧကရာဇ်နဲ့ စစ်တုရင်ကရီကြီးတို့နဲ့ အဆက်အသွ
ရှိနိုင်သလား"

ကျောက်ပေစင် ထွက်သွားပြီးသောအခါ ကျောက်ချုံး
ဝမ်ကျုက်ကိုမေးသည်။

"အဲဒါကိုတော့ ကျွန်တော်လည်း အတိအကျ မပြောတ
ဘူး၊ သိသလိုလိုတော့ရှိတယ်၊ ဒါပေမယ့် သူက မသိပါဘူးလို့ အ
အကျငြင်းနေတယ်၊ ဆရာကြီးကော စစ်တုရင်ဧကရာဇ်နဲ့ ကေ
ကိုတကယ်ပဲ မသိဘူးလား"

ကျောက်ချုံး၏မျက်နှာအမူအရာ တစ်မျိုးဖြစ်သွားသ

"ကျုပ် တကယ်မသိပါဘူး"

ခေတ္တမျှ တုံ့ဆိုင်းနေပြီးမှ ကျောက်ချုံးက ပြန်အဖြေ
သည်။

"ငွေပန်းဖြူ၊ ငွေပန်းနက်တို့နဲ့ လေ့သမားအဘိုးအိုတို့
လိပ်ပြာကန်အလယ်က မိစ္ဆာလေပွေကျွန်းပေါ်မှာ အဖမ်းခံ
တယ်၊ သူတို့အတွက် အသက်အန္တရာယ်လည်း ရှိနိုင်တယ်၊ အ



ကျု ကြီးရဲ့ဓားမောက်ဂေဟာက သိုင်းသမားစေလွှတ်ပြီး အကူအ
ပေးဖို့"

"ဘယ်လိုမှ မအောက်မေ့ပါနဲ့၊ ကျောက်နန်စင်သေဆုံးပြီး
ဲနောက် ကျုပ်ဟာ အခြားကိစ္စတွေမှာ စိတ်မဝင်စားနိုင်ဘူး၊ ပါဝင်
ည်း ဆောင်ရွက်လိုစိတ်မရှိဘူး"

ကျောက်ချုံးက ဝမ်ကျုက်၏စကားကို ဆုံးအောင်ပင် နားမ
ထောင်။

အပြတ်ငြင်းလိုက်သည်။

ဝမ်ကျုက်မှာ ငွေပန်းဖြူတို့ကို ကယ်တင်နိုင်ရေးအတွက်
ကျောက်ချုံးအား အကူအညီ မတောင်းသာတော့ပေ။

ထိုအချိန်မှာပင် ကျောက်ပေစင်သည် ခရီးဆောင်အိတ်ကို
လွယ်ကာ ဧည့်ခန်းဆောင်ထဲ ပြန်ရောက်လာသည်။

"အခုအချိန်မှာ ကျုပ်တို့ဓားမောက်ဂေဟာနဲ့ ယိပေါက်
ကျင့်ရဲ့ တောင်ညီဂေဟာတို့ဟာ တစ်ဘက်ကိုတစ်ဘက် ယုံကြည်နိုင်
မယ့်အခြေအနေမှာမရှိဘဲ ဖြစ်နေပါတယ်၊ ဒါကြောင့် ကျောက်ပေစင်
ကို ကျုပ်မှာကြားချင်တာလေးတွေ မှာကြားလိုက်ပါရစေအုံး"

ကျောက်ချုံးက ဝမ်ကျုက်ကိုပြောသည်။

"ဟုတ်ကဲ့ မှာနိုင်ပါတယ်"

ဝမ်ကျက်က ခေါင်းညိတ်ပြပြီးပြောသည်။

ကျောက်ချုံးသည် သားဖြစ်သူ ကျောက်ပေစင်ကိုခေါ်ပြီး

ဧည့်ခန်းဆောင်အပြင်ဘက်သို့ ထွက်သွားသည်။

ဝမ်ကျက်လည်း ဧည့်ခန်းဆောင်ထဲဝယ် ငြိမ်သက်စွာထိုင်

၍စောင့်ကျန်နေခဲ့သည်။

အချိန်အတော်ကြာမှ ကျောက်ချုံးနှင့် ကျောက်ပေစင်တို့

နှစ်ယောက် ဧည့်ခန်းဆောင်ထဲသို့ ပြန်လည်ရောက်ရှိလာကြသည်။

"မိုးတောင်ချုပ်တော့မယ်၊ ဒီည ဒီမှာပဲအိပ်ပြီး မိုးလင်းမှ

တောင်ညိုဂေဟာကို ဆက်သွားပါလား"

ကျောက်ချုံးက ဝမ်ကျက်ကို ပြောသည်။

ကျောက်ချုံး၏ အမူအရာမှာ စောစောကလို အေးအေးစက်

စက်မဟုတ်တော့ဘဲ အတော်ပင် ဖော်ဖော်ရွေရွေရှိလာကြောင်း ဝမ်

ကျက်သတိပြုမိလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဆရာကြီး၊ ဒါပေမယ့် ကျွန်တော့်မှာ

ကလိပ်ပြာကန်ကိုသွားပြီး ငွေပန်းဖြူတို့ကို ကယ်တင်ရမယ့် အလုပ်

ကလည်းရှိနေတာမို့ အချိန်ကြာကြာ ဆိုင်းမနေနိုင်ပါဘူး၊ နောက်

နောင်ကိစ္စတွေ အေးချမ်းသွားတဲ့အခါကျမှပဲ ဆရာကြီးတို့ဆီမှာ အေး

အေးချမ်းချမ်း အလည်လာခဲ့ပါ့မယ်၊ အခုတော့ ကျွန်တော့်ကို သွား



ခွင့်ပြုပါ"

ဝမ်ကျက် ပြန်ပြောသည်။

"အေး ဒီလိုဆိုယင်လည်း သွားပေ့ါ၊ ကျုပ်သား ကျောက်ပေ

စင်ကို မင်းလက်ကိုအပ်လိုက်ပါတယ်၊ မင်းပဲ သူ့ကို စောင့်ရှောက်

ကာကွယ်ပေးပါ"

"ဒီအတွက် စိတ်ချပါ"

* * *

ဝမ်ကျက်နှင့် ကျောက်ပေစင်တို့ ဓားမောက်ဂေဟာမှ ထွက် လာပြီး တောင်ညီဂေဟာဘက်သို့ ခရီးဆက်လာခဲ့ကြသည်။

"ဝမ်ကျက် အခုလို ခင်ဗျားကိုလိုက်ပါကူညီရတာ၊ ကျွန် တော်အများကြီး ဝမ်းသာပါတယ်၊ ကျေလည်း ကျေနပ်ပါတယ်၊ ဒါပေ မယ့် တစ်ခုတော့ ပြောထားချင်ပါတယ်ဗျာ၊ ဒီနေ့ည တောင်ညီဂေ ဟာကိုရောက်ယင်တော့ ကျွန်တော် ခင်ဗျားနဲ့အတူတူတောင်ညီ ဂေဟာကို မလိုက်ချင်ဘူး၊ အပြင်ကပဲ စောင့်နေခဲ့မယ်"

လမ်းခရီးတွင် ကျောက်ပေစင်က ဝမ်ကျက်ကို ပြောသည်။

"ဘာဖြစ်လို့လဲဗျ"

ဝမ်ကျက်က ပြန်ပြောသည်။

"ယိပေါက်ကျင့်နဲ့ကျွန်တော် မျက်နှာချင်းမဆိုင်ချင်ဘူး"

"ခင်ဗျားအဖေ ကျောက်ချုံးကိုယ်တိုင်တောင်မှ ရွှေနဂါး ယွဲ့ထိုင်နဲ့အတူတူ ယိပေါက်ကျင့်ကို သွားတွေ့တယ်ဆိုတဲ့သတင်းကို ကျွန်တော်ကြားရပါတယ်၊ ခင်ဗျားက ဘာကြောင့် ယိပေါက်ကျင့်ကို မျက်နှာချင်းမဆိုင်ချင်ရတာလဲ"

"ဖေဖေသွားတာက ယိပေါက်ကျင့်ကို အရေးဆိုစကား ပြောဖို့ သွားခဲ့တာပဲ၊ အခြေအနေချင်းက မတူပါဘူး"

"အခုဟာက ယိပေါက်ကျင့်ကို သွားအရေးဆိုဖို့ မဟုတ်လို့



တောင်ညီဂေဟာထဲကို မဝင်ချင်ဘူးဆိုပါတော့"

"ဟုတ်တယ်၊ အခုဖြစ်နေတဲ့ အခြေအနေကို ခင်ဗျားလည်း ားလည်ပါတယ်၊ တောင်ညီဂေဟာထဲကို ကျွန်တော်သွားတဲ့အ ကြောင်း သိုင်းလောကမှာ သတင်းပျံ့သွားယင် ကျွန်တော်တို့ ဓား မောက်ဂေဟာအပေါ် အခြားလူတွေ တစ်မျိုးထင်နိုင်တယ်"

"ဒီဟာက ခင်ဗျားကိုယ်တိုင်ရဲ့ အယူအဆလား၊ ခင်ဗျားအ ဖေရဲ့ အယူအဆလား"

"ဖေဖေရဲ့အယူအဆပါ၊ ဒါပေမယ့် ကျွန်တော်ကိုယ်တိုင် လည်း ဒီယူဆချက် မှန်တယ်လို့ ထင်ပါတယ်"

"ကျောက်နန်စင် အသတ်ခံရတဲ့ကိစ္စဟာ တစ်စုံတစ်ယောက် ကတောင်ညီဂေဟာနဲ့ ဓားမောက်ဂေဟာတို့အကြား ပြဿနာဖြစ် အငြင်းပွားအောင်လုပ်ကြံလိုက်တာလည်း ဖြစ်နိုင်တယ်၊ ခင်ဗျားတို့ က ဒီလိုသဘောထားနေယင် တစ်ဘက်လူတွေ ဆင်ထားတဲ့ ပရိ ယာယ်ထောင်ချောက်ထဲ တိုးဝင်မိကုန်ကြမှာပေါ့"

"ဘယ်လိုပဲဖြစ်ဖြစ် ကျောက်နန်စင်ကို သတ်သွားတာဟာ ယိစုကြည် မဟုတ်ကြောင်း သက်သေခိုင်ခိုင်လုံလုံ မပြနိုင်မချင်း တော့ ကျွန်တော်တို့က တောင်ညီဂေဟာနဲ့ ရင်းရင်းနှီးနှီး ဝင်ထွက် သွားလာ မနေနိုင်ဘူး"

"ကျွန်တော့်ကို ထျန်းမိသားစုဂေဟာမှာ အဆိပ်ခတ်ခဲ့ကြ တာရယ်၊ အနက်ရောင်ဝတ်စုံဝတ်ထားတဲ့လူက ကျွန်တော့်ကိုလာ ခြိမ်းခြောက် ဟန့်တားသွားတာရယ်ကိုကြည့်ယင် ကျောက်နန်စင်သေ ဆုံးရတာဟာ ယိစုကြည်ရဲ့ လက်ချက်မဟုတ်ဘဲ အခြားလူတစ်စုရဲ့ လုပ်ကြံမှုဖြစ်ကြောင်း သိသာနိုင်ပါတယ်"

"ခင်ဗျား စိတ်မဆိုးဘူးဆိုယင်တော့ ကျွန်တော် တစ်ခုပြော ချင်တယ်"

"ပြောပါ စိတ်မဆိုးပါဘူး"

"ဒီအကြောင်းတွေက ခင်ဗျားရဲ့ ပြောစကားပဲ ရှိသေးတာပဲ၊ သက်သေခိုင်ခိုင်လုံလုံမှ မရှိဘဲဟာ"

"ကျွန်တော်က လုပ်ကြံဖန်တီးပြောတယ်လို့ ခင်ဗျားက ဆိုလိုတာလား"

"ဒီလိုတော့လည်း မဟုတ်ပါဘူး၊ ရှင်းရှင်းပြောရယင် ကျွန် တော် တစ်ယောက်တည်းအနေနဲ့ကတော့ ခင်ဗျားပြောတာတွေကို လက်ခံနိုင်ပါတယ်၊ ဒါပေမယ့် အခြားလူတွေကတော့ ခင်ဗျား ပြောတာကို ယုံချင်မှယုံလိမ့်မယ်၊ လက်ခံချင်မှ လက်ခံလိမ့်မယ်"

"ကောင်းပြီလေ၊ ခင်ဗျား တောင်ညီဂေဟာထဲကို ဝင်မ လိုက်ချင်ဘူးဆိုယင်လည်းကျွန်တော်က အတင်းအကျပ် မတိုက်တွန်း



တော့ပါဘူး၊ ခင်ဗျား သဘောပါပဲ"

"ခင်ဗျားကို တောင်ညီဂေဟာ အပြင်ဘက်ကနေ ကျွန် တော် စောင့်နေခဲ့ပါမယ်"

"ကျွန်တော်က တောင်ညီဂေဟာထဲမှာ နှစ်ရက်သုံးရက် လောက် နေဦးမှာ၊ ခင်ဗျားကို အပြင်ဘက်က သည်အတိုင်းစောင့်ခိုင်း ထားလို့တော့ မကောင်းဘူးထင်တယ်"

"နှစ်ရက် သုံးရက် ဟုတ်လား၊ ခင်ဗျားက ဘာကြောင့် ဒီ လောက်ကြာကြာနေမှာလဲ"

"ကျွန်တော့်မိတ်ဆွေတစ်ယောက်နဲ့ တောင်ညီဂေဟာမှာ တွေ့ဖို့ချိန်းထားပါတယ်၊ သူရောက်မလာမချင်း ကျွန်တော်က စောင့်နေ ဝတ္တရားရှိတယ်"

"ခင်ဗျား ချိန်းထားတာ ဘယ်သူလဲ"

"အိုက်တုဟောက်ပါ"

"ကြယ်တစ်ရာအိုက်တုဟောက်လား"

"ဟုတ်တယ် သူပဲ"

"ခင်ဗျားက အိုက်တုဟောက်နဲ့ဆုံတွေ့ပြီး ဘာလုပ်မလို့လဲ"

"သူ့ကို ကိစ္စတစ်ခုအတွက် အကူအညီတောင်းထားတာရှိ တယ်၊ အဲဒါ အကျိုးအကြောင်း သိရအောင် မေးကြည့်မလို့"

"ခင်ဗျားက ဘာကိစ္စအတွက် သူ့ကို အကူအညီတောင်း
ထားတာလဲ"

ကျောက်ပေစင်က မေးသည်။

ဝမ်ကျုက်မှာ ရာဇဝတ်အုပ်တစ်ယောက်ဖြစ်ရာ လူအများကို
အကဲခတ်စစ်မေးသည့် အတွေ့အကြုံများ ရင့်ကျက်နေသည်။

ကျောက်ပေစင်၏ အသွင်အပြင်မှာ သိလိုစိတ် အလွန်ပြင်း
ပြထက်သန်နေကြောင်း ဝမ်ကျုက် အကဲခတ်မိသည်။

ထို့ကြောင့် ဝမ်ကျုက်က အကြောင်းစုံပြောမပြဘဲ မယုတ်
မလွန်သာ ပြန်အဖြေပေးသည်။

"ခင်ဗျားအစ်ကို ကျောက်နန်စင် သေဆုံးခဲ့ရတဲ့ကိစ္စနဲ့ပတ်
သက်တဲ့ အကူအညီတစ်ခုပါ၊ ဘာအကြောင်းကိစ္စလည်းဆိုတာကို
တော့ အခု ပြန်ပြောပြလို့ မဖြစ်သေးဘူး"

"ကြယ်တစ်ရာအိုက်တုယောက်လို လူတစ်ယောက်ရဲ့ အကူ
အညီကိုရနေမှ ခင်ဗျားက ဘာကြောင့် ကျွန်တော့်ကို ထပ်အကူအညီ
ခေါ်ရတာလဲ"

"သူကသူ ခင်ဗျားကခင်ဗျား တခြားစီပဲ၊ ဘာမှမဆိုင်ပါ
ဘူး၊ သူကူညီပေးနိုင်တာရှိသလို ခင်ဗျားကူညီနိုင်တာလည်း ရှိတယ်
လေ"



"ခင်ဗျားက တောင်ညိုဂေဟာမှာ နှစ်ရက်သုံးရက်နေမယ်
ဆိုတော့ ကျွန်တော်က ဘယ်လိုလုပ်ရမှာလဲ၊ ဘယ်မှာသွားနေရမှာ
လဲ"

"ဟောဒီ ဟင်စမ်းတောင်ပေါ်မှာ ဘုရားကျောင်းကန်ဇရပ်
တွေ အများကြီးရှိပါတယ်၊ ဇရပ်တစ်ဆောင်မှာဖြစ်ဖြစ် ဘုရား
ကျောင်းတစ်ခုမှာဖြစ်ဖြစ် ကြိုက်သလောက် သွားတည်းခိုနေ ထိုင်နိုင်
ပါတယ်"

"အင်း..တော်တော်တော့ အလုပ်ရှုပ်တာပဲ"

"ခင်ဗျားအစ်ကို ကျောက်နန်စင် သေဆုံးရတဲ့အတွက် ကျွန်
တော်ကတောင် အပင်ပန်းအဆင်းရဲခံပြီး အရပ်တကာ လှည့်သွား
တာ စုံစမ်းနေသေးတာ ညီအရင်းဖြစ်တဲ့ခင်ဗျားက ဒီလောက်လေး
တောင်မှ ဒုက္ခမခံနိုင်ဘူးလား"

ဝမ်ကျုက်က အချက်ကျကျ ပြောလိုက်သည့်အတွက်
ကျောက်ပေစင်မှာ ဘာမျှမစကားဆက်မရှည်သာတော့။

ငြိမ်သွားသည်။

နှုတ်ပိတ်သွားသည်။

* * *

ညဉ့်သန်းခေါင်ယံအချိန်ဝယ် တောင်ညို့ဂေဟာသည်ရှိရာ
နေရာသို့ ဝမ်ကျက်နှင့် ကျောက်ပေစင်တို့နှစ်ယောက် ရောက်ရှိလာ
ကြသည်။

ဝမ်ကျက်က တောင်ညိုဂေဟာနှင့် မလှမ်းမကမ်းတွင်ရှိ
သည့် လိပ်နီဘုံကျောင်းသို့ ကျောက်ပေစင်ကို လိုက်ပို့ပေးကာ ခေတ္တ
တည်းခိုနေထိုင်စေသည်။

ထို့နောက် ဝမ်ကျက်သည် တောင်ညိုဂေဟာသို့ ...

အစောင့်သိုင်းသမားများက ဝမ်ကျက်ကို ချက်ချင်းဝင်ခွင့်
ပေးသည်။

ယိပေါက်ကျင့်က ဝမ်ကျက်ကို သူ၏စာကြည့်ခန်းထဲဝယ်
လက်ခံတွေ့ဆုံသည်။

"ညကြီးမင်းကြီး ရောက်လာပုံထောက်တော့ အကြောင်း
ကိစ္စထူးပြီထင်တယ်၊ ကဲ ပြောစမ်းပါအုံး"

အပြန်အလှန် နှုတ်ဆက်ဂါရဝပြုကြပြီးနောက် ယိပေါက်
ကျင့်ကမေးသည်။

ဝမ်ကျက်က ထျန်းမိသားစုနေအိမ်တွင် မိမိအဆိပ်ခတ်ခံခဲ့ရ
ပုံနှင့်ဖေယွင်၏တဲအိမ်သို့ ရောက်ရှိသွားပုံ၊ ဝတ်စုံနက်ဝတ်လူက မိမိ
ကို ဤကိစ္စဆက်လက်စုံစမ်းခြင်းမပြုရန် ခြိမ်းခြောက်ဟန့်တားခဲ့ပုံ



အကြောင်းများကို ပြန်ပြောပြလိုက်သည်။

"မင်းပြောတဲ့ ဖေယွင်ဆိုတဲ့ အမျိုးသမီးကြီးက အသက်
ဘယ်လောက်ရှိပြီလဲ"

ဝမ်ကျက် ပြောသည်များကို နားထောင်ပြီးနောက် ယိ
ပေါက်ကျင့်က မေးသည်။

"လေးဆယ်လောက်တော့ ရှိပါပြီ"

"မျက်နှာသွင်ပြင်ကကော"

"အတော်ပြေပြစ်ပါတယ်၊ ငယ်ရွယ်စဉ်က အတော့်ကိုချော
မောမယ့်ပုံပါပဲ"

"သူ့သမီးနာမည်ကကော"

"ဗိုင်ရင်ဟုန်လို့ ခေါ်ပါတယ်"

ယိပေါက်ကျင့်သည် ခေတ္တမျှ တွေဝေစဉ်းစားသည်။

ထို့နောက် ဝမ်ကျက်ကို မေးခွန်းထုတ်ပြန်သည်။

"ကျောက်နန်စင် သေဆုံးတဲ့အမှုကိစ္စကို ဆက်စုံစမ်းဖို့နဲ့
ငွပန်းဖြူတို့ကို ကယ်တင်ဖို့ကိစ္စနှစ်ခုကို ဘယ်ဟာ အရင်ဆုံးလုပ်
မယ် စိတ်ကူးထားသလဲ"

"အဲဒါအတွက် ကျွန်တော် အဆုံးဖြတ်ရ ခက်နေပါတယ်၊
ငွပန်းဖြူတို့ကို အချိန်မီကယ်ဖို့ကလည်း သိပ်အရေးကြီးနေတယ်၊

ဒါပေမယ့် ငွေပ်နးဖြူတို့ကို ကယ်ဆယ်ဖို့ဆိုတာက စစ်တုရင်ကေရာ
ဆိုတဲ့လူကြီးကို သိုင်းပညာအရရော စစ်တုရင်ပညာအရပါ အနိုင်
နိုင်မှဖြစ်မယ်၊ ကျွန်တော့်မှာ အဲဒီအရည်အချင်းတွေ မရှိဘူး"

"အေး..ဟုတ်တယ်၊ မင်းရဲ့အရည်အချင်းနဲ့ဆိုယင် သူ့ကို
နိုင်မရနိုင်ဘူး"

"ကျွန်တော့်ကို အကူအညီပေးမယ့်လူ ရှိမယ်ဆိုယင်တော
ကျွန်တော် စွန့်စားကြည့်ချင်တယ်"

"ငွေပန်းဖြူနဲ့ ငွေပန်းနက်တို့ ပြန်လွတ်လာဖို့က မလွယ်
သို့သော် ကံကောင်းထောက်မခဲ့ယင်တော့ အဆိုးထဲက အကော
တွေ့ဆိုတာလို သူတို့နှစ်ယောက်ရဲ့ ဘဝရေ့ရေးကို တမျိုးတ
ပြောင်းလဲစေမယ့် အကျိုးကို ခံစားရကောင်း ခံစားနိုင်တယ်"

ဤသို့ပြောပြီးနောက် ယီပေါက်ကျင့်သည် တစ်စုံတစ်ရာ
တွေးမိဟန်ဖြင့် ချက်ချင်းပင် စကားစကိုဖြတ်လိုက်သည်။

"ထားလိုက်ပါတော့လေ၊ ဒီအကြောင်းတွေ မပြောတ
ကောင်းတယ်၊ ပြောနေယင်လည်း ဘာမှအကျိုးမရှိနိုင်ဘူး"

"ကျွန်တော် တစ်ခု အတွေးရခက်နေတယ်၊ ကျောက်ချိုးဟ
သူ့သား ကျောက်နန်စင်သေဆုံးရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး လက်သ
တရားခံကိုမိဖို့ စုံစမ်းတာကို အားတက်သရောမကူညီဘူး၊ ကျွန်တော



ကမေးမြန်းစုံစမ်းတာကိုတောင် မကြိုက်သလိုလုပ်နေတယ်၊ အဲဒါ
ဘာသဘောလဲ မပြောတတ်ဘူး"

ယီပေါက်ကျင့်က ဘာမှမပြော။ နှုတ်ပိတ်၍နေသည်။

"စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့အကြောင်းကို ပြောပြလိုက်
တာနဲ့ ကျွန်တော်လေးစားနေရတဲ့ သိုင်းသမားကြီးတွေဟာ ချက်ချင်း
အသွင်တမျိုးပြောင်းကုန်ကြတယ်၊ အတော်ထူးဆန်းတာပဲ".

ဝမ်ကျက်က ဆက်ပြောသည်။

"ဘာလဲ မင်းက ကျုပ်ကိုရှုတ်ချပြော်နေတာလား"

ယီပေါက်ကျင့်က မဲ့ပြုံးပြုံးကာ ပြောသည်။

"ဆရာကြီးကျောက်ချိုးရော၊ အဒေါ်ကြီးဖေယွင်ရော စစ်တု
ရင်ကေရာဇ်နဲ့ ကေရီတို့အကြောင်းသိကြတာ ကျွန်တော် အကဲခတ်
မိတယ်၊ ဒါပေမယ့် သူတို့က စစ်တုရင်ကေရာဇ်နဲ့ကေရီအကြောင်းကို
တစ်ခွန်းတောင် ပါးစပ်က မဟကြဘူး သူတို့ ဘာကိုကြောက်နေကြ
တာလဲ၊ ကျွန်တော်တို့က အမှန်တရားဘက်က ရပ်တည်ပြီးဆောင်
ရွက်နေကြတာပဲ၊ ဒီစစ်တုရင်ကေရာဇ်နဲ့ ကေရီက ဘယ်လောက်ပဲ
အစွမ်းထက်ထက် ရင်ဆိုင်ဖို့ရမှာပေါ့၊ အမှန်တရားဘက်က အမြဲအ
နိုင်ရတာချည်းပဲ မဟုတ်လား"

"ဟုတ်တယ်၊ မင်းပြောတာမှန်တယ်၊ ကျုပ် ယီပေါက်ကျင့်

ဟာ ဘာမှမလေးစားလောက်ပါဘူး၊ ကျုပ်ကိုလည်း အမှန်တရာ
ဘက်က ရပ်တည်တဲ့ သိုင်းသမားကြီးရယ်လို့ မပြောနိုင်ဘူး၊ ကျုပ်ကို
စည်းစိမ်ဥစ္စာမက်မောပြီး သေရမှာကြောက်တဲ့ လူကြီးလို့ပဲဆိုသင့်
တယ်"

ယိပေါက်ကျင့်က မချိပြုံးပြုံးကာ ပြောသည်။

မိမိ စိတ်လိုက်မာန်ပါ ပြောလိုက်သောစကားများမှာ ယိ
ပေါက်ကျင့်ကို စော်ကားသလိုဖြစ်သွားကြောင်း ဝမ်ကျက် နားလည်
လိုက်သည်။

"ကျွန်တော် စိတ်ရှိတိုင်း ပြောလိုက်တာ စကားလွန်သွားပါ
တယ် ဆရာကြီး၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့်မှာ
ဆရာကြီးကို နှိမ်ချစော်ကားချင်တဲ့ စိတ်ဆန္ဒမရှိရိုး အမှန်ပါ"

ဝမ်ကျက်က ကမန်းကတန်းပင် တောင်းပန်စကားဆိုလိုက်
သည်။

"မင်း ပြောတာဆိုတာကို ကျုပ်ဘယ်လိုမှ သဘောမထား
ပါဘူး၊ လောကကြီးမှာ အမှားအမှန်တစ်ခုတည်းကိုပဲ ကြည့်ပြီး ဆုံး
ဖြတ်လို့မရနိုင်တဲ့ကိစ္စတွေ အများကြီးရှိနေတယ်"

ယိပေါက်ကျင့်က သက်ပြင်းလေးလေးတစ်ချက်ချပြီး ပြော
သည်။



"ဆရာကြီးပြောတာကတော့ ဟုတ်ပါတယ်၊ ဒါပေမယ့်
ကျောက်နန်စင် အသတ်ခံခဲ့ရတဲ့ကိစ္စ၊ ငွေပန်းဖြူတို့ အဖမ်းခံနေရတဲ့
ကိစ္စတွေမှာတော့ အမှားအမှန်ခွဲခြားဖို့ မခက်ပါဘူး"

ယိပေါက်ကျင့်က ဘာမျှမပြော။ ဝမ်ကျက်သည် ယိပေါက်
ကျင့်ကို တစ်ချက် အကဲခတ်ကြည့်ပြီးနောက် ဆက်ပြောသည်။

"စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့ဟာ ဘယ်လောက်ပဲ အစွမ်း
ထက်မြက်တဲ့လူတွေ ဖြစ်နေကြပါစေ၊ လူတွေကို စစ်တုရင်ရုပ်တွေ
ဖြစ် အသုံးချအသက်စတေးပြီး စစ်တုရင်ထိုးကြတာကတော့
ဘယ်လိုပဲကြည့်ကြည့် မတရားတဲ့အလုပ်၊ မကောင်းမှုအလုပ်ပါ၊ ဒီ
စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့က.."

"ဝမ်ကျက် တော်လောက်ပြီ၊ မင်းအသက် ကြာကြာရှည်
င်တယ်ဆိုယင် ဒီစကားတွေကို ဒီတွင်ရပ်လိုက်ပါ"

ယိပေါက်ကျင့်က ကြားဖြတ်ကာပြောသည်။

"ဒီအကြောင်းတွေကို မပြောရဘူးလား"

ဝမ်ကျက်က ယိပေါက်ကျင့်ကို မျက်မှောင်ကြုတ်ကာ ကြည့်
းမေးသည်။

"ဟုတ်တယ်၊တတ်နိုင်သမျှ မပြောဘဲနေယင် အကောင်း
ဆုံးပဲ"

"ဆရာကြီးက ကျွန်တော့်ကို သတိပေးတာလား၊ ခြ
ခြောက်တာလား"

"မင်းကို စေတနာနဲ့ သတိပေးတာပါ"

"ဒီလိုဆိုယင် ကျေးဇူးတင်ပါတယ် ဆရာကြီး"

"ငွေပန်းဖြူတို့တတွေ လိပ်ပြာကန်လယ်က မိစ္ဆာလေ
ကျွန်းမှာ အဖမ်းခံနေရတဲ့ကိစ္စဟာ ကျုပ်နဲ့ဘာမှမဆိုင်ဘူး၊ ပြီးတေ
ကျုပ်မှာ သူတို့ကိုကယ်တင်ပေးနိုင်တဲ့ အင်အားမရှိဘူး၊ ဒါကြေ
မင်းကို မကူညီနိုင်တာ ဝမ်းနည်းပါတယ်၊ ပြီးတော့ ကျောက်နန်
သေဆုံးခဲ့ရတဲ့ကိစ္စမှာ သူ့အဖေ ကောက်ချိုးကိုယ်တိုင်ကတော
လိုက်စုံစမ်းတာ မကြိုက်တာကို မင်းကဘာကြောင့် ဆက်ပြီးစုံစ
ချင်နေရတာလဲ"

"ဒီကိစ္စအတွက် ဆရာကြီးရဲ့သမီး ယိစုကြည်ကိုယ်တိုင်
အကူအညီတောင်းတာကတကြောင်း၊ အမှန်တရားကို ဖော်ထု
ပေးရမယ့်ဝတ္တရား ကျွန်တော့်မှာ ရှိနေတာကတကြောင်း ဒီ
ကြောင်းနှစ်ခုကြောင့် စုံစမ်းနေတာပါ"

"ဒါဆိုယင်လည်း မင်းဘာသာဆက်လုပ်ပေါ့၊ ကျုပ်ကိုတေ
ဘာအနှောင့်အယှက်မှ မပေးပါနဲ့၊ ဒီကိစ္စတွေမှာ ကျုပ်လည်း ပါ
မပတ်သက်ချင်ဘူး"



ယိပေါက်ကျင့်လို ထင်ရှားကျော်ကြားလှသည့် သိုင်းပညာရှင်ကြီးတစ်ယောက်၏ ပါးစပ်မှ ဒီလိုစကားမျိုး ကြားရလိမ့်မည်ဟု ဝမ်ကျက်အနေဖြင့် လုံးဝမျှော်လင့်မထားခဲ့ပေ။

ယိပေါက်ကျင့်မှာ သမာသမတ်ရှိပြီး အမှန်တရားဘက်မှ ရပ်တည်ကာ အများကောင်းကျိုးကို ဆောင်ရွက်သူအဖြစ် အလွန်ပင် ထင်ရှားနေခဲ့သည် မဟုတ်လား။

ယခုတော့...

မည်သည့်အတွက်ကြောင့် ယိပေါက်ကျင့်၏ပါးစပ်မှ ဤလိုစကားမျိုးထွက်ရသည်ဆိုခြင်းကို ဝမ်ကျက်အနေဖြင့် စဉ်းစား၍ပင် မရနိုင်။

"ပြီးတော့ မင်းကို ကျုပ်ရဲ့တောင်ညိုဂေဟာမှာ တည်းခိုနေထိုင်ခွင့်လည်း မပေးနိုင်တော့ဘူး၊ ဘယ်လိုမှလည်း မအောက်မေ့ပါနဲ့"

ယိပေါက်ကျင့်က ဆက်ပြောသည်။

ဤစကားများကို ပြောရာတွင် ယိပေါက်ကျင့်သည် ဝမ်ကျက်ကိုမကြည့်၊ အခြားနေရာသို့ မျက်နှာလွှဲထားပြီး ပြောခြင်း ဖြစ်သည်။

ယိပေါက်ကျင့်က ဤသို့ အတည့်အလင်း ထုတ်ဖော်ပြော

လာသည်ဖြစ်ရာ ဝမ်ကျက်အဖို့ တောင်ညို့ဂေဟာတွင်နေက
အိုက်တုဟောက် ရောက်လာသည်အထိ စောင့်ရန်မဖြစ်နိုင်တော့ပေ

"ဟုတ်ကဲ့ ဒီလိုဆိုယင်လည်း ကျွန်တော်သွားပါတော့မယ်
တကယ်လို့ အိုက်တုဟောက် ရောက်လာယင်သာ ကျွန်တော် လိပ်
နီဘုံကျောင်းမှာ ရှိမယ်လို့ ပြောလိုက်ပါ"

ဝမ်ကျက်က ဤသို့ပြောပြီး ယိပေါက်ကျင့်ကို ဂါရဝပြုနှုတ်
ဆက်ကာ တောင်ညို့ဂေဟာမှ ထွက်လာခဲ့သည်။



လိပ်နီဘုံကျောင်းသို့ ဝမ်ကျက်လာခဲ့သည်။

လိပ်နီဘုံကျောင်းဘက်သို့လာယင်း လမ်းတွင် အမျိုးမျိုး
...်းစားတွေးတောနေမိသည်။

ကျောက်ချုံးမှာ သားတစ်ယောက် သေဆုံးခဲ့ရပြီး ယိပေါက်
...ျင့်မှာမူ သမီးကို လူသတ်တရားခံအဖြစ် အစွပ်စွဲခံထားရသူဖြစ်
...ည်။။

သို့သော် ဤအမှုကိစ္စကို မိမိက အားတက်သရော စုံစမ်းနေ
...ည်ကို ထိုသူနှစ်ယောက်က အဘယ်ကြောင့် ဟန့်တားနေကြရသ
...ည်း။

အတွေးရ ခက်စရာ။

သေသေချာချာ စဉ်းစားကြည့်ရာ ဝမ်ကျက်သည် တစ်စုံ
...စ်ရာကို တွေးမိလိုက်သည်။

စစ်တုရင်ဧကရာဇ်နှင့် စစ်တုရင်ဧကရီတို့အကြောင်းကို
...တ်ဖော်ပြောလိုက်သည့်အတွက် ကျောက်ချုံးနှင့်ယိပေါက်ကျင့်တို့
...ခုလိုဖြစ်သွားခြင်းလားဟု ဝမ်ကျက် တွေးဆမိသည်။

ဤအတိုင်းဆိုလျှင် ကျောက်နန်စင် သေဆုံးခဲ့ရခြင်းသည်
...စ်တုရင်ဧကရာဇ်နှင့် ဧကရီတို့နှင့် ပတ်သက်ဆက်စပ်မှုရှိနေသည်
...ား။

ဝမ်ကျက်အနေဖြင့်မူ ပတ်သက်စရာ အကြောင်းခြင်းရာကို မည်သို့မျှ စဉ်းစား၍မရ၊ တွေးတော၍မရ။

နောက်ဆုံးတွင် မိမိကို ပစ်ပေါက်ခဲ့သည့် ဓားမြှောင်နှင့် ပတ်သက်၍ ကျောက်ပေစင်ကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော်မေးမြန်းကြည့်ရန် ဝမ်ကျက် စိတ်ပိုင်းဖြတ်လိုက်သည်။

ထို့ကြောင့် လိပ်နီဘုံကျောင်းသို့ ခပ်သုတ်သုတ်ပင် လာခဲ့သည်။

လိပ်နီဘုံကျောင်းသို့ရောက်သည်နှင့် အခြားသူများကို အနှောင့်အယှက် မပေးလိုသောကြောင့် ဝမ်ကျက်သည် ကျောက်ပေစင်တည်းခို နေထိုင်ရာအခန်းသို့ တိုက်ရိုက်လာခဲ့သည်။

အခန်းတံခါးပိတ်နေသည်ကို တွေ့ရသည်။

ဝမ်ကျက်က တံခါးခေါက်မည်ဟု လက်လှမ်းလိုက်ချိန်ဝယ် နောက်ကျောဘက်ဆီမှ စကားသံတစ်ခု ပေါ်ထွက်လာသည်။

"သူ အဲဒီအခန်းထဲမှာ မရှိတော့ဘူး"

အသံမှာ ကြည်လင်သည်။ သာယာသည်။ မိန်းမပျိုလေးတစ်ယောက်၏အသံ။

ဝမ်ကျက်လည်း ချာကနဲပင် နောက်သို့လှည့်လိုက်သည်။

ညာလက်ကိုလည်း ရင်ဝယ်အသင့် အကာအကွယ်ပြုထား



က်သည်။

ပေ(၂၀) ခန့်အကွာ မိန်းမပျိုတစ်ယောက် ရပ်နေသည်ကို ့ရသည်။

မိန်းမပျိုရပ်နေသည့်နေရာမှာ မှောင်ရိပ်ကျနေသော င့် မျက်နှာသွင်ပြင်ကိုမူ ကွဲကွဲပြားပြား မမြင်ရ။

မည်သူမည်ဝါဖြစ်ကြောင်းလည်း ခွဲခြားမသိနိုင်။

"ခင်ဗျားက ဘယ်သူလဲ"

ဝမ်ကျက်က မေးသည်။

"ကျွန်မပါ ရှင်မမှတ်မိဘူးလား"

မိန်းမပျိုက ရယ်သံတစ်ဝက်ဖြင့်ပြောသည်။

ထို့နောက် မှောင်ရိပ်မှနေ၍ လရောင်ကျရာ နေရာဘက် လျှောက်လှမ်းထွက်လာသည်။

မိန်းမပျို၏ အသွင်သဏ္ဌာန်ကို မြင်လိုက်ရသောအခါ ဝမ် က် အံ့ဩသွားသည်။

"ဩော်..ခင်ဗျားကိုး"

ဝမ်ကျက်၏ပါးစပ်မှလည်း ရေရွတ်လိုက်မိသည်။

ပိုင်ရင်ဟုန်ကို ဤနေရာမျိုးဝယ် လာတွေ့ရမည်ဟု ဝမ် က် အနေဖြင့် လုံးဝမထင်မှတ်ခဲ့မိပေ။

"ဟုတ်ပါတယ် ကျွန်မပါပဲ"

ပိုင်ရင်ဟုန်က ပြုံး၍ပြန်ပြောသည်။

"ခင်ဗျားက ဘယ်လိုလုပ်ပြီး ဒီနေရာကိုရောက်လာတာလဲ"

"ရှင့်ကိုတွေ့ချင်လို့ လိုက်လာတာပေါ့"

"ဘာကိစ္စရှိလို့လဲ"

"ဘာကိစ္စမှ မရှိဘူး"

"ဒီလိုထွက်လာတာကို ခင်ဗျားအမေ သိသလား"

"မသိဘူး၊ ကျွန်မဘာသာ တိတ်တိတ်လေး ထွက်လာတာ"

"ဒီလို တိတ်တိတ်လေးထွက်လာတာ မကောင်းဘူး၊ လူကြီးကို အသိပေးခွင့်တောင်းပြီးမှ အပြင်ကို ထွက်ဖို့ကောင်းတယ်"

"ဒီလိုဆိုယင် ကျွန်မ တစ်သက်လုံး အပြင်ကိုထွက်ခွင့်ရတော့မှာ မဟုတ်ဘူး"

"ဒါနဲ့နေပါဦး၊ စောစောတုန်းက ကျောက်ပေစင် ဒီအခန်းထဲမှာ မရှိတော့ဘူးလို့ ခင်ဗျားပြောတာက ဘာသဘောလဲ၊ သူက ဘယ်ကိုထွက်သွားလို့လဲ"

"သူ ထွက်ပြေးသွားပြီ"

"သူ ထွက်ပြေးသွားတာကို ခင်ဗျား မြင်လိုက်သလား"

"ဒီနေရာမှာ စကားအေးအေးဆေးဆေးပြောဖို့ မကောင်း



ဘူး၊ ဘုံကျောင်းဝင်းအပြင်ဘက်မှာ သွားပြောကြရအောင်"

ဝမ်ကျက်က ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် နှစ်ယောက်သား လိပ်နီဘုံကျောင်း၏အပြင်ဘက်သို့ ထွက်လာခဲ့ကြသည်။

လိပ်နီဘုံကျောင်း၏ အပြင်ဘက်ဝယ် သာလာရုံဇရပ်လေးတစ်ဆောင်ရှိသည်။

ထိုအဆောင်ပေါ်သို့ နှစ်ယောက်သား တက်သွားကြပြီး ဇရပ်အရှေ့ပိုင်းဝယ် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

"ကျောက်ပေစင် ထွက်ပြေးသွားတာကို ခင်ဗျားကိုယ်တိုင်မျက်စိနဲ့မြင်လိုက်ရတာလား"

ဇရပ်ပေါ်ဝယ် ထိုင်မိကြသောအခါ ဝမ်ကျက်က သိလိုသည်ကို ချက်ချင်းထုတ်ဖော် မေးမြန်းလိုက်သည်။

"ဟုတ်တယ်၊ အစ်ကိုက သူ့ကို ဒီမှာထားပြီး ထွက်သွားပြီးတဲ့နောက် မကြာမီမှာပဲ သူထွက်ပြေးသွားတော့တာပဲ"

"ဟာ..ဒုက္ခပါပဲ၊ ဒီလူက ကျွန်တော့်ကို ကူညီပါ့မယ်ဆိုပြီး ကျွန်တော်နဲ့ အတူတူလိုက်လာတာ၊ အခုတော့ ဘာကြောင့် ထွက်ပြေးသွားရတာလဲ"

"အဲဒီအကြောင်းကို သိချင်ယင် သူ့ကိုမေးကြည့်ပေါ့"

"သူက ထွက်ပြေးသွားပြီပဲ၊ ဘယ်မှာလိုက်မေးရမှာလဲ"

"သူ ဝေးဝေးကို မပြေးနိုင်ပါဘူး၊ ဒီကျောင်းရဲ့အပြင်ဘက်ကို ရောက်တာနဲ့ သူ့ကို လူတစ်ယောက်က ဖမ်းဆီးထားလိုက်ပါတယ်"

"ဘယ်သူက ဖမ်းထားလိုက်တာလဲ"

"ကျွန်မပဲ"

"ဟင် ဟုတ်လား၊ ဒါဖြင့် ကျောက်ပေစင် အခုဘယ်မှာရှိသလဲ"

"ဟောဟိုနားက ချုံဖုတ်ကြီးထဲမှာ ရှိနေတယ်၊ သူ့ကို အစ်ကိုကိုယ်တိုင် မေးမြန်းကြည့်ပေတော့"

ပိုင်ရင်ဟုန်က ဇရပ်၏အရှေ့ဘက် ပေ(၃၀) ခန့်အကွာတွင် ရှိသည့် ချုံဖုတ်ကြီးတစ်ခုကို မေးငေါ့ပြပြီးပြောသည်။

ဝမ်ကျုက်လည်း ဇရပ်ပေါ်မှ ခပ်သုတ်သုတ် ဆင်းသွားပြီး ပိုင်ရင်ဟုန်ပြသော ချုံဖုတ်ထဲသို့ သွားကြည့်သည်။

မြေကြီးပေါ်ဝယ် ခွေခွေလေးလဲကျနေသော ကျောက်ပေစင်ကို မြင်ရသည်။

ပိုင်ရင်ဟုန်၏ အကြောပိတ်ထားခြင်း ခံနေရကြောင်းလည်း ဝမ်ကျုက် နားလည်လိုက်သည်။

ဝမ်ကျုက်က ပျော့ခွေနေသော ကျောက်ပေစင်၏ကိုယ်ခန္ဓာ



ထမ်းကာ ဇရပ်ပေါ်သို့သယ်ယူလာပြီး ကြမ်းပြင်ပေါ်ဝယ် အသာ ားလိုက်သည်။

"သူ့ကို စကားပြောနိုင်အောင် လုပ်ပေးပါဦး"

ဝမ်ကျုက်က ပိုင်ရင်ဟုန်ကို ပြောသည်။

ပိုင်ရင်ဟုန်က ဝမ်ကျုက်၏လည်ကုပ်မှ သွေးကြောကွက် ်နေရာကို အသာ လက်ဖြင့်ပုတ်ပေးလိုက်သည်။

"ကျောက်ပေစင် ခင်ဗျားက ဘာကြောင့်ထွက်ပြေးရတာ

ဝမ်ကျုက်က စတင်မေးခွန်းထုတ်သည်။

"ကျွန်တော် ထွက်ပြေးတယ်လို့ ဘယ်သူက ပြောသလဲ၊ ်တော်က အိပ်မရလို့ လမ်းထွက်လျှောက်တာပါ"

ကျောက်ပေစင်က ပြန်ပြောသည်။

"လမ်းလျှောက်ထွက်တဲ့လူကလည်း ခရီးဆောင်အိတ်ကို ယ်၊ ဓားကိုပါ ဆောင်ရသလား"

ပိုင်ရင်ဟုန်က ဝင်ပြောသည်။

ကျောက်ပေစင်၏ကိုယ်ဝယ် ဓားရှည်ရော၊ ခရီးဆောင် ်ပါ ရှိနေသည်။ ကျောက်ပေစင်မှာ သူခိုးလူမိခံရသလို မျက်နှာ နီရဲနေသည်။

"ဒီမယ် ဝမ်ကျက်၊ ကျွန်တော်ဟာ ကလေးမဟုတ်ဘူး၊ ကျွန်တော် သွားလာလှုပ်ရှားမှုကို ခင်ဗျားအဲ့နေနဲ့ တားဆီးဟန့်တားဖို့မသင့်ဘူး"

ကျောက်ပေစင်က ဝမ်ကျက်ကို စေ့စေ့ကြည့်ပြီး ပြောသည်။

"သူ့ကို အကြောဖြေဖွင့်ပေးလိုက်ပါ"

ဝမ်ကျက်က ကျောက်ပေစင်ကို ဘာမှပြန်မပြောဘဲ ပိုင်ရင်ဟုန်ကိုသာ လှမ်းပြောလိုက်သည်။

ပိုင်ရင်ဟုန်ကလည်း ကျောက်ပေစင်ကို အကြောပြန်ဖြေဖွင့်ပေးလိုက်သည်။

"ကဲ ခင်ဗျား သွားချင်ရာကို သွားပေတော့၊ ကျွန်တော့်နောက်ကို ဆက်လိုက်ဖို့မလိုတော့ဘူး"

ဝမ်ကျက်က ဤသို့ပြောလိုက်သောအခါ ကျောက်ပေစင်မှာ အံ့အားသင့်သွားသည်။

"ဘာ"

ကျောက်ပေစင်က တအံ့တသြမေးသည်။

"ခင်ဗျားက ကျွန်တော့်နောက်ကို မလိုက်ချင်မှတော့ ကျွန်တော်ကလည်း မခေါ်တော့ပါဘူး၊ ဒါပေမယ့် တစ်ခုတော့ ပြောလိုက်



ချင်တယ်၊ ကျွန်တော်ဟာ ယိစုကြည်ရဲ့ မေတ္တာရပ်ခံချက်အရရော၊ အမှန်တရားကို ဖော်ထုတ်ချင်တာကြောင့်ရော အကြောင်းနှစ်ခုကြောင့် ကျောက်နန်စင် သေဆုံးရတဲ့အမှုကို စုံစမ်းနေတာပါ၊ ကျွန်တော့်ကို အဆိပ်ခတ်လုပ်ကြံဖို့တို့ ဓားမြှောင်နဲ့ပစ်ပြီး ခြိမ်းခြောက်စကားပြောတာတို့ကို မလုပ်ပါနဲ့"

ဝမ်ကျက်မှာ ကျောက်ပေစင်၏တုံ့ပြန်မှု အမူအရာအကဲစမ်းလိုသောကြောင့် ဤစကားများကို ပြောလိုက်ခြင်း ဖြစ်သည်။

"ခင်ဗျား ဘာတွေလာပြောနေတာလဲ"

ကျောက်ပေစင် မျက်စိမျက်နှာ ပျက်သွားပြီးပြန်ပြော၏။

"ကျွန်တော် ပြောတာရှင်းပါတယ်၊ ခင်ဗျား မသိချင်ယောင်ဆောင်မနေပါနဲ့"

"ခင်ဗျား ဘာတွေပြောတယ်ဆိုတာကို ကျွန်တော် နားမလည်နိုင်တာကတော့ အမှန်ပါပဲ၊ ဒါပေမယ့် ခင်ဗျားက ကျုပ်ရဲ့ အကူအညီကို မလိုတော့ဘူးဆိုမှတော့ ကျွန်တော်လည်း ပြန်တော့မယ်၊ ခင်ဗျားကို နှုတ်ဆက်ခဲ့ပါတယ်"

ကျောက်ပေစင်က ဤသို့ပြောကာ ဝမ်ကျက်ကို ဂါရဝပြုနှုတ်ဆက်ပြီး ဇရပ်ပေါ်မှဆင်းသွားသည်။

* * *

ကျောက်ပေစင် ဇရပ်ပေါ်မှ ဆင်းသွားသည်။

"သူ့ကို ဘာကြောင့် လွှတ်ပေးလိုက်ရတာလဲ"

ကျောက်ပေစင် အမှောင်ထုထဲဝယ် ပျောက်ကွယ်သွ သောအခါ ပိုင်ရင်ဟုန်က ဝမ်ကျက်ကို မေးသည်။

"သူ့ကိုခေါ်ထားလည်း ဘာမှအကြောင်းမထူးတော့ မြွေပွေးခါးပိုက်ပိုက်ထားသလို အန္တရာယ်တောင်ရှိနေတယ်"

ဝမ်ကျက်က ပြန်ပြောသည်။

"ဒါဖြင့် အစတုန်းကတော့ ဘာကြောင့် ခေါ်လာခဲ့ရတာ

ဤတွင် ဝမ်ကျက်က မိမိကို ဓားမြှောင်နှင့်ပစ်ပေါက် ခြောက်ခဲ့သည့် မျက်နှာဖုံးနက်တပ်ထားသူမှာ ကျောက်ပေစင် နိုင်ကြောင်း အထောက်အထားများ စုံစမ်းသိရှိခဲ့ရပုံ၊ ထို့ကြေ ကျောက်ပေစင်ကို အနီးကပ်အကဲခတ်ကြည့်လိုသောကြောင့် အ ခေါ်လာခြင်းဖြစ်ပုံတို့ကို ရှင်းပြသည်။

"အခု ကျောက်ပေစင်ကို အနီးကပ်အကဲခတ်ကြည့်လို့ ပြီလား"

"အင်း ပြီးသလောက် ရှိသွားပါပြီ"

"ဘယ်လို အကဲခတ်မိသလဲ"

"ဒီအကြောင်း ထုတ်ပြောဖို့ စောလွန်းပါသေးတယ်၊



ခင်ဗျားကို တစ်ခုလောက် မေးပါရ"

"မေးလေ"

"ခင်ဗျား အမေကိုကြည့်ရတာ စစ်တုရင်ကေရာဇ်နဲ့ ကေရီ တို့အကြောင်းကို သိနေသလိုပဲ၊ အဲဒါ"

"ဒီမေးခွန်းကိုမေးယင် အစ်ကိုဘာမှ အကျိုးရှိမှာမဟုတ် ဘူး"

ဝမ်ကျက်၏ အမေးစကားမဆုံးမီ ပိုင်ရင်ဟုန်က ကြားဖြတ် ကာပြောသည်။

"ဘာဖြစ်လို့လဲ"

"ကျွန်မအနေနဲ့ မေမေနဲ့အဲဒီစစ်တုရင်ကေရာဇ်တို့ ဘယ်လို ပတ်သက်ကြတယ်ဆိုတာကို လုံးဝမသိလို့ပါ"

"တကယ်ပဲ မသိဘူးလား"

"တကယ်ပါ"

"ဟုတ်ရဲ့လား၊ ခင်ဗျားအမေကတော့ စစ်တုရင်ကေရာဇ် နဲ့တွေ့ယင် အမြောက်လေး အဝင်ခုနစ်ဆိုတဲ့စကားကို ပြောလိုက်ပါ လို့မှာတယ်၊ သူနဲ့ စစ်တုရင်ကေရာဇ်နဲ့မသိဘဲ ဒီလိုစကား လက် ဆောင်ပါးပါ့မလား"

"အမြောက်လေး အဝင်ခုနစ်ဆိုတာ ဘာလဲ"

"အဲဒါကိုတော့ ကျွန်တော်မသိဘူး"

"ငွေပန်းဖြူတို့ ညီအစ်မကိုရော အစ်ကို သွားမကယ်တော့

ဘူးလား"

ပိုင်ရင်ဟုန်က အခြားအကြောင်းကို စကားလမ်းကြောင်း

ပြောင်းပြီးမေးသည်။

"မကယ်ရသေးဘူး၊ ဒီအတွက်လည်း စိတ်ထဲမှာ မတင်မက

ကြီးဖြစ်နေတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ကို သွားကယ်တင်ပေးဖို့လို

တယ်"

"ဒါဖြင့် အစ်ကိုနဲ့ကျွန်မနဲ့ နှစ်ယောက်အတူတူ သွားကယ်ကြ

ရအောင်လေ"

ဤစကားကို ကြားရသောအခါ ဝမ်ကျက်၏ရင်ထဲဝယ်

တစ်မျိုးကြီးဖြစ်သွားသည်။

ဝမ်ကျက်သည် ငွေပန်းဖြူတို့ ညီအစ်မကို ကယ်တင်နိုင်ရေ

အတွက် ကျောက်ချုံးနှင့်ယိပေါက်ကျင့်လို အကျော်အမော်သိုင်းသ

မားကြီးများထံဝယ် အကူအညီတောင်းခဲ့ရာ မည်သည့်အကူအညီမှ

မရခဲ့။

ယခု ပိုင်ရင်ဟုန်လို မိန်းမပျိုလေးတစ်ယောက်က လိုက်

လိုက်လှဲလှဲပင် ကူညီမည်ဆိုလာတော့ ဝမ်ကျက် အတော်ပင် စိတ်



ဓိက်မိသည်။

"စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့ရှိနေတဲ့ မိစ္ဆာလေပွေကျွန်း

ဟာ သိပ်ကိုအန္တရာယ်များတယ်၊ အဲဒီနေရာကို သွားလမ်းသာရှိ

တယ်၊ ပြန်လမ်းမရှိဘူး၊ တော်ကြာ ခင်ဗျားပါ အဖမ်းခံထားရယင်

က်မယ်"

"အဖမ်းခံရကော ဘာဖြစ်လဲ အစ်ကို၊ အစ်ကိုပဲ မေမေနဲ့စစ်

တုရင်ကေရာဇ် ဘယ်လိုပတ်သက်သလဲဆိုတာကို သိချင်တယ်ဆို၊

ကျွန်မ အဖမ်းခံရယင် မိစ္ဆာလေပွေကျွန်းကို မေမေလိုက်လာမှာပဲ၊

တော့ မေမေနဲ့စစ်တုရင်ကေရာဇ် ဘယ်လိုပတ်သက်တယ်ဆိုတာကို

သိနိုင်တာပေါ့"

"ဟာ..မဟုတ်သေးဘူး၊ ခင်ဗျားကိုခေါ်သွားလို့ မဖြစ်သေး

ဘူး၊ ခင်ဗျားက ကျွန်တော်နဲ့လိုက်လို့လည်း မသင့်ဘူး၊ အိမ်ကို

ပြန်တာအကောင်းဆုံးပဲ"

"ဘာလဲ ရှင်က ကျွန်မကို အတူခေါ်မထားချင်လို့လား၊ ဒီ

လိုဆိုယင်လည်း ဖြစ်ပါတယ်၊ ကျွန်မဘာသာ ကျွန်မသွားပါ့မယ်"

ပိုင်ရင်ဟုန်သည် ဤသို့ပြောပြီးနောက် ထိုင်ရာမှထကာ

ရပ်အောက်သို့ ဆင်းသွားမည်ပြုသည်။

တကယ်တော့ ပိုင်ရင်ဟုန်က မိန်းမမာယာကိုသုံးကာ မူ

လိုက်ခြင်းဖြစ်သည်။

ဝမ်ကျက်မှာမူ မိန်းမမာယာကို နားမလည်သောကြေ
ပျာပျာသလဲဖြစ်သွားရသည်။

"ဟော့…နေဦးလေ၊ ဒီလိုမလုပ်နဲ့၊ ဘယ်ကိုလျှောက်သွာ
လဲ"

ဝမ်ကျက်က ကမန်းကတန်း ပြောဆိုတားမြစ်လိုက်သ

"ကျွန်မဘာသာကျွန်မ သွားချင်ရာသွားမယ်၊ ရှင်နဲ့မ
ဘူး"

ပိုင်ရင်ဟုန်က စိတ်ဆိုးချင်ယောင်ဆောင်ကာ ပြောသ

"တကယ်တော့ ခင်ဗျားဟာ အိမ်ကိုပြန်ပြီး ခင်ဗျားအ
အနားမှာပဲ နေသင့်တယ်၊ ခင်ဗျားအမေက ခင်ဗျားအတွက် အ
ကို စိတ်ပူနေလိမ့်မယ်"

"ကျွန်မ ထွက်လာပြီးမှတော့ မပြန်တော့ဘူး၊ ရှင်က
မကို အတူခေါ်မသွားချင်ယင်လည်း ကျွန်မဘာသာပဲ ပိစ္စာလေ
ကျွန်းကို အရောက်သွားပြီး စစ်တုရင်ကေရာဇ်နဲ့ ကေရီဆိုတာ
လိုလူစားတွေလဲလို့ သိရအောင်သွားကြည့်မယ်'

ဤသို့ပြောပြီးနောက် ပိုင်ရင်ဟုန်က ဆက်၍လျှောက်
ရန်ဟန်ပြင်လိုက်သည်။



"တယ်ခက်ပါလား၊ ကဲ ကဲ၊ လာ လာ ရှေ့ဆက်ဘာလုပ်ကြ
မယ်ဆိုတာ ခင်ဗျားနဲ့ကျွန်တော် တိုင်ပင်ကြရအောင်"

နောက်ဆုံးတွင် ဝမ်ကျက်က အလျှော့ပေးလိုက်ရသည်။

ဤစကားကို ကြားရသည်တွင် ပိုင်ရင်ဟုန်မှာ အလွန်ပင်
ဝမ်းသာပျော်ရွှင်သွားသည်။

"ရှင်က ကျွန်မကို အတူခေါ်သွားမယ်နော်၊ ဟုတ်လား"

ပိုင်ရင်ဟုန်က သေချာအောင်မေးသည်။

"ဟုတ်ပါတယ်"

ဤအခါတွင်မှ ပိုင်ရင်ဟုန်သည် နောက်ပြန်လှည့်လာပြီး
ဝမ်ကျက်၏ရှေ့ဝယ် ထိုင်လိုက်သည်။

"ကဲ ကျွန်မတို့ ဘာဆက်လုပ်ကြမလဲ"

ထိုင်ချပြီးနောက် ပိုင်ရင်ဟုန်က မေးသည်။

"အိုက်တုဟောက်တို့အဖွဲ့နဲ့ ကျွန်တော်ချိန်းထားတာရှိတယ်
သူနဲ့တွေ့ပြီးမှ ရှေ့ဆက် ဘာလုပ်ရမယ်ဆိုတာ ဆုံးဖြတ်လို့ဖြစ်မယ်"

"ကောင်းပြီ၊ ဒါဆို ကျွန်မတို့ အတူတူစောင့်နေကြတာပေါ့"

ပိုင်ရင်ဟုန်၏ ပွင့်လင်းရိုးသားစွာ ပြောဆိုပုံများကို ကြည့်
ရင်း ဝမ်ကျက်၏ရင်ထဲဝယ် ထူးခြားသောလှုပ်ရှားမှုကို ခံစားရ
သည်။

ပိုင်ရင်ဟုန်ကို ဘဝကြင်ဖော်အဖြစ်ပင် ရွေးလိုသောစိတ် ဆန္ဒပေါ်လာမိသည်။

သို့သော် လုပ်စရာကိုင်စရာတွေ အများကြီးရှိနေသေးသော ကြောင့် ထိုစိတ်ဆန္ဒကို အသာမျိုသိပ်အောင့်အည်းထားလိုက်ရ သည်။

ဝမ်ကျက်က ပိုင်ရင်ဟုန်ကိုခေါ်ကာလိပ်နီဘုံကျောင်းထဲသို့ ဝင်လာခဲ့သည်။

ဘုံကျောင်းတာဝန်ခံ အဘိုးအိုကို သွားရောက်တွေ့ဆုံကာ ခေတ္တတည်းခိုနေထိုင်ခွင့်တောင်းသည်။

မိမိနှင့် ပိုင်ရင်ဟုန်တို့မှာ သိုင်းပညာအတူသင်ဘက် သွေး သောက်မောင်နှမ ဖြစ်သည်ဟုလည်း ပြောထားလိုက်သည်။

လိပ်နီဘုံကျောင်း တာဝန်ခံအဘိုးအိုက ဝမ်ကျက်နှင့် ပိုင်ရင် ဟုန်တို့ တည်းခိုနေထိုင်ရန်အတွက် တစ်ယောက်တစ်ခန်း စီစဉ်ပေး သည်။

(၃) ရက်မြောက်သောနေ့။

ညနေစောင်းအချိန်။

လိပ်နီဘုံကျောင်းရှေ့ရှိ သာလာယံဇရပ်လေးဝယ် ဝမ် ကျက်နှင့် ပိုင်ရင်ဟုန်တို့နှစ်ယောက် ထိုင်ကာ စကားပြောနေကြခိုက်



ပ်ဝေးဝေးဆီမှာ အပြင်းစိုင်းနှင်လာသော မြင်းခွာသံများကို ကြား ကြရသည်။

"ဟော အိုက်တုဟောက်တို့လူစု လာကြပြီထင်တယ်"

ဝမ်ကျက်က ရေရွတ်ပြောဆိုလိုက်သည်။

ဝမ်ကျက်၏ အတွေးမမှားပေ။

မကြာမီမှာပင် အိုက်တုဟောက်တို့လူစု မြင်းများကို စိုင်းနှင် လာကြသည်ကို မြင်ကြရသည်။

"ဟေး...အိုက်တုဟောက် ကျွန်တော် ဒီမှာဗျို့"

ဝမ်ကျက်က ထိုင်နေရာမှထကာ ပါးစပ်မှ အော်ပြောသည်။

လက်ကိုလည်း ဝှေ့ယမ်းပြသည်။

အိုက်တုဟောက်တို့အဖွဲ့လည်း ဇရပ်ရှေ့ဝယ် မြင်းများကို ပ်လိုက်ကြသည်။

မြင်းပေါ်မှဆင်း၍ ဇရပ်ပေါ်သို့ တက်လာကြသည်။

"ဟောဒီ မိန်းကလေးက ဘယ်သူလဲဗျ"

ဝမ်ကျက်နှင့်အတူ လှပချောမောသော မိန်းမပျိုတစ် ယောက် ရှိနေသည်ကို တွေ့ရသည်တွင် အိုက်တုဟောက်က မေး ည်။ ဤတွင် ဝမ်ကျက်က အိုက်တုဟောက်တို့ကို ပိုင်ရင်ဟုန်နှင့် က်ဆက်ပေးလိုက်သည်။

မိတ်ဆက်စကားဆိုပြီးနောက် သူတို့အားလုံး ဇရပ်ရှေ့ခန်းဝယ် ဝိုင်းဖွဲ့ကာ ထိုင်လိုက်ကြသည်။

"ကျွန်တော်တို့ တောင်ညိုဂေဟာကို ရောက်သွားကြသေးတယ်၊ ခင်ဗျား ဒီမှာရှိနေတယ်ဆိုလို့ လိုက်လာကြတာ"

အိုက်တုဟောက်က ပြောသည်။

"တောင်ညိုဂေဟာက ကျွန်တော့်ကို လက်ခံထားဖို့ မလိုလားတော့တာကြောင့် ကျွန်တော်က ဒီလိပ်နီဘုံကျောင်းမှာ လာတည်းခိုနေရတာပဲ"

ဝမ်ကျက်က ပြန်ပြောသည်။

"ဘာ ယီပေါက်ကျင့်က ခင်ဗျားကို မလိုလားဘူး ဟုတ်စ၊ ဘာကြောင့်များလဲ"

"အဲဒီအကြောင်းကို နောက်မှပြောပြမယ်၊ အခု ထျန်းမိသား စုနေအိမ်ကို သွားစုံစမ်းတာ ဘယ်လိုအကြောင်းထူးလဲဆိုတာကို အယင်ပြောစမ်းပါအုံး"

"ကျွန်တော်တို့ ထျန်းမိသားစုနေအိမ်ကို ရောက်သွားတော့ အိမ်မှာ ဘယ်သူမှမရှိတော့ဘူး၊ ကျွန်တော်တို့ အိမ်ထဲဝင်ပြီး တစ်လက်မ မကျန်အောင် မြေလှန်ရှာကြည့်တယ်၊ ဘာထူးခြားချက်မှ မတွေ့ရဘူး၊ အနီးအနားကို လိုက်လံစုံစမ်းကြည့်တော့လည်း ရေရေ



ရာ မသိရဘူး"

"အင်း..အတော်ထူးဆန်းတာပဲကိုး၊ ကျောက်နန်စင်ကိုတ်ဖြတ်သွားတဲ့ တရားခံကို ဖော်ထုတ်နိုင်ယင်တော့ ဒီအချက်တွေားလုံး ရှင်းကုန်မှာပဲ၊ ကဲ ခင်ဗျား စုံစမ်းသိရှိခဲ့ရတာတွေကို ကြားရးတော့ ကျွန်တော် ပြောစရာရှိတာတွေကို ပြောရအုံးမယ်"

ဝမ်ကျက်က ဓားမောက်ဂေဟာသို့ မိမိသွားရောက်ပြီးကျောက်ချုံးနှင့်တွေ့ခဲ့ပုံမှစကာ တောင်ညိုဂေဇာသို့ ရောက်ခဲ့ပုံ၊ကျောက်ပေစင်ကို ပြန်သွားခွင့်ပေးလိုက်ပုံအထိ အကြောင်းစုံ ပြန်ပြောပြလိုက်သည်။

"ခင်ဗျားရထားတဲ့ ဓားမြှောင်ဟာ ကျောက်ပေစင်ရဲ့ဓားမြှောင်ဖြစ်တာမှန်ယင် ခင်ဗျားကို ဓားမြှောင်နဲ့ပစ်ပေါက်ခဲ့တဲ့ မျက်ဖုံးနက်ဟာလည်း ကျောက်ပေစင်ပဲ ဖြစ်ဖို့များတယ်"

ဝမ်ကျက် ပြောသည်များကို နားထောင်ပြီးနောက် အိုက်တုဟောက်က ထင်မြင်ချက်ပေးသည်။

"ကျောက်ပေစင်က အဲဒါ သူ့ဓားမြှောင်ဖြစ်တယ်လို့တော့န်ခံတယ်၊ ဒါပေမယ့် သူ့ဓားမြှောင် ဆယ့်ရှစ်လက်ရှိတာမှားလက်ဟာ တိုက်ခိုက်ယင်း ဆုံးရှုံးသွားခဲ့ရတယ်လို့လည်းပြောယ်၊ သူဆုံးရှုံးသွားရတဲ့ ဓားမြှောင်ကို တစ်ယောက်ယောက်က

အသုံးချပြီး သူ့အပေါ် အမှုပတ်အောင်လုပ်တယ်လို့ ဆိုချင်တဲ့သ
ဘောပါပဲ"

ဝမ်ကျက်က ပြောသည်။

"ခင်ဗျားကရော ဘယ်လိုထင်သလဲ၊ ခင်ဗျားကို ဓားမြှောင်
နဲ့ပစ်ပေါက်သွားတဲ့ မျက်နှာဖုံးနက်ဟာ ကျောက်ပေစင်ဖြစ်နိုင်သ
လား"

"ကိုယ်ခန္ဓာ အဆက်အပေါက်နဲ့ အရပ်အမောင်းချင်းက
တော့ အတော်ဆင်တူတယ်၊ ဒါပေမယ့် အသံက မတူဘူး၊ ကွဲပြား
တယ်"

"အသံမတူအောင် ဖျက်ပြောယင် ဖြစ်နိုင်တာပဲ"

"ဟုတ်ကဲ့ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် သက်သေအခိုင်အလုံ
မရှိဘဲနဲ့တော့ ကျောက်ပေစင်ကို စွပ်စွဲလို့မရဘူးလေ"

"အား ကိစ္စကတော့ တဖြည်းဖြည်း ပိုရှုပ်လာပါလား"

"ဒါနဲ့ စစ်တုရင်ဧကရာဇ်နဲ့ ဧကရီဆိုတာကို ခင်ဗျားကြားဖူး
သလား"

"ဟင့်အင်း မကြားဖူးပါဘူး"

"သူတို့ကို လိပ်ပြာကန်သခင်နဲ့ နဂါးမင်းသမီးလို့လည်း ခေါ်
ကြတယ်"



"လိပ်ပြာကန်သခင်နဲ့ နဂါးမင်းသမီးအကြောင်းကိုတော့
ကျွန်တော်ကြားဖူးပါတယ်၊ ဒါပေမယ့် အဲဒီအကြောင်းတွေက ဒဏ္ဍာ
ရီလိုလို ပုံပြင်လိုလို မဟုတ်လား၊ တကယ်ပဲ ရှိနေလို့လား"

ဤတွင် ဝမ်ကျက်က မိမိ မိစ္ဆာလေပွေကျွန်းသို့ ရောက်ရှိပြီး
တွေ့ကြုံခဲ့ရသည်များကို ပြန်ပြောပြလိုက်သည်။

"အဲဒီ စစ်တုရင်ဧကရာဇ်ဆိုတဲ့လူရဲ့ကိုယ်ဖော့ပညာ သိပ်ကို
အဆင့်မြင့် ထက်မြက်တာကို ခင်ဗျားကိုယ်တိုင် တွေ့မြင်ခဲ့တယ်နော်"

ဝမ်ကျက် အကြောင်းစုံပြောပြီးပြီးသောအခါ အိုက်တု
ဟောက်က မေးသည်။

"ဟုတ်ကဲ့ မြင်ခဲ့ရပါတယ်၊ ဒီလောက် ကောင်းမွန်အဆင့်မြင့်
တဲ့ ကိုယ်ဖော့ပညာမျိုးကို ကျွန်တော့်တစ်သက်မှာ တစ်ခါမှ မမြင်
ဖူးသေးဘူး"

"ရှေ့ဆက်ပြီး ဘယ်လိုလုပ်မယ်လို့ စိတ်ကူးထားသလဲ"

"လိပ်ပြာကန်က မိစ္ဆာလေပွေကျွန်းကို တစ်ခေါက်တော့
ထပ်သွားကြည့်ချင်နေတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော် တစ်ယောက်
တည်းဆိုယင်တော့ အဲဒီကလူတွေကို ဘယ်လိုမှ ယှဉ်နိုင်မှာမဟုတ်
ဘူး"

"ဒီအတွက် ဘာမှစိတ်မပူပါနဲ့၊ ကျွန်တော်တို့ရှစ်ယောက်

ပါဝင်အားဖြည့်လိုက်ယင် ...ဗျားဘက်က အင်အားတောင့်မသွား
နိုင်ဘူးလား"

"တကယ်ပြောတာလား၊ ခင်ဗျားတို့က မိစ္ဆာလေပွေကျွန်
ကို တကယ်သွားရဲကြလို့လား"

"ဟား...ဟား...ဟား၊ ကျွန်တော်တို့ သွေးသောက်ရောင်းရင်း
ရှစ်ယောက်က သိုင်းပညာမထူးချွန်ကြပေမယ့် သတ္တိကတော့ မခေ
ဘူးဗျ၊ အန္တရာယ်များတယ်ဆိုလေ ကျွန်တော်တို့က ရင်ဆိုင်ချင်လေ
ပဲ"

"ခင်ဗျားတို့သာ လိုက်ပါကူညီပေးမယ်ဆိုယင်တော့ အများ
ကြီးအားရှိလာတာပေါ့၊ ဒါပေမယ့် တစ်ခုတော့ကြို့ပြောထားပါရစေ"

"ပြောပါ"

"မိစ္ဆာလေပွေကျွန်းကို သွားတဲ့နေရာမှာ မအောင်မြင်ခဲ့ယင်
ကျွန်တော်တို့အားလုံး အဖမ်းခံရပြီး စစ်တုရင်ရုပ်အဖြစ် အသုံးချခံရ
မယ်ဆိုတာကိုတော့ ကြို့ပြောထားပါရစေ"

"ဒီအတွက် စိတ်ချပါ၊ ကျွန်တော်တို့ နားလည်ပါတယ်"

"မိတ်ဆွေတို့ကရော သဘောတူကြပါရဲ့လား"

ဝမ်ကျက်က အိုက်တုဟောက်၏ အဖော်(၇) ယောက်ကို
လှမ်းမေးသည်။



"ကျွန်တော်တို့တတွေက သွေးသောက်ရောင်းရင်းတွေပါ၊
က်တုဟောက်ကို ကျွန်တော်တို့ရဲ့ခေါင်းဆောင် တင်မြှောက်ထား
ယ်၊ အိုက်တုဟောက်က ဆုံးဖြတ်လုပ်ကိုင်တာကို ကျွန်တော်တို့
းလုံး လိုက်နာတယ်"

ဝေကြီးရှန်က ပြန်အဖြေပေးသည်။

"ကျွန်တော်တို့ ရှစ်ယောက်က တစ်နေ့တည်း အတူမမွေး
ပေမယ့် တစ်ရက်တည်း အတူသေကြဖို့တော့ ဆုံးဖြတ်ထားကြပါ
ယ်"

လင်ရီကျင်ကလည်း ပြောသည်။

"ဟုတ်ပြီ၊ မိစ္ဆာလေပွေကျွန်းကိုသွားတဲ့နေရာမှာ ကျွန်တော်
းဆောင်မှုကိုခံရမယ်၊ ကျွန်တော့်စကားကို နာခံကြရမယ်၊ အဲဒါ
ာလိုတယ်"

ဝမ်ကျက်က ပြောသည်။

"ခင်ဗျား ညွှန်ကြားသမျှကို ကျွန်တော်တို့နာခံပါ့မယ်"

အိုက်တုဟောက်က ပြန်ပြောသည်။

"ဒါဆို ဟုတ်ပြီ၊ ကျွန်တော်တို့ ဒီညတော့ လိပ်နီဘုံကျောင်း
အိပ်ကြမယ်၊ မနက်ဖြန်မှ ခရီးစထွက်မယ်"

* * *

အခန်း(၃)

လိပ်ပြာကန်သို့ ဝမ်ကျက်တို့လူစု ရောက်ရှိလာကြသည်။
မိမိတို့အတွက်ကြောင့် လှေသမားများ ကြားမှဒုက္ခတွေရ
မည်ကို စိုးသောကြောင့် ဝမ်ကျက်က လှေသမားခေါ်မသွားဘဲ လှေ
ကို မိမိတို့ဘာသာ လှော်ခတ်သွားရန် စိတ်ကူးရမိသည်.

ဤသို့ စိတ်ကူးရသော်လည်း ဝမ်ကျက်ကိုယ်တိုင်မှာလှေ
မလှော်တတ်။

ထို့ကြောင့် အိုက်တုပောက်ကို မေးမြန်းရသည်။

"ကျွန်တော်တို့က လှေတော့ သိပ်မလှော်တတ်ဘူး၊ အနည်း
အကျဉ်းတော့ နားလည်ပါတယ်၊ မေးမြန်းသင်ယူပြီး လှော်ယင်ဖြစ်
တယ်၊ ခင်ဗျား ဘာမှမပူနဲ့"



အိုက်တုပောက် ပြန်ပြောသည်။

ထို့ကြောင့် ဝမ်ကျက် အတော်အသင့် ကြီးသောလှေတစ်စီး
ကို ငွေအသပြာတစ်ရာနှင့် ဝယ်ယူလိုက်သည်။

အိုက်တုပောက်တို့ ရှစ်ဦးက လှေရှင်ထံမှ လှေလှော်နည်း
ကို သင်ယူကြသည်။

ထို့နောက် လှေပေါ်ဝယ် စားနပ်ရိက္ခာများပါ တင်ပြီး
နောက် ကျယ်ပြန့်လှသော လိပ်ပြာကန်ရေပြင်ထဲသို့ လှေကို လှော်
တက်ကာ ဖြတ်ကျော် ဝင်ရောက်လာခဲ့သည်။

"ဟောဒီ လိပ်ပြာကန်နဲ့ ပတ်သက်တဲ့ပုံပြင်ဒဏ္ဍာရီတွေ
ကတော့ အတော်များတာပဲ၊ လိပ်ပြာကန်ရဲ့ အနောက်ဘက်ကမ်း
ခြေက တောင်တန်းမှာ လိုဏ်ဂူတွေ ဥမင်လမ်းတွေ အများကြီးရှိနေ
တယ်၊ လိပ်ပြာကန်ရဲ့အောက်ခြေမှာ လျှို့ဝှက်လမ်းကြောင်းတွေရှိ
း ကျွန်းတစ်ခုနဲ့တစ်ခု ဆက်နေတယ်ဆိုတဲ့အကြောင်းတွေကို ကျွန်
တော်စာထဲမှာ ဖတ်ဖူးတယ်"

လှေလှော်ခတ် ထွက်လာပြီးသောအခါ အိုက်တုပောက်က
မ်ကျက်ကို ပြောသည်။

"ဟုတ်တယ်၊ ကျွန်တော်လည်း ဒီအကြောင်းတွေ ဖတ်ဖူး
တယ်၊ အဲဒါတွေက စိတ်ကူးယဉ်ပြီး ပုံပြင်တွေလိုရေးထားတာလား၊

တကယ်ရှိနေတာလားဆိုတာကိုတော့ ကျွန်တော်လည်း မပြောတ
ဘူး"

ဝမ်ကျက်က ပြန်ပြောသည်။

"ဟို မိစ္ဆာလေပွေကျွန်းပေါ်မှာ စစ်တုရင်ကစားကြတဲ့
တွေ ရုတ်တရက် အစအနရှာမတွေ့အောင် ပျောက်သွားပုံထော
ယင် မိစ္ဆာလေပွေကျွန်းပေါ်မှာတော့ လျှို့ဝှက်လိုဏ်ဂူဖြစ်ဖြစ် လျှ
ဝှက်မြေအောက် ဥမင်လမ်းဖြစ်ဖြစ် ရှိမှာသေချာတယ်"

"ကျွန်တော်လည်း အဲဒီလိုထင်မိပါတယ်၊ ဒါပေမယ့် အဲ
ကျွန်းပေါ်မှာ ဘယ်လိုလိုက်ရှာလိုက်ရှာ ဘာဂူပေါက် ဘာဥမင်လမ်
မတွေ့ခဲ့ရဘူးဗျ"

"ခင်ဗျားက အချိန်ကောင်းကောင်းမှ မရခဲ့တာပဲ၊ အခု ကျွ
တော်တို့မှာ လူအများသားပဲ၊ ဒီတော့ ပိုက်စိပ်တိုက်လိုက်ရှာယ
ဂူပေါက်ကြီးမဆိုထားနဲ့ ကြွက်တွင်းကိုတောင် တွေ့အောင်ရှာနိုင်
လိမ့်မယ်"

"ဟုတ်ကဲ့ ဒီလိုပဲ မျှော်လင့်ရတာပဲ၊ မိစ္ဆာလေပွေကျွန်းမှ
ဆန်းကြယ်မှုနဲ့ လျှို့ဝှက်ချက်တွေ အများကြီးရှိနေတယ်၊ ဒါကြော
ကျွန်းပေါ်ကိုရောက်တဲ့အခါမှာ ကျွန်တော်တို့တတွေဟာ လူစုမ
စေဘဲ အားလုံးတစုတဝေးတည်း သွားလာလှုပ်ရှားဖို့လိုလိမ့်မယ်



"ဒါပေါ့…ဒါပေါ့"

လေ့က ရေကန်ပြင်ကိုဖြတ်ကာ တအိအိသွားနေသည်။

အိုက်တုဟောက် လေ့လှော်ရမည့်အလှည့်သို့ ရောက်ပြီမို့
ဝမ်ကျက်ကို နှုတ်ဆက်ကာ ထွက်သွားသည်။

မိစ္ဆာလေပွေကျွန်းပေါ်သို့ ရောက်လျှင် စစ်တုရင်ကောရာဇ်
နှင့် စစ်တုရင်ယှဉ်ပြိုင်ကစားရသည့် အခွင့်အလမ်းကြုံကောင်း ကြုံ
နိုင်မည်ဟု ဝမ်ကျက် တွေးမိသည်။

ထိုသို့ဖြစ်လာလျှင် အကောက်အကျိုးရစေရန်အတွက် ဖေ
ယွင်ပေးလိုက်သော အဆောင့်မြင့် စစ်တုရင်ထိုးနည်းစာအုပ်ကို ဖတ်
ရှုလေ့လာထားလျှင် ကောင်းမည်ဟုလည်း စဉ်းစားမိသည်။

ထို့ကြောင့် ဝမ်ကျက်သည် ရှေ့ဦးပိုင်းသို့သွားကာ ထိုင်ချ
ပြီး စစ်တုရင်ထိုးနည်းစာအုပ်များကိုထုတ်၍ လေ့လာဖတ်ရှုကြည့်
သည်။

ဝမ်ကျက်ကို အမြဲပင် အရိပ်တကြည့်ကြည့် လုပ်နေသော
ပိုင်ရင်ဟုန်လည်း လေ့ဦးပိုင်းသို့ လိုက်လာသည်။

"ဘယ်လိုလဲ အစ်ကိုရဲ့၊ အခုမှ စစ်တုရင်ထိုးနည်းစာအုပ်ကို
လေ့လာနေရသလား၊ အခုမှ လေ့လာယင် အသုံးဝင်နိုင်ပါ့မလား"

ပိုင်ရင်ဟုန်က ဝမ်ကျက်ကို ပြောသည်။

"အနည်းအကျဉ်းတော့ အသုံးဝင်ပြီး အထောက်အကူရနိုင် တာပေါ့"

ဝမ်ကျက်က ပြန်ပြောသည်။

"အဲဒီစာအုပ်နှစ်အုပ်ကို ကျွန်မ ဖတ်ကြည့်ဖူးတယ်၊ အဲဒီအ ထဲမှာ အကွက်ဆန်းတွေ ပရိယာယ်ဆန်းတွေ အတော်များများပါ တယ်၊ အစ်ကိုက တစ်အုပ်လုံးမဖတ်ဘဲ အဲဒီအကွက်ဆန်းတွေကိုပဲ ရွေးပြီးဖတ်ယင် ပိုကောင်းမယ်"

ပိုင်ရင်ဟုန်က ဤသို့ပြောပြီး ဝမ်ကျက်၏ဘေးနားဝယ် ဝ ထိုင်သည်။

"ဟုတ်တယ်၊ ကျွန်တော်လည်း အဲဒီလိုပဲဖတ်နေတာပါ မိစ္ဆာလေပွေကျွန်းကို အရောက်သွားဖို့က တစ်ရက်ခရီးလောက် ရှိတယ်၊ ဒီအချိန်ကို အပြည့်အဝအသုံးချပြီး ဒီစာအုပ်နှစ်အုပ်ကို လေ့ လာကြည့်ချင်တယ်၊ ဒါကြောင့် ကျွန်တော့်ကို အနှောင့်အယှက်မပေး စေချင်ဘူး"

ပိုင်ရင်ဟုန်က ခေါင်းညိတ်ပြသည်။

ပိုင်ရင်ဟုန်သည် ဘာမျှမပြောတော့ဘဲ ဝမ်ကျက်၏ဘေး ဝယ် အသာငြိမ်ငြိမ်လေးထိုင်နေသည်။

လှေလှော်ခတ်ရန် တာဝန်ကို အိုက်တုဟောက်တို့ (၈)



ယောက်ကယူထားသောကြောင့် ဝမ်ကျက်မှာ အေးအေးဆေးဆေး ပင် စာဖတ်နိုင်သည်။

အိုက်တုဟောက်သည် လှေလှော် သိပ်မကျွမ်းကျင်သော ကြောင့် အစပိုင်းတွင် လှေအသွားနှုန်းမှာ အတော်ပင်နှေးကွေး သည်။

ညနေပိုင်းလောက်တွင်မှ လှေလှော်ခတ်မှုအကြောင်းကို ိုက်တုဟောက်တို့ လက်တွေ့လုပ်ဆောင်ယင်း နားလည်လာကြ ကောင်းစွာ လှော်ခတ်တတ်သွားသည်။

လှေမှာလည်း အရှိန်မှန်မှန်နှင့် ပြေးနေသည်။

ညအချိန်သို့ရောက်သောအခါ ဝမ်ကျက်က လှေကို ဆက် သွားခိုင်းတော့ဘဲ ကန်ရေပြင်ပေါ်တွင်ပင် ကျောက်ချကာ ရပ်နား သည်။

ညစာစားကြပြီးနောက် တစ်ယောက်တစ်လှည့် ကင်းချကာ ပ်စက်ကြသည်။

အားလုံး သတိရှိရှိဖြင့် နေကြသည်။

ထိုနေ့ညအဖို့ မည်သည့်ထူးခြားချက်မျှ မဖြစ်။

နောက်တစ်နေ့နံနက် အရုဏ်ဦးရောင်နီပေါ်သည်နှင့် လှေ လှော်ခတ်ကာ ခရီးဆက်ကြသည်။

ဝမ်ကျက်က မိမိအမှတ်ရသလောက် မိစ္ဆာလေပွေကျွန်း
ရာသို့ လမ်းညွှန်ပေးသည်။

ဝမ်ကျက်၏လမ်းညွှန်ချက် မမှားပေ။

ထိုနေ့ မွန်းလွဲပိုင်းအချိန်လောက်တွင် မိစ္ဆာလေပွေကျွန်း
ရောက်ရှိလာခဲ့ကြသည်။

လှေကို ကျွန်း၏အရှေ့ဘက်ကမ်းစပ်ဝယ် ဆိုက်ကပ်
သူတို့လူစု မိစ္ဆာလေပွေကျွန်းပေါ်သို့တက်လာခဲ့ကြသည်။

အားလုံး လက်နက်ကိုယ်စီ ကိုင်ဆောင်ကာ လိုအပ်
ချက်ချင်းလှုပ်ရှား တိုက်ခိုက်နိုင်ရန် အသင့်ပြင်ထားကြသည်။

"ကျွန်တော်တို့ ကျွန်းပေါ်မှာ ဟိုလူတွေနဲ့ ရင်ဆိုင်တိုးမိ
တတ်နိုင်သမျှ တိုက်ခိုက်ခြင်းမပြုရအောင် ကြိုးစားရမယ်၊ ကျွန်
တို့အားလုံး အမြဲတစုတစည်းတည်းရှိနေပြီး လူစုမကွဲကြဖို့လ
သတိထားကြပါ၊ လူစုကွဲသွားတဲ့လူအဖို့ အန္တရာယ်အများကြီး
တယ်"

ကျွန်းကမ်းခြေပေါ်သို့ ခြေချမိကြသောအခါ ဝမ်ကျက်
ပြောသည်။

ထို့နောက် ဝမ်ကျက်က ကျန်လူများကို ကျွန်း၏အမြ
နေရာဆီသို့ လမ်းပြကာ ခေါ်လာခဲ့သည်။



ထိုနေရာမှနေ၍ ကျွန်း၏မြေနေရာ အနေအထားကို လှေ
ကြည့်ရှုစေသည်။

ထိုမှတဖန် စစ်တုရင်ကေရာဇ်နှင့် ကေရီတို့ စစ်တုရင်ကစား
ကြသည့် မြေကွက်လပ်ရှိရာသို့ ခေါ်လာခဲ့ပြန်သည်။

ထိုနေရာတွင် ကျောက်တုံးကျောက်ခဲများ စုပုံလျှက်ရှိနေ
သေးသည်။

စစ်တုရင်ကွင်းကို မမြင်နိုင်။

ဤအချက်ကိုထောက်၍ ဝမ်ကျက် ဤကျွန်းမှထွက်ခွာ
ားပြီးသည့်နောက်ပိုင်းတွင် စစ်တုရင်ကေရာဇ်နှင့် ကေရီတို့မှာ ဤ
စ်တုရင်ကွင်းကို အသုံးပြုကာ စစ်တုရင်မကစားကြတော့ကြောင်း
နိုင်သည်။

ဝမ်ကျက်က ကျောက်တုံးကျောက်ခဲတချို့ကို ဖယ်ရှားကာ
ပြင်ဝယ် ပြုလုပ်ထားသည့် စစ်တုရင်ကွင်းလမ်းကြောင်းအကွက်
အနည်းငယ်ကို အခြားလူများ မြင်သာအောင်ပြသသည်။

ထို့နောက် မိမိကိုယ်တိုင် တွေ့မြင်ခဲ့ရသည့် ထူးဆန်းသော
တုရင်ထိုးပွဲအကြောင်းကို ပြောပြလိုက်သည်။

"အစားခံရတဲ့ စစ်တုရင်ရုပ်လုပ်တဲ့လူကို စားတဲ့ စစ်တုရင်
လုပ်တဲ့လူက လက်ဝါးနဲ့ရင်ဘတ်ကို ရိုက်လိုက်တာနဲ့လဲကျသေဆုံး

"ဒီကျွန်းပေါ်မှာ ကျောက်တုံးကြီးတွေ အများကြီးရှိ
တယ်၊ လိုဏ်ဂူပေါက်တွေကို အဲဒီကျောက်တုံးကြီးတွေက ပိတ်ဆို
အကာအကွယ်ဖြစ်နေလို့ ကျွန်တော်တို့ လိုက်ရှာတော့ လိုဏ်ဂူပေါ
ကိုမမြင်နိုင်တာ ဖြစ်ချင်ဖြစ်နိုင်တယ်၊ ကျောက်တုံးကြီးတွေကို ဖ
လှန်ပြီးရှာကြည့်ယင် လိုဏ်ဂူပေါက်တွေ့ချင်တွေ့နိုင်တယ်"

လုဖေဝမ်း ပြောသည့်အကြံကို အားလုံးသဘောတူသ
ကြောင့် ကျွန်းပေါ်ရှိ ကျောက်တုံးကြီးများကို တစ်တုံးပြီးတစ်တ
ဖယ်လှန်ရှာဖွေကြည့်ကြသည်။

ထိုကျွန်းပေါ်ရှိ ကျောက်တုံးကြီးများမှာ ကြီးမားလေး
လှသည်။

ကျောက်တုံးကြီးတစ်တုံးကို တွန်းလှန်ဖယ်ရှားရာတွင်
လွန်ပင် အချိန်ယူရသည်။

အချိန်တစ်နာရီခန့် ကြာအောင် ကြိုးစားပန်းစားလုပ်ဆော
ကြမှ ကျောက်တုံး(၅) တုံးခန့်ကိုသာ ဖယ်လှန်ကြည့်နိုင်ကြသည်

ဖယ်လှန်ကြည့်သော ကျောက်တုံးကြီး(၅) တုံး၏အော
တွင်မူ ဘာမျှမရှိ။

ထိုအချိန်တွင် မှောင်ရိပ်လည်းသန်းလာပြီမို့ ရှာဖွေခြင်း
ရပ်တန့်လိုက်ကြရာ လှေဆိုက်ကပ်ထားရာသို့ ပြန်လာခဲ့ကြသည်



ကျွန်း၏ အရှေ့ဘက်ကမ်းသို့ ရောက်သောအခါ သူတို့အား
မျက်လုံးပြူးကုန်ကြသည်။

ထိုနေရာဝယ် ဆိုက်ကပ်ထားသည့်လှေ မရှိတော့။

"ဟာ..ဒုက္ခပါပဲ၊ လှေက ဘယ်ကိုရောက်သွားပြီလဲ"

အိုက်တုဟောက်က အလန့်တကြား ရေရွတ်သည်။

"စစ်တုရင်ဧကရာဇ်ကြီးက ကျွန်တော်တို့ရဲ့လှေကို နစ်မြုပ်
အောင် လုပ်ပစ်လိုက်ပြီနဲ့တူတယ်"

ဝမ်ကျက်က ထင်မြင်ချက်ပေးသည်။

"လှေပေါ်မှာ အစောင့်ထားခဲ့ယင် အကောင်းသား"

ဖေကြံရှန်က ဝင်ပြောသည်။

"လှေပေါ်မှာ အစောင့်ထားခဲ့ဖို့ ကျွန်တော်လည်း စိတ်ကူး
တယ်။ ဒါပေမယ့် အဲဒီလို အစောင့်ထားခဲ့ယင် စောင့်နေတဲ့လူပါ
တဲ့အတူရောပြီး ပျောက်သွားမှာစိုးလို့ မထားခဲ့တာပဲ"

ဝမ်ကျက်က ပြန်ပြောသည်။

"ကဲ ကျွန်တော်တို့ ဘာဆက်လုပ်ကြမလဲ၊ ကျွန်တော်တို့
ာတဲ့စားနပ်ရိက္ခာတွေလည်း လှေထဲမှာ ပါသွားကုန်ပြီ"

အိုက်တုဟောက်က ပြောသည်။

"ဒီနေရာမှာ ငါးဖမ်းပြီး စားသောက်လို့ရနိုင်ပါတယ်၊ ဒီ

တော့ လောလောဆယ် အစာတော်မသေနိုင်သေးပါဘူး၊ ဒီတစ်
အနားယူလိုက်ကြပြီး မိုးလင်းမှပဲ အခြေအနေကြည့် ဆက်လုပ်
တာပေါ့၊ အခုလောလောဆယ် နားနေနိုင်မယ့် နေရာကောင်
ကောင်းတစ်ခု လိုက်ရှာကြရအောင်"

ဝမ်ကျက်က ပြောသည်။

မိစ္ဆာလေပွေကျွန်းပေါ်ဝယ် နားနေနိုင်သည့်နေရာကောင်
ဟူ၍မရှိပေ။

အကောင်းဆုံးနေရာအဖြစ် ကျောက်ဆောင်ကြီးတစ်ခု
အောက်ခြေတစ်နေရာကိုသာ ရွေးလိုက်ရသည်။

ထိုနေရာမှာ လေကွယ်မှုသာရှိသည်။

အခြားအကာအကွယ်မရှိ၍ သူတို့အဖို့ ဟင်းလင်းပြင်ဝယ်
အမိုးအကာမပါဘဲ အိပ်စက်ကြရမည့် အခြေအနေဖြစ်နေသည်။

"ကျွန်တော်တို့ရဲ့ လှေ ပျောက်ဆုံးသွားပုံကို ထောက်ယ
ဒီကျွန်းပေါ်မှာ စစ်တုရင်ကေရာဇ်နဲ့ ဧကရီတို့လူစု ရှိနေကြသေ
ကြောင်း ထင်ရှားနေတယ်"

ကျောက်ဆောင်အောက်ဝယ် စုထိုင်ကြပြီးနောက် ဝမ်ကျက်
ကပြောသည်။

"ခင်ဗျားတွေးတာကေတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် သူတို့



အရိပ်အရောင်တောင် ရှာလို့မရနိုင်တာ ခက်တယ်"

အိုက်တုဟောက်က ပြောသည်။

"တွေ့အောင် ကျွန်တော်တို့ဆက်ရှာကြတာပေါ့။ ကျွန်တော်
တတွေ ဒီကျောက်ဆောင်နားမှာပဲ ခေတ္တခဏ စတည်းချနေကြ
ယ်"

"ဒီမှာနေတာက ကျွန်တော်တို့အတွက် အရေးမကြီးပေမယ့်
းကလေး ပိုင်ရင်ဟုန်အတွက် သင့်တော်ပါ့မလား"

အိုက်တုဟောက်က ဤသို့ပြောလိုက်သည်တွင် အားလုံးက
ရင်ဟုန်ကို ကြည့်လိုက်ကြသည်။

"အခုလို အမိုးအကာမရှိတဲ့ ဟင်းလင်းပြင်မှာ ခင်ဗျားနေ
တ်ရဲ့လား"

ဝမ်ကျက်က ပိုင်ရင်ဟုန်ကိုမေးသည်။

"ကျွန်မအတွက် ဘာမှပူပန်မနေပါနဲ့၊ ရှင်တို့နေနိုင်ကြယင်
န်မလည်း နေနိုင်ပါတယ်"

ပိုင်ရင်ဟုန်က ရယ်မောကာ ပြန်ပြောသည်။

"ဒီလိုဆိုယင် ဟုတ်ပြီ၊ ကဲ ကျွန်တော်တို့ မီးဖိုတစ်ခုဖိုရ
အင် မီးမွှေးရနိုင်မယ့် အရာအားလုံးကို လိုက်ရှာပေးကြပါ၊
ပ်တော့ ဝေးဝေးလံလံမသွားကြပါနဲ့၊ ဒီနေရာအနီးဝန်းကျင်မှာပဲ

သွားတာနော် ဟုတ်လား"

ဝမ်ကျက် အကြောင်းစုံ ပြောပြပြီးသောအခါ အိုက်ဝ
ဟောက်က မေးသည်။

"ဟုတ်တယ်၊ ကျွန်တော်တော့ အဲဒီအတိုင်း မြင်လိုက်ရတ
ပဲ"

ဝမ်ကျက်က ပြန်ပြောသည်။

"လက်ဝါးအရိုက်ခံရတော့ ပါးစပ်က ,သွေးအန်သေးလာ

"အဲဒါကိုတော့ ကျွန်တော် ကောင်းကောင်း မမြင်လိုက်
ဘူး"

"တကယ်လို့ သွေးအန်တယ်ဆိုယင် ဒီစစ်တုရင်ကွင်းပေါ်
သွေးကွက်တွေ ရှိနေမှာပေါ့၊ ကျွန်တော်တို့ စစ်တုရင်ကွင်းကို ဖုံးအ
ထားတဲ့ကျောက်တုံးကျောက်ခဲတွေကို ဖယ်ရှားကြည့်ကြရအော
လား"

ဝေကြီရှန်က အကြံပေးသည်။

"ဒီကိစ္စကို သိပ်လောနေစရာမလိုပါဘူး၊ ကျွန်တော်တို့ ပ
မဆုံး ကျွန်းတစ်ခုလုံးကို အနှံ့လိုက်ရှာကြည့်ရအောင်၊ ကျွန်းပေါ်
လိုက်ရှာကြည့်ပြီးမှ ဒီနေရာက ကျောက်တုံးကျောက်ခဲတွေကို ဖ
ရှားကြည့်ယင်လည်း သိပ်နောက်မကျပါဘူး"



ဝမ်ကျက်က ပြောသည်။

ဤသို့ဖြင့် သူတို့ဆယ်ယောက်သည် မိစ္ဆာလေပွေကျွန်းပေါ်
ယ် နေရာအနှံ့ လိုက်ရှာကြသည်။

မိစ္ဆာလေပွေကျွန်းမှာ သိပ်မကြီး။

အချိန်တစ်နာရီလောက် အတွင်းမှာပင် နေရာအနှံ့ လိုက်လံ
ဖွေပြီးစီးသွားသည်။

ဘာထူးခြားချက်ကိုမျှ မတွေ့ရ၊ မမြင်ရ။

"လိပ်ပြာကန်မှာ လျှို့ဝှက်ဂူပေါက်တွေ ဥမင်လိုဏ်ခေါင်း
အများကြီးရှိနေတယ်လို့ ရှေးဟောင်းစာပေတွေထဲမှာ ပုံပြင်
လို ဒဏ္ဍာရီလိုလို ရေးသားထားတာကို ကျွန်တော်လည်း ဖတ်ဖူး
ယ်၊ ဒီမိစ္ဆာလေပွေကျွန်းပေါ်မှာလည်း လျှို့ဝှက်လိုဏ်ဂူပေါက် တွေ
င်တယ်လို့ ကျွန်တော်ထင်တယ်"

တစ်ကျွန်းလုံးအနှံ့ ရှာကြည့်ပြီးသောအခါ လုဖေဝမ်းက
သည်။

"ကျွန်တော်တို့အားလုံး တစ်ကျွန်းလုံးအနှံ့ လိုက်ရှာကြည့်
ပြီးပြီပဲ၊ လိုဏ်ဂူပေါက်ဝေးလို့ ကြွက်တွင်းတောင် မတွေ့တာ
များအမြင်ပဲ"

ဝေကြီရှန်က ပြောသည်။

လိုက်ရာကြပါ"

ဝမ်ကျက်၏စကားအဆုံးဝယ် အားလုံး ထိုင်ရာမှထက ထင်းလိုက်ရာကြသည်။

မိစ္ဆာလေပွေကျွန်းပေါ်ဝယ် သစ်ပင်များလည်း အများအပြားရှိရာ ထင်းအဖြစ်အသုံးပြုနိုင်သည့် သစ်ကိုင်းခြောက် အများအပြားကိုပင် အချိန်အနည်းငယ်အတွင်း ကောက်ယူရရှိသည်။

ကောက်ယူရရှိသော သစ်ကိုင်းခြောက်များကို တစ်နေရာဝယ် အသာစုပုံထားကြသည်။

သစ်ကိုင်းခြောက်အချို့ကို မီးဖိုကာ မီးပုံပြုလုပ်ကြသည်။

မကြာမီမှာပင် မီးပုံအရှိန်ကောင်းလာပြီး မီးရောင်တောက်လာသည်။

ထိုနေ့ညတစ်ညလုံး သတိရှိရှိနှင့် အိပ်ကြသည်။

မည်သည့်ထူးခြားချက်မျှ မပေါ်လာ။

ညသည် အေးချမ်းစွာပင် ကုန်လွန်သွားသည်။



နောက်တစ်နေ့ နံနက်။

သူတို့လူစု အိပ်ပျော်တဝက်၊ မပျော်တဝက်ရှိနေကြရာမှ ...းလာကြသည်။

ကန်ရေပြင်ကို ဖြတ်သန်း၍တိုက်ခတ်လာသော နံနက်ခင်း ...လေပြည်မှာ သန့်ရှင်းလတ်ဆတ်ကာ အေးမြလှသည်။

သို့သော် အိုက်တုဟောက်တို့တတွေမှာ အတော်ပင် စိတ် ...င်းရဲနေကြသည်။

သူတို့လူစုမှာ လူချမ်းသာ၊ မင်းစိုးရာဇာသားများ ဖြစ်ကြ ...ပြီး ကောင်းမွန်စွာ စားသောက်နေထိုင်ကြရသည်။

ယခုလို လေဟာပြင်ဝယ် အမိုးအကာမရှိ အိပ်စက်နေထိုင်ရ ...ခြင်းမှာ ယခုအကြိမ် ပထမဆုံးဖြစ်သည်။

အိပ်ရာမှထလာကြသည်နှင့် သူတို့အားလုံး၏ စိတ်ထဲဝယ် ...နံက်စာစားရန်သင့်ပြီဟု အလိုလိုသိလိုက်ကြသည်။

သို့သော် စားနပ်ရိက္ခာမရှိသောကြောင့် မည်သူကမျှ နံနက် ...စာစားရန် ထုတ်ဖော်မပြောကြပေ။

"မိတ်ဆွေတို့ နေလို့ထိုင်လို့ ကောင်းကြရဲ့လား"

ဝမ်ကျက်က အိုက်တုဟောက်တို့လူစုကို မေးသည်။

"ကောင်းပါတယ်"

လုဖေဝမ်းက ပြန်ဖြေသည်။

ကျန်လူများကလည်း ခေါင်းညိတ်ပြကြသည်။

"ဗိုက်ကော ဆာနေကြသလား"

အိုက်တုဟောက်တို့လူစု တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

"မဆာပါဘူး၊ မဆာသေးပါဘူး"

တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီးမှ ဝေကြဲ့ရှန်ကအဖြေ ပေးသည်။

"ဒါဖြင့်ယင် ကျွန်တော်တို့ဆက်ပြီး လိုဏ်ဂူပေါက်ကို ရှာကြစို့"

အားလုံးပင် ကျဆင်းနေသော စိတ်ဓာတ်များကိုတင်းကာ ကျောက်ဆောင်ကြီးအောက်မှ ထွက်လာခဲ့ကြသည်။

သူတို့(၁၀) ယောက်သည် တစုတဝေးတည်း သွားကြကာ မသက်ာဖွယ်ရာဖြစ်သော ကျောက်တုံးကြီးများကို တွန်းလှန်ဖယ်ရှားကာ လိုဏ်ဂူပေါက်ကို တွေ့လိုတွေ့ငြား လိုက်ရှာကြသည်။

တစ်မနက်စာလုံးလုံး အလုပ်လုပ်ကြရာ နံနက်(၁၀) နာရီ အချိန်သို့ ရောက်လာကြသောအခါ ကျွန်းပေါ်ရှိ ကျောက်တုံး ကြီးများ၏ သုံးပုံတစ်ပုံကျော်ကျော်ကို တွန်းလှန်ဖယ်ရှားပြီးကြပြီ ဖြစ်သွား



သည်။ လျှို့ဝှက် လိုဏ်ဂူပေါက်ကိုမူ မတွေ့ကြရသေး။

အားလုံးမှာ ဗိုက်လည်းဆာ၊ မောလည်းမောဖြစ်နေကြသည်။

"မိတ်ဆွေရောင်းရင်းတို့ရေ၊ ကျွန်တော်တို့ လင်ရိကျင်က စိတ်မကောင်းစရာတစ်ခု ပြောရတော့မယ်၊ ကျွန်တော် ဗိုက်ဆာနေပြီ"

ဆာလောင်မွတ်သိပ်မှုကို မအောင့်မည်းနိုင်တော့သည့် အဆုံးဝယ် လင်ရိကျင်က ထုတ်ဖော်ပြောကြားလေတော့သည်။

"အင်း..ဟုတ်တယ်၊ တစ်ခုခုတော့ စားဖို့လိုနေပြီ"

ဝေကြဲ့ရှန်ကလည်း ပြောသည်။

"တောက်...ခင်ဗျားတို့က တယ်ပျော့တာကို၊ မနက်စာလေး မစားရသေးတာနဲ့ အော်လားဟစ်လား ဖြစ်ကုန်ကြရသလား၊ ဒီလို ပျော့ညံ့နေယင် သိုင်းလောကထဲမှာ ဘယ်လိုလုပ်ပြီး နာမည်ထင်ရှားအောင် သွားလာလုပ်ဆောင်နိုင်မှာလဲ"

အိုက်တုဟောက်က သူ့လူများကို မျက်မှောင်ကြုတ်ကာကြည့်ပြီး ပြောသည်။

"ကျွန်တော်တို့က သံနဲ့လုပ်ထားတဲ့လူတွေမှ မဟုတ်တာ တစ်မနက်စာလုံးလုံး ကျွန်တော်တို့ဖယ်လှန်ပစ်လိုက်ကြတဲ့ ကျောက်

တုံးတွေကလည်း မနည်းဘူး၊ ဒီတော့ ဗိုက်ဆာတယ်လို့ပြောသင့်
တယ်"

လင်ရိကျင်က ပြန်ပြောသည်။

"အင်း..ကျွန်တော်က ခင်ဗျားတို့ကို ဒီနေရာခေါ်လာခဲ့မိလို့
အခုလို ဒုက္ခတွေ့ကြရတာကို ကျွန်တော် စိတ်မကောင်းပါဘူး"

ဝမ်ကျက်က အားနာစကားဆိုသည်။

"ဒီလိုတော့ မပြောပါနဲ့ဗျာ၊ ကျွန်တော်က ဗိုက်ဆာတယ်
လို့သာပြောတာပါ၊ ခင်ဗျားကို အပြစ်မတင်ပါဘူး၊ ဒုက္ခရောက်တယ်
လို့လည်း မဆိုပါဘူး၊ အစားအသောက်တစ်ခုခု ရှာပြီး စားလိုက်ကြ
ယင် ဗိုက်ဆာတဲ့ပြဿနာ ပျောက်သွားမှာပါ"

လင်ရိကျင်က ပြန်ပြောသည်။

"ဒီလိုဆို ကျောက်တုံးတွေ ဖယ်လှန်ရှာတာကို ခဏနားပြီး
ကမ်းစပ်မှာ ငါးသွားရှာကြစို့"

သူတို့လူစု အလုပ်များကိုရပ်နားပြီး ကျွန်း၏အနောက်ဘက်
ကမ်းစပ်သို့ ထွက်လာခဲ့ကြသည်။

ထိုကမ်းစပ်တွင် ရေက အတော်တိမ်သည်။

သူတို့လူစုသည် ရေထဲသို့ ရင်ဘတ်ခန့်ရောက်အောင်ဆင်း
ကာ ငါးရှာကြသည်။



ပိုင်ရင်ဟုန်မှာမူ ကမ်းစပ်ဝယ် ရပ်စောင့်ကျန်ရစ်နေခဲ့သည်။

ကမ်းစပ်ရေတိမ်ပိုင်းဝယ် လုလင်ပျို(၉) ယောက် ခေါက်တုံ့
ခေါက်ပြန်လျှောက်ကာ ငါးရှာကြသော်လည်း တစ်ကောင်တမြီးမျှ
ပင်မတွေ့ရ။

"လိပ်ပြာကန်ကြီးက ပင်လယ်လောက်နီးနီး ကျယ်ဝန်းတာ
တောင်မှ ငါးတစ်ကောင်တောင် မတွေ့ရဘူး။ တယ်ဆန်းပါလား"

လင်ရိကျင်က ပြောသည်။

"လိပ်ပြာကန်ထဲမှာ ငါးတွေရှိပါတယ်၊ ဒီကန်က ငွေငါးတွေ
ဟာ ကြော်စားကင်စားယင် သိပ်ကောင်းတယ်"

အိုက်တုဟောက်က ဝင်ပြောသည်။

ဟုတ်တယ်၊ ကျွန်တော်တောင် အဲဒီငွေငါးကြော်ကို တစ်ခါ
နှစ်ခါစားဖူးတယ်၊ သိပ်ကိုစားလို့ကောင်းတာပဲ"

ဝေကြိရှန်က ပြောသည်။

"အေး၊ အဲဒီလိုဆိုယင် ငါးကိုမိအောင်ရှာဖမ်းကြ၊ ကင်စားရ
အောင်"

လုလင်ပျို(၉) ယောက်တို့သည် မျက်လုံးများကို ပြူးနေ
အောင်ပြုကာ ငါးလိုက်ရှာကြသည်။

တစ်ကောင်မျှ မတွေ့ရ။

"ကျွန်တော်တို့ လူအများကြီးရေထဲဆင်း၊ ဟိုလျှောက်
လျှောက်လုပ်နေတော့ ရှိတဲ့ငါးတွေတောင် လန့်ပြေးကုန်မှာပေါ့။
ဒီနေရာမှာ လက်လျှော့လိုက်ကြစို့၊ အခြားနေရာကို ပြောင်းပြီးရှာ
ရအောင်"

ဝမ်ကျက်က ပြောသည်။

ထို့နောက် သူတို့လူစုသည် ကျွန်းပေါ်သို့ ပြန်တက်လာ
ကြသည်။

ကျွန်း၏တောင်ဘက် ကမ်းခြေသို့ နေရာပြောင်းလိုက်
သည်။

ထိုနေရာဝယ် ရေက အတော်ပင်နက်သည်။

လုလင်ပျို(၉) ယောက်အနက် တစ်ယောက်မျှ ရေမကူး
တတ်သောကြောင့် ရေထဲဆင်းငါးဖမ်းရန် အတော်အခက်တွေ့
နေကြသည်။

ဘာလုပ်ရမည်မသိဘဲ ခေါင်းကုတ်သူကုတ်၊ ခေါက်တုံ့
ခေါက်ပြန် လျှောက်သူကလျှောက်၊ စိတ်ပျက်လက်ပျက် ထိုင်သူက
ထိုင် လုပ်နေကြသည်။

"ရှင့်ရဲ့လှံကို ခဏလောက်ငှားပါ"

လုလင်ပျိုများ၏ အရိပ်အခြည်ကို အကဲခတ်ကြည့်နေသော



ပိုင်ရင်ဟုန်က ကိုးလုံကို ပြောလိုက်သည်။

ကိုးလုံမှာ လှံလက်နက်ကိုင်စွဲသူဖြစ်သည်။

"ခင်ဗျားက လှံကိုငှားပြီး ဘာလုပ်မလို့လဲ"

ကိုးလုံက ပြန်မေးသည်။

"ငါးကို လှံနဲ့ထိုးဖမ်းမလို့ပေါ့"

"ငါးက ဘယ်မှာလဲ"

"ရေထဲမှာ ရှိတာပေါ့"

"ရေက အနက်ကြီးဗျ"

"ကျွန်မ သိပါတယ်"

"ခင်ဗျားက ရေကူးတတ်လို့လား"

"ကျွန်မက မြစ်ဘေးချောင်းဘေးမှာ ကြီးလာတဲ့လူပဲ ရေ
ည်း ကောင်းကောင်းကူးတတ်တယ်"

ကိုးလုံမှာ ပိုင်ရင်ဟုန်၏စကားကို မယုံတဝက်ယုံတဝက်ဖြစ်
သောကြောင့် ဝမ်ကျက်ကို လှမ်းမေးသည်။

"ဟေး ဝမ်ကျက် ဒီမိန်းကလေး ပိုင်ရင်ဟုန်က တကယ်
ကူးရေငုပ်ကျွမ်းကျင်သလား"

ဝမ်ကျက်မှာလည်း အတော်အဖြေရ ခက်သောကြောင့်
ရင်ဟုန်ကိုသာ ပြန်မေးရသည်။

"ခင်ဗျား တကယ်ပဲ ရေကူးရေငုပ်တတ်လို့လား"

"ထမင်းအိုးတစ်လုံးကျက်လောက်အချိန်အတွင်း ရှင်တို့စား
ဖို့ ငါးတွေ လုံလုံလောက်လောက်ရစေမယ်၊ ဒါပေမယ့် ရှင်တို့အားလုံး
ကျွန်းပေါ်ကို မျက်နှာမူပြီး ရပ်နေကြရမယ်၊ ကျွန်မဘက်ကို လှည့်
မကြည့်ရဘူး၊ ချောင်းလည်းမကြည့်ရဘူး"

ပိုင်ရင်ဟုန်က ပြန်ပြောသည်။

"ဘာကြောင့် မကြည့်ရတာလဲ"

ဝမ်ကျက်မှာ ပိုင်ရင်ဟုန်ပြောသည်ကို နားမလည်သော
ကြောင့် ပြန်မေးမိသည်။

"ချောင်းမကြည့်ရဘူးဆိုပြီးရောပေါ့၊ ဘာ ထပ်စကားရှည်
ပြီးမေးနေရတာလဲ"

ပိုင်ရင်ဟုန် မျက်နှာနီမြန်းသွားပြီး ပြန်ပြောသည်။

ဤအခါတွင်မှ ဝမ်ကျက်မှာ နားလည်သဘောပေါက်သွား
သည်။

မိမိ လွတ်ကနဲ မေးမိသည်ကိုလည်း အားတုံ့အာနာဖြစ်
သွားရသည်။

"ကောင်းပါပြီ၊ ကျွန်တော်တို့ လှည့်မကြည့်ဘူး၊ ချောင်းမ
ကြည့်ဘူး၊ ဒါပေမယ့် ခင်ဗျားသတိတော့ထားပါ"



ဝမ်ကျက်က ပြောသည်။

ကိုးလုံကလည်း သူ၏လက်စွဲတော်လှံတံကို ပိုင်ရင်ဟုန်အား
...းအပ်လိုက်သည်။

"ကဲ..ရှင်တို့အားလုံး ကျွန်းပေါ်ကို မျက်နှာမူပြီးရပ်နေကြ၊
...နမက လှည့်ကြည့်လို့မပြောမချင်း၊ နောက်ကိုမလှည့်ရဘူး"

လှံတံကိုယူပြီးနောက် ပိုင်ရင်ဟုန်က ပြောသည်

လုလင်ပျို(၉) ယောက်တို့လည်း ပိုင်ရင်ဟုန်ပြောသည့်
...တိုင်းပင် ကမ်းခြေကို ကျောပေးကာ ကျွန်းပေါ်သို့ မျက်နှာမူလျှက်
...တ်တ်ရပ်နေလိုက်ကြသည်။

ပိုင်ရင်ဟုန်က ဖိနပ်နှင့် အဝတ်အစားများကိုချွတ်သည်။
ထို့နောက် လှံတံကိုကိုင်ကာ ရေထဲသို့ဆင်းလာခဲ့သည်။

ရေထဲသို့ငုပ်လျှိုးသွားပြီးနောက် ခဏအကြာဝယ် ရေပြင်
...ပြန်ပေါ်လာသည်။

သူ့လက်တွင်းရှိ လှံတံထိပ်ဝယ် ငါးကြီးတစ်ကောင် ထိုး
...လျှက်သားပါရှိလာသည်။

ပိုင်ရင်ဟုန်က လှံတံထိပ်ဖျားမှ ငါးကြီးကိုဖြုတ်ကာ ကုန်း
...သို့ ပစ်တင်လိုက်သည်။

ထို့နောက် ရေထဲသို့ ပြန်ငုပ်သွားသည်။

ရေထဲသို့ငုပ်သွားလိုက် ပြန်ပေါ်လာလိုက်နှင့် ထမင်းအိ
တစ်လုံးချက်မျှလောက်သော အချိန်အတွင်း ငါးဆယ်ကောင် ဖမ်
ပြီးသွားသည်။

ပိုင်ရင်ဟုန်လည်း ကမ်းပေါ်သို့ ပြန်တက်လာကာ အဝတ်အ
စားနှင့် ဖိနပ်ကို ပြန်ဝတ်သည်။

"ကဲ..အားလုံး လှည့်ကြည့်လို့ရပါပြီ"

အဝတ်အစားများကို သေသေသပ်သပ် ပြန်ဝတ်ပြီးသော
အခါ ပိုင်ရင်ဟုန်က ဝမ်ကျက်တို့ကို ပြောလိုက်သည်။



မကြာမီမှာပင် သူတို့သည် မွေးကြိုင်သော ငါးကင်များကို
တစ်ယောက်တစ်ကောင် အားပါးတရ စားသောက်ကြရတော့သည်။

လုလင်ပျိုအားလုံးက ပိုင်ရင်ဟုန်ကို အထူးပင်ကျေးဇူးတင်
နေကြသည်။

တစ်ချိန်တည်းမှာပင် အတော်လည်း မျက်နှာပူကာ ရှက်နေ
ကြသည်။

အားကောင်းမောင်းသန် ယောကျ်ားကြီး(၉) ယောက်က
မိန်းမပျိုလေးတစ်ယောက်ကို အားကိုးကာ ဝမ်းဖြည့်နေရသည်မှာ
ထူးကြားလို့ပင် မကောင်းပေ။

"ရေကူးရေငုပ်တဲ့ပညာကို ကျွန်တော်တို့လည်း သင်ပေးပါ။
မှ ကျွန်တော်တို့လည်း ရေငုပ်ပြီး ငါးဖမ်းနိုင်မယ်"

ဝမ်ကျက်က ပိုင်ရင်ဟုန်ကို ပြောသည်။

အိုက်တုဟောက်တို့ (၈) ယောက်ကလည်း ခေါင်းတညိတ်
ညိတ်ပြုကြသည်။

"ရေကူးရေငုပ်တာဟာ သိပ်မခက်လှပါဘူး၊ ကြိုးစားသင်
ယင် ရနိုင်ပါတယ်"

ပိုင်ရင်ဟုန်က ပြန်ပြောသည်။

"ဒါဖြင့် အခုပဲစပြီး သင်ကြရအောင်"

ငါးကင်များကို စားသောက်ကြပြီးနောက် ပိုင်ရင်ဟုန်က 
လင်မို့(၉) ယောက်ကို ရေကူး၊ ရေငုပ်ခြင်းအတတ်များသင်ကြ
ပေးသည်။

ဝမ်ကျက်တို့တတွေမှာ အဆင့်မြင့်သိုင်းသမားတွေ ဖြစ်
သောကြောင့် အသက်ကို ကောင်းစွာအောင့်နိုင်ကြသည်။

ရေငုပ်ခြင်းကို သိပ်ပင်ပင်ပန်းပန်း မသင်ရဘဲ တ
မြောက်သွားသည်။

ညနေစောင်းလောက်တွင် ရေကူးခြင်းကိုလည်း နားလ
သွားကြသည်။

"ရေကူးတာနဲ့ ရေငုပ်တာကို သဘောတော့ နားလည်က
ကြပြီ၊ ကျွမ်းကျွမ်းကျင်ကျင်ဖြစ်အောင်တော့ ထပ်ပြန်တလဲလဲ 
ကျင့်ပေးကြဖို့လိုတယ်"

ပိုင်ရင်ဟုန်က ပြောသည်။

ထိုနေ့ညစာအတွက် ငါးကို ဝမ်ကျက်တို့လူစုက ကြိုးစား
ဖွေဖမ်းဆီးကြသည်။

မနည်းပင် ကြိုးစားရှာဖွေဖမ်းဆီးမှ ငါး(၁၀) ကောင်
သည်။

ငါးကင်ဖြင့်ပင် ညစာစားလိုက်ကြသည်။



နောက်နေ့များတွင်လည်း သူတို့တတွေသည် မိစ္ဆာပွေ
ကျွန်းပေါ်ဝယ် လိုက်လံရှာဖွေကြပြန်သည်။

(၃) ရက်ကြာသောအခါ မိစ္ဆာလေပွေကျွန်းပေါ်ရှိ ကျောက်
တုံးကြီးများအားလုံးကို ဖယ်လှန်ရှာဖွေပြီးဖြစ်သွားသည်။

မည်သည့် လိုဏ်ဂူပေါက်ကိုမျှ မတွေ့ရ။

ကျွန်းပေါ်တွင်လည်း မြေတစ်လက်မ မကျန်ရအောင် စေ့
စေ့စပ်စပ် မြေလှန်ကာ ရှာဖွေပြီးဖြစ်သည်။

ဘာထူးခြားချက်မျှ မရှိ။

"ကဲ..ကျွန်တော်တို့ ကျွန်းပေါ်မှာ မြေတစ်လက်မမကျန်
ကျောက်ရှက်လေးတစ်ခုတောင် မကျန်ရအောင် အားလုံးစေ့စေ့စပ်စပ်
ရှာဖွေပြီးသွားပြီ၊ ဘာမှလည်းမတွေ့ရပါလား၊ စစ်တုရင်ဓာကရာဇ်တို့
လူစု ဒီကျွန်းပေါ်မှာ မရှိတော့ဘူးတဲ့တူတယ်"

သုံးရက်မြောက်နေ့ နေ့လည်ပိုင်းတွင် အိုက်တုဟောက်က
ဝမ်ကျက်ကို ပြောသည်။

"သူတို့တတွေ ဒီကျွန်းပေါ်မှာ မနေကြတော့ဘဲ တခြားကို
ထိမ်းရှောင်သွားတာ ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမယ့် သူတို့က သိပ်ကို
အပုန်းကောင်းလွန်းလို့ ကျွန်တော်တို့ ရှာမတွေ့နိုင်တာလည်း
ဖြစ်မယ်"

ဝမ်ကျက်က ပြန်ပြောသည်။

ဤသို့ပြောပြီးနောက် စစ်တုရင်ဧကရာဇ်က မိမိကို ပြောခဲ့ဖူးသည့် စကားရပ်များကို ဝမ်ကျက် ရုတ်တရက်ပြန်သတိရမိသည်။

"ကျုပ်ကို စစ်တုရင်အနိုင်ထိုးနိုင်မယ်လို့ မင်းကိုယ်မင်း ယုံကြည်တဲ့နေ့ကျယင် ကျုပ်ကိုလာပြီး စစ်တုရင်ထိုးဖို့ စိမ်ခေါ်နိုင်တယ်၊ အဲဒီလို စိန်ခေါ်ပြီး စစ်တုရင်ထိုးယင် ကျုပ်က အခုလိုတစ်ကောင်လျှော့မပေးတော့ဘူး၊ ပြီးတော့ မင်းရှုံးသွားယင် ကျုပ်ရဲ့စစ်တုရင်ရုပ်အဖြစ် အသုံးပြုခံရမယ်"

ဤစကားရပ်များကို ပြန်လည်သတိရလာသောအခါ ဝမ်ကျက်ခေါင်းထဲဝယ် စိတ်ကူးတစ်ခုလည်းရလာသည်။

ထို့ကြောင့် ဝမ်ကျက်သည် ကျောက်တုံးတစ်ခုပေါ်သို့ ခုန်တက်ကာ အတွင်းအားအပြည့်သုံးပြီး လေးနက်စူးရှအားအင်ပြည့်ဝသောအသံဖြင့် အော်ပြောသည်။

"လိပ်ပြာကန်သခင် စစ်တုရင်ဧကရာဇ်ကြီး၊ ကျွန်တော် ဝမ်ကျက်က ခင်ဗျားနဲ့စစ်တုရင်ယှဉ်ပြိုင်ကစားဖို့ လာစိန်ခေါ်တယ်၊ ခင်ဗျားထွက်လာပါတော့"

အတွင်းအား အပြည့်သုံးကာ စူးရှစွာ အော်လိုက်သော ဝမ်ကျက်၏အသံမှာ မိစ္ဆာလေပွေကျွန်းတစ်ခုလုံးကို ပဲ့တင်ထပ်အောင်



ဟိန်းမိုးသွားသည်။

ဝမ်ကျက်က သုံးကြိမ်သုံးခါတိုင်တိုင် အော်ပြောသည်။

ထို့နောက် ကျောက်တုံးပေါ်မှ အောက်သို့ပြန်ခုန်ဆင်းလာသည်။

"ခင်ဗျား အဲဒီလိုအော်တာကို စစ်တုရင်ဧကရာဇ်က ကြားပါ့မလား"

ကျောက်တုံးပေါ်မှ ခုန်ဆင်းလာသော ဝမ်ကျက်ကို အိုက်ဟောက်ကမေးသည်။

"အဲဒါကိုတော့ ကျွန်တော်မသိဘူး၊ စစ်တုရင်ဧကရာဇ်က သူနဲ့စစ်တုရင်ထိုးနိုင်မယ်ဆိုယင် လာစိန်ခေါ်နိုင်တယ်လို့ ပြောထားတယ်၊ ဒါကြောင့် သူပုန်းကွယ်နေရာက ထွက်လာအောင် အခုလို အော်ဟစ်ပြီး စိန်ခေါ်လိုက်တာပဲ"

ဝမ်ကျက်က ပြန်ပြောသည်။

"ရှင့်ရဲ့စစ်တုရင်ပညာက စစ်တုရင်ဧကရာဇ်ထက် အများကြီးနိမ့်ကျတယ်၊ သူ့ကိုနိုင်အောင်ထိုးနိုင်မှာ မဟုတ်ဘူး၊ တကယ်လို့ သူထွက်ပေါ်လာပြီး ရှင့်ကို စစ်တုရင်အနိုင်ကစားလိုက်ယင် ဘယ်လိုလုပ်မလဲ"

ပိုင်ရင်ဟုန်က ဝင်မေးသည်။

"ဒီအတွက် အစကတည်းက ပြောထားဆိုထားပြီးပါပြီ၊ ထ
ကယ်လို့ သူ့ကိုရှုံးယင် ကျွန်တော်က သူ့ရဲ့စစ်တုရင်ရုပ်လုပ်ရမယ်

"ဒီလိုဆို ဘယ်ဖြစ်မှာလဲ၊ ရှင့်အတွက် သေဘေးပဲကြုံရမှ
ပေါ့"

"အဲဒါကို ကျွန်တော် နားလည်ပါတယ်၊ ဒါပေမယ့် ကျွ
တော်တို့ ဒီကျွန်းပေါ်မှာ ရာကြတာ နှံ့နေပြီ၊ ပြီးတော့ အားလုံး
ကျွန်းပေါ်မှာ သောင်တင်သလိုဖြစ်နေကြတယ် မဟုတ်လား၊ ဒီအ
တိုင်းနေသွားတာထက်စာယင် အခုလို စိန်ခေါ်လိုက်တာက အ
ပြောင်းအလဲဖြစ်လာနိုင်လိမ့်မယ်"

သို့သော် ဝမ်ကျက်၏ အော်ဟစ်စိန်ခေါ်မှုမှာ မည်သို့မျှ
အကြောင်းမထူးပေ။

ထိုနေ့ညနေပိုင်းအထိ စစ်တုရင်ဧကရာဇ် ပေါ်လာခြင်းမရှိ
ညနေပိုင်းသို့ ရောက်လာပြီမို့ ညာစာရှာဖွေရတော့မည်
ဖြစ်သည်။

ညစာရှာဖွေသည် ဆိုရာ၌လည်း ထွေထွေထူးထူး မဟုတ်၊
ရေထဲငုပ်၍ ငါးဖမ်းခြင်းသာဖြစ်သည်။

ဝမ်ကျက်သည် ကိုးလုံထံမှ လှံကိုငှားကာ ရေထဲသို့ ဆင်း
သွားခဲ့သည်။



အခြားလူများ ဤကျွန်းသို့ရောက်ရှိကာ သောင်တင်သလို
ဖြစ်နေရခြင်းမှာ မိမိတွင် တာဝန်မကင်းဟု ဝမ်ကျက်က ခံယူထား
သည်။

ထို့ကြောင့် လုပ်ဆောင်စရာကိစ္စများကို ဝမ်ကျက်က အမြဲ
ပင် ရှေ့မှလုပ်ပေးသည်။

သုံးရက်အတွင်း အလေ့အကျင့် အတော်ရခဲ့သည်မို့ ဝမ်
ကျက်မှာ ရေကူးရေငုပ် အတော်ပင်ကျွမ်းကျင်နေလေပြီ ဖြစ်သည်။

ရေထဲသို့ ငုပ်ဆင်းလာခဲ့ရာ ကျောက်ခက်များကြားဝယ်
နိုနေသော ငါးကြီးတစ်ကောင်ကို တွေ့ရသည်။

ဝမ်ကျက်က ထိုငါးကြီးကို လှံတံနှင့်ပင် ပစ်ထိုးဖမ်းယူပြီး
ရေပေါ်ပြန်တက်လာခဲ့သည်။

လှံသွားမှ ငါးကြီးကိုဖြုတ်ကာ ကမ်းပေါ်သို့ ပစ်တင်ပေးပြီး
နောက် ဝမ်ကျက်သည် ရေထဲသို့ ထပ်မံငုပ်ဆင်းလာခဲ့သည်။

ရေအောက်ဝယ် လိုက်လံရှာဖွေကြည့်ရာ ကျောက်ဆောင်
ပ်ကြားအက်ကြားဝယ် ပုစွန်ကြီးတစ်ကောင်ကို တွေ့ရသည်။

ပုစွန်ကြီးကို လှံနှင့်ထိုးမည်ပြုဆဲဝယ် နောက်ကျောဘက်
ဆီမှ ရေလှိုင်းဖြစ်ပေါ်လာသည်ကို ဝမ်ကျက် သတိပြုမိလိုက်သည်။

ဝမ်ကျက် နောက်သို့ ခေါင်းငဲ့ကြည့်လိုက်ရာ လူရိပ်တစ်ခုကို

ခပ်ဝါးဝါး တွေ့လိုက်ရသည်။

ထို့နောက် ခါးဆစ်ဆီရှိ ပျော့ခွေကြောဝယ် ကျင်ကနဲခံ

စားလိုက်ရသည်။

ပျော့ခွေကြော အပိတ်ခံလိုက်ရသည်မို့ ဝမ်ကျက် တစ်

ကိုယ်လုံး ပျော့ကျသွားသည်။

အသက်လည်း အောင့်မထားနိုင်တော့။

ပါးစပ်နှင့် နှာခေါင်းထဲသို့ ရေများ ဝင်ရောက်လာပြီးနောက်

ဝမ်ကျက် သတိလစ်သွားလေတော့သည်။

## အခန်း(၄)

ဝမ်ကျက် ပြန်သတိရလာသည်။

သတိရ၍ မျက်လုံးဖွင့်ကြည့်လိုက်ရာ ခမ်းနားထည်ဝါလှ

သာ အခန်းတစ်ခုထဲရှိ ခုတင်ပေါ်မှ ဖဲမွေ့ရာပေါ်ဝယ် မိမိလဲ

လျောင်းလျက်ရှိနေကြောင်း ဝမ်ကျက် သိလိုက်ရသည်။

အခန်းထဲဝယ် မီးအိမ်တစ်လုံးသာ ထွန်းညှိထားသည်။

သို့သော် မည်သည့်အကြောင်းကြောင့်မှန်းမသိ။

အခန်းထဲဝယ် အလင်းရောင် အလွန်ကောင်းနေသည်။

အခန်းထဲရှိ အသုံးအဆောင်ပစ္စည်း၊ ပရိဘောဂအားလုံးမှာ

ကောင်းစား အထက်တန်းစားများသာဖြစ်သည်။

ပထမတွင် ဝမ်ကျက်မှာ အိပ်မက်မက်နေသည်ဟုပင် ထ
မိသည်။

မျက်စိကိုပွတ်သပ်ကာ သေသေချာချာ ကြည့်မှသာ အိ
မက်မဟုတ်၊ တကယ့်ဖြစ်ရပ်ဖြစ်ကြောင်း သိရသည်။

ဝမ်ကျက်သည် ဖဲမွေ့ရာပေါ်ဝယ် လဲလျောင်းနေရာ
ဆတ်ကနဲ ထိုင်လိုက်သည်။

"စိတ်သိပ်မလှုပ်ရှားပါနဲ့၊ အေးအေးဆေးဆေးနေပါ"

တည်ကြည်လေးနက်သော စကားသံကို ဝမ်ကျက်ကြား
သည်။

ဝမ်ကျက် လှမ်းကြည့်လိုက်ရာ ခုတင်နှင့် မလှမ်းမကမ်း
ကျောက်စားပွဲတစ်ခုထိုင်ခုံဝယ် လူတစ်ယောက် ထိုင်နေသည်ကိုတွေ့
ရသည်။

စစ်တုရင်ကေရာဇ်ပင် ဖြစ်သည်။

သူ့ရှေ့ရှိ ကျောက်စားပွဲဝယ် စစ်တုရင်ထိုးသည့်ခုံ တင်ထား
သည်။ ခုံပေါ်ဝယ် အနီရောင်နှင့် အနက်ရောင်စစ်တုရင်ရုပ်များ
ကလည်း အသင့်နေရာချကာ ခင်းကျင်းထားပြီးဖြစ်သည်။

သူထိုင်နေရာနှင့် မျက်နှာချင်းဆိုင်ဝယ် ထိုင်ခုံလွတ်တစ်
ရှိသည်။



ထွေထွေထူးထူး ပြောဆိုမေးမြန်းနေစရာ မလို။
စစ်တုရင်ထိုးရန် အသင့်ပြင်ထားသည်မှာ ထင်ရှားသည်။

"ဒါ...ဒါက ဘယ်နေရာလဲ"

ဝမ်ကျက်က မေးလိုက်သည်။

"ကျုပ်ရဲ့ နေအိမ်ပဲ"

စစ်တုရင်ကေရာဇ်က ပြန်အဖြေပေးသည်။

ဝမ်ကျက်သည် မိမိရေငုပ်ကာ ငါးရှာယင်း အကြောပိတ်ကာ
ဖမ်းခံခဲ့ရပုံကို ပြန်သတိရမိသည်။

"ဒါ မိစ္ဆာလေပွေကျွန်းရဲ့ မြေအောက်ပိုင်း မဟုတ်လား"

"ဟုတ်တယ်"

ဝမ်ကျက်သည် ထိုင်နေရာမှထကာ ကျောက်ဖြူစားပွဲရှိရာ
လျှောက်လှမ်းသွားသည်။

ထို့နောက် စစ်တုရင်ကေရာဇ်နှင့် မျက်နှာချင်းဆိုင်တွင်
င်ချလိုက်သည်။

"ကျွန်တော် ဒီနေရာကို ရောက်လာရတာကို အများကြီး
ယူပါတယ်"

ထိုင်ခုံတွင် ထိုင်ချပြီးနောက် ဝမ်ကျက်ကပြောသည်။

"ဘာမှ လောကွတ်စကား ဆိုနေစရာမလိုပါဘူး၊ မင်းက

ကျုပ်ကို စစ်တုရင်ထိုးဖို့ စိန်ခေါ်တာကြောင့် ဒီနေရာကို အရော ခေါ်လာရတာပဲ၊ ကျုပ်နဲ့ စစ်တုရင်ပြိုင်ထိုးလို့ မင်းရှုံးယင် ကျုပ် စစ်တုရင်ရုပ်လုပ်ရမယ်ဆိုတာကိုလည်း မမေ့နဲ့ဦး”

“ဟုတ်ကဲ့ နားလည်ပါတယ်၊ စစ်တုရင်မထိုးခင် ကျွန်တေ ပြောစရာဆိုစရာလေးတွေ ပြောပါရစေဦး”

“ဘာပြောချင်တာလဲ”

“ငွေပန်းဖြူတို့ ညီအစ်မနှစ်ယောက်နဲ့ လှေသမားအဘ အိုတို့အကြောင်းကို ကျွန်တော် သိချင်တယ်”

“သူတို့အားလုံး အသက်ရှင်နေကြဆဲပါပဲ”

“အဲသက်ရှင်နေကြပေမယ့် သေတာထက်ဆိုးတဲ့ဘဝ များ ရောက်နေကြသလား”

“ဒီလိုတော့ မဟုတ်ပါဘူး၊ ဘာမှ ဆိုးဆိုးရွားရွားမဖြစ်သေ ပါဘူး”

“သူတို့ကို ကျွန်တော်တွေ့နိုင်မလား”

“တကယ်လို့ မင်းဟာရှုံးနိမ့်ပြီး ကျုပ်ရဲ့စစ်တုရင်ရုပ်ဖြစ်လ မယ်ဆိုယင် နောက်နှစ်ခါကျယင် သူတို့နဲ့တွေ့ဖို့ အခွင့်အရေးရပါ လိ မယ်”

“ဘာကြောင့် နောက်တစ်နှစ်ကြာမှ တွေ့နိုင်မှာလဲ”



“ကျုပ်နဲ့ စစ်တုရင်ကေရီတို့ဟာ တစ်နှစ်ကို စစ်တုရင် တစ်ပွဲ ကစားကြတယ်၊ အခုနှစ်အဖို့ စစ်တုရင်ပွဲကို ကစားပြီးပြီ နောက် စ်ကျမှ ထပ်ပြီးကစားကြမယ်”

“ငွေပန်းဖြူတို့ ညီအစ်မက စစ်တုရင်ကေရီရဲ့ လက်ထဲမှာရှိ နေတယ်ပေါ့”

“ဟုတ်တယ်”

“စစ်တုရင်ကေရီကရော ဒီနေရာမှာပဲ နေသလား”

“မနေပါဘူး”

“ငွေပန်းဖြူတို့ ညီအစ်မဟာ အခု စစ်တုရင်ကေရီရဲ့ စစ်တု ရုပ်တွေ ဖြစ်ကုန်ပြီလား”

စစ်တုရင်ကေရာဇ်က ခေါင်းညိတ်ပြသည်။

“လှေသမားအဘိုးကြီးကရော”

“သူ့ကို ကျုပ်ရဲ့အခိုင်းအစေအဖြစ် စာရင်းသွင်းထားလိုက် ယ်၊ အစက သူ့ကိုအသေသတ်မလို့ပဲ၊ ဒါပေမယ့် မင်းရဲ့မျက်နှာကို ကက်ထားပြီး သူ့အသက်ကို ချမ်းသာပေးထားတယ်”

“ကျေးဇူးတင်ပါတယ်”

“အဲ ကျုပ်တို့ စစ်တုရင်ကစားကြစို့၊ မင်းအရင် စတက်ပါ”

“ခဏနေပါဦး၊ ကျွန်တော် မေးခွန်းနည်းနည်းလောက် မေး

ကျူပ်ကို စစ်တုရင်ထိုးဖို့ စိန်ခေါ်တာကြောင့် ဒီနေရာကို အရောက်ခေါ်လာရတာပဲ၊ ကျူပ်နဲ့ စစ်တုရင်ပြိုင်ထိုးလို့ မင်းရှုံးယင် ကျူပ်ရဲ့ စစ်တုရင်ရုပ်လုပ်ရမယ်ဆိုတာကိုလည်း မမေ့နဲ့ဦး"

"ဟုတ်ကဲ့ နားလည်ပါတယ်၊ စစ်တုရင်မထိုးခင် ကျွန်တော် ပြောစရာဆိုစရာလေးတွေ ပြောပါရစေဦး"

"ဘာပြောချင်တာလဲ"

"ငွေပန်းဖြူတို့ ညီအစ်မနှစ်ယောက်နဲ့ လှေသမားအဘိုး အိုတို့အကြောင်းကို ကျွန်တော် သိချင်တယ်"

"သူတို့အားလုံး အသက်ရှင်နေကြဆဲပါပဲ"

"အသက်ရှင်နေကြပေမယ့် သေတာထက်ဆိုးတဲ့ဘဝကို များ ရောက်နေကြသလား"

"ဒီလိုတော့ မဟုတ်ပါဘူး၊ ဘာမှ ဆိုးဆိုးရွားရွားမဖြစ်သေးပါဘူး"

"သူတို့ကို ကျွန်တော်တွေ့နိုင်မလား"

"တကယ်လို့ မင်းဟာရှုံးနိမ့်ပြီး ကျူပ်ရဲ့စစ်တုရင်ရုပ်ဖြစ်လာမယ်ဆိုယင် နောက်နှစ်ခါကျယင် သူတို့နဲ့တွေ့ဖို့ အခွင့်အရေးရပါ လိမ့်မယ်"

"ဘာကြောင့် နောက်တစ်နှစ်ကြာမှ တွေ့နိုင်မှာလဲ"



"ကျူပ်နဲ့ စစ်တုရင်ကေရီတို့ဟာ တစ်နှစ်ကို စစ်တုရင် တစ်ပွဲပဲ ကစားကြတယ်၊ အခုနှစ်အဖို့ စစ်တုရင်ပွဲကို ကစားပြီးပြီ နောက်နှစ်ကျမှ ထပ်ပြီးကစားကြမယ်"

"ငွေပန်းဖြူတို့ ညီအစ်မက စစ်တုရင်ကေရီရဲ့ လက်ထဲမှာရှိနေတယ်ပေါ့"

"ဟုတ်တယ်"

"စစ်တုရင်ကေရီကရော ဒီနေရာမှာပဲ နေသလား"

"မနေပါဘူး"

"ငွေပန်းဖြူတို့ ညီအစ်မဟာ အခု စစ်တုရင်ကေရီရဲ့ စစ်တုရင်ရုပ်တွေ ဖြစ်ကုန်ပြီလား"

စစ်တုရင်ကေရာဇ်က ခေါင်းညိတ်ပြသည်။

"လှေသမားအဘိုးကြီးကရော"

"သူ့ကို ကျူပ်ရဲ့အခိုင်းအစေအဖြစ် စာရင်းသွင်းထားလိုက်တယ်၊ အစက သူ့ကိုအသေသတ်မလို့ပဲ၊ ဒါပေမယ့် မင်းရဲ့မျက်နှာကို ထောက်ထားပြီး သူ့အသက်ကို ချမ်းသာပေးထားတယ်"

"ကျေးဇူးတင်ပါတယ်"

"အဲ ကျူပ်တို့ စစ်တုရင်ကစားကြစို့၊ မင်းအရင် စတက်ပါ"

"ခဏနေပါဦး၊ ကျွန်တော် မေးခွန်းနည်းနည်းလောက် မေး

စမ်းပါရစေဦး"

"မင်းမေးတာ သိပ်များနေပြီ၊ အခု စစ်တုရင်ထိုးဖို့ အချိန်

သင့်နေပြီ"

"ကျွန်တော်မေးတာ မများသေးပါဘူး၊ ငွေပန်းဖြူတို့ညီ

အစ်မနဲ့ လှေသမားအဘိုးကြီးအကြောင်းကိုပဲ မေးရပါသေးတယ်"

"မင်းက ဘာများထပ်မေးချင်သေးလို့လဲ"

"မေးခွန်းမေးယင်း ကျွန်တော် အစားအသောက် နည်းနည်း

ပါးပါး စားလို့သောက်လို့ရနိုင်မလား"

"မင်းကြည့်ရတာ အတော်ဆာနေပုံရတယ်"

စစ်တုရင်ကေရာဇ်က ပြုံးရယ်၍ပြောသည်။

"ဟုတ်တယ်၊ ကျွန်တော် ငါးကင်ပဲစားနေရတာ သုံးရက်ရှိ

ပြီ"

စစ်တုရင်ကေရာဇ်က သဘောကျဟန်ဖြင့် ရယ်မောပြီး

နောက် လက်ခုပ်သုံးချက်တီးလိုက်သည်။

အခိုင်းအစေတစ်ယောက် ဝင်လာသည်။

စစ်တုရင်ကေရာဇ်က စားသောက်ဖွယ်ရာများ ယူလာရန်

စေခိုင်းလိုက်သည်။

အခိုင်းအစေ ထွက်သွားပြီးနောက် မကြာမီမှာပင် စား



သောက်ဖွယ်ရာများ တင်ထားသည့် လင်ပန်းတစ်ခုကိုင်ကာ အခန်း

ထဲပြန်ဝင်လာသည်။

ကျောက်စားပွဲပေါ်မှ စစ်တုရင်ခုံကို ဘေးသို့အနည်းငယ်

တွန်းဖယ်လိုက်ပြီးနောက် လင်ပန်းကို ဝမ်ကျက်၏ရှေ့ဝယ် ချပေး

သည်။

စားသောက်ဖွယ်ရာများမှာ သိပ်ဆိုး။

ယမင်း၊ ဟင်းလျာသုံးမျိုးနှင့် ဟင်းချိုတစ်ခွက်ပါရှိသည်။

ဝမ်ကျက်သည် အားနာမနေတော့ဘဲ ဇွန်းကိုကိုင်ကာ စတင်

စားသောက်လိုက်သည်။

"ကျွန်တော် ပထမဆုံးမေးချင်တာက ခင်ဗျားဟာ လိပ်ပြာ

ကန်သခင် ဟုတ်မဟုတ်ဆိုတာပါပဲ"

စားသောက်ယင်း ဝမ်ကျက်က မေးသည်။

"ကျုပ်ဟာ လိပ်ပြာကန်သခင် မဟုတ်ဘူး"

"ဒါဖြင့် ခင်ဗျားက ဘယ်သူလဲ"

"စစ်တုရင်ကေရာဇ်"

"ဟိုဆံပင်ဖြူဖြူနဲ့ အဘွားကြီးကကော နဂါးမင်းသမီး

လား"

"မဟုတ်ဘူး၊ သူက စစ်တုရင်ကေရီပဲ"

"ကျောက်ချိုးနဲ့ယိပေါက်ကျင့်တို့ကို ခင်ဗျားအကြောင်းသွာ
မေးတော့ သူတို့က ဘာမှမပြောဘဲ နှုတ်ပိတ်ရေငုံနေတယ်၊ အဲ
ဘာကြောင့်လဲ"

"အကြောင်းရှိတယ်၊ ဒါပေမယ့် မင်းကိုတော့ ပြောပြလို့
ဖြစ်ဘူး"

"အဖမ်းခံနေရတဲ့ ငွေပန်းဖြူတို့ ညီအစ်မနဲ့ လှေသမားအ
ဘိုးအိုတို့ကို လွှတ်ပေးပါ၊ အဲဒီလိုဆိုယင် ခင်ဗျားနဲ့ပတ်သက်တဲ့အ
ကြောင်းကို ကျွန်တော် ဘယ်သူ့ကိုမှမပြောဘူး၊ ခင်ဗျားကိုလည်
လာပြီး အနှောင့်အယှက် မပေးတော့ဘူး"

"ဝမ်းနည်းပါတယ်၊ အဲဒါကို ကျုပ် မလိုက်လျောနိုင်ဘူး"

"ခင်ဗျား သေသေချာချာ စဉ်းစားပါ၊ ကျွန်တော့်ရဲ့သိုင်
ပညာနဲ့ စစ်တုရင်ပညာက ခင်ဗျားထက် အများကြီးညံ့ပါတယ်
ဒါပေမယ့် ကျွန်တော်က အလွယ်နဲ့အလျှော့မပေးတတ်ဘူး၊ တတ်နိုင်
သမျှ ခင်ဗျားကို ဒုက္ခပေးမယ်"

"မင်းနဲ့ စစ်တုရင်ကစားပြီးတဲ့နောက် မင်းဟာ ကျုပ်ရဲ့
စစ်တုရင်ရုပ်ဖြစ်လာတော့မှာပဲ၊ ဒီတော့ မင်းကို ကျုပ်အနေနဲ့ အရေ
စိုက်စရာမလိုတော့ပါဘူး"

"ကျွန်တော်ဟာ အေးအေးချမ်းချမ်း တရားရှာဖွေနေတဲ့



အမျိုးသမီးကြီးတစ်ယောက်နဲ့ အမှတ်မထင်ဆုံခဲ့မိတယ်၊ အဲဒီ အမျိုး
သမီးကြီးက ခင်ဗျားအတွက် စကားတစ်ခု မှာကြားလိုက်တယ်၊ တ
ဘယ်လို့ ခင်ဗျားက ကျွန်တော်ပြောတဲ့ တောင်းဆိုချက်ကို လိုက်
လျောမယ်ဆိုယင် အဲဒီစကားကို ပြောပြမယ်၊ မဟုတ်ယင် မပြော
နိုင်ဘူး"

ဤစကားကို ကြားရသောအခါ စစ်တုရင်ဘေရာဇ်၏မျက်
နှာဝယ် အမူအရာတမျိုးဖြစ်သွားသည်။

"အမျိုးသမီးကြီးတစ်ယောက် ဟုတ်လား၊ သူ့ကို မင်းက
ဘယ်နေရာမှာ တွေ့ခဲ့တာလဲ"

"ဝမ်းနည်းပါတယ်၊ အဲဒီမေးခွန်းကို မဖြေပါရစေနဲ့"

"သူ့အသက် ဘယ်လောက်ရှိပြီလဲ"

"ဝမ်းနည်းပါတယ်"

"သူ့ဆီက ကျုပ်အကြောင်းတွေကို မင်းသိခဲ့ရသလား"

"သူက ထုတ်မပြောဘူး၊ သူ့အသက် ဆက်ရှင်ချင်နေသေး
ဘယ်လို့ ပြောတယ်"

"သူ ဘယ်သူလဲဆိုတာ ကျုပ်သိပြီ၊ သူ့နာမည် ဖေယွင်မ
ဟုတ်လား"

"သူ့နာမည် ဖေယွင်လား ဘာလားဆိုတာကိုတော့ ကျွန်

"ကျောက်ချိုးနဲ့ယိပေါက်ကျင့်တို့ကို ခင်ဗျားအကြောင်းသ
မေးတော့ သူတို့က ဘာမျှမပြောဘဲ နှုတ်ပိတ်ရေငုံနေတယ်၊ အဲ
ဘာကြောင့်လဲ"

"အကြောင်းရှိတယ်၊ ဒါပေမယ့် မင်းကိုတော့ ပြောပြလို့
ဖြစ်ဘူး"

"အဖမ်းခံနေရတဲ့ ငွေပန်းဖြူတို့ ညီအစ်မနဲ့ လေ့သမား
ဘိုးအိုတို့ကို လွှတ်ပေးပါ၊ အဲဒီလိုဆိုယင် ခင်ဗျားနဲ့ပတ်သက်တဲ့
ကြောင်းကို ကျွန်တော် ဘယ်သူ့ကိုမှမပြောဘူး၊ ခင်ဗျားကိုလည်
လာပြီး အနှောင့်အယှက် မပေးတော့ဘူး"

"ဝမ်းနည်းပါတယ်၊ အဲဒါကို ကျုပ် မလိုက်လျောနိုင်ဘူး"

"ခင်ဗျား သေသေချာချာ စဉ်းစားပါ၊ ကျွန်တော့်ရဲ့သို
ပညာနဲ့ စစ်တုရင်ပညာက ခင်ဗျားထက် အများကြီးညံ့ပါတယ
ဒါပေမယ့် ကျွန်တော်က အလွယ်နဲ့အလျှော့မပေးတတ်ဘူး၊ တတ်နို
သမျှ ခင်ဗျားကို ဒုက္ခပေးမယ်"

"မင်းနဲ့ စစ်တုရင်ကစားပြီးတဲ့နောက် မင်းဟာ ကျုပ်
စစ်တုရင်ရုပ်ဖြစ်လာတော့မှာပဲ၊ ဒီတော့ မင်းကို ကျုပ်အနေနဲ့ အရေ
စိုက်စရာမလိုတော့ပါဘူး"

"ကျွန်တော်ဟာ အေးအေးချမ်းချမ်း တရားရှာဖွေနေတ



မျိုးသမီးကြီးတစ်ယောက်နဲ့ အမှတ်မထင်ဆုံခဲ့မိတယ်၊ အဲဒီ အမျိုး
သမီးကြီးက ခင်ဗျားအတွက် စကားတစ်ခု မှာကြားလိုက်တယ်၊ တ
ယ်လို့ ခင်ဗျားက ကျွန်တော်ပြောတဲ့ တောင်းဆိုချက်ကို လိုက်
လျှောမယ်ဆိုယင် အဲဒီစကားကို ပြောပြမယ်၊ မဟုတ်ယင် မပြော
နိုင်ဘူး"

ဤစကားကို ကြားရသောအခါ စစ်တုရင်ကေရာဇ်၏မျက်
ဝယ် အမူအရာတမျိုးဖြစ်သွားသည်။

"အမျိုးသမီးကြီးတစ်ယောက် ဟုတ်လား၊ သူ့ကို မင်းက
ယ်နေရာမှာ တွေ့ခဲ့တာလဲ"

"ဝမ်းနည်းပါတယ်၊ အဲဒီမေးခွန်းကို မဖြေပါရစေနဲ့"

"သူ့အသက် ဘယ်လောက်ရှိပြီလဲ"

"ဝမ်းနည်းပါတယ်"

"သူ့ဆီက ကျုပ်အကြောင်းတွေကို မင်းသိခဲ့ရသလား"

"သူက ထုတ်မပြောဘူး၊ သူ့အသက် ဆက်ရှင်ချင်နေသေး
ယ်လို့ ပြောတယ်"

"သူ ဘယ်သူလဲဆိုတာ ကျုပ်သိပြီ၊ သူ့နာမည် ဖေယွင်မ
တ်လား"

"သူ့နာမည် ဖေယွင်လား ဘာလားဆိုတာကိုတော့ ကျွန်

တော်မသိဘူး၊ သူ့ကို တရားရှာနေတဲ့ အမျိုးသမီးကြီးတစ်ယော
ဖြစ်တယ်ဆိုတာပဲသိတယ်"

"သူ့မှာ သားတစ်ယောက်ရှိတယ် မဟုတ်လား"

"ကြည့်ရတာ အဲဒီအမျိုးသမီးကြီးနဲ့ ခင်ဗျားနဲ့အတော်
အဆက်အသွယ်ပြတ်နေတာ အတော်ကြာပြီထင်တယ်၊ အင်
အနည်းဆုံး ဆယ့်ရှစ်နှစ်ကျော်ကျော်လောက်တော့ရှိမယ်"

"အင်း...ကျုပ်ပြောတာ မှားသွားတယ်၊ သူက သားမမွေး
သမီးလေးမွေးတာ ဖြစ်လိမ့်မယ်"

ဝမ်ကျက်က ဘာမျှပြန်မပြော။

အသာ ငြိမ်နေသည်။

"တကယ်လို့ သူက သမီးလေးမွေးတယ်ဆိုယင် နာမည်က
ဗိုင်ရင်ဟုန်လို့ခေါ်လိမ့်မယ်"

စစ်တုရင်ကေရာဇ်က ဆက်ပြောသည်။

ဝမ်ကျက် အတော်ပင် အံ့ဩထိတ်လန့်သွားရသည်။

အစပိုင်းက ဖေယွှင်ထံဝယ် သားရှိသည် သမီးရှိသည်ဆို
ခြင်းကိုပင် စစ်တုရင်ကေရာဇ်ကမသိ။

ယခုတော့ ဖေယွှင်၏သမီးအမည်ကို ဒက်ကနဲ မှန်အောင်
ပြောနိုင်နေသည်။



သို့သော် ချက်ချင်းဆိုသလိုမှာပင် အကြောင်းခြင်းရာများကို ဆက်စပ်တွေးတောကာ အဖြစ်မှန်ကို ဝမ်ကျက် နားလည်သွားသည်။

"ကဲ...ကျွန်တော်တို့ စစ်တုရင် စထိုးကြရအောင်လား"

ဝမ်ကျက်က စားသောက်နေမှုကို လက်စသတ်ပြီးပြောသည်။

အနားတွင် ရပ်နေသော အခိုင်းအစေက ထမင်းဟင်းလျာများ တင်ထားသည့်လင်ပန်းကို ဘေးသို့ဖယ်ပြီး စစ်တုရင်ခုံကို ကျောက်စားပွဲပေါ် တင်ပေးလိုက်သည်။

ထို့နောက် ထမင်းပွဲကိုသိမ်းကာ ထွက်သွားသည်။

"ဘယ်လိုလဲ ဝမ်ကျက်၊ ကျုပ်မေးတာကို ဘာကြောင့်မဖြေသေးတာလဲ"

အခိုင်းအစေ ထွက်သွားပြီးသောအခါ စစ်တုရင်ကေရာဇ်က ဝမ်ကျက်ကိုမေးသည်။

"ခင်ဗျားကမှ ကျွန်တော်မေးတာကို မဖြေဘဲ ကျွန်တော်က ဘာကြောင့် ခင်ဗျားမေးတာကို ဖြေရမှာလဲ"

"မင်း တော်တော်ကို ဆိုးရွားပါလား"

"အတူတူပါပဲဗျာ ပြောမနေပါနဲ့၊ ကဲ စစ်တုရင်သာ ကစားကြပါစို့"

စစ်တုရင်ကေရာဇ်က ဝမ်ကျက်ကို စူးရှသောမျက်လုံးများ
ဖြင့် စူးစူးစိုက်စိုက်ကြည့်သည်။

ဝမ်ကျက်ကို အသေသတ်တော့မည့် အသွင်မျိုး။

"အေး..ကောင်းပြီ မင်းအရင်စရွှေ့"

ဝမ်ကျက်ကို ခေတ္တမျှ စူးစိုက်ကြည့်နေပြီးနောက် စစ်တုရင်
ကေရာဇ်က ပြောလိုက်သည်။

ဝမ်ကျက်လည်း အနက်ရောင်အမြောက်ကို ကော့က်ကိုင်
က ဒုတိယစည်းမှ ပဥ္စမစည်းနေရာကို ရွှေ့တက်လိုက်သည်။

စစ်တုရင်ကေရာဇ်က စဉ်းပင်မစဉ်းစားဘဲ သူ၏အနီရောင်
မြင်းရုပ်ကို ညာဘက်သို့ တစ်ချက်ခုန်လိုက်သည်။

ဝမ်ကျက်သည် မိစ္ဆာလေပွေကျွန်းသို့ အလာလမ်းတွင် ဖတ်
ရှုလေ့လာခဲ့ရသော ဖေယွင်ပေးသည့် အဆင့်မြင့်စစ်တုရင်ရွှေ့နည်း
ကျမ်းတွင်ပါရှိသည့် စစ်တုရင်စတက်မှုနည်းဗျူဟာတစ်ခုအတိုင်း
စမ်းကာ တက်ကြည့်ခြင်း ဖြစ်သည်။

စစ်တုရင်ကေရာဇ်ကလည်း ထိုဗျူဟာရွှေ့ကွက်နည်းအ
တိုင်းပင် တုံ့ပြန်ကာ ရွှေ့သည်ကို ဝမ်ကျက် သတိပြုမိလိုက်သည်။

ဆက်လက်၍ စစ်တုရင်ရုပ်များကို လှုပ်ရှားကစား၊ နေရာ
ပြောင်းကြရာ မကြာမီမှာပင် စစ်တုရင်ပဏာမ ဗျူဟာခင်းကျင်းမှု



အနေအထားပြီးစီးသွားသည်။

အခြေအနေမှာ ဝမ်ကျက်၏ အနက်ရောင်ဘက်မှ အသာစီး
ရနေသယောင် ဖြစ်နေသည်။

ဤအကွက်များအတိုင်းသာ ဆက်၍ရွှေ့သွားပါက မိမိပင်
နိုင်ခြေရှိနိုင်ကြောင်း ဝမ်ကျက် အကဲခတ်မိလိုက်သည်။

"အင်း..မင်းရဲ့ စစ်တုရင်ထိုးပုံထိုးနည်းက ဟိုတခါတုန်းက
ထက် အများကြီးတိုးတက်လာတယ်၊ မင်းကို ဖေယွင်က သင်ပေး
လိုက်တာလား"

စစ်တုရင်ကေရာဇ်က ပြောသည်။

"မဟုတ်ပါဘူး၊ သူနဲ့ကျွန်တော် စစ်တုရင်လေးပွဲပဲ ထိုးခဲ့ရပါ
တယ်"

"ဖေယွင်ရဲ့ စစ်တုရင်ပညာက မဆိုးပါဘူး၊ ဒါပေမယ့် သူ
ငါ့ကို ရှုံးတာများပါတယ်"

စစ်တုရင်ကေရာဇ်က ဤသို့ပြောပြီး အမြောက်ကို နေရာ
ပြောင်းလိုက်သည်။

ဤနေရာပြောင်းရွှေ့မှုမှာ ဝမ်ကျက် ဖတ်ဖူးထားသော
နည်းဗျူဟာ အဆုတ်အတက် ပြောင်းလဲမှုတွင် မပါ။

စစ်တုရင်ကေရာဇ်က ကိုယ်ပိုင်ဉာဏ်ဖြင့် ကွက်ဆန်း

ထွင်ကာ ပြောင်းလိုက်ခြင်းဖြစ်သည်။

ယခုအချိန်မှစ၍ မိမိတို့မှာ စာအုပ်ထဲတွင်ပါသော နည်းဗျူ
ဟာသဘောများအတိုင်း မဟုတ်တော့ဘဲ ဉာဏ်ရည်ဉာဏ်သွေး
ချင့်ချိန်စဉ်းစားမှု စသည့် တကယ့်စစ်တုရင်အတတ်ပညာချင်း ယှဉ်
ရတော့မည်ဖြစ်ကြောင်း ဝမ်ကျက် နားလည်လိုက်သည်။

ဝမ်ကျက် စဉ်းစားရလေပြီ။

မျက်မှောင်ကြုတ်ကာ အတန်ကြာအောင် အချိန်ယူစဉ်း
စားပြီးမှ မိမိ၏ရထားကို ဘေးသို့သုံးကွက်ရွှေ့လိုက်သည်။

"အင်း...ဒီအကွက် မဆိုးဘူး"

စစ်တုရင်ကေရာဇ်က ချီးမွမ်းစကားဆိုပြီး သူ၏အမြောက်
ဖြင့် ဝမ်ကျက်၏နယ်ရုပ်တစ်ရုပ်ကို စားလိုက်သည်။

ဤတွင် ဝမ်ကျက်၏ စစ်ဗျူဟာညာဘက်ပိုင်းဝယ် ဟာ
ကွက်တစ်ခုပေါ်သွားသည်။

ဝမ်ကျက်က ကမန်းကတန်းပင် ထိုညာဘက်ပိုင်းသို့ ရထား
ကိုပြောင်းရွှေ့ကာ အားဖြည့်ပေးလိုက်သည်။

"မင်းက တယ်လောတာကိုး၊ ဒီတစ်ကွက်ကတော့ တယ်
ညံ့တာပဲ"

စစ်တုရင်ကေရာဇ်က ပြုံး၍ပြောကာ မြင်းကို တစ်ချက်ခုန်



၍ဝမ်ကျက်၏ရထားကို ခြိမ်းခြောက်လိုက်သည်။

ဝမ်ကျက်က ရထားကို ဘေးသို့တစ်ကွက်ရွှေ့ကာ နေရာ
ပြောင်းလိုက်သည်။

"မင်း...မှားသွားပြန်ပြီ"

စစ်တုရင်ကေရာဇ်က ပြုံးရယ်ကာပြောပြီး သူ၏အနီရောင်
အမြောက်ဖြင့် ဝမ်ကျက်၏အနက်ရောင်အမြောက်ကို ချိန်လိုက်
သည်။

အမြောက်ချင်း ဆိုင်မိသွားသည်။

ဝမ်ကျက်က အနီရောင်အမြောက်ကို စားလိုက်လျှင် အနီ
ရောင်မြင်းက သူ၏ရထားကို စားသွားနိုင်သည်။

အကယ်၍ နယ်ရုပ်တစ်ခုခုဖြင့် အမြောက်ကို အကာအ
ကွယ်ပေးလိုက်လျှင်လည်း နယ်ခြားသို့တိုင်အောင် စစ်နံပွင့်ထွက်
သွားပြီး ရထား၊ အမြောက်၊ မြင်းတို့ ဆက်တိုက်အစားခံရမည့်
အခြေမျိုးဖြစ်လာနိုင်သည်။

ဝမ်ကျက်မှာ ချွေးပင်ပြန်သွားရသည်။

စစ်တုရင်ကေရာဇ်၏ အကွက်မြင်တတ်ပုံနှင့် အပိုင်ဖမ်း
တတ်ပုံကိုလည်း ချီးမွမ်းမိသည်။

မိမိအဖို့ နာလန်မထူနိုင်အောင် ရှုံးတော့မည့်မှန်း ဝမ်ကျက်

နားလည်လိုက်သည်။

စစ်တုရင်ပွဲရှုံးလျှင် စစ်တုရင်ကေရာဇ်၏ စစ်တုရင်ရုပ်
အလုပ်ခံရတော့မည်။

ဝမ်ကျက်သည် မိစ္ဆာလေပွေကျွန်းပေါ်ဝယ် ကျန်နေခဲ့သော
မိမိ၏လူများကို သတိရမိသည်။

မိမိ အရေးနိမ့်ကာ စစ်တုရင်ကေရာဇ်လက်ထဲသို့ ကျ
ရောက်ခံရသည့်တိုင် ထိုသူများလွတ်မြောက်သွားစေလိုသော စိတ်
ဆန္ဒလည်းဖြစ်ပေါ်လာသည်။

"ဒီပွဲမှာတော့ ကျွန်တော်ရှုံးဖို့များနေပြီ၊ ကျွန်တော်ရှုံးယင်
ကတိအတိုင်း ခင်ဗျားရဲ့စစ်တုရင်ရုပ်လုပ်ပါ့မယ်၊ ဒါပေမယ့် ကျွန်း
ပေါ်မှာ ကျန်နေခဲ့တဲ့ ကျွန်တော့်မိတ်ဆွေတွေ အတွက်ကိုတော့..."

"သူတို့အတွက် မင်းဘာမှ ပြောနေစရာမလိုတော့ဘူး"

ဝမ်ကျက်၏စကားမဆုံးမီ စစ်တုရင်ကေရာဇ်က ကြားဖြတ်
ကာပြောသည်။

"ဘာလဲ သူတို့ကိုလည်း ခင်ဗျားက ဖမ်းထားလိုက်ပြီလား"

"ဟုတ်တယ်၊ မင်း ရေထဲငုပ်ပြီး ပြန်ပေါ်လာတာမတွေ့
ရတော့ သူတို့တတွေဟာ တစ်ယောက်ပြီးတစ်ယောက် ရေထဲဆင်း
ပြီး ရှာကြည့်ကြတယ်၊ ကျုပ် သူတို့တတွေကို တစ်ယောက်ချင်းဖမ်း



လိုက်တယ်၊ အခု သူတို့အားလုံး မြေအောက်အချုပ်ခန်းထဲမှာ
ရောက်နေကြပြီ"

ဝမ်ကျက်မှာ ခေါင်းတည့်တည့်ဝယ် မိုးကြိုးအပစ်ခံရသလို
အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားသည်။

ဘာပြန်ပြောရမည်ကိုပင် ရုတ်တရက် မစဉ်းစားတတ်။

"ဝမ်ကျက် မင်းဟာ သိုင်းလုလင်တွေထဲမှာတော့ အတော်
ကိုအစွမ်းအစ ထက်မြက်ပြီး ဉာဏ်ရည်ဉာဏ်သွေးကောင်းတဲ့ လုလင်
တစ်ယောက်ပါပဲ၊ ဒါပေမယ့် ဒီတစ်ခါ မင်းလုပ်ဆောင်တာကတော့
အတော်ညံ့ဖျင်းလွန်းတယ်၊ ယိပေါက်ကျင့်နဲ့ ကျောက်ချုံးတို့လိုလူတွေ
ကတောင် ကျုပ်နဲ့ပတ်သက်ပြီး စကားတစ်ခွန်းမဟရဲကြတာကို
မင်းက လူစွမ်းကောင်းလုပ်ပြီး လူစုလူဝေးတဲ့ ကျွန်းပေါ်တက်လာ
တော့ ဒီလိုပဲဖြစ်ရတာပေါ့"

စစ်တုရင်ကေရာဇ်က လှောင်ပြုံးပြုံးကာ ပြောသည်။

ဝမ်ကျက်သည် မျက်လုံးပြူး မျက်ဆံပြူးဖြင့် စစ်တုရင် ကေ
ရာဇ်ကိုသာ ကြည့်နေမိသည်။

"ကဲ မင်းရွှေ့ဖို့ အလှည့်ရောက်ပြီ"

စစ်တုရင်ကေရာဇ်က ပြောသည်။

"သူတို့ကို ခင်ဗျားက ဘာအတွက် ဖမ်းထားတာလဲ"

"ကျုပ်ရဲ့ အရန်စစ်တုရင်ရုပ်အဖြစ် အရန်ထားဖို့ပဲ၊ နောင် နှစ်ခါ စစ်တုရင်ဧကရီနဲ့ ယှဉ်ပြိုင်ထိုးတဲ့ပွဲမှာ သူ့ပဉ်္စကို သုံးသင့်ယင်သုံး ရမယ်"

"သူတို့အထဲမှာ မိန်းကလေးတစ်ယောက် ပါသေးတယ်"

"ဟုတ်တယ်၊ အဲဒီမိန်းကလေးကိုတော့ စစ်တုရင်ဧကရီကို စစ်တုရင်ရုပ်လုပ်ဖို့ ပို့ပေးလိုက်ပြီ"

"အဲဒီမိန်းကလေး ဘယ်သူလဲဆိုတာ ခင်ဗျားသိရဲ့လား"

"မသိဘူး၊ သိဖို့လည်း မလိုပါဘူး"

"သိဖို့လိုလိမ့်မယ်ထင်တယ်၊ အဲဒီမိန်းကလေးရဲ့နာမည်က ပိုင်ရင်ဟုန်တဲ့"

"ဘာ..ဘာပြောတယ်"

စစ်တုရင်ဧကရာဇ်မှာ မျက်နှာအပျက်ကြီး ပျက်သွားပြီး အလောတကြီးပြောသည်။

"သူဟာ ခင်ဗျားရဲ့သမီး ပိုင်ရင်ဟုန်လေ"

ဝမ်ကျက်က အေးစက်သောအမူအရာနှင့် ပြောသည်။

"မင်း ဘာတွေလျှောက်ပြောနေတာလဲ"

စစ်တုရင်ဧကရာဇ်၏ ပြောဆိုပုံအမူအရာ သွင်ပြင်ကိုကြည့်၍ မိမိအဖို့ အရှုံးမှအနိုင်ဖြစ်ရန် လမ်းစပေါ်လာပြီဖြစ်ကြောင်း ဝမ်



ျက် သဘောပေါက်မိသည်။

"ကျွန်တော် အရမ်းလျှောက်ပြောတာ မဟုတ်ပါဘူး၊ ခင် ျား‌က ဖေယွင်မှာ သားရှိတယ်လို့ ပြောလိုက်တာဟာ ခင်ဗျားနဲ့ ဖေယွင်ကွဲကွာသွားကြတုန်းက ဖေယွင်ရဲ့ဗိုက်ထဲမှာ ခင်ဗျားရဲ့ သန္ဓေ ား‌ကို ဆောင်ထားရလို့ဖြစ်မယ်မှန်း ကျွန်တော် တွေးမိပါတယ်၊ နောက် ဖေယွင်နဲ့ခင်ဗျား အဆက်အသွယ်ပြတ်သွားတော့ ဖေယွင် ကလေးမွေးတယ်ဆိုတာ ခင်ဗျားမသိဘူး၊ ဒါပေမယ့် သားမွေးယင် မည်ဘယ်လို၊ သမီးမွေးယင် နာမည်ဘယ်လိုမှည့်ရမယ်ဆိုတာကို တော့ ခင်ဗျားတို့နှစ်ယောက် ကြိုတိုင်ပင်ထားကြပြီး ဖြစ်လိမ့်မယ်၊ ါကြောင့် ဖေယွင်သမီးလေးရှိမှန်းသိတာနဲ့ ခင်ဗျားက သူ့နာမည် ိုင်ရင်ဟုန်လို့ ဒက်ကနဲမှန်အောင် ပြောလိုက်နိုင်တာပေါ့၊ ကဲ ကျွန် တော်ပြောတာ ဟုတ်တယ်မဟုတ်လား"

စစ်တုရင်ဧကရာဇ်၏မျက်နှာ ဖြူလိုက်ပြာလိုက် ဖြစ်နေ ည်။

ထို့နောက် ထိုင်နေရာမှထကာ ထွက်သွားမည်ပြုသည်။

"ခဏနေပါအုံးလေ"

ဝမ်ကျက်က ဟန့်တားလိုက်သည်။

"ဘာလုပ်အုံးမလို့လဲ"

စစ်တုရင်ဧကရာဇ်က ထွက်မသွားသေးဘဲ ပြန်မေးသည်။

"ကျွန်တော်တို့ စစ်တုရင်ထိုးတာ ပွဲမပြီးသေးဘူး၊ ဒီလိုပွဲကို ထိုးလက်စတန်းလန်းကြီး ပစ်ထားပြီး ခင်ဗျားက ထသွားလို့ဘယ် ဖြစ်မှာလဲ၊ ဒါဟာ ထုံးစံမဟုတ်ဘူး"

"ကျူပ် ခဏပဲသွားမယ်၊ ပြီးတော့ ပြန်လာပြီးဆက်ထိုး မယ်"

"မရဘူး၊ ပွဲသိမ်းမှ ခင်ဗျားထွက်သွားရမယ်"

"ဒီပွဲမှာ မင်းရှုံးမှာ သေချာနေပြီပဲ၊ ဆက်ထိုးနေစရာလို သေးလား"

"ဒီလိုမပြောနဲ့လေ၊ စစ်တုရင်ဆိုတာ အင်မတန်ထူးဆန်း တယ်၊ တစ်ကွက်တည်းနဲ့ အပြောင်းအလဲအများကြီး ဖြစ်လာနိုင် တယ်၊ ပွဲမသိမ်းမချင်း ဘယ်သူနိုင်တယ်၊ ဘယ်သူရှုံးတယ်ဆိုတာ မပြောနိုင်ဘူး"

"ပွဲကို ခေတ္တရပ်နားလိုက်မယ်၊ ပြီးမှဆက်ထိုးမယ်"

"ဘယ်ဖြစ်မှာလဲ၊ အခုကစားတာက သာမန်စစ်တုရင်ပွဲ မဟုတ်ဘူး၊ အဆုံးအဖြတ်ပေးမယ့် စစ်တုရင်ပွဲ၊ ဒီပွဲမပြီးခင် ထွက် သွားယင် အရှုံးပေးတာနဲ့အတူတူပဲ"

"ကောင်းပြီ၊ ကဲ မင်းရွှေ့"



စစ်တုရင်ဧကရာဇ်က ဤသို့ပြောပြီး ထိုင်ခုံဝယ် ပြန်ထိုင် သည်။

"ဟုတ်ကဲ့ ကျွန်တော်ရွှေ့ပါမယ်၊ ဒါပေမယ့် သေသေချာချာ စဉ်းစားပါရစေအုံး"

ဝမ်ကျက်က ခပ်အေးအေးပြောပြီး စစ်တုရင်ခုံကို သေသေ ချာချာ ကြည့်ရှုနေသည်။

ဝမ်ကျက်က အေးဆေးတည်ငြိမ်သလောက် စစ်တုရင်ဧက ရာဇ်မှာ မတည်ငြိမ်နိုင်။

"မြန်မြန်ရွှေ့လေကွာ"

စစ်တုရင်ဧကရာဇ်က လောဆော်သည်။

"ကျေးဇူးပြုပြီး တိတ်တိတ်နေပါ၊ ကျွန်တော် စဉ်းစားရတာ အနှောင့်အယှက် ဖြစ်ပါတယ်"

"မင်း စဉ်းစားတာ သိပ်ကြာနေပြီ"

ဝမ်ကျက်က ဘာမျှမပြော၊ ငြိမ်၍စဉ်းစားဟန်ပြုနေသည်။

စစ်တုရင်ဧကရာဇ်မှာ မီးခဲပေါ် ထိုင်နေရသလို တလှုပ်လှုပ် ဖြစ်နေသည်။

"ဝမ်ကျက်...မင်း တမင်သက်သက် အချိန်ဆွဲနေတာလား"

စစ်တုရင်ဧကရာဇ်မှာ ငြိမ်မနေနိုင်ဘဲ ထပ်မေးပြန်သည်။

"ကျွန်တော် တစ်ခုမေးပါရစေ၊ ဒီစစ်တုရင်ပွဲ မထိုးမီတုန်းက အချိန်ဘယ်လောက်ကြာကြာအထိပဲ၊ စဉ်းစားနိုင်မယ်ဆိုပြီး ကန့်သတ်ချက်ရှိသလား"

"အချိန်ကန့်သတ်ချက်တော့ မရှိပါဘူး၊ ဒါပေမယ့် မင်းက တမင်သက်သက်.."

"အချိန်ကန့်သတ်ထားချက် မရှိဘူးဆိုယင် ခင်ဗျားအနေနဲ့လည်း လောဖို့အခွင့်မရှိဘူး၊ စစ်တုရင်ကေရာဇ်ဆိုတဲ့ ခင်ဗျားရဲ့နာမည်နဲ့ ဂုဏ်သိက္ခာကိုထိန်းပြီး အေးအေးဆေးဆေး နေစမ်းပါ"

စစ်တုရင်ကေရာဇ်မှာ အလွန်ပင်ဒေါသထွက်သွားသည်။

"ဝမ်ကျက်..မင်းရွှေ့မှာလား၊ မရွှေ့ဘူးလား"

"ကျွန်တော် ရွှေ့မှာပါ"

"ဒါဖြင့် ရွှေ့လေ၊ ဘာကြောင့် နှေးနေတာလဲ"

"စိတ်ကြိုက်အကွက် စဉ်းစားလို့မရသေးလို့ပေါ့၊ လောမနေပါနဲ့၊ ခင်ဗျား ဒီလိုလောနေယင် ကျွန်တော်စဉ်းစားလို့ရတော့မှာမဟုတ်ဘူး"

ဝမ်ကျက်က ဤသို့ပြောပြီး ငြိမ်နေပြန်သည်။

"ကဲ ဒီပွဲကို ငါရှုံးပြီလို့ပဲ ထားလိုက်ပါတော့"

စစ်တုရင်ကေရာဇ်မှာ ဆက်လက်၍သည်းခံ မစောင့်ဆိုင်းနိုင်တော့ဘဲ ထိုင်နေရာမှထရပ်ပြီး ပြောလိုက်သည်။



သူ့အနေဖြင့် ပိုင်ရင်ဟုန်ကို သွားကြည့်လိုစိတ် ပြင်းပြနေသည်မှာ ထင်ရှားသည်။

"ခင်ဗျားက သူတို့ကိုလွှတ်ပေးတော့မယ်ဆိုတဲ့ သဘောလား"

"ဟုတ်တယ်"

စစ်တုရင်ကေရာဇ်သည် ဤသို့ပြောပြီးနောက် လေ၏လျှင်မြန်ခြင်းဖြင့် အခန်းအပြင်ဘက်သို့ လှစ်ကနဲပြေးထွက်သွားသည်။

ဝမ်ကျက်မှာ အကြီးအကျယ် စိတ်လှုပ်ရှားလျက် ကျန်နေခဲ့ရသည်။

စစ်တုရင်ကေရာဇ်ကို တမင်သက်သက် အကျပ်ကိုင်ကာ အချိန်ဆွဲပြီး အရှုံးပေးခိုင်းခြင်းမှာ သိပ်မကောင်းကြောင်း ဝမ်ကျက်စဉ်းစားမိသည်။

သို့သော် အန္တရာယ်ကျရောက်နေသူများကို ကယ်တင်နိုင်ရန်မှာ ဤနည်းမှအပ အခြားမရှိသောကြောင့် ယခုလို လုပ်ဆောင်လိုက်သည်ဟု ဝမ်ကျက် ဆုံးဖြတ်လိုက်သည်။

စစ်တုရင်ကေရာဇ်ကြီး မရှိခိုက် ဤနေရာအနီးဝန်းကျင်ကို လိုက်လံကြည့်ရှု စုံစမ်းလျှင်ကောင်းမည်ဟု ဝမ်ကျက်စိတ်ကူးရမိ

သည်။ ထို့ကြောင့် ဝမ်ကျက်သည် ထိုင်ရာမှထကာ တံခါးရှိရာသို့ လျှောက်လှမ်းသွားသည်။

တံခါးကို ဆွဲဖွင့်၍အပြင်သို့ ထွက်မည်အပြု လေလှုပ်ရှားမှုနှင့်အတူ လက်ဝါးရိုက်ချက်တစ်ခုက ဝမ်ကျက်ကို ဆီးကြိုလာသည်။

ဝမ်ကျက်မှာ လန့်သွားပြီး နောက်သို့ကမန်းကတန်း ဆုတ်ပေးလိုက်ရသည်။

လက်ဝါးရိုက်ချက်မှ သီသီလေးကပ်လွတ်သွားသည်။

ဝမ်ကျက်သည် အရှိန်သတ်ကာ ဟန်ချက်ကို ထိန်း၍မတ်တတ်ရပ်လိုက်ပြီး မိမိကို လက်ဝါးဖြင့် ဆီးရိုက်သူကိုကြည့်လိုက်သည်။

အခန်းဝတွင် မားမားကြီးရပ်နေသော လူတစ်ယောက်ကို တွေ့ရသည်။

စောစောက စားသောက်ဖွယ်ရာများ ယူလာသော အခိုင်းအစေပင်ဖြစ်သည်။

လက်ဝါးရိုက်ချက်အရှိန်ကိုထောက်၍ ထိုသူမှာ အဆင့်မြင့်သိုင်းသမား တစ်ယောက်ဖြစ်ကြောင်း ဝမ်ကျက် နားလည်လိုက်သည်။

သာမန်ရိုးရိုး အခိုင်းအစေ မဟုတ်နိုင်။

ထိုသူသည် အခန်းထဲသို့ လျှောက်လှမ်းဝင်လာပြီး တံခါးကို



ပြန်ပိတ်လိုက်သည်။

ထို့နောက် တံခါးဝတွင် ကျောက်ရုပ်တစ်ခုလို မားမားကြီးရပ်နေလိုက်သည်။

"ဒီအခန်းထဲမှာနေရတာ အတော်စိတ်ကျဉ်းကျပ်တယ်၊ အပြင်ထွက်ပြီး လေကောင်းလေသန့်လေး ဘာလေးရှူလို့ရမလား"

ဝမ်ကျက်က မေးသည်။

ထိုသူက ခေါင်းကိုခါယမ်းပြသည်။

"ခင်ဗျားက ဘယ်သူလဲ"

"စစ်တုရင်ဧကရာဇ်ကြီးရဲ့ အခိုင်းအစေပါ"

"ခင်ဗျား သူ့နောက်ကိုလိုက်နေတာ ကြာပြီလား"

"အင်း...ကြာပြီ"

"စစ်တုရင်ဧကရာဇ်ကို ကျွန်တော်က စစ်တုရင်တစ်ပွဲနိုင်လိုက်တယ်၊ ဒါကြောင့် ကျွန်တော်မကြာခင် ဒီနေရာကထွက်သွားနိုင်မယ်၊ ခင်ဗျား ဘာတွေများမှာကြားစရာရှိသလဲ"

ဤစကားကို ကြားရသည်တွင် ထိုသူ၏မျက်နှာဝယ် အံ့ဩသည့်အသွင်များ ပေါ်လာသည်။

"ဘာပြောတယ်"

ထိုသူက ကြားရသည်ကို မယုံနိုင်ဟန်ဖြင့် ပြန်မေးသည်။

"ဪ..ကျွန်တော်က စစ်တုရင်တစ်ပွဲနိုင်လို့ ဒီနေရာက ဘေးကင်းရန်ကင်း ပြန်ထွက်ခွင့်ရပြီ၊ အဲဒါ ခင်ဗျားရဲ့မိဘဆွေမျိုးညီအစ်ကိုမောင်နှမတွေကို အဆက်အသွယ်လုပ် သတင်းစကားပါးချင်ယင် ကျွန်တော်က အကြောင်းကြားပေးနိုင်ပါတယ်လို့ ပြောတာပါ"

"ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်မှာ ဆွေမျိုးမိဘမရှိပါဘူး မိဘမဲ့အဖြစ်နဲ့ တစ်ကောင်ကြွက် ကြီးပြင်းလာခဲ့ရတာပါ"

"ခင်ဗျား ဒီမှာနေရတာ ပျော်သလား"

"ပျော်ပါတယ်"

"ခင်ဗျား အိမ်ထောင်ကျပြီလား"

"ဟင့်အင်း"

"ဒီအသက်အရွယ်ထိအောင် အိမ်ထောင်မကျသေးတာ ဘာသဘောလဲ၊ ခင်ဗျားသခင်က ခင်ဗျားကို အိမ်ထောင်ပြုခွင့်မပေးလို့လား"

"စကားသိပ်မရှည်နဲ့ဗျာ၊ စကားသိပ်များများပြောယင် မကောင်းဘူး"

ဝမ်ကျက်အနေဖြင့် ထိုသူကို အကြောပိတ်ဖမ်းဆီးကာ ဤအခန်းမှ ထွက်သွားလျှင်ရနိုင်သည်။

သို့သော် ဤသို့ပြုလုပ်လျှင် စစ်တုရင်ဧကရာဇ် ဒေါသဖြစ်



ပြီး ဖမ်းဆီးထားသူများကို မလွှတ်ပေးဘဲ နေမည်စိုးသောကြောင့် အသာပင် နေရာဝယ်ပြန်ထိုင်ချလိုက်သည်။

"ခင်ဗျားသခင် စစ်တုရင်ဧကရီကို သွားတွေ့တာ ဘယ်လောက်ကြာမှ ပြန်ရောက်လာမှာလဲ"

ထိုင်ခုံတွင် ပြန်ထိုင်ပြီးနောက် ဝမ်ကျက်က မေးသည်။

"သိပ်မကြာပါဘူး၊ ခဏနေယင် ပြန်ရောက်လာပါလိမ့်မယ်"

"စစ်တုရင်ဧကရီဆီက ငွေပန်းဖြူ၊ ငွေပန်းနက်နဲ့ ပိုင်ရင်ဟုန်တို့ကို ပြန်တောင်းလာနိုင်ပါ့မလား"

"တောင်းနိုင်ပါတယ်၊ ဒါပေမယ့် တန်ဖိုးကြီးကြီးတော့ ပေးရမယ်"

"ဘယ်လောက်များများ ပေးရမှာလဲ"

"ခင်ဗျား မသိချင်ပါနဲ့၊ သိယင် ခင်ဗျားလန့်သွားလိမ့်မယ်"

"ယိပေါက်ကျင့်နဲ့ ကျောက်ချုံးတို့နှစ်ယောက် တစ်ယောက်အပေါ်တစ်ယောက် မုန်းတီးနေကြတဲ့အကြောင်းကို ခင်ဗျားသိသလား"

"သိတယ် ဒါပေမယ့် ခင်ဗျားကို မပြောပြနိုင်ဘူး"

"ယိပေါက်ကျင့်နဲ့ ကျောက်ချုံးတို့နှစ်ယောက် ဒီနေရာကို

ရောက်ခဲ့ဖူးကြတယ်ထင်တယ်၊ ဟုတ်လား"

ထိုသူက ဘာမျှပြန်မဖြေ။

သို့သော် မျက်နှာတစ်ချက် ကွက်ကနဲပျက်သွားသည်ကို တော့ ဝမ်ကျက် အကဲခတ်မိလိုက်သည်။

မိမိ၏ယူဆချက် မှန်ကြောင်း ဝမ်ကျက် သိလိုက်သည်။

"စစ်တုရင်ကေရီရဲ့အကြောင်း၊ စစ်တုရင်ရုပ်အဖြစ် လူတွေ ကို အသုံးပြုတဲ့အကြောင်းတွေကို စစ်တုရင်ကေရာဇ်ကိုမေးကြည့် တော့ အကြောင်းစုံသိချင်ယင် ကျောက်ချိုးကိုသွားမေးကြည့်ပါလို့ ပြောခဲ့ဖူးတယ်၊ ဒီတော့ ကျောက်ချိုးနဲ့ယိပေါက်ကျင့်တို့ဟာ စစ်တု ရင်ကေရီနဲ့ပတ်သက်ဆက်နွှယ်နေကြလိမ့်မယ်လို့ ကျွန်တော်ထင် တယ်၊ အဲဒါ ဟုတ်သလား"

"ခင်ဗျားက ဘာကြောင့် ကျွန်တော့်ကိုလာမေးတာလဲ၊ ကျောက်ချိုးကို သွားမေးပါလား"

ထိုအချိန်မှာပင် အခန်းတံခါး ဝုန်းကနဲပွင့်သွားပြီး စစ်တုရင် ကေရာဇ်နှင့် မိန်းမပျို့သုံးယောက်တို့ အခန်းထဲဝင်ရောက်လာကြ သည်။

မိန်းမပျို့သုံးယောက်အနက် နှစ်ယောက်မှာ ငွေပန်းဖြူနှင့် ပိုင်ရင်ဟုန်တို့ ဖြစ်ကြသည်။



ကျန်တစ်ယောက်ကိုမူ ဝမ်ကျက် မသိ။

ငွေပန်းနက်ဖြစ်ကြောင်းကိုမူ နားလည်လိုက်သည်။

စစ်တုရင်ကေရာဇ်ကို မြင်လိုက်ရသည်တွင် ဝမ်ကျက်မှာ တော်ပင် အံ့အားသင့်သွားခဲ့သည်။

ရင်ထဲတွင်လည်း ဒိန်းကနဲဖြစ်သွားသည်။

စစ်တုရင်ကေရာဇ်၏ ညာလက်မှာ လက်မောင်းရင်းမှပြတ် သည်။ ပြတ်နေသည့်ဒဏ်ရာမှလည်း သွေးများယိုစီးထွက်နေ သည်။

"ဟင်..ဒါက ဘယ်လိုဖြစ်လာတာလဲ"

ဝမ်ကျက်က တအံ့တသြမေးလိုက်သည်။

"မြန်မြန် ကျုပ်ကို သွေးကြောပိတ်ပေးကြစမ်း"

စစ်တုရင်ကေရာဇ်သည် ထိုင်ခုံတွင်ဝင်ထိုင်ပြီး အလောတ ကြီးပြောသည်။

အခိုင်းအစေလူက စစ်တုရင်ကေရာဇ်အနီးသို့ လှစ်ကနဲတိုး သွားပြီး ပခုံးပေါ်ရှိ အကြောများကို ဖိနှိပ်ပိတ်ပေးလိုက်သည်။

"ကျုပ်အခန်းထဲက ဆေးသေတ္တာထဲမှာ ဒဏ်ကြေဆေး ရှိတယ်၊ မြန်မြန်သွားယူလာခဲ့"

စစ်တုရင်ကေရာဇ်က ဆက်ပြောသည်။

အနိုင်းအစေလည်း အမိန့်နာခံပြီး အမြန်ဆုံးပြေးထွက်သွား
သည်။ ဝမ်ကျက်မှာ ဘယ်လိုမှ မတွေးတတ်တော့။

စစ်တုရင်ဇကေရာဇ်ထက် စစ်တုရင်ဇကေရီက သိုင်းပညာပိုမို
မြင့်မားသည်ပဲထား၊ တိုတောင်းလှသော အချိန်လေးအတွင်း စစ်တု
ရင်ဇကေရာဇ်ကို လက်မောင်းတစ်ဘက်ပြတ်အောင် တိုက်ခိုက်ခြင်းမ
ပြုနိုင်ကြောင်း ဝမ်ကျက် တွေးမိသည်။

ဝမ်ကျက်သည် သံသယရှင်းသွားအောင် စစ်တုရင်ဇကေရာဇ်
ကို မေးလိုက်ချင်သည်။

သို့သော် စစ်တုရင်ဇကေရာဇ် ဝေဒနာခံစားနေရပုံကိုကြည့်
မြင်ရသောကြောင့် မမေးတော့ဘဲ မိန်းကလေးသုံးယောက်ကိုသာ
လှမ်းမေးလိုက်သည်။

"ဘယ်လိုဖြစ်လာကြတာလဲ"

ငွေပန်းဖြူနှင့် ငွေပန်းနက်တို့က ဘာမျှပြန်မပြော။
ခေါင်းငုံ့ထားကြသည်။

ပိုင်ရင်ဟုန်ကသာ အဖြေပေးသည်။

"ကျွန်မတို့သုံးယောက်ရဲ့ လွတ်လပ်မှုကို သူ့လက်မောင်း
တစ်ဘက်နဲ့ လဲယူခဲ့တာပဲ"

"သူက စစ်တုရင်ဇကေရီနဲ့ တိုက်ခိုက်ယင်း လက်မောင်းတစ်



ဘက်ပြတ်သွားခဲ့တာလား"

"မဟုတ်ဘူး၊ စစ်တုရင်ဇကေရီက တကယ်လို့ ကျွန်မတို့သုံး
ယောက်ကို လွှတ်ပေးစေချင်ယင် သူ့ညာလက်မောင်းကိုခုတ်ဖြတ်
ပစ်ရမယ်လို့ ပြောတယ်၊ စစ်တုရင်ဇကေရာဇ်က ခဏပဲစဉ်းစားပြီး သ
ဘောတူ လုပ်ဆောင်လိုက်တယ်"

ပိုင်ရင်ဟုန် ရှင်းပြသည့်အတွက် ဝမ်ကျက်မှာ အကြောင်းစုံ
ကိုသိရှိရသည်။

"ဟော့ ဝမ်ကျက် မင်းလူတွေအားလုံးကို ကျူပ်ပြန်လွှတ်ပေး
မယ်၊ ဒါပေမယ့် ကိစ္စနှစ်ခုကိုတော့ မင်း သဘောတူရမယ်"

ထိုအခိုက် စစ်တုရင်ဇကေရာဇ်က လှမ်းပြောသည်။

"ဟုတ်ကဲ့ ပြောပါ၊ ဘာကိစ္စတွေများလဲ"

"ပထမအချက် မင်း ဒီနေရာကို ဘယ်တော့မှ ထပ်မလာရ
ဘူး"

"ဟုတ်ကဲ့ မလာပါဘူး"

"မင်းသိထားတာတွေကို ထုတ်မပြောဘဲ လျှို့ဝှက်ထားရ
မယ်"

"ဘယ်အကြောင်းတွေကို ပြောတာလဲ"

"ဘာလဲဆိုတာကို မင်းရိပ်မိပါလိမ့်မယ်"

အခိုင်းအစေလည်း အမိန့်နာခံပြီး အမြန်ဆုံးပြေးထွက်သွားသည်။ ဝမ်ကျက်မှာ ဘယ်လိုမှ မတွေးတတ်တော့။

စစ်တုရင်ကေရာဇ်ထက် စစ်တုရင်ကေရီက သိုင်းပညာပိုမိုမြင့်မားသည်ပဲထား၊ တိုတောင်းလှသော အချိန်လေးအတွင်း စစ်တုရင်ကေရာဇ်ကို လက်မောင်းတစ်ဘက်ပြတ်အောင် တိုက်ခိုက်ခြင်းမပြုနိုင်ကြောင်း ဝမ်ကျက် တွေးမိသည်။

ဝမ်ကျက်သည် သံသယရှင်းသွားအောင် စစ်တုရင်ကေရာဇ်ကို မေးလိုက်ချင်သည်။

သို့သော် စစ်တုရင်ကေရာဇ် ဝေဒနာခံစားနေရပုံကိုကြည့်မြင်ရသောကြောင့် မမေးတော့ဘဲ မိန်းကလေးသုံးယောက်ကိုသာ လှမ်းမေးလိုက်သည်။

"ဘယ်လိုဖြစ်လာကြတာလဲ"

ငွေပန်းဖြူနှင့် ငွေပန်းနက်တို့က ဘာမျှပြန်မပြော။

ခေါင်းငုံ့ထားကြသည်။

ပိုင်ရင်ဟုန်ကသာ အဖြေပေးသည်။

"ကျွန်မတို့သုံးယောက်ရဲ့ လွတ်လပ်မှုကို သူ့လက်မောင်းတစ်ဘက်နဲ့ လဲယူခဲ့တာပဲ"

"သူက စစ်တုရင်ကေရီနဲ့ တိုက်ခိုက်ယင်း လက်မောင်းတစ်ဘက်ပြတ်သွားခဲ့တာလား"



"မဟုတ်ဘူး၊ စစ်တုရင်ကေရီက တကယ်လို့ ကျွန်မတို့သုံးယောက်ကို လွှတ်ပေးစေချင်ယင် သူ့ညာလက်မောင်းကိုခုတ်ဖြတ်ပစ်ရမယ်လို့ ပြောတယ်၊ စစ်တုရင်ကေရာဇ်က ခဏပဲစဉ်းစားပြီး သဘောတူ လုပ်ဆောင်လိုက်တယ်"

ပိုင်ရင်ဟုန် ရှင်းပြသည့်အတွက် ဝမ့်ကျက်မှာ အကြောင်းစုံကိုသိရှိရသည်။

"ဟေ့ ဝမ်ကျက် မင်းလူတွေအားလုံးကို ကျုပ်ပြန်လွှတ်ပေးမယ်၊ ဒါပေမယ့် ကိစ္စနှစ်ခုကိုတော့ မင်း သဘောတူရမယ်"

ထိုအခိုက် စစ်တုရင်ကေရာဇ်က လှမ်းပြောသည်။

"ဟုတ်ကဲ့ ပြောပါ၊ ဘာကိစ္စတွေများလဲ"

"ပထမအချက် မင်း ဒီနေရာကို ဘယ်တော့မှ ထပ်မလာရဘူး"

"ဟုတ်ကဲ့ မလာပါဘူး"

"မင်းသိထားတာတွေကို ထုတ်မပြောဘဲ လျှို့ဝှက်ထားရမယ်"

"ဘယ်အကြောင်းတွေကို ပြောတာလဲ"

"ဘာလဲဆိုတာကို မင်းရိပ်မိပါလိမ့်မယ်"

စစ်တုရင်ဧကရာဇ်က ဤသို့ပြောပြီး ပိုင်ရင်ဟုန်ကို မသိမသာ မျက်လုံးတစ်ချက်ဖွေကာ ကြည့်လိုက်သည်။

ပိုင်ရင်ဟုန်မှာ သူ၏သမီးဖြစ်ကြောင်း မပြောစေလိုသည့်သဘောဖြစ်သည်ကို ဝမ်ကျက် ရိပ်မိလိုက်သည်။

"အဲဒါကတော့.."

"စကားမရှည်နဲ့၊ ကျုပ်ပြောတာကို မင်းမုချ လိုက်နာရမယ်"

ဤမျှ အတင်းအကျပ် ပြောနေပုံထောက်လျှင် စစ်တုရင်ဧကရာဇ်ဝယ် ထူးခြားသည့်အကြောင်းရှိမည်ဟု ဝမ်ကျက် နားလည်သည်။ ထို့ကြောင့် သဘောတူလက်ခံလိုက်သည်။

"ကောင်းပါပြီ၊ ကျွန်တော် မပြောပါဘူး"

ထိုအချိန်ဝယ် အခိုင်းအစေလူကြီးသည် ဆေးပုလင်းတစ်ပုလင်းကိုကိုင်ကာ အခန်းထဲပြန်ရောက်လာသည်။

စစ်တုရင်ဧကရာဇ်က ပုလင်းဖူးဆို့ကိုဖွင့်ကာ ပုလင်းထဲရှိ ဒဏ်ကြေဆေးရည်ကို ထက်ဝက်ကျော်အောင် မော့သောက်ချလိုက်သည်။

ဒဏ်ကြေဆေးရည်မှာ အတော်အစွမ်းသတ္တိကောင်းသည်။

ချက်ချင်းဆိုသလိုပင် စစ်တုရင်ဧကရာဇ်မှာ နာကျင်မှုသက်သာသွားဟန်ဖြင့် မျက်နှာကြည်လင် လန်းဆန်းလာသည်။



"လောက်ရန် သူတို့ကို အပြင်ခေါ်သွား၊ ဟို ဖမ်းထားတဲ့လူငယ်ရှစ်ယောက်ရယ်၊ လှေသမားအဘိုးကြီးရယ်ပါ လွှတ်ပေးလိုက်"

ဒဏ်ကြေဆေးသောက်ပြီးနောက် စစ်တုရင်ဧကရာဇ်က အခိုင်းအစေလူကြီးကို ပြောသည်။

"ဟုတ်ကဲ့"

လောက်ရန်အခေါ်ခံရသူ အခိုင်းအစေလူကြီးက ဦးညွှတ်ပြီး အမိန့်နာခံသည်။

"သိမ်းထားတဲ့လှေကိုလည်း ပြန်ပေးလိုက်၊ ပြီးတော့ သူတို့ကို ဒီနေရာက ထွက်သွားပေစေ၊ သူတို့က ထွက်သွားဖို့ငြင်းဆန်ယင် အားလုံးတစ်ယောက်မကျန် သုတ်သင်ပစ်လိုက်"

"ကောင်းပါပြီ"

လောက်ရန်သည် အမိန့်နာခံပြီးနောက် ဝမ်ကျက်တို့ဘက်လှည့်၍...

"ကဲ..ခင်ဗျားတို့ ကျွန်တော့်နောက်လိုက်ခဲ့ကြပါ"

လောက်ရန်က ဤသို့ပြောပြီး တံခါးဖွင့်ကာ အပြင်သို့ထွက်သွားသည်။ ဝမ်ကျက်တို့လူစုလည်း လောက်ရန်၏နောက်မှ လိုက်သွားကြသည်။

အခန်းပြင်သို့ ထွက်လိုက်သောအခါ စကြံလမ်းဘေးတစ်

ခုသို့ရောက်သည်။ စကြိုလမ်းလေးထဲဝယ် မည်းမှောင်၍နေသည်။

ရှေ့မှလျှောက်သွားသော လောက်ရန်ကိုပင် မမြင်နိုင်။

လောက်ရန်၏ခြေသံကိုသာ နားထောင်၍လိုက်နေကြရသည်။ ခြေလှမ်းပေါင်း(၃၀၀) ခန့် လျှောက်လှမ်းပြီးနောက် ရှေ့မှသွားနေသော လောက်ရန်၏ခြေသံ ရပ်သွားသည်။

ဝမ်ကျက်တို့လူစုလည်း ခြေလှမ်းများကို တုံ့ရပ်လိုက်ကြသည်။

ရှဲကနဲ မီးခြစ်သံနှင့်အတူ မီးရောင်လင်းလက်လာသည်။

လောက်ရန်က မီးခွက်တစ်ခုကို ထွန်းညှိလိုက်ခြင်းဖြစ်သည်။ မီးရောင်လင်းလာပြီမို့ ပတ်ဝန်းကျင်ရှုခင်းကို ကောင်းစွာမြင်နိုင်ပြီဖြစ်သည်။

သူတို့ရောက်နေကြသည့်နေရာမှာ ကျယ်ဝန်းသော မြေအောက်လိုဏ်ဂူတစ်ခုထဲဝယ်ဖြစ်သည်။

သူတို့ရပ်နေကြသည့်နေရာ၏ နောက်ဝယ် တောင်ကုန်းလေးတစ်ခုရှိသည်။

ရှေ့နားတွင်မူ ကြည်လင်သော စမ်းချောင်းလေးတစ်ခု စီးဆင်း၍နေသည်။ လိုဏ်ဂူကြီး၏အထက်ဘက်ဆီမှ ကျောက်စွယ်ကျောက်စွန်းများ တွဲလွဲကျ၍နေသည်။



"ခင်ဗျားတို့ ဒီနေရာက စောင့်နေခဲ့ကြပါ၊ ဟိုလူတွေကို ကျွန်တော်သွားခေါ်လိုက်ဦးမယ်၊ ဒီနေရာက ဘယ်ကိုမှ မသွားကြပါနဲ့ အသက်အန္တရာယ်ရှိနိုင်တယ်"

လောက်ရန်က ဤသို့ပြောပြီး ဝမ်ကျက်လက်ထဲသို့ မီးအိမ်ပေးအပ်သည်။

ထို့နောက် စမ်းချောင်း၏တစ်ဘက်သို့ ခုန်ကူးကာ ကျောက်စွန်းကျောက်ချပ်များကြားဝယ် ပျောက်ကွယ်သွားသည်။

"ခင်ဗျားတို့ ဘာမှ အနာတရ မဖြစ်ခဲ့ကြပါဘူးနော်"

ဝမ်ကျက်က မိန်းကလေးသုံးယောက်ကို မေးလိုက်သည်။

"ကျွန်မ ဘာမှမဖြစ်ပါဘူး၊ စစ်တုရင်ဧကရီအဘွားကြီးက ကျွန်မကို ကျောက်ခန်းတစ်ခုထဲမှာထည့်ပြီး ချုပ်ထားတယ်၊ ဒါပေမယ့် သူက ကျွန်မအပေါ် အတော်ပဲ ခင်ခင်မင်မင်နဲ့ကောင်းကောင်းမွန်မွန်ဆက်ဆံပါတယ်"

ပိုင်ရင်ဟုန်က ပြန်ပြောသည်။

ငွေပန်းဖြူနှင့်ငွေပန်းနက်တို့ကမူ ဘာမျှမပြော။

ထိုမိန်းကလေးနှစ်ယောက်သည် စစ်တုရင်ဧကရီထံမှ လွတ်မြောက်လာခဲ့ကြပြီးနောက် စကားတစ်ခွန်းမှပင် မဆိုကြသေးကြောင်း ဝမ်ကျက် သတိပြုမိလိုက်သည်။

"ငွေပန်းဖြူ ခင်ဗျားကော ဘာများဖြစ်သေးလဲ"

ဝမ်ကျက်က ငွေပန်းဖြူကိုမေးလိုက်သည်။

"ကျွန်မတို့ ညီအစ်မနှစ်ယောက်ကို ရှင်လာပြီး ကူညီကယ်တင်ပေးတာကို ကျေးဇူးအများကြီးတင်ပါတယ်၊ ဒါပေမယ့်..."

ငွေပန်းဖြူက စကားအဆုံးမသတ်ဘဲ တုံ့ဆိုင်းနေသည်။

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ကျွန်မ ရှင့်ကို ဘယ်လိုရှင်းပြရမလဲတော့ မသိဘူး၊ ကျွန်မတို့ညီအစ်မက စစ်တုရင်ကောရီကြီးဆီက ထွက်ခွာမသွားချင်ကြ တော့ဘူး"

ဝမ်ကျက် အကြီးအကျယ် အံ့သြသွားသည်။

ကြားရသည့်စကားကိုပင် မယုံနိုင်။ ငွေပန်းဖြူတို့ ဘာဖြစ်ကုန်ကြသနည်း။ အဘယ်ကြောင့် စစ်တုရင်ကောရီ၏လက်ထဲမှ မလွတ်မြောက်လိုကြသနည်း။

"ဟင်...ဘာဖြစ်လို့ ထွက်မသွားချင်ကြတာလဲ"

ဝမ်ကျက်က တအံ့တသြပင်မေးသည်။

"အကြောင်းရင်းကို မမေးပါနဲ့၊ ကျွန်မ မပြောတတ်ဘူး၊ ရှင်နဲ့ကျွန်မတို့ မတွေ့မဆုံဖူးကြဘူးရယ်လို့ပဲ ရှင့်စိတ်ထဲမှာ မှတ်ထားလိုက်ပါ"



"အကြောင်းရင်းကိုတော့ ပြောပြဖို့သင့်ပါတယ်။ မဟုတ်ယင် ကျွန်တော့်အဖို့ အတော်ကို ရင်ထဲမှာ မတင်မကျဖြစ်နေရလိမ့်မယ်"

"အတင်းပြောခိုင်းတယ်ဆိုယင်တော့ အရိပ်အမြွက်သဘောလောက်ကိုပြောပြပါ့မယ်၊ ကျွန်မတို့ဟာ လူ့ဘဝရဲ့ အကောင်းဆုံးသော ပန်းတိုင်ကို ဒီမှာရှာတွေ့နေပါပြီ၊ ဒါကြောင့် ဒီကနေ ဘယ်ကိုမှ မသွားချင်တော့ပါဘူး"

"ခင်ဗျားပြောတာကို ကျွန်တော် သဘောမပေါက်ဘူး"

"ဥပမာအနေနဲ့ ပြောရယင် တောထွက်ပြီး တရားရှာမှီးတဲ့ ရသေ့တော်စဉ်တွေဟာ လူသူမနီးတဲ့ တောကြီးမျက်မည်းထဲမှာနေဖို့ ရွေးချယ်တဲ့သဘောမျိုးပါပဲ"

"ကျွန်တော် နားမလည်သေးဘူး"

"ဒီထက်ပိုပြီးတော့ ကျွန်မလည်း ရှင်းမပြောတတ်တော့ဘူး၊ ရှင်က အခုလို စွန့်စွန့်စားစားလာပြီး ကယ်တင်ပေးတာကိုတော့ ကျွန်မတို့က ကျေးဇူးတင်ပါတယ်"

ဝမ်ကျက်သည် တစ်စုံတစ်ရာကို စဉ်းစားမိသောကြောင့် ငွေပန်းဖြူကို ခပ်လှမ်းလှမ်းသို့ အသာဆွဲခေါ်သွားပြီး နှစ်ကိုယ်ကြား တိုးတိုးမေးသည်။

"ကျွန်တော်က ပိုင်ရင်ဟုန်နဲ့ အတူတူသွားလာနေတာကို ခင်ဗျား သဘောမကျလို့ အခုလိုပြောတာလား"

"ရှင် အထင်လွဲနေပြီ၊ ကျွန်မက ရှင့်ကိုရိုးရိုးသားသား သူငယ်ချင်းတစ်ယောက်လိုပဲ သဘောထားနေတာပါရှင်၊ အဲဒီ မိန်းကလေး ပိုင်ရင်ဟုန်နဲ့အတူ ရှိနေတာကို ဘယ်လိုမှသဘောမထားပါဘူး"

"ဒါဖြင့် ဘာကြောင့် ခင်ဗျားက ကျွန်တော်နဲ့ပြန်မလိုက်ဘဲ ဒီမှာနေခဲ့ချင်တာလဲ"

"အကြောင်းရင်းကို ကျွန်မ ပြောပြီးပါပြီ"

"ခင်ဗျားပြောတဲ့အကြောင်းက မဟုတ်သေးပါဘူး"

"လူတိုင်းမှာ ကိုယ်ပိုင်စိတ်ဆန္ဒနဲ့ ဆုံးဖြတ်လုပ်ကိုင်နိုင်ခွင့် ရှိပါတယ်၊ ကျွန်မက ဒီနေရာဟာ စိတ်ချမ်းသာ ပျော်ရွှင်ဖွယ်ကောင်းတဲ့နေရာဖြစ်တယ်လို့ ဆုံးဖြတ်ထားတယ်၊ ဒါကြောင့် ဒီမှာပဲနေမယ်၊ အခြားကို မသွားချင်တော့ဘူး"

ထို့နောက် ဝမ်ကျက်နှင့် ငွေပန်းဖြူတို့သည် ပိုင်ရင်ဟုန်နှင့် ငွေပန်းနက်တို့ရပ်နေကြသည့်နေရာဆီသို့ ပြန်လာခဲ့ကြသည်။

"ငွေပန်းနက် ခင်ဗျားလည်း ဒီမှာပဲ နေခဲ့ချင်သလား"

ဝမ်ကျက်က ငွေပန်းနက်ကိုမေးသည်။

"ဟုတ်ပါတယ်၊ ညီမလေးငွေပန်းဖြူက ရှင့်ကို အကျိုးအ



ကြောင်းပြောပြချင်တယ်ဆိုလို့ ဒီနေရာအထိ လိုက်လာခဲ့တာပါ၊ ပြီးယင် ကျွန်မတို့ စစ်တုရင်ဧကရီဆီကို ပြန်သွားကြမယ်"

ငွေပန်းနက်က ပြုံးရယ်၍ အဖြေပြန်ပေးသည်။

"ဒီမှာနေခဲ့ယင် စစ်တုရင်ဧကရီအတွက် စစ်တုရင်ရုပ်အဖြစ် အသုံးတော်ခံရမှာကို ခင်ဗျားသိရဲ့လား"

"သိပါတယ်"

"ဒီလိုလုပ်ဖို့ ခင်ဗျားက ကျေနပ်သလား"

"ကျေနပ်ပါတယ်"

"ဟာ...ဒီကိစ္စက မဟုတ်သေးပါဘူး၊ စစ်တုရင်ဧကရီနဲ့စစ်တုရင်ဧကရာဇ်တို့ စစ်တုရင်ကစားကြတဲ့အခါမှာ စစ်တုရင်ရုပ်အဖြစ် အသုံးချခံရတဲ့လူတွေဟာ အစားခံရယင် အသက်ဆုံးရှုံးကြရမယ်၊ ဒီလိုအဖြစ်မျိုးကြုံရမှာကို ခင်ဗျားတို့မတွေးမိကြဘူးလား"

"ကျွန်မ ရှင်းရှင်းလေးပြောပြီးပြီ၊ လူတိုင်းမှာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်၊ ကျွန်မအနေနဲ့ လုပ်သင့်လုပ်ထိုက်တယ်ထင်တာကို လုပ်နေတာပါ"

ငွေပန်းဖြူက ပြုံးရယ်၍ပြောသည်။

"မရဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားတို့ ကျွန်တော်နဲ့အတူ လိုက်လာခဲ့ကြရမယ်"

"ရှင်က ကျွန်မတို့နှစ်ယောက်ကို အတင်းအဓမ္မဖမ်းချုပ်ပြီး ခေါ်သွားနိုင်တဲ့ အစွမ်းရှိတယ်ဆိုယင် ခေါ်သွားပေါ့၊ ကျွန်မတို့က တော့ ဒီနေရာမှာပဲနေချင်တယ်"

"စစ်တုရင်ကေရာဇ်ဟာ ခင်ဗျားတို့ရဲ့လွတ်လပ်မှုအတွက် သူ့ညာ လက်မောင်းကို အဆုံးရှုံးခံခဲ့ရတယ်၊ ခင်ဗျားတို့က ဒီနေရာ မှာဆက်နေချင်တယ်ဆိုယင် ဘာကြောင့် အစက မပြောသလဲ"

"စစ်တုရင်ကေရီနဲ့ ကေရာဇ်တို့ စကားအပေးအယူ လုပ်ကြ တုန်းက ကျွန်မတို့အနားမှာ မရှိကြဘူး"

"ခင်ဗျားတို့ ဒီနေရာက မခွဲခွာဘဲ နေချင်ကြတာဟာ စစ်တု ရင်ကေရီရဲ့ အဆင့်မြင့်သိုင်းပညာတွေကို မက်မောနေလို့လား"

ငွေပန်းဖြူတို့ ညီအစ်မက ဘာမျှမပြော ပြုံး၍သာနေကြ သည်။

ထိုအချိန်မှာပင် စမ်းချောင်း၏တစ်ဘက်မှ လူရိပ်လှုပ်ရှား မှုများနှင့်အတူ လူတစ်စုပေါ်လာသည်။

လောက်ရန်နှင့် အိုက်တုဟောက်တို့ ရောင်းရင်းများပင်ဖြစ် ကြသည်။ သူတို့လူစုသည် စမ်းချောင်းလေးကို ခုန်ကျော်ဖြတ်ကာ ဝမ်ကျက်တို့ ရှိနေသည့်ဘက်သို့ ကူးလာခဲ့ကြသည်။

အိုက်တုဟောက်၊ ဝေ့ကြံရှန်၊ လင်ရိကျင်၊ ကြင်ကျင်ချန်၊



လုဖေဝမ်း၊ ကြိုဝင်း၊ ကိုးလုံ၊ ဖိန်ခေါင် အားလုံးစုံစုံလင်လင်။

"ကဲ လူတွေကိုတော့ ခေါ်လာခဲ့ပြီ၊ ကျွန်တော်ပြောတာကို သေသေချာချာ နားထောင်ကြပါ"

အားလုံး စမ်းချောင်း သည်ဘက်သို့ ကူးလာကြပြီးနောက် လောက်ရန်က ပြောသည်။

"ဟုတ်ကဲ့ပြောပါ၊ ကျွန်တော် နားထောင်နေပါတယ်"

ဝမ်ကျက်က ပြန်ပြောသည်။

"ခင်ဗျားတို့ ဒီစမ်းချောင်းအတိုင်း လျှောက်သွားကြ၊စမ်း ချောင်းအဆုံးကိုရောက်ယင် ရေထဲငုပ်ပြီး ငါးကိုက်လောက်ကူးခတ် သွားပါ၊ နောက်တော့ အပေါ်ကိုပြန်တက်လိုက်ယင် မိစ္ဆာလေပွေ ကျွန်း အနောက်ဘက်ကမ်းခြေနားက ကန်ရေပြင်ကိုရောက်လိမ့်မယ်၊ ခင်ဗျားတို့ဘဲတွေ မိစ္ဆာလေပွေကျွန်းပေါ်မှာ နေ့ဝက်လောက် စောင့် နေကြပါ၊ ခင်ဗျားတို့ရဲ့လှေ ကျွန်းနားကိုရောက်လာလိမ့်မယ်၊ ခင်ဗျား တို့ အဲဒီလှေတွေနဲ့ထွက်သွားကြပေတော့၊ နောက်နောင်ကိုဒီကိုထပ် ပြီးမလာကြနဲ့တော့"

"ကောင်းပါပြီ၊ ဒါနဲ့ လှေသမားအဘိုးအိုကော"

"သူလည်း လှေနဲ့အတူပါလာလိမ့်မယ်"

"စစ်တုရင်ကေရာဇ်ကြီးကို ကျေးဇူးတင်ကြောင်း ပြောလိုက်

ပါ။ ပြီးတော့ ကျွန်တော်တို့ ကတိတည်မယ်ဆိုတဲ့အကြောင်းနဲ့ ဒီနေရာကို ဘယ်တော့မှပြန်မလာဘူးဆိုတဲ့အကြောင်းကိုလည်း ပြောပြလိုက်ပါ”

“ဟုတ်ကဲ့ ပြောလိုက်ပါ့မယ်”

“ခင်ဗျားတို့နှစ်ယောက်ကော တကယ်ပဲ ကျွန်တော်တို့နဲ့အတူ မလိုက်ကြတော့ဘူးလား”

ဝမ်ကျက် ငွေပန်းဖြူတို့ ညီအစ်မကို လှမ်းမေးသည်။

မိန်းကလေးနှစ်ယောက်က ခေါင်းညိတ်ပြလိုက်ကြသည်။

“ဟင်...ခင်ဗျားက ဘာကိုမေးနေတာလဲ”

လောက်ရန်က အံ့သြဟန်ဖြင့် ဝင်မေးသည်။

“သူတို့နှစ်ယောက်ဟာ စစ်တုရင်ကေရီဆီကနေ အခြားကို ထွက်မသွားချင်ဘူးလို့ ပြောနေကြတယ်၊ အဲဒါကိုမေးတာပါ”

ဝမ်ကျက်က ပြန်ပြောသည်။

လောက်ရန်က ဘာမျှမပြော။ နားလည်သဘောပေါက်သည့်အသွင်ဖြင့် ပြုံးရယ်ကာ ခေါင်းညိတ်ပြသည်။

“ကဲ ကျွန်တော် ပြောသင့်တာတွေလည်း ပြောပြီးပြီ၊ လုပ်သင့်တာတွေလည်း လုပ်ပြီးပြီ၊ နေရစ်ချင်တဲ့လူ နေရစ်၊ လိုက်ချင်တဲ့လူကျွန်တော်နဲ့အတူ လိုက်ခဲ့ကြပေတော့”



ဝမ်ကျက်က ဤသို့ပြောပြီး စမ်းချောင်းလေးအတိုင်း လျှောက်လှမ်းသွားသည်။

အိုက်တုဟောက်တို့ (၈) ယောက်နှင့် ပိုင်ရင်ဟုန်တို့သည် ဝမ်ကျက်၏နောက်မှ လိုက်လာခဲ့ကြသည်။

ငွေပန်းဖြူတို့ညီအစ်မမှာမူ နောက်ချန်နေရစ်ခဲ့ကြသည်။

စမ်းချောင်းလေးအတိုင်း အတန်ကြာအောင် လျှောက်လာခဲ့ကြရာ ခဏအကြာဝယ် စမ်းချောင်းလေးကို ကျောက်နံရံကြီးတစ်ခုက ပိတ်ဆို့ကာရံထားသလို ဖြစ်နေသည့်နေရာသို့ ရောက်ရှိလာကြသည်။

ထိုနေရာ၌ ကျောက်နံရံ၏အောက်ဘက်ဝယ် ရေအိုင်လေးတစ်ခုလိုဖြစ်နေကာ ရေစီးကနှေးကွေးပြီး ဝဲကတော့လေးဖြစ်နေကြောင်း တွေ့ကြရသည်။

ဝမ်ကျက်က စမ်းချောင်းဘေးနားရှိ ကျောက်တုံးလေးတစ်ခုပေါ်ဝယ် မီးအိမ်ကို အသာချထားလိုက်သည်။

“ဟောဒီစမ်းချောင်းရဲ့ ရေပြင်အောက်ဘက်မှာ အပြင်ဘက်ကို ထွက်နိုင်တဲ့ လိုဏ်ခေါင်းလမ်းပေါက်ရှိလိမ့်မယ်”

မီးအိမ်ကို ကျောက်တုံးပေါ် တင်ထားပြီးနောက် ဝမ်ကျက်ကပြောသည်။

“ကျွန်တော်တို့ ဒီနေရာအထိ ရောက်လာပြီးမှ ဒီအတိုင်းပြန်ထွက်သွားကြမလား၊ စစ်တုရင်ကေရာဇ်နဲ့ကေရီတို့အကြောင်း မစုံစမ်းကြတော့ဘူးလား”

အိုက်တုဟောက်က မေးသည်။

“စုံစမ်းလို့ မဖြစ်တော့ဘူး”

“ဟင်...ဘာကြောင့်လဲ”

ဤတွင် ဝမ်ကျက်က မိမိနှင့်စစ်တုရင်ကေရာဇ်တို့ စစ်တုရင်ထိုးကြရာမှ မိမိအနိုင်ရခဲ့ပုံ၊ ပိုင်ရင်ဟုန်တို့ မိန်းကလေးသုံးယောက် လွတ်လပ်ခွင့်ရနိုင်ရေးအတွက် စစ်တုရင်ကေရာဇ်က လက်မောင်းတစ်ဘက် အဆုံးခံခဲ့ရပုံ၊ မိမိက ဤနေရာသို့ မလာတော့ရန်နှင့် အနောင့်အယှက်မပေးတော့ရန် ကတိပြုခဲ့ပုံအကြောင်းများကို ပြန်ပြောပြလိုက်သည်။

စစ်တုရင်ကေရာဇ်နှင့် ပိုင်ရင်ဟုန်တို့ ပတ်သက်နေသည့်အကြောင်းများကိုမူ ပြောမပြဘဲ ချန်လှပ်ထားသည်။

“စစ်တုရင်ကေရာဇ်နဲ့ ကေရီတို့က လင်မယားမဟုတ်လား၊ ဘာကြောင့် လင်မယားအချင်းချင်း လက်မောင်းဖြတ်ပြီး အလဲအလှယ်လုပ်ရတာလဲ”

ဝမ်ကျက်ပြောသည်များကို နားထောင်ပြီးနောက် အိုက်တု



ဟောက်က တအံ့တသြပြောသည်။

“အစကတော့ သူတို့နှစ်ယောက်ကို လင်မယားလို့ ကျွန်တော်လည်းထင်မိတယ်၊ ဒါပေမယ့် အခုတော့ သူတို့နှစ်ယောက်ဟာ လက်မယားမဟုတ်နိုင်ကြောင်း ကျွန်တော် နားလည်လိုက်ပြီ”

“ဒါဖြင့် ဘာကြောင့် သူတို့ကိုယ်သူတို့ စစ်တုရင်ကေရာဇ်နဲ့ကေရီလို့ခေါ်ကြရတာလဲ”

“ဒါကတော့ သူတို့ရဲ့ စစ်တုရင်ပညာအစွမ်းထက်မြက်ပုံကို တင်စားပြီး ခံယူထားကြတာဖြစ်မှာပေါ့၊ ဒီလိုအမည်ခံယူထားတိုင်း သူတို့နှစ်ယောက်ဟာ လင်မယားမဟုတ်နိုင်ပါဘူး”

“ဒါနဲ့ ရှင်က စစ်တုရင်ကေရာဇ်ကို စစ်တုရင်တစ်ပွဲအနိုင်ရတယ်လို့ဆိုတာ ဘယ်လိုမျိုး အနိုင်ရတာလဲ”

ပိုင်ရင်ဟုန်က ကြားဝင်မေးသည်။

“စစ်တုရင်ကေရာဇ်က စိတ်မတည်ငြိမ်ဘဲဖြစ်နေလို့ ကျွန်တော်အနိုင်ရလိုက်တာပါ၊ တကယ်တော့ ကျွန်တော့်ရဲ့စစ်တုရင်ပညာက သူ့ထက်အများကြီးညံ့ပါတယ်”

“သူက ဘာကြောင့် စိတ်မတည်မငြိမ် ဖြစ်နေရတာလဲ”

“အဲဒါကိုတော့ ကျွန်တော်လည်းမသိဘူး”

စစ်တုရင်ကေရာဇ်နှင့်ပိုင်ရင်ဟုန်တို့ ပတ်သက်နေကြပုံ အ

ကြောင်းကို ထုတ်မပြောလိုသောကြောင့် ဝမ်ကျုက်က ငြင်းဆိုလိုက်သည်။ ဤသို့ပြောနေယင်းမှ ဝမ်ကျုက်၏စိတ်ထဲဝယ် ဖေယွှင်က စစ်တုရင်ကေရာဇ်အတွက် စကားလက်ဆောင်ပါးလိုက်မှုကို ရုတ်တရက် သတိရမိသည်။

"ဟာ..ဒုက္ခပဲ၊ ကျွန်တော်မေ့နေလိုက်တာ"

ဝမ်ကျုက်က လွှတ်ကနဲ ပြောသည်။

"ဘာမေ့တာလဲ"

ပိုင်ရင်ဟုန်က တအံ့တသြဟန်ဖြင့် ပြန်မေးသည်။

"အားလုံး ဒီနေရာမှာ ခဏစောင့်နေကြပါ။ ကျွန်တော်အခုပဲ ပြန်လာခဲ့မယ်၊ စစ်တုရင်ကေရာဇ်ကို ပြောစရာလေးတစ်ခု မေ့ကျန်နေလို့"

ဝမ်ကျုက်က ဤသို့ပြောပြီး ခြေလှမ်းပြင်လိုက်သည်။ ဓါးအိမ်ကိုလည်း ကောက်ကိုင်လိုက်သည်။

"ကျွန်မလည်း ရှင်နဲ့အတူတူ လိုက်ခဲ့မယ်"

ပိုင်ရင်ဟုန်က ပြောသည်။

"ဟာ..ခင်ဗျားလိုက်လို့ မဖြစ်ဘူး"

"ဘာကြောင့် မဖြစ်ရမှာလဲ"

"မလိုက်နဲ့ဆိုယင် မလိုက်ပါနဲ့၊ အကြောင်းရင်းကိုတော့ ပြောပြလို့မဖြစ်ဘူး"



"ကျွန်မက ရှင့်မှာ အန္တရာယ်တွေ့မှာစိုးလို့ပါ"

"ဒီအတွက် မပူပါနဲ့၊ ကျွန်တော် အန္တရာယ်မတွေ့နိုင်ပါဘူး"

ပိုင်ရင်ဟုန်သည် ဘာမျှမပြောတော့ဘဲ အသာနောက်ဆုတ်ထွက်နေလိုက်သည်။

ဝမ်ကျုက်လည်း စမ်းချောင်းလေး၏ဘေးမှ လျှောက်ကာ လာလမ်းအတိုင်း နောက်ကြောင်းပြန်လှည့်ကာ ပြန်လာခဲ့သည်။

* * *

ဝမ်ကျုက်က စမ်းချောင်းလေးအတိုင်း နောက်ကြောင်းလှည့်ကာပြန်လာခဲ့သည်။

ထိုသို့ လျှောက်လှမ်းလာခဲ့ရာဝယ် စစ်တုရင်ကေရာဇ်ရှိရာ အခန်းသို့သွားသည့် လမ်းကြောင်းကို မည်သို့မျှရှာ၍မရဘဲ ယောင်သည်လည်ဖြစ်နေသည်။

ယောင်လည်လည်ဖြစ်ကာ ဒုက္ခရောက်နေခိုက် တကျွိကျွိ ကက်ခလုတ်ရွှေ့လျားသံနှင့်အတူ နံရံတစ်ခုဝယ် အပေါက်တစ်ခုပေါ်လာသည်ကို တွေ့ရသည်။

ဝမ်ကျက် အားရဝမ်းသာဖြစ်ပြီး ထိုတံခါးမှ လျှောက်လှမ်းဝင်ရောက်မည်အပြု လူတစ်ယောက် တံခါးပေါက်မှ ထွက်လာသည်ကိုမြင်လိုက်ရသည်။

ထွက်လာသူမှာ စစ်တုရင်ဧကရာဇ်ပင်ဖြစ်သည်။

"ဟော..ခင်ဗျားပါလား၊ ခင်ဗျားနဲ့အခုလိုတွေ့တာ သိပ်ကောင်းတယ်၊ ကျွန်တော် ပြောစရာစကားတစ်ခုရှိလို့ ပြန်လှည့်လာတာ"

ဝမ်ကျက်က အားရဝမ်းသာ ပြောလိုက်သည်။

"ဖေယွင်မှာကြားလိုက်တဲ့စကားကို ပြောဖို့မေ့နေတာမဟုတ်လား"

စစ်တုရင်ဧကရာဇ်က ပြန်ပြောသည်။

စစ်တုရင်ဧကရာဇ်သည် ညာလက်မောင်းမှ ဒဏ်ရာကို ပတ်တီးစည်းနှောင်ထားပြီး ဖြစ်သည်။

သို့သော် မျက်နှာမှာမူ သိပ်ကြည်ကြည်လင်လင် မရှိသေး။

"ဟုတ်ပါတယ်"

ဝမ်ကျက်က ခေါင်းညိတ်ပြပြီးပြောသည်။

"ကဲ.ပြောစမ်းပါဦး၊ ဖေယွင်က ဘာများမှာကြားလိုက်တာလဲ"



"အမြောက်လေး၊ အဝင်ခုနစ်တဲ့၊ စစ်တုရင်ရွှေ့ကွက်ဖြစ်ပိမ့်မယ်"

စစ်တုရင်ဧကရာဇ်က ခေါင်းညိတ်ပြသည်။

ထို့နောက် မျက်လုံးကိုစုံမှိတ်ကာ တစ်စုံတစ်ရာကို အလေးအနက်စဉ်းစားသည်။

အတန်ကြာအောင် စဉ်းစားပြီးနောက် မျက်လုံးကိုပြန်ဖွင့်ကာ သက်ပြင်းတစ်ချက်ချပြီး ပြောသည်။

"သိပ်ကိုကောင်းတဲ့အကွက်ပဲ၊ ဒါပေမယ့် နှမြောစရာကောင်းတာက အတော့်ကိုနောက်ကျသွားပြီ"

"ဘာကြောင့် နောက်ကျတာလဲ၊ ဘာကိုဆိုလိုတာလဲ"

စစ်တုရင်ဧကရာဇ်က ဝမ်ကျက်၏၏မေးခွန်းကို အဖြေမပေး။ အင်္ကျီရင်ဘတ်ထဲမှ ဝါးကျည်တောက်တစ်ခုကို နှိုက်ထုတ်ကာ ဝမ်ကျက်ကို လှမ်းပေးသည်။

"အဲဒီအထဲမှာ စစ်တုရင်ဓားသိုင်းကျမ်းရှိတယ်၊ ကျူပ် နှစ်ပေါင်းများစွာ ကြိုးစားထွင်ပြီးရေးသားထားတဲ့ အဆန်းမြင့်သိုင်းကွက်တွေပဲ"

"အဲဒါကို ဖေယွင်ကို တဆင့်ပေးလိုက်ရမှာလား"

"မဟုတ်ဘူး၊ ဖေယွင်အတွက် သိုင်းပညာကျမ်းတွေဟာ

ဘာမှမလိုအပ်တော့ဘူး၊ အသုံးလည်းမဝင်တော့ဘူး၊ မင်းက အဲဒီ စစ်တုရင်ဓားသိုင်းကျမ်းမှာပါတဲ့ သိုင်းကွက်သိုင်းပညာတွေကို လေ့ကျင့်ပြီးယင် ပိုင်ရင်ဟုန်ကို ဆက်လက်ပြီးသင်ပြပေးပါ၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် ပိုင်ရင်ဟုန်ကို ဒီစစ်တုရင်ဓားသိုင်းတတ်ကျွမ်း စေချင်တယ်၊ ပိုင်ရင်ဟုန်သာ စစ်တုရင်ဓားသိုင်းကို တတ်ကျွမ်းပြီးယင် ဇမ္ဗူတခွင်မှာ ပြိုင်ဘက်ကင်းတဲ့ အကျော်အမော်ဓားသိုင်းပညာရှင် ဖြစ်နိုင်တယ်၊ ယိပေါက်ကျင့်၊ ချိုယွဲ့ထိုင်နဲ့ ကျောက်ချုံးတို့သုံးယောက် ပူးပေါင်းတာတောင် ပိုင်ရင်ဟုန်အနေနဲ့ ကြောက်စရာမရှိတော့ဘူး”

“ခင်ဗျားက ပိုင်ရင်ဟုန်ကို စစ်တုရင်ဓားသိုင်းသင်ကြားစေချင်တဲ့နေရာမှာ ရည်ရွယ်ချက် ထွေထွေထူးထူးရှိသလား”

“ထွေထွေထူးထူး ရည်ရွယ်ချက်တော့ မရှိပါဘူး၊ သူ့ကို အဆင့်မြင့်သိုင်းပညာ တတ်မြောက်စေချင်တဲ့သဘောပါပဲ၊ ဒီလိုတတ်မြောက်ထားယင် သူ့ကိုယ်သူကာကွယ် စောင့်ရှောက်ထားနိုင်လိမ့်မယ်”

“ကောင်းပါပြီ၊ ဒီစစ်တုရင်ဓားသိုင်းကျမ်းကို ပိုင်ရင်ဟုန်လက်ထဲ ကျွန်တော်ပေးအပ်လိုက်ပါ့မယ်”

“ဒီလိုမဟုတ်ဘူး၊ မင်းအရင်လေ့ကျင့်ပါ၊ မင်းကိုယ်တိုင်တတ်မြောက်ပြီးမှ ပိုင်ရင်ဟုန်ကို ပြန်သင်ကြားပေးပါ၊ ဒီစစ်တုရင်



ဓားသိုင်းကို ကျုပ်ကပေးလိုက်တယ်ဆိုတာကိုလည်း ပိုင်ရင်ဟုန် မသိစေနဲ့”

“ဘာကြောင့်လဲ”

“အကြောင်းရင်းကို မသိချင်နဲ့”

“ကျွန်တော့်အနေနဲ့ ဒီစစ်တုရင်ဓားသိုင်းကို လေ့ကျင့်အောင်မြင်နိုင်ပါ့မလား”

“မင်းဟာ ဉာဏ်ရည်ဉာဏ်သွေးကောင်းပါတယ်၊ ပြီးတော့ ဓားသိုင်းပညာဘက်မှာလည်း အတော်စွမ်းတယ်၊ ဒီတော့ စစ်တုရင်ဓားသိုင်းကို အခက်အခဲမရှိဘဲ အောင်မြင်အောင် လေ့ကျင့်နိုင်ပါလိမ့်မယ်”

“ပိုင်ရင်ဟုန်ကို ခင်ဗျားဟာ သူ့အဖေဖြစ်ကြောင်းကိုကော မပြောပြရဘူးလား”

“မပြောနဲ့၊ ဒီအကြောင်းလျှို့ဝှက်ထား၊ ပေါက်ကြားသွားယင် မင်းအများကြီး နောင်တရလိမ့်မယ်”

“ခင်ဗျားက လျှို့ဝှက်ထားဆိုယင်လည်း လျှို့ဝှက်ထားပါ့မယ်၊ ဒါပေမယ့် ပိုင်ရင်ဟုန်ဟာ သူ့ရဲ့မွေးဖခင်အရင်း ဘယ်သူလည်းဆိုတာကိုတော့ သိချင်လိမ့်မယ်”

“ကဲ မင်းသွားနိုင်ပြီ”

"ဖေယွင်ကိုကော ဘာမှလိုက်အုံးမလဲ"

"မှာစရာ စကားမရှိပါဘူး"

"ကျွန်တော် ကတိပေးထားတဲ့အတိုင်း ဒီနေရာကို ဘယ်တော့မှပြန်မလာတော့ဘူး၊ ဒီနေ့ဟာ ခင်ဗျားနဲ့ကျွန်တော် နောက်ဆုံးတွေ့ရတဲ့နေ့ ဖြစ်ချင်ဖြစ်မယ်၊ ခင်ဗျား တကယ်ပဲ ဖေယွင်အတွက် ပြောဆိုမှာကြားစရာမရှိဘူးလား"

"သူတို့အားလုံးကို မေ့ပျောက်ပစ်လိုက်ပါလို့ပဲ ပြောလိုက်ပါ"

"အင်း...ခင်ဗျားပြောချင်တာက ဒီစကားမျိုးဆိုယင်တော့ ဘာမှမပြောဘဲ နေလိုက်တာက ကောင်းလိမ့်မယ်"

"ဒါကတော့ မင်းသဘောပဲ၊ မပြောချင်ယင်လည်းနေ၊ ပြောချင်တယ်ဆိုယင်လည်း ကျုပ်မှာလိုက်တာကို ပြောလိုက်ပါ"

"ငွေပန်းဖြူနဲ့ငွေပန်းနက်တို့ဟာ ကျွန်တော်နဲ့အတူတူ မလိုက်လာချင်ကြဘူး၊ သူတို့က စစ်တုရင်ဧကရီနဲ့ပဲ နေခဲ့ချင်တယ်လို့ ပြောနေကြတယ်၊ အဲဒါက ဘယ်လိုသဘောလဲ"

"ဒီအကြောင်းကို မသိချင်ပါနဲ့၊ သိရယင် ကောင်းကျိုးမရှိဘူး၊ မင်းအတွက် ဆိုးကျိုးပဲရှိမယ်"

"ကျောက်နန်စင် သေဆုံးခဲ့ရတာနဲ့ပတ်သက်ပြီး ခင်ဗျားက



ဘာများ အထောက်အကူပေးနိုင်မလဲ"

"ဘာမှ မပေးနိုင်ဘူး"

"ဒါဆိုယင် ကျွန်တော်သွားတော့မယ်"

"ကောင်းပြီ"

ဝမ်ကျက်သည် စစ်တုရင်ဧကရာဇ်ကို နှုတ်ဆက်စကားဆိုပြီးနောက် အိုက်တုပောက်တို့လူစုစောင့်နေသည့် နေရာသို့ ပြန်လာခဲ့သည်။

* * *

"ခင်ဗျား ဘာကြောင့် နောက်ကြောင်းလှည့်ပြီး ပြန်သွားခဲ့တာလဲ"

ကြင်ကျင်ချန်က ဝမ်ကျက်ကို ဆီး၍မေးသည်။

ဝမ်ကျက် အတော်အဖြေရခက်သွားသည်။

ရုတ်တရက် ဘာပြောရမည်မှန်းမသိ ဖြစ်နေသည်။

"ခင်ဗျားအနေနဲ့ ပြောဖို့ဝန်လေးနေမယ်ဆိုယင်လည်း မပြောပါနဲ့တော့"

ကြင်ကျင်ချန်က ပြောသည်။

ဘာမျှမပြောဘဲ နေလိုက်လျှင် ကြင်ကျင်ချန်တို့တတွေ မိမိ

အပေါ် မကျေမနပ်ဖြစ်နိုင်ကြောင်း ဝမ်ကျက် နားလည်သည်။

သို့သော် စစ်တုရင်ဧကရာဇ်ကိုယ်တိုင်က သေသေချာချာ ပြောဆိုမှာကြားလိုက်သည့် လျှို့ဝှက်ချက်ကိုလည်း ဝမ်ကျက်အနေ ဖြင့် ထုတ်ဖော်ပြော၍မဖြစ်။

ထို့ကြောင့် ဝမ်ကျက်သည် စကားပရိယာယ်ဆင်ကာ တမျိုး လွှဲ၍ပြောသည်။

"ယိပေါက်ကျင့်နဲ့ ကျောက်ချုံးတို့အကြားမှာ ဘယ်လိုများ မကျေနပ်ချက်တွေရှိသလဲဆိုတာ မေးကြည့်ဖို့ စိတ်ကူးရတာနဲ့ ပြန် လှည့်သွားခဲ့တာပါ"

"ဘယ်လိုများ သိခဲ့ရသလဲ"

"ကျွန်တော့်အဖို့ မောတာသာ အဖတ်တင်တယ်၊ နောက် ကြောင်းပြန်လှည့်သွားတော့ လျှို့ဝှက်တံခါးက ပိတ်သွားပြီး စစ်တု ရင်ဧကရာဇ်နဲ့လည်း မတွေ့ရတော့ဘူး၊ ဒါကြောင့် ဒီအတိုင်း ပြန် လာခဲ့ရတယ်၊ ကဲ ကျွန်တော်တို့တတွေ အပြင်ထွက်ကြပါစို့၊ ကျွန် တော်က ရှေ့ဆုံးကနေသွားမယ်"

* * *



အခန်း(၅)

ဝမ်ကျက်တို့လူစု မိစ္ဆာလေပွေကျွန်းပေါ်သို့ ပြန်ရောက်ခဲ့ ကြသည်။ ထိုအချိန်တွင် နေမထွက်သေး။

ကောင်းကင်တွင် လမင်းကြီးက ထိန်ထိန်သာနေသည်။

ဝမ်ကျက်တို့လူစုမှာ ကြောက်စရာကောင်းသောနေရာမှ လွတ်မြောက်လာခဲ့ရသည့်အတွက် စိတ်ထဲဝယ် ထူးခြားစွာ ခံစားနေ ကြရသည်။

"အခု အချိန်ဘယ်လောက်ရှိပြီ ထင်သလဲ"

အိုက်တုဟောက်က ကမ်းစပ်ရှိ ကျောက်တုံးကြီးတစ်တုံး ပေါ်ဝယ် ထိုင်ချပြီးမေးလိုက်သည်။

"အရုဏ်တက်လုနီးနေပြီ၊ သုံးနာရီလောက်တော့ရှိမှာပေါ့"

ဝေကြဲ့ရှန်က မိုးကောင်းကင်ပေါ်ရှိ ကြယ်များ၏အနေအ ထားကို ကြည့်၍ပြောသည်။

"မိုးလင်းယင် လှေတွေရောက်လာလိမ့်မယ်လို့ လောက်ရ
ကပြောလိုက်တယ်၊ ဒီတော့ ကျွန်တော်တို့ မိုးလင်းတဲ့အထိ ဒီနေရ
ကနေ စောင့်ကြရအောင်လား"

ဝမ်ကျက်က ပြောသည်။ သူတို့လူစုသည် ကျွန်းကမ်းစပ်
ကျောက်တုံးများပေါ် ဝယ်ထိုင်ချလိုက်သည်။

"အင်း...ဒီလိပ်ပြာကန်ကြီးရဲ့ အောက်ခြေမှာ ရွှေအိမ်တွေ
ရှိနေတယ်ဆိုတဲ့ ဒဏ္ဍာရီပုံပြင်ဟာ အခုအတိုင်းဆိုယင် မှန်သလိုဖြစ်
နေပြီ"

လုဖေဝမ်းက ပြောသည်။

"လိပ်ပြာကန်ကနေ ကွင်းစန်းတောင်တန်းအထိ လျှို့ဝှက်
လိုဏ်ဂူဥမင်လမ်းကြောင်းတွေ ဆက်သွယ်နေတယ်ဆိုတဲ့ ဒဏ္ဍာရီ
ပုံပြင်ဟာလည်း မှန်ဖို့များတယ်"

လင်ရိကျင်က ဝင်ပြောသည်။

"ဝမ်ကျက် ကျွန်တော်တို့ ဘယ်လိုဆက်လုပ်ကြမလဲ"

အိုက်တုဟောက်က ဝမ်ကျက်ကို လှမ်းမေးသည်။

"ခင်ဗျားတို့အားလုံးရဲ့ လွတ်မြောက်မှုအတွက် ဒီကို နောက်
တစ်ခေါက်ပြန်မလာတော့ပါဘူး၊ သူ့ကိုလည်းအနှောင့်အယှက်မ
ပေးတော့ပါဘူးလို့ စစ်တုရင်ဧကရာဇ်ကို ကျွန်တော်ကတိပေးထားခဲ့



တယ်၊ ဒါကြောင့် ကျွန်တော်တို့ ဒီမှာတင်ပဲ တစခန်းရပ်ပြီး ပြန်သွား
ကြဖို့ပဲရှိတယ်"

ဝမ်ကျက်က ပြန်ပြောသည်။

"ဟာ...ဒီလိုဘယ်ဟုတ်မှာလဲ၊ စစ်တုရင်ဧကရာဇ်နဲ့ ကေရီ
တို့ဟာ လူတွေကို စစ်တုရင်ရုပ်တွေအဖြစ် အသုံးပြုပြီး စစ်တုရင်က
စားကြတယ်၊ အစားခံရတဲ့လူဟာ သေရတယ်၊ စစ်တုရင်ဧကရာဇ်နဲ့
ကေရီတို့ ဆက်ရှိနေယင် လူအသေအပျောက်ဆက်ပြီးရှိနိုင်တယ်၊ ဒီ
ဝိစ္စကို ရပ်တန်းကရပ်သွားအောင် လုပ်ရမယ်"

အိုက်တုဟောက်က ပြောသည်။

"ဟုတ်တယ်၊ ကျွန်တော်တို့ အနည်းငယ် အရေးနိမ့်ရတာနဲ့
လက်လျှော့လို့ဘယ်ဖြစ်မှာလဲ၊ ဟိုလှေပြန်လာယင် ကျွန်တော်တို့
ကျွန်းမြို့ကိုပြန်မယ်၊ ဟိုမှ ခဏအနားယူမယ်၊ ရိက္ခာခြောက်တွေ
ဆောင်းမယ်၊ ပြီးတော့ ဒီကိုပြန်လာပြီး စစ်တုရင်ဧကရာဇ်နဲ့ကေရီ
တို့ကို ရင်ဆိုင်တိုက်ခိုက်မယ်"

ကြို့ဝင်းက သူ့အကြံကိုပြောသည်။

"ဟုတ်တယ်၊ ဒီအကြံကောင်းတယ်၊ အဲဒီအတိုင်းလုပ်ရမယ်၊
ဝမ်ကျက် ဘယ်လိုသဘောရသလဲ"

အိုက်တုဟောက်က ကြို့ဝင်း၏အကြံကို အားရပါးရထောက်

ခံပြီးနောက် ဝမ်ကျက်ကို လှမ်းမေးသည်။

"စစ်တုရင်ကောရာဇ်နဲ့ ကေရီတို့ဟာ လူတွေကို စစ်တုရင်ရုပ် အဖြစ် အသုံးချပြီး စစ်တုရင်ကစားကြတာမှန်ပေမယ့် အစားခံရတဲ့ လူတွေဟာ တကယ်ပဲအသက်သေသလား၊ မသေဘူးလားဆိုတာက တော့ စဉ်းစားစရာဖြစ်နေတယ်၊ တကယ်လို့ အစားခံရတဲ့လူတွေဟာ အသက်မသေကြဘူးဆိုယင်တော့ ကျွန်တော်တို့အနေနဲ့ ဒီကိစ္စကို ဆက်အရေးယူစရာမလိုဘူး"

ဝမ်ကျက်က ပြောသည်။

"အစားခံရတဲ့လူ အသက်သေသွားရတယ်လို့ ခင်ဗျားပဲ ပြောခဲ့တယ်မဟုတ်လား"

အိုက်တုဟောက်က မျက်မှောင်ကြုတ်ကာ ပြောသည်။

"အဲဒါက ကျွန်တော့်ရဲ့ တွေးဆချက်ပါ၊ တိတိကျကျ မပြော နိုင်ဘူး၊ အဲဒီတုန်းက ကျွန်တော်နဲ့ငွေပန်းဖြူတို့ဟာ ခပ်ဝေးဝေးက လှမ်းကြည့်နေတာဆိုတော့ အစားခံရတဲ့လူ တကယ်ပဲသေသလား မသေဘူးလားဆိုတာကို ကွဲကွဲပြားပြား တိတိကျကျ မမြင်ရဘူး၊ လဲ ကျသွားတာကိုပဲတွေ့ရတယ်၊ စစ်တုရင်ကွင်းမှာ သွားစစ်ဆေးကြည့် တော့လည်း သွေးစသွေးန မမြင်ရဘူး"

မကြာမီမှာပင် အရုဏ်ဦးရောင်နီပေါ်လာပြီး နေထွက်လာ



သည်။ နေထွက်လာချိန်မှာပင် လှေတစ်စင်း ကန်ရေပြင်တွင် ပေါ် လာသည်။

ဝမ်ကျက်နှင့် အိုက်တုဟောက်တို့လူစု စီးလာခဲ့ကြသည့် လှေကြီးပင်ဖြစ်၏။ လှေသည် ကမ်းစပ်နှင့် ပေ(၅၀)ခန့်အကွာဝယ် ရပ်နားလိုက်သည်။

"ဝမ်ကျက် လှေ ဒီမှာရောက်လာပြီ၊ လှေပေါ်မှာ လှေသ မားအဘိုးအိုလည်းရှိနေတယ်၊ ကျုပ်တို့ဘက်က ကတိအတိုင်း အား လုံးလုပ်ပေးပြီးပြီ၊ ခင်ဗျားလည်း ကတိတည်ပါစေ"

လောက်ရန်သည် ဤသို့ပြောပြီးနောက် လှေပေါ်မှနေ၍ ရေထဲသို့ ခုန်ချကာ ငုပ်လျှိုးပျောက်ကွယ်သွားသည်။

လှေဦးပိုင်းတွင် လှေသမားအဘိုးအို ပေါ်ပေါက်လာပြန် သည်ကို ဝမ်ကျက်တို့ တွေ့လိုက်ကြရသည်။

"ကဲ…ကျွန်တော်တို့ လှေပေါ်ကို တက်ကြပါစို့"

ဝမ်ကျက်က ပြောလိုက်သည်။

ထို့နောက် သူတို့လူစုသည် ရေထဲသို့ဆင်းကာ လှေရှိရာသို့ ကူးခတ်လာခဲ့ကြသည်။ လှေပေါ်သို့ တက်ကြသည်။ ထို့နောက် လှေ ကိုအရှေ့ ဘက်ဆီသို့ ဦးတည်ကာ ရွက်လွှင့် ထွက်လာခဲ့ကြသည်။

ဝမ်ကျက်က လှေပဲ့ကိုင်နေသော အဘိုးအိုရှိရာသို့သွားပြီး

မေးမြန်းကြည့်သည်။

"အဘကို သူတို့က ဘယ်နေရာမှာ ဖမ်းချုပ်ထားကြသလဲ"

အဘိုးအိုက ပြုံး၍ခေါင်းကိုခါယမ်းပြသည်။ ဘာမျှမပြော။

"အဘ ဘာကြောင့် အဖြေမပေးတာလဲ"

"ဒီနေ့ ကျုပ်အသက် သေရာကပြန်ရှင်လာရသလိုပါပဲ၊ ဒီတော့ ကျုပ်ကို ဘာမှမမေးပါနဲ့၊ ကျုပ် ဘာကိုမှမသိဘူး"

"သူတို့က သူတို့အကြောင်းကို ထုတ်မပြောဘဲလျှို့ဝှက်ထားရမယ်လို့ ခြိမ်းခြောက်လိုက်ကြပြီ ထင်တယ်"

"ဟုတ်ပါတယ်၊ ကျုပ်ပါးစပ်က စကားတစ်ခွန်းထွက်လိုက်တာနဲ့ ကျုပ်ရဲ့မိသားစုအားလုံး အသက်ဆုံးရှုံးကြရလိမ့်မယ်"

"ကောင်းပါပြီ၊ ဒီလိုဆိုယင် ကျွန်တော် မမေးတော့ပါဘူး၊ ဒီရက်ပိုင်းအတွင်းမှာ ကျွန်တော့်ကြောင့် အဘဒုက္ခတွေ့ခဲ့ရတာကို ကျွန်တော် အများကြီး စိတ်မကောင်းပါဘူး။ အခုလို အဘဘေးကင်းရန်ကင်း ထွက်လာနိုင်တာကို ကျွန်တော် အများကြီးဝမ်းသာပါတယ်"

ဝမ်ကျက်က ပြောလိုက်သည်။ ထိုအချိန်ဝယ် အိုက်တုဟောက်လည်း ဝမ်ကျက်တို့အနီးသို့ ရောက်လာသည်။ ဝမ်ကျက်နှင့် လှေသမားအဘိုးအိုတို့ အပြန်အလှန်ပြောကြသည်များကို အိုက်တု



ဟာက်လည်း ကြားသည်။ အဘိုးအို ရေငုံနှုတ်ပိတ်လုပ်နေသည်ကို ိုက်တုဟောက်က သိပ်မကျေနပ်။

"ဒီလှေပေါ်မှာ စစ်တုရင်ဧကရာဇ်ရဲ့လူလည်း ပါမလာပါူး၊ အဘထုတ်ပြောတဲ့စကားတွေကို စစ်တုရင်ဧကရာဇ်ဟာ ဘယ်ည်းနဲ့မှ မသိနိုင်ဘူး၊ ဒီတော့ ရဲရဲသာပြောလိုက်စမ်းပါ၊ အဘပြန်ပြောတာတွေပေါ်မူတည်ပြီး ကျွန်တော်တို့က စစ်တုရင်ဧကရာဇ်နဲ့ ကရီတို့ကို နှိမ်နင်းနိုင်မယ့်နည်းလမ်းတွေ ရှာကြံစဉ်းစားနိုင်မယ်၊ ဘသိတာတွေ ပြောပြယင် ဆုငွေကောင်းကောင်းချမယ်"

"ဒီအတွက်တော့ ဝမ်းနည်းပါတယ်၊ ကျုပ်ကို ငွေအသပြာ ထောင်သောင်းပုံပေးတောင် မပြောနိုင်ပါဘူး"

"အကုန်လုံးမဟုတ်ယင်တောင် နည်းနည်းပါးပါးလောက် ပြောပြပါလား၊ ဒီနေရာဟာ စစ်တုရင်ဧကရာဇ်ရှိနေတဲ့ နေရာနဲ့ဝေး နေပါပြီ၊ ပြီးတော့ ကန်ရေပြင်က လှေပေါ်မှာဆိုတော့ *အဘပြော* ာတွေကို စစ်တုရင်ဧကရာဇ် ဘယ်လိုလုပ်သိနိုင်မှာလဲ၊ သူ့မှာ ကြားအမြင်ပေါက်မှသာ သိနိုင်လိမ့်မယ်"

"မောင်ရင်လေးပြောတာ မှားနေပြီ၊ စစ်တုရင်ဧကရာဇ်က ရာရာကို သိမြင်နိုင်တယ်၊ အထူးသဖြင့် အတိတ်နဲ့အနာဂတ်ကို တတ်ဟောနိုင်စွမ်းရှိတယ်၊ သူ့ကိုကြည့်ရတာ အကြားအမြင်ပေါက်

မြောက်နေသလိုပဲ”

လှေသမားအဘိုးအိုက ပြန်ပြောသည်။

“သူက အတိတ်နဲ့အနာဂတ်ကို သိမြင်နိုင်တယ်လို့ အဘဘာကြောင့်ပြောနိုင်သလဲ”

ထိုအချိန်ဝယ် လှေသမားအဘိုးအို၏မျက်နှာဝယ် ကြောက်လန့်သည့်အရိပ်အသွင်များ ပေါ်ပေါက်လာသည်။

“သူ..သူက..ကျုပ်အကြောင်းကို ကျုပ်ထက်တောင် ပိုပြီးသိနေတယ်၊ ကျုပ်အသက် ရှစ်နှစ်သားက အကြီးအကျယ်ဖျားခဲ့တာကို သူပြောနိုင်တယ်၊ ကျုပ်အိမ်က ခုတင်အောက်မှာ ရွှေတုံးငါးတုံးတူးပြီးဝှက်ထားတာကိုလည်းသူသိနေတယ်”

“ဒီအကြောင်းတွေကို သူစုံစမ်းထားလို့ သိနေတာ ဖြစ်မှာပေါ့”

“ဟာ..ဘယ်ဟုတ်ရမှာလဲ၊ ကျုပ် ရွှေတုန်းတွေတူးမြှုပ်တုန်းက ဘယ်သူမှမသိအောင် ညကြီးသန်းခေါင်မှာ တိတ်တိတ်လေးလုပ်တာ၊ ကျုပ်ရဲ့အိမ်သူအိမ်သားတွေတောင် မသိဘူး”

“စစ်တုရင်ဧကရာဇ်က သိုင်းပညာသိပ်မြင့်မားတယ်၊ သူများတွေ မသိမမြင်ရအောင် သွားလာလှုပ်ရှားနိုင်တယ်၊ အဘရွှေအိုးမြှုပ်တာကို သူက အမှတ်မထင်တွေ့ခဲ့မိတာဖြစ်လိမ့်မယ်”



“မောင်ရင်လေးဟာ အိုက်တုဟောက်ဆိုတဲ့လူ ဖြစ်မယ်ထင်တယ်”

လှေသမားအဘိုးအို၏စကားကြောင့် အိုက်တုဟောက် ကြောင်အမ်းအမ်း ဖြစ်သွားရသည်။

“ဟုတ်ပါတယ်၊ ကျွန်တော် အိုက်တုဟောက်ပါပဲ”

“အင်း..အဲဒါလည်း မှန်သွားပြန်ပြီ၊ ဒီနေ့မနက်ကျယင် လှေပေါ်မှာ အိုက်တုဟောက်ဆိုတဲ့လုလင်က ကျုပ်ကို မေးခွန်းတွေအမျိုးမျိုးလာမေးမြန်းလိမ့်မယ်လို့ စစ်တုရင်ဧကရာဇ်က အတပ်ပြောလိုက်တယ်၊ ဒီလိုမေးလာတဲ့အခါမှာ စကားတစ်ခွန်း ပြောလိုက်ဖို့လည်း သူကမှာလိုက်တယ်”

ထိုအချိန်ဝယ် ကျန်လူများမှာလည်း သူတို့စကားပြောနေရာအနီးသို့ စုဝေးရောက်ရှိလာကြသည်။

“သူက ကျွန်တော့်ကို ဘာများမှာကြားလိုက်တာလဲ”

အိုက်တုဟောက်က မျက်မှောင်ကြုတ်ပြီးမေးသည်။

“ဒီနေ့ညမှာ မောင်ရင်လေးအတွက် အန္တရာယ်ရှိတယ်တဲ့၊ ဒဏ်ကြေဆေးဆောင်ထားယင် ကောင်းမယ်လို့ပြောလိုက်တယ်”

“သူက ထင်ရာရမ်းပြောလိုက်တာပါ”

“သူပြောတာ မှန်လားမှားလားဆိုတာ ညနေကျယင် သိရ

မှာပါပဲ"

"သူက နောက်ထပ် ဘာများပြောလိုက်သေးလဲ"

"လုဖေဝမ်းဆိုတဲ့ မောင်ရင်လေးဟာ ဘယ်သူလဲ"

လေ့သမားအဘိုးအိုက သူ့နားဝယ် ရပ်နေကြသော လုလင်များကို မျက်လုံးတစ်ချက် ဝေ့ကာကြည့်ပြီး မေးသည်။

"ကျွန်တော်ပါပဲ"

လုဖေဝမ်းက လက်မြှောက်ပြပြီး အဖြေပေးသည်။

"စစ်တုရင်ဧကရာဇ်က ပြောလိုက်တယ်၊ မောင်ရင်လေးရဲ့ မိခင် နောက်တစ်လအတွင်း သေဆုံးနိုင်တယ်တဲ့၊ အဲဒါ အချိန်မီ အိမ်ကိုပြန်သွားနိုင်မှ အမေ့ကို မသေခင်တွေ့နိုင်လိမ့်မယ်လို့ ပြောလိုက်တယ်"

"ဟာ..မဟုတ်တာ၊ ကျွန်တော့်အမေက ကောင်းကောင်းကန်းကန်း မာမာချာချာကြီးဗျ၊ ဘယ်လိုလုပ်ပြီး သေနိုင်မှာလဲ"

"ယုံတာမယုံတာက မောင်ရင်လေးသဘောပဲ၊ ကျုပ်ကတော့ သူမှာလိုက်တာကို ပြောပြတာ၊ ပြီးတော့ မိန်းကလေးယိစုကြည့်မှာ အန္တရာယ်ရှိနိုင်တယ်ဆိုတာလည်း ပြောပြလိုက်သေးတယ်"

ဤစကားကို ကြားရသောအခါ ဝမ်ကျက်၏ရင်ထဲဝယ် ထိတ်ကနဲ ဖြစ်သွားရသည်။



"ဝမ်ကျက် ခင်ဗျားက စစ်တုရင်ဧကရာဇ်ကို ကိုယ်တိုင်တွေ့ခဲ့ရတဲ့လူဆိုတော့ ခင်ဗျားရဲ့ထင်မြင်ချက်ကို ပြောပြစမ်းပါဦး၊ သူဟာ တကယ်ပဲ အကြားအမြင်ပေါက်ရောက်နေသလား၊ ဒါမှမဟုတ် ထင်ကြေးနဲ့ရမ်းပြောတာလား၊ စွပ်ပြီး မှန်နေတာလား"

အိုက်တုဟောက်က ဝမ်ကျက်ကို လှမ်းမေးသည်။

"အဲဒါကိုတော့ ကျွန်တော်လည်း အကဲမခတ်တတ်ဘူး"

"သူပြောတာ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ကျွန်တော်တော့ အိမ်ကိုပြန်ပြီး အမေ့အခြေအနေကို ကြည့်ဦးမှဖြစ်မယ်"

လုဖေဝမ်းက ထိတ်လန့်စိုးရိမ်သော မျက်နှာဖြင့်ပြော၏။

"ခင်ဗျားရဲ့အိမ်က ဘယ်မှာရှိသလဲ"

ဝမ်ကျက်က မေးသည်။

"စွဲရန်မြို့မှာပါ"

"စွဲရန်မြို့က လိပ်ပြာကန်နဲ့ သိပ်ဝေးတာမဟုတ်ဘူး၊ ကမ်းခြေရောက်ယင် ခင်ဗျား အိမ်ပြန်သွားကြည့်ပေါ့"

"ဒီမယ် လုဖေဝမ်း သိပ်လည်းကြောက်မနေပါနဲ့၊ လူတစ်ယောက်က ပြောလိုက်တဲ့စကားတစ်ခွန်းကြောင့် တကယ်ဖြစ်လာရမှာလားဗျ၊ ခင်ဗျားလည်း စာတတ်ပေတတ် တစ်ယောက်ပဲ၊ စဉ်းစားတွေးခေါ်ကြည့်ပါဦး"

အိုက်တုဟောက်က လုဖေဝမ်းကို ဖျောင်းဖျနှစ်သိမ့်စကား ဆိုသည်။ ထိုအချိန်တွင် ပိုင်ရင်ဟုန်က ဝမ်ကျက်ကို အသာလက်တို့ ကာ လှေဦးပိုင်းဘက်သို့ ခေါ်သွားသည်။

လှေပဲ့ပိုင်းဘက်တွင်မူ အိုက်တုဟောက်တို့လူစုနှင့် လှေသ မားအဘိုးအိုတို့မှာ အချီအချ ပြောဆိုယင်း ကျန်နေခဲ့ကြသည်။

"ဟို မြေအောက်လိုဏ်ဂူထဲက ထွက်ခါနီးမှာ ရှင်က နောက် ကြောင်းပြန်သွားတာက ဘာကိစ္စကြောင့်လဲ"

လှေဦးပိုင်းသို့ရောက်သောအခါ ပိုင်ရင်ဟုန်က ဝမ်ကျက်ကို မေးသည်။

"အဲဒီအကြောင်းကို ကျွန်တော် ရှင်းပြပြီးပြီ မဟုတ်လား"

"ရှင် ရှင်းပြတာကို ကျွန်မမယုံဘူး၊ ရှင့်မှာ အခြားအ ကြောင်း ကိစ္စတစ်ခုခုရှိရမယ်"

"ကျွန်တော် အမှန်အတိုင်းပြောတာပါ၊ မလိမ်ပါဘူး"

"ကျွန်မတို့ရဲ့ လွတ်မြောက်မှုအတွက် စစ်တုရင်ကေရာဇ်က သူ့လက်မောင်းတစ်ဘက်ကိုတောင် တန်ဖိုးအဖြစ်ပေးခဲ့တယ်၊ အဲဒါ ဟာ အရေးကြီးတဲ့ အကြောင်းတစ်ခုခုရှိလို့ဖြစ်ရမယ်၊ အဲဒီအကြောင်း ကို ကျွန်မသိချင်တယ်"

"ကျွန်တော်က စစ်တုရင်ပွဲတစ်ပွဲနိုင်လိုက်လို့ ကတိစကားအ



တိုင်း သူက ဆောင်ရွက်ပေးတာပါ၊ အခြားအကြောင်းမရှိပါဘူး"

"ရှင့်ရဲ့စစ်တုရင်ပညာဟာ စစ်တုရင်ကေရာဇ်ထက် မသာ နိုင်ပါဘူး"

"ဟုတ်ပါတယ်၊ အဲဒီတုန်းက စစ်တုရင်ကေရာဇ်ဟာ စိတ်မ တည်ငြိမ်ဘဲ လှုပ်ရှားနေလို့ ရှုံးသွားရတာပါ"

"သူက ဘာကြောင့် စိတ်လှုပ်ရှားနေရတာလဲ"

"အဲဒါကိုတော့ ကျွန်တော် မသိပါဘူး"

"တကယ်ဟုတ်ရဲ့လား၊ ရှင်ညာပြောနေတာလား"

"မညာပါဘူး တကယ်ပါ"

မညာပါဟု ပြောရသော်လည်း ဝမ်ကျက်မှာ စိတ်မလုံ၊ မျက်နှာအထားရခက်နေသည်။ ထို့ကြောင့် ပိုင်ရင်ဟုန်ကို မကြည့်ဘဲ အခြားတစ်နေရာသို့ ကြည့်နေမိသည်။

"ဝမ်ကျက် ရှင့်ကို ကျွန်မ စကားတစ်ခွန်းပြောချင်တယ်"

"ဟုတ်ကဲ့ ပြောပါ၊ ကျွန်တော် နားထောင်နေပါတယ်"

"မေမေက ကျွန်မကို ပြောဖူးတယ်၊ ရှင်ဟာ သူတွေ့ဖူးသ မျှယောကျ်ားတွေအထဲမှာ အဖြောင့်မတ်ဆုံး အတည်ကြည်ဆုံး အတော် ဆုံးပါပဲတဲ့"

* * *

## အခန်း(၆)

ညနေစောင်းအချိန်။

ဝမ်ကျက်တို့လူစု စီးနင်းပါရှိလာသော လှေတစ်စင်း လိ
ပြာကန်၏ကမ်းခြေတစ်နေရာဝယ် ဆိုက်ကပ်၏။

ထိုကမ်းခြေမှာ ရွဲရန်မြို့နှင့် သိပ်မဝေး။

လှေဖေဝမ်းမှာ သူ့မိခင်အတွက် အလွန်စိုးရိမ်နေသော
ကြောင့် ကျန်လူများကိုနှုတ်ဆက်ကာ မြင်းတစ်ကောင်ဝယ်စီး
အမြန်ဆုံးထွက်သွားသည်။

ကျန်လူများသည် တည်းခိုရိပ်သာတစ်ခုဝယ် အခန်းများ
သွားငှားကြသည်။

မိမိတို့၏ အခန်းများဝယ် ရေချိုးကာ အဝတ်အစားများ
လှယ်ပြီးနောက် သူတို့လူစုသည် တစုတဝေးတည်း တည်းခိုရိပ်သာ
ထွက်ကာ စားသောက်ဆိုင်တစ်ဆိုင်သို့ သွားကြသည်။



စားသောက်ဆိုင်အလယ်ထပ်ရှိ စားပွဲဝိုင်းကြီးဝယ် ဝိုင်းထိုင်ကြပြီး အရက်နှင့်စားသောက်ဖွယ်ရာများ မှာကြားလိုက်ကြသည်။

မကြာမီပင် မှာကြားထားသည်များ ရောက်ရှိလာသည်။ သူတို့တတွေသည် မိစ္ဆာလေပွေကျွန်းပေါ်ဝယ် ငါးကိုသာ ရက်ဆက်စားသောက်ခဲ့ကြရသည့်အတွက် ခု ဟင်းလျာကောင်းကောင်းများကို စားရသောအခါ အားလုံးပင် အားပါးတရစားသောက်ကြသည်။

စားသောက်ယင်း ဝမ်ကျက်က အိုက်တုဟောက်တို့ကို သူတို့လူစု အဖမ်းခံခဲ့ရပုံနှင့် အချုပ်ခံခဲ့ရပုံအကြောင်းများကို မေးမြန်းသည်။

"ကျွန်တော်တို့အဖြစ်က ခင်ဗျားလိုပါပဲ၊ ရေထဲဆင်းငုပ်ကြပြီး မကြာခင်မှာပဲ လူတစ်ယောက်ရဲ့ အကြောပိတ်ဖမ်းဆီးခြင်းကို ခံကြရတယ်၊ ကျွန်တော်တို့ကိုဖမ်းတဲ့လူ ဘယ်သူဘယ်ဝါလဲဆိုတာကိုတော့ ကျွန်တော်တို့မသိဘူး၊ ကျွန်တော်တို့လူစုကို မှောင်မည်းနေတဲ့ မြေအောက်လိုဏ်ဂူအချုပ်ခန်းတစ်ခုထဲမှာ ချုပ်နှောင်ထားတယ်၊ ကျွန်တော်တို့က စစ်တုရင်ဇကေရာဇ်ဆိုတာနဲ့ သိပ်ကိုတွေ့ချင်တယ်၊ ဒါပေမယ့် သူ့ကိုတစ်ခါမှ မတွေ့ရဘူး၊ ဟို လောက်ရန်ဆိုတဲ့ အခိုင်းအစေကိုပဲ တွေ့တယ်"

အိုက်တုဟောက်က ရှင်းပြသည်။

"လောက်ရန်က ခင်ဗျားတို့ကို ဘာတွေများ ပြောသေးလဲ"

"ဘာမှမပြောဘူး၊ သူနဲ့စကားတစ်ခွန်းတောင် မပြောဖူးဘူး"

ထိုအခိုက် ခြေသံများကြားရပြီး လူငယ်တစ်စု လှေကားမှ တက်လာသည်။

ထိုလူငယ်များ ပြောဆိုကြသည့် စကားသံများကိုလည်း ကြားကြရသည်။

"ယိစုကြည်တစ်ယောက် ရွှေနဂါးရဲတိုက်လက် ရောက်သွားတာ ကံခေတာပဲနော်"

"ဟုတ်တယ်၊ ရွှေနဂါးရဲတိုက်ခေါင်းဆောင် ချိုယွဲ့ထိုင်က သူ့ကို ဘယ်လိုစီရင်မလဲ မသိဘူး"

"အသပြာကြွေးကို အသပြာနဲ့ပြန်ဆပ်ရတယ်၊ အသက်ကြွေးကို အသက်နဲ့ပြန်ဆပ်ရတယ်ဆိုတဲ့ ဆိုရိုးစကားရှိတယ် မဟုတ်လား၊ သူက ချိုယွဲ့ထိုင်ရဲ့သားကို သတ်ထားတာဆိုတော့ သေဒဏ်ပဲခံရမှာပေါ့"

ထိုလူငယ်လေးယောက်တို့သည် ဝမ်ကျက်နှင့်မလှမ်းမကမ်းရှိ စားပွဲဝိုင်းကြီးတစ်ခုဝယ် ဝင်ထိုင်လိုက်ကြသည်။



ထို့နောက် စားပွဲထိုးကိုလှမ်းခေါ်ကာ စားသောက်ဖွယ်ရာများ မှာကြားသည်။

ထိုလူငယ်များ၏ ပြောစကားများကို ကြားရသောအခါ ဝမ်ကျက်၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

အိုက်တုဟောက်တို့တတွေလည်း စကားများကိုရပ်ကာ ငြိမ်သွားကြသည်။

ဝမ်ကျက်က ထိုလူရွယ်များကို လှမ်းအကဲခတ်ကြည့်သည်။

သန်မာ၍ ဖျတ်ဖျတ်လတ်လတ်ရှိကြသည်။

သိုင်းလုလင်များ ဖြစ်နိုင်သည်။

ဝမ်ကျက်သည် အိုက်တုဟောက်တို့လူစုကို ခေါင်းတစ်ချက်ညိတ်ပြပြီးနောက် ထိုင်ရာမှထကာ ထိုလူရွယ်လေးယောက် ထိုင်နေသည့် စားပွဲသို့ လျှောက်လှမ်းလာသည်။

"ခွင့်ပြုပါခင်ဗျာ၊ နှောင့်ယှက်သလိုဖြစ်မယ်ဆိုယင်လည်း တောင်းပန်ပါတယ်"

စားပွဲနားသို့ ရောက်သောအခါ ဝမ်ကျက်က ဦးညွှတ်အရိုအသေပေးပြီးပြောသည်။

"ဘာကိစ္စများ ရှိလို့လဲ"

လူရွယ်လေးယောက်ထဲမှ တစ်ယောက်က ထိုင်နေရာမှထ

ကာ ဝမ်ကျက်ကို တုံ့ပြန်အရိုအသေပေးပြီး မေးသည်။

ကျန်သုံးယောက်ကလည်း ဝမ်ကျက်ကို အကဲခတ်ကြည့်နေကြသည်။

"ယိစုကြည်ကို ရွှေနဂါးရဲတိုက်က ဖမ်းဆီးသွားတယ်ဆိုတဲ့အကြောင်း ခင်ဗျားတို့ပြောတာကို နားစွန်နားဖျား ကြားလိုက်ရလို့ပါ၊ အဲဒါဟာ တကယ်ပဲလား"

ဝမ်ကျက်က မေးလိုက်သည်။

"ခင်ဗျားက ဘယ်သူလဲ၊ နာမည် ဘယ်လိုခေါ်သလဲ"

ထိုလူရွယ်က ဝမ်ကျက်မေးသည်ကို မဖြေသေးဘဲ တုံ့ပြန်ကာ မေးခွန်းထုတ်သည်။

"ကျွန်တော့်နာမည် ဝမ်ကျက်ပါ"

"တာ့ယွင်မြို့က ရာဇဝတ်အုပ်ဝမ်ကျက်လား"

"ဟုတ်ပါတယ်"

"အင်း၊ တကယ့်လူနဲ့လာတွေ့နေရတာကိုး၊ ခင်ဗျားရဲ့ နာမည်ကို ကြားဖူးထားတာ ကြာပါပြီ"

ထိုလူရွယ်က အားရဝမ်းသာပြောသည်။

"ခင်ဗျားရဲ့နာမည်ကို ပြောပါအုံး"

"ကျွန်တော့်နာမည် ခန်ချုံးရွဲလို့ခေါ်တယ်၊ ကျွန်တော့်



ဆရာက တံငါသည်ကြီး ကူတာချီဖြစ်ပါတယ်"

တံငါသည်ကြီး ကူတာချီမှာ သိုင်းလောကတွင် နာမည်အတော်ကျော်နေသော သိုင်းသမားကြီးတစ်ယောက်ဖြစ်သည်။

သူ့အမည်ကို ဝမ်ကျက် ကောင်းစွာကြားဖူးသိဖူးထားသည်။

ကူတာချီ၏တပည့်ဖြစ်သော ခန်ချုံးရွဲမှာလည်း အစွမ်းအစမသေးနိုင်ကြောင်း နားလည်လိုက်သည်။

ခန်ချုံးရွဲက ဆက်လက်၍ သူ့မိတ်ဆွေသုံးယောက်နှင့် ဝမ်ကျက်ကို မိတ်ဆက်ပေးပြန်သည်။

ထိုသူသုံးယောက်မှာ လူတွင်ကျယ် ချင်ကျောက်ချန်၏တပည့် ကျုံးစန်အူ၊ အရိုပ်မဲ့ချန်ကြဲ့ကန်း၏တပည့် တီပေါင်၊ လက်သီးဘုရင်စုတန်ကု၏တပည့် လိုကြန်းဟန့်တို့ဖြစ်ကြသည်။

ထိုသူသုံးယောက်၏ ဆရာများမှာလည်း တကယ့်ထိပ်သီးသိုင်းဆရာကြီးများ ဖြစ်ကြသည်။

ဝမ်ကျက်ကလည်း ခန်ချုံးရွဲတို့လူစုကို မိမိ၏စားပွဲသို့ဖိတ်ခေါ်၍ အိုက်တုဟောက်တို့နှင့် မိတ်ဆက်ပေးလိုက်သည်

ထို့နောက် စားပွဲဝိုင်းနှစ်ခုကို ပူးဆက်ကာ အားလုံးဝိုင်းဖွဲ့နေရာယူကာ အတူတူ စားသောက်ကြသည်။

"ယိစုကြည် အဖမ်းခံရတယ်ဆိုတဲ့အကြောင်းကို ခင်ဗျား… သိသလောက် ပြောပြစမ်းပါအုံး"

ဝမ်ကျက်က မေးသည်။

"အဲဒီကိစ္စကို မနေ့ကပဲ ကျွန်တော်ကိုယ်တိုင် မျက်စိနဲ့တ… အပ်မြင်ခဲ့ရတာပါ၊ ကျွန်တော်ဟာ ချန်တက်မြို့က အရက်ဆိုင်တ… ဆိုင်ထဲဝင်ပြီး အရက်သောက်နေစဉ် ဝမ်ကျင့်ဦးဆောင်တဲ့ ရွှေနဂါး… နစ်ဖော်က မိန်းကလေးတစ်ယောက်ကို ဖမ်းဆီးခေါ်ဆောင်သွာ… တာ မြင်လိုက်ရတယ်၊ အဲဒီမိန်းလေးကတော့ တခြားသူမဟုတ်ဘူ… ယိပေါက်ကျင့်ရဲ့သမီး ယိစုကြည်ပဲ"

ခန်ချုံးရွဲက အဖြေပေးသည်။

"ယိစုကြည်ရဲ့ အခြေအနေ ဘယ်လိုရှိသလဲ"

"သူ့ကိုကြည့်ရတာ ဒဏ်ရာရထားသလိုပဲ၊ သို့သော် သိ… ပြင်းပြင်းထန်ထန်ရှိပုံမရဘူး၊ ကိုယ်ဝန်ဆောင်ထားရတာကိုတော့… သတိပြုမိတယ်"

"တောက်၊ ရွှေနဂါးရဲ့တိုက်ကလူတွေဟာ စကားမတည်ကြ… ဘူး၊ ကျွန်တော်ကိုယ်တိုင် ရွှေနဂါးရဲ့တိုက်ခေါင်းဆောင် ချုံယွဲ့… ထိုင်ကိုသွားတွေ့ပြီး ယိစုကြည်ကို ကလေးမီးမဖွားခင် ဘယ်လို… အနှောင့်အယှက်မပေးဖို့ မေတ္တာရပ်ခံထားပြီးပြီ၊ ယိစုကြည်ကိုယ်…



တိုင်ကလည်း ကလေးမွေးပြီးယင် ရွှေနဂါးရဲ့တိုက်ကိုသွားပြီး သူ့အပြစ်ကို ခံယူပါ့မယ်လို့ အတည့်အလင်းပြောထားတယ်၊ အခုလို ပြောဆိုထားပြီးမှ ယိစုကြည်ကို အတင်းဖမ်းခေါ်သွားတာတော့ မကောင်းဘူး"

"ရွှေနဂါးရဲ့တိုက်က ယိစုကြည်ကို ဘယ်လိုစီရင်မလဲ မသိဘူး"

"ကောင်းဖို့တော့ မရှိဘူး၊ ဆိုးဖို့ပဲရှိတယ်"

"ယိစုကြည်က ချိုရှန်းကို ဘာကြောင့်သတ်ခဲ့ရတယ်ဆိုတဲ့အကြောင်း ခင်ဗျားသိသလား"

"ဟင့်အင်း၊ မသိဘူး"

ဤအကြောင်းကို လျှို့ဝှက်ထားရန် ယိစုကြည်အား ကတိပေးထားသည်မို့ ဝမ်ကျက်က ဘူးခံလိုက်သည်။

"ချိုရှန်းဆိုတဲ့ကောင်က သိပ်ကောင်းတာမဟုတ်ဘူး၊ ယိစုကြည်ကိုသွားစလို့ ဟိုက ဒေါသထွက်ပြီး လက်လွန်သွားတာဖြစ်ချင်ဖြစ်နိုင်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ်လေ တကယ်လို့ ယိစုကြည်လွန်တယ်ပဲထားအုံး၊ ချုံယွဲ့ထိုင်အနေနဲ့ ယိစုကြည်ကိုပဲ အပြစ်ပေးစီရင်သင့်တယ်၊ ယိစုကြည်ရဲ့ ဗိုက်ထဲက ကလေးကိုတော့ ချမ်းသာပေးရမယ်၊ ကလေးက ဘာမှဆိုင်တာ မဟုတ်ဘူး"

ကြန်းဟန့်က ဝင်ပြောသည်။

“ဒီကိစ္စကို ဆရာကြီးယိပေါက်ကျင့်ကို အကြောင်းကြားမှ ဖြစ်မယ်ထင်တယ်”

ခန်ချုံးရွဲက ပြောသည်။

“ဆရာကြီးယိပေါက်ကျင့်က ယိစုကြည်ကို သမီးအဖြစ်မှ စွန့်လွှတ်ထားပြီးပြီ၊ သွားအကြောင်းကြားယင်လည်း ဘာမှအကျိုးရှိမှာမဟုတ်ဘူး”

ဝမ်ကျက်က ပြောသည်။

“ဘာကြောင့် သူက ဒီလောက် ပစ်ပစ်ခါခါ လုပ်လိုက်ရတာလဲ”

“သူ့မှာလည်း အကြောင်းရှိလို့ဖြစ်မှာပေါ့”

“ဒီအတိုင်းဆိုယင် ယိစုကြည်ဟာ သနားစရာကောင်းနေပြီ ဒုက္ခတွေ့နေတာတောင် ကယ်တင်ကူညီမယ့်လူ မရှိတော့ဘူး”

ခန်ချုံးရွဲက ခေါင်းခါယမ်းပြီးပြောသည်။

“ဘာကြောင့် ကူညီမယ့်သူ မရှိရမှာလဲ၊ ကျွန်တော်တို့ရှိတယ်၊ ယိစုကြည်ကို ရွှေနဂါးရဲတိုက်က လွတ်မြောက်အောင် ကယ်တင်ပေးရမယ်”

အိုက်တုဟောက်က ပြောသည်။



“ဟုတ်တယ်၊ ကျွန်တော်လည်း သဘောတူတယ်၊ ကျွန်တော်လည်း ခင်ဗျားတို့နဲ့အတူ ပူးပေါင်းလုပ်ဆောင်မယ်”

ချန်ချုံးရွဲကလည်း အားတက်သရောဝင်ပြောသည်။

“စိတ်လိုက်မာန်ပါ အလျင်စလို မလုပ်ကြပါနဲ့အုံးလေ၊ ရွှေနဂါးရဲတိုက်ဟာ သိုင်းသမားဆိုးတွေရဲ့ အဖွဲ့အစည်းမဟုတ်ဘူး၊ မှန်မှန်ကန်ကန် ဖြောင့်ဖြောင့်မတ်မတ် လုပ်တတ်တဲ့အဖွဲ့ဖြစ်တယ်၊ ယိစုကြည်က ချိုရှုန်းကို သတ်ခဲ့တာဟာ အမှန်ဖြစ်နေတော့ ချိုယွဲ့ထိုင်အနေနဲ့ ယိစုကြည်ကို အပြစ်ပေးအရေးယူတာဟာ မသင့်လျော်ဘူးလို့ မဆိုသာဘူး၊ ဒီတော့ ကျွန်တော် အရင်ဆုံး ရွှေနဂါးရဲတိုက်ကို သွားပြီး ချိုယွဲ့ထိုင်နဲ့ ဆွေးနွေးမယ်၊ ယိစုကြည် မီးမဖွားမီ ဘယ်လိုမှ အပြစ်ဒဏ်မစီရင်ဖို့နဲ့ အပြစ်ပေးချင်ယင် ယိစုကြည်မီးဖွားပြီးမှ အပြစ်ပေးဖို့ မေတ္တာရပ်ခံတောင်းပန်မယ်၊ တကယ်လို့ ကျွန်တော်တို့ရဲ့ မေတ္တာရပ်ခံချက်ကို ချိုယွဲ့ထိုင်က သဘောတူလက်ခံယင် ကျွန်တော်တို့အနေနဲ့ တိုက်ခိုက်ဖို့မလိုဘူး”

ဝမ်ကျက်က ဝင်ပြောသည်။

“တကယ်လို့ ခင်ဗျားပြောဆို ဆွေးနွေးတာကို ချိုယွဲ့ထိုင်က သဘောမတူ လက်မခံဘူးဆိုယင်ကော”

“ဒါဆိုယင် ကျွန်တော်တို့တတွေ ရှိသမျှအင်အားသုံးပြီး ရွှေ

နဂါးရဲတိုက်ကို တိုက်နိုက်ကြဖို့ပဲရှိတယ်”

“အင်း…တစ်ခုရှိသေးတယ်၊ တကယ်လို့ ချိုယွဲ့ထိုင်က ယိ

ကြည်ကို ချက်ချင်းပဲ အပြစ်ပေးစီရင်လိုက်ယင်ကော”

“ချိုယွဲ့ထိုင်ဟာ နာမည်ရ သိုင်းသမားကြီးတစ်ယောက်

ဒီလို လက်လွတ်စပယ်တော့ မလုပ်ပါဘူး၊ ယိစုကြည်ကို မေးမြ

အုံးမှာပါ၊ ပြီးတော့ သူ့သားကို ဘာကြောင့်သတ်ရတယ်ဆိုတာ

လည်း သူကသိချင်နေတယ်၊ အဲဒီအကြောင်းသိရအောင် ယိစုကြ

ကို စစ်မေးအုံးမှာပါ”

“ဟုတ်ပြီ၊ ဒါဆိုယင် ကျွန်တော်တို့ ဘယ်တော့လော

ရွှေနဂါးရဲတိုက်ကိုသွားကြမလဲ”

“ခင်ဗျားတို့တတွေ သဘောတူမယ်ဆိုယင် အခု စ

သောက်ပြီးတာနဲ့ သွားကြတာပေါ့”

အားလုံးကပင် ဝမ်းကျက်ပြောသည်ကို သဘောတူလက်

ကြသည်။

* * *



သူတို့လူစု မြင်းကိုယ်စီစီးကာ ခရီးထွက်လာခဲ့ကြသည်။

ခရီးပြင်းနှင်လာခဲ့ကြရာ ညမိုးချုပ်လာသောအခါ တော

အုပ်တစ်ခုထဲသို့ ရောက်လာကြသည်။

တောအုပ်တစ်နေရာတွင် ဘုရားကျောင်းပျက်တစ်ခုကို

တွေ့သောကြောင့် တစ်ညတာ စခန်းချနေထိုင်ရန်နေရာအဖြစ် ရွေး

ချယ်လိုက်ကြသည်။

မြင်းများကို ဘုရားကျောင်းရှေ့ဝယ် ရပ်လိုက်ကြသည်။

အားလုံး မြင်းပေါ်မှဆင်းကာ မြင်းများကို သစ်ပင်းသစ်

ကိုင်းများဝယ် ချည်ထားလိုက်ကြသည်။

အိုက်တုဟောက်သည် ဘုရားကျောင်းပျက်ထဲသို့ ရှေ့ဆုံးမှ

အရင်ဆုံး လျှောက်လှမ်းဝင်ရောက်သွားသည်။

“အား”

မည်သို့မည်ပုံ ဖြစ်သွားသည်မသိ။

အိုက်တုဟောက်သည် အလန့်တကြားအော်ယင်း နောက်

သို့ဆုတ်လာပြီး ဘုရားကျောင်းရှေ့မှ မြေကွက်လပ်တွင် တုံးကနဲ

လဲကျသွားသည်။

ကျန်လူများမှာ ရုတ်တရက် ဘာလုပ်ရမည်မသိ။

ငေးကြောင်သွားကြသည်။

"ဘယ်လိုဖြစ်တာလဲ"

ခေတ္တမျှ ငေးကြောင်နေပြီးနောက် ဝမ်ကျက်က တအံ့တသြရေရွတ်ပြီး အိုက်တုဟောက်လဲကျရာနေရာသို့ ခုန်လွှားချဉ်းကပ်သွားပြီး စစ်ဆေးကြည့်သည်။

အိုက်တုဟောက်၏ ညာဘက်ရင်ဘတ်ဝယ် ဓားပျံတစ်လက် စိုက်နေသည်ကို တွေ့ရသည်။

ဘုရားကျောင်းပျက်အတွင်းရှိ လူတစ်ယောက်က ပစ်ပေါက်တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ဘုရားကျောင်းပျက်ထဲဝယ် မည်သူရှိနေသနည်း။

အဘယ်ကြောင့် အိုက်တုဟောက်ကို ဆီးကြိုတိုက်ခိုက်ရသနည်း။

"ဘုရားကျောင်းပျက်ထဲမှာ ဘယ်သူရှိနေသလဲ၊ ထွက်လာပြီးရင်ဆိုင်ပါ"

ဝမ်ကျက်က အသံကျယ်ကျယ်ဖြင့် လှမ်းအော်ပြောသည်။

သူတို့အားလုံး လက်နက်များကို ကိုယ်စီထုတ်ကာ အသင့်ပြင်ထားကြသည်။

ဘုရားကျောင်းပျက်ထဲမှ မည်သည့်တုံ့ပြန်ချက်မျှ ပေါ်မလာ။



ဝမ်ကျက်က အိုက်တုဟောက်၏ဒဏ်ရာကို စစ်ဆေးကြည့်သည်။ ဒဏ်ရာမှာ မပြင်းသော်လည်း မသေးပေ။

အမြန်ဆုံး ဆေးထည့်ပြုစုကုသရန် လိုအပ်သည်။

ထို့ကြောင့် ဝမ်ကျက်သည် ဘုရားကျောင်းပျက်ထဲတွင် ရှိနေသူကို အရေးမစိုက်နိုင်သေးဘဲ အိုက်တုဟောက်ကို အသာပွေ့ချီကာ ဘုရားကျောင်းပျက်နှင့် အလှမ်းကွာပြီး လရောင်လည်းရှိနေသောနေရာသို့ သယ်ယူလာခဲ့သည်။

"အိုက်တုဟောက် ဘယ့်နှယ်နေသလဲ"

အိုက်တုဟောက်ကို မြေပြင်ဝယ် ချထားပေးပြီးနောက် ဝမ်ကျက်က အသာမေးလိုက်သည်။

"အင်း..စစ်တုရင်ဧကရာဇ်က ကျုပ်ဒဏ်ရာအနာတရဖြစ်မယ်လို့ ပြောလိုက်တာ မှန်နေပြီ"

အိုက်တုဟောက်က မဲ့ပြုံးပြုံးကာ ပြောသည်။

ဤတွင် ဝမ်ကျက်မှာ လှေသမားအဘိုးအို တဆင့်ပြန်ပြောခဲ့သည့်စကားကို ကြားယောင်ကာ စိတ်ထဲဝယ် တုန်လှုပ်သွားမိသည်။

စစ်တုရင်ဧကရာဇ်၏ ကြိုတင်ဟောကိန်းထုတ်နိုင်မှုကိုလည်း အံ့သြမိသည်။

"ခင်ဗျား ဒဏ်ကြေဆေး ဆောင်ထားလား"

ဝမ်ကျက်က မေးသည်။

"ဟင့်အင်း၊ သူပြောတာကို မယုံလို့ ဒဏ်ကြေဆေး ဆောင်မထားမိဘူး"

"မိတ်ဆွေတို့ ဘယ်သူ့ဆီမှာ ဒဏ်ကြေဆေးပါသလဲ"

ဝမ်ကျက်က ကျန်လူများကို လှမ်းမေးသည်။

"ကျွန်တော့်ဆီမှာ ရှိပါတယ်"

ခန်ချုံးရွဲက ဤသို့ပြောပြီး အိတ်ထဲမှ ပုလင်းတစ်လုံးကို ထုတ်ကာ ဗူးဆို့ကိုဖွင့်ပြီး ဆေးမှုန့်အနည်းငယ်ကို လက်ဝါးပေါ်သို့ သွန်ချလိုက်သည်။

"ဒါ ကျွန်တော်တို့ရဲ့ ရိုးရာဒဏ်ကြေဆေးပါ၊ သွေးတိတ်စေတယ်၊ နာကျင်မှုကို သက်သာစေတယ်၊ ကဲ သောက်လိုက်"

ဤသို့ပြောပြီးနောက် ခန်းချုံးရွဲက အိုက်တုဟောက်၏ပါးစပ်ထဲသို့ ဒဏ်ကြေဆေးမှုန့်များ ထည့်ပေးလိုက်သည်။

ထိုအခိုက် ဘုရားကျောင်းပျက်ဆီမှ အော်ဟစ်သံများ ပေါ်ပေါက်လာသည်။

ကြင်ကျင်ချန်နှင့် ဝေကြုံရှန်တို့နှစ်ယောက် ဘုရားကျောင်းပျက်ထဲသို့ အသာဝင်ရောက်ရန် ထွက်သွားကြရာ ဘုရားကျောင်းပျက်ထဲမှ ဓားပျံတစ်လက် လွင့်ပျံထွက်လာသောကြောင့် အော်ဟစ်



လိုက်ကြခြင်းဖြစ်သည်။

ကြင်ကျင်ချန်နှင့် ဝေကြုံရှန်တို့နှစ်ယောက်မှာ ကြိုတင်ပြင်ဆင်မှုရှိထားသည်ဖြစ်သောကြောင့် မိမိထံသို့ ဦးတည်လာသော ဓားပျံကို ကြင်ကျင်ချန်က လက်ထဲရှိ ဓားရှည်ဖြင့် ပုတ်ထုတ်ဖယ်ရှားပစ်လိုက်နိုင်သည်။

သို့သော် နှစ်ယောက်သားမှာ အရဲကိုးကာ ရှေ့မတိုးဝံ့ကြတော့ဘဲ နောက်သို့ ကမန်းကတန်း ပြန်ဆုတ်လာခဲ့ကြသည်။

"အရမ်းမလုပ်ကြနဲ့၊ ဒီမှာ အိုက်တုဟောက်ကို တစ်ယောက်ယောက် စောင့်ရှောက်ပေးထား၊ ကျွန်တော် အထဲကို ကြိုးစားတိုးဝင်ကြည့်မယ်"

ဝမ်ကျက်က လှမ်းအော်ပြောသည်။

ဤတွင် ဝမ်ကျက်ရှိရာသို့ ပိုင်ရင်ဟုန် အပြေးလေးရောက်လာသည်။

"အိုက်တုဟောက်ကို ကျွန်မ စောင့်ကြည့်ပေးထားမယ်၊ ရှင်တို့သတိတော့ထားနော်၊ ဘုရားကျောင်းပျက်ထဲကလူရဲ့ အစွမ်းကသေးမယ်မဟုတ်ဘူး၊ ဓားပျံပစ်ပေါက်လိုက်တာက အတော့်ကိုဆင့်မြင့်တယ်၊ အားလည်းပြင်းတယ်"

ပိုင်ရင်ဟုန်က ပြောသည်။

ဝမ်ကျက်က ခေါင်းညိတ်ပြပြီး သူ၏လက်စွဲတော်ဓား၅ ကိုကိုင်ကာ ဘုရားကျောင်းပျက်ရှိရာသို့ လျှောက်လှမ်းသွားသည်။

ကျန်လူများက ဝမ်ကျက် တစ်လှမ်းချင်းလျှောက်သွားသည် ကို ရင်တထိတ်ထိတ်နှင့် ကြည့်နေကြသည်။

ဘုရားကျောင်းပျက်ထဲဝယ် မည်သူရှိနေသနည်း။

ထိုသူက အဘယ်ကြောင့် ဝမ်ကျက်တို့ကို တိုက်ခိုက်ရန်မှ ရသနည်း။

ဝမ်ကျက်တို့အနေဖြင့် ထိုလူကို အနိုင်ရနိုင်ပါမည်လ ။

လျှောက်လှမ်းလာသော ဝမ်ကျက်သည် ဘုရားကျောင်း ပျက် အရှေ့နားသို့ ရောက်သောအခါ ရုတ်တရက် ခြေလှမ်းကို တုံ့၍ လိုက်သည်။

ထိုအချိန်မှာပင် ဘုရားကျောင်းပျက်ထဲမှ စူးရှသော စ… သံတစ်ခု ရုတ်တရက် ပေါ်လာသည်။

စာစဉ်(၂)ပြီး၏။

စာစဉ်(၃) ဆက်လက်ဖတ်ရှုပါရန်။